www.burmeseclassic.com

# ချိုးကြိုးမျိုး

ရင်ခုန်သံစောင့်နတ်ဖူးရာမှ

၏

အရမိုးတော်အဝတ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ပျိုးကြိုးမျိုး

ရင်ခုန်သံစောင့် နတ်ဖုရားမ

၏

အလိုတော်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၈ ၂၀ ၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၉၄၀၃၁၀

◆

စီစဉ်ထုတ်လုပ်သူ
ထည်သူမိုး

◆

ပုံနှိပ်ခြင်း
၂၀၁၀-ခုနှစ် ဩဂုတ်လ
အုပ်ရေ ၁၀၀၀

◆

မျက်နှာဖုံးနှင့် ပုံနှိပ်သူ
ဦးကျော်မိုးဝင်း (မြ-၀၃၁၃၇) အောင်သာယံပုံနှိပ်တိုက်
အမှတ် ၁၇၂ ၃၁-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

◆

ထုတ်ဝေသူ
ဦးကျော်ဝင်း ၊ (၀၄၁၅၁) ၊ နေမိုးအောင်စာပေ
အမှတ် (၆၅)၊ ဌာနာလမ်း ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

◆

မျက်နှာဖုံးဆန်းဒီ
ရှင်နော်

◆

တန်ဖိုး
၁၂၀၀

၈၉၅.၀၃

မိုးကိုမိုး
ရင်ခုန်သံတောင် နတ်ဗုဒ္ဓရာဇာ၏ အလိုတော်အတိုင်း/မိုးကိုမိုး - ရန်ကုန်၊
နေမိုးအောင်စာပေ ၂၀၁၀။
၂၁၀ - စ၊ ၁၃၀× ၂၀၇ စင်တီ၊
(၁) ရင်ခုန်သံတောင် နတ်ဗုဒ္ဓရာဇာ၏ အလိုတော်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

# ၁

"ဟုတ်ကဲ့. . . ဒါနဲ့ ဆရာ့ရဲ့ကလောင်နာမည်က ဆန်းတယ်နော်. . . ဘာဖြစ်လို့များ ကလောင်နာမည်ကို ဘိုကြည်သားလို့ပေးရတာလဲ. . . ပြောပြပေးနိုင်မလား ဆရာ"

စာရေးဆရာဘိုကြည်သားအဖြစ် အထူးအောင်မြင်ကျော်ကြားနေသော နရီတစ်ယောက်လည်း ရုပ်မြင်သံကြားအင်တာဗျူးသမား၏အမေးကို ချက်ချင်းမဖြေသေးဘဲ စားပွဲပေါ်ရှိရေသန့်ဘူးကို လှမ်းယူကာ ရေတစ်ငုံခန့်သောက်လိုက်သေး၏။

စာရေးဆရာဘိုကြည်သား ရေကို ဘူးလိုက်မော့သောက်သည်ကိုပင် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်သတင်းထောက်များက အလွတ်မပေးတမ်း ကင်မရာမီးတဖျတ်ဖျတ်ဖြင့် ဓာတ်ပုံအလုအယက်ရိုက်ကြသည်။ ရုပ်မြင်သံကြားရိုက်ကူးသူများကလည်း အသေးစိတ်မှတ်တမ်းတင်ကြ၏။

နာမည်ကျော် စာရေးဆရာဘိုကြည်သားတစ်ယောက်သောက်ပြီးသားရေသန့်ဘူးကို စားပွဲပေါ်ပြန်တင်လိုက်ပြီးနောက် မိုက်များအလုအယက်ထိုးပေးပြီးမေးမြန်းနေကြသော အင်တာဗျူးသမားများကို မထိတရီမျက်နှာဖြင့် တစ်ချက်ဝေ့ကြည့်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ စားပွဲပေါ် ရှိစကားပြောမိုက်ကို ပါးစပ်အနီးသို့ အနည်းငယ်ဆွဲယူ နှိမ့်ချပြီး

"ကလောင်နာမည်ကို ဘာကြောင့်ဘိုကြည်သားလို့ပေးရလဲ ဆိုတော့ သိပ်ပြီးကြီးကျယ်ခမ်းနားတယ်လို့ပြောလို့ရသလို ဘာမှမဆန်း ပါဘူးလို့လည်းပြောလို့ရပါတယ်. . . ဘာကြောင့်လဲဆိုတော့ ကျွန် တော့်အဖေနာမည်က ဦးဘိုကြည်ပါ. . . ဒါကြောင့် ကျွန်တော့်အဖေ ကိုလည်းဂုဏ်ပြုရာရောက်အောင် မိဘအပေါ် အမြဲအမှတ်တရနဲ့ သိတတ်မှုရှိကြောင်းပြရာလည်းရောက်အောင် ကလောင်နာမည်ကို ဘိုကြည်သားလို့ပဲ ရိုးရိုးရှင်းရှင်းပေးလိုက်တာပါ"

"အိုး - သိပ်ကောင်းတာပဲ ဆရာ. . . ဆရာပြောသလိုပဲ ဆရာ့ကလောင်နာမည်က ကြီးကျယ်ခမ်းနားတယ်လို့ပြောလို့ရသလို မဆန်းဘူးလို့လည်းပြောလို့ရအောင် ခန့်ထည်ရိုးရှင်းလွန်းပါတယ်. . . ဒါနဲ့ ဒီနေ့ဆရာ့ရဲ့အစီအစဉ်လေးတွေ သိခွင့်ရှိရင်သိပါရစေလား"

"ဟင် - ခင်ဗျား ဘယ်သတင်းဌာနကလဲ. . . ဒီမယ် ဒီနေ့ ကျုပ်ရဲ့နဝမမြောက်အသည်းကွဲနိဒါန်းဆိုတဲ့ လုံးချင်းဝတ္ထုစဖြန့်မယ့် အထိမ်းအမှတ်အဖြစ် စာအုပ်အရင်ဆုံးလာဝယ်တဲ့ပရိသတ်နစ်သောင်း အတွက် အမှတ်တရလက်မှတ်ထိုးပေးမယ်ဆိုတာ တစ်ကမ္ဘာလုံးသိ တယ်. . . ခင်ဗျား ဒါလေးတောင်မသိဘဲနဲ့ ဒီကိုဘာကြောင့်ရောက် လာရတာလဲ"

"ဩော် - ဆရာ့ရဲ့ နဝမမြောက်အသည်းကွဲနိဒါန်းစာအုပ် ထွက်မှာမို့ ဆရာ့ပရိသတ်တွေဆရာ့စာအုပ်ဝယ်ဖို့အတွက် မနေ့ည ကတည်းက စာအုပ်တိုက်ရှေ့မှာ တန်းစီပြီးလာစောင့်နေကြတယ် ဆိုတာ တစ်ကမ္ဘာလုံးကမီဒီယာတွေနည်းတူ ကျွန်တော်တို့သတင်းဌာန ကလည်းသိပါတယ်. . . သတင်းလည်းလွှင့်ပေးနေပါတယ်. . . အခု ကျွန်တော်မေးတာက ယနေ့စာအုပ်လက်မှတ်ထိုးရောင်းတဲ့အထိမ်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အနေနဲ့ ထူးထူးခြားခြားအစီအစဉ်တစ်ခုရှိတယ်ကြားလို့ပါ. . . အဲဒါဘာများလဲလို့မေးတာပါ"

"ဩော် - ဒါလား"

သတင်းသမားက သတင်းလာယူပြီး ဒီလောက်လေးမှမသိဘူးလားဆိုပြီး စာရေးဆရာဘိုကြည်သား စိတ်ခုသွားရလေသည်။ သို့သော် သတင်းသမားကရှင်းပြလေခါမှ စာရေးဆရာဘိုကြည်သားလည်း တင်းချင်ချင်ဖြစ်နေသောစိတ် ပြန်လည်ကြည်လင်သွားရသည်။ ရာချီသော့သတင်းသမားများ၏ ထောင်ချီသောမေးခွန်းများကို ဖြေဆိုနေရသဖြင့် စာရေးဆရာဘိုကြည်သားလည်း အာခေါင်တွေခြောက်လှပြီဖြစ်သည်။ ထို့ကြောင့် သူ၏အထူးအစီအစဉ်ကို မကြေညာသေးဘဲ ခံတွင်းရှင်းအောင် ရေတစ်ငုံယူသောက်လိုက်ရပြန်သည်။ ပြီးမှ လည်ချောင်းတစ်ချက်ရှင်းပြီး

"ဩော် - အစီအစဉ်ကတော့ ထူးတယ်လည်းပြောလို့ရတယ် . . . မထူးဘူးလည်းပြောလို့ရပါတယ်"

"ဩော် - ဆရာ့ကလောင်လိုပဲဆိုပါတော့ ဟုတ်လား"

"ဆိုပါတော့. . . ဟဲ ဟဲ"

စာရေးဆရာဘိုကြည်သား သဘောကျဟန်ဖြင့် တဟဲဟဲရယ်လိုက်သေး၏။ စာရေးဆရာဘိုကြည်သားစိတ်ကြည်သွားသည်ကိုကြည့်ပြီး မီဒီယာသမားများလည်း အနေအထိုင်ချောင်သွားကြဟန်ဖြင့် အားလုံးပြုံးမိရယ်မိကြလေသည်။

စာရေးဆရာဘိုကြည်သား ရယ်သံကိုချက်ချင်းဘရိတ်အုပ်လိုက်ပြီးနောက်

"ကျွန်တော့်အစီအစဉ်ကတော့ ဒီလိုဗျ. . . ဒီနေ့ ကျွန်တော့အဖွဲ့အစုပ်ကိုတန်းစီပြီးလာဝယ်ကြတဲ့ပရိသတ်တွေထဲမှာ မြန်မာလူမျိုးတွေတင်မကဘူး. . . နိုင်ငံတကာက လူမျိုးပေါင်းစုံလည်းပါတယ်. .



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်က သူတို့အားလုံးကို ကျွန်တော်တို့နိုင်ငံရဲ့ရိုးရာ အစားအစာဖြစ်တဲ့ ကောက်ညင်းပေါင်းနဲ့အကြော်စုံ ဘူဖေးကျွေးမယ့် အကြောင်းပါပဲ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ ဆရာ"

"ဩော် - ဒီလိုစိတ်ကူးသန်းတွေကြောင့်လည်း စာရေးဆရာ ဘိုကြည်သားဆိုပြီး ကမ္ဘာကျော်နေတာကိုး"

ကောက်ညင်းပေါင်းနှင့်အကြော်စုံဘူဖေးကျွေးမည်ဆိုသော စာရေးဆရာဘိုကြည်သား၏ အထူးအစီအစဉ်ကြေညာချက်ကြောင့် အားလုံးက ကောင်းချီးပေးလက်ခုပ်တီးကြလေသည်။

ထိုအခိုက်မှာပင် အခမ်းအနားမှူးဆန်းထွန်းက အင်တာဗျူး အချိန်စေ့ပြီဖြစ်ကြောင်း တီးတိုးလာသတိပေးသဖြင့် စာရေးဆရာ ဘိုကြည်သားလည်း နာရီကိုတစ်ချက်ကြည့်ပြီးခေါင်းညိတ်ပြ၏။ ထို့နောက် ပြောစရာစကားကုန်ပြီဖြစ်ဟန်ဖြင့် လက်ခုပ်သံများကြားမှပင် မတ်တပ်ရပ်လိုက်ပြီး မီဒီယာသမားများအား လက်ပြနှုတ်ဆက်လိုက်လေသည်။

"ကဲ - အားလုံးပဲ ခင်ဗျားတို့ကိုကျွန်တော်ပေးထားတဲ့ တွေ့ဆုံမေးမြန်းချိန် စေ့ပြီဖြစ်တဲ့အတွက် ခွင့်ပြုပါဦး. . . နောက် ဆယ့်ငါးမိနစ်နေရင် ကျွန်တော့်ပရိသတ်ကို စာအုပ်လက်မှတ်ရေးထိုးရောင်း မယ့်အခမ်းအနားစတော့မှာဖြစ်တဲ့အတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမှာပါ"

စာရေးဆရာဘိုကြည်သားစကားဖြတ်ပြီဖြစ်သဖြင့် မီဒီယာသမားများလည်း လှုပ်လှုပ်ရွရွဖြစ်သွားကြကာ စာအုပ်လက်မှတ်ထိုးရောင်းမည့်အခမ်းအနားကျင်းပရာနေရာသို့ အလုအယက်သွားရောက် သတင်းယူရန်ပြင်ဆင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဘိုကြည်သား နေရာမှခွာမည်ပြုစဉ် စာရေးဆရာဘိုကြည်သား၏ကိုယ်ရေးအတွင်းရေးမှူး မိုးဟေကို အနားသို့ ပျာယီပျာယာရောက်လာကာ

"ဆရာ - အမေရိကန်သမ္မတကြီး မဂ္ဂဘာအိုဘားမားက ဆရာ့ကို ဂုဏ်ပြုစကားပြောမလို့ဆိုပြီး ဟော့တ်လိုင်း(Hot Line) ဝင်လာလို့ပါ"

"ဩော် - သူ့အတွက်စာအုပ်တစ်အုပ် လက်ဆောင်ပေးဖို့ ပြောမလို့ပဲနေမှာပေါ့. . . ကဲ ကဲ - အခုလာခဲ့မယ်လို့ပြောလိုက်. . . ဒါပေမဲ့ စကားပြောချိန်ငါးမိနစ်ပဲရမယ်လို့ပြောလိုက်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

အတွင်းရေးမှူးမလေးမိုးဟေကိုလည်း စာရေးဆရာဘိုကြည်သားထံမှ အကြောင်းပြန်ကြားချက်ရပြီးသည်နှင့် အော်ပရေးရှင်း အယ်ဒီတာသင်ဇာဝင့်ကျော်အား အချက်လှမ်းပြလိုက်သည်။

သင်ဇာဝင့်ကျော်လည်း သဘောပေါက်ဟန်ဖြင့်ခေါင်းညိတ်ပြပြီး စာရေးဆရာဘိုကြည်သား သမ္မတအိုဘားမားနှင့်စကားပြောရန် အတွက် ပြင်ဆင်စရာရှိသည်များကို အရေးပေါ်ပြင်ဆင်ရလေ၏။

ပြင်ဆင်ပြီးချိန်မှာပင် စာရေးဆရာဘိုကြည်သား အနား ရောက်လာ၏။

"ဘယ်လိုလဲ. . . မစ္စတာအိုဘားမားနဲ့ပြောလို့ရပြီလား"

"ဟုတ်ကဲ့. . . ရပါပြီဆရာ. . . အဆင်သင့်ပါပဲ"

"အိုကေ - ကောင်းပြီ. . . မစ္စတာအိုဘားမားနဲ့စကားပြောပြီးတာနဲ့ ပရိသတ်တွေကို စာအုပ်လက်မှတ်ထိုးရောင်းမယ့်နေရာကို ချက်ချင်းလာခဲ့မယ်. . . လိုအပ်တာပြင်ဆင်ထားဖို့ အခမ်းအနား မန်နေဂျာမိုးယုစံကို သွားပြောထားလိုက်တော့"

"ဟုတ်ကဲ့ - စိတ်ချပါ ဆရာ. . . သင်ဇာအခုပဲသွားလိုက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

သင်ဇာဝင့်ကျော် အနားမှထွက်သွားသည်နှင့် စာရေးဆရာဘိုကြည်သားလည်း ဖုန်းကိုကောက်ကိုင်ကာ စကားပြောရတော့သည်။

"ဟဲလို - မစ္စတာအိုဘားမား. . . နေကောင်းရဲ့နော်"

"ကောင်းပါ့ဗျာ. . . ညကြီးအချိန်မတော်ဖုန်းဆက်လိုက်ရတဲ့အတွက် အိပ်ရေးပျက်သွားမလားဆိုပြီး အားနာမိတာတစ်ခုပါပဲ"

"အို့ နိုး. . . အခု မြန်မာပြည်မှာဒီအချိန်က မနက်ပိုင်းဖြစ်နေပြီလေ. . . ခင်ဗျားတို့ဆီမှာသာ ညဖြစ်နေတာပါ"

"ဟောဗျာ - ဟုတ်သားပဲ. . . ကျွန်တော်လည်း ဆရာ့ဆီ ညကြီးမင်းကြီးဖုန်းဆက်မိတာနဲ့ ဆရာ့စာအုပ်ထွက်ထွက်ချင်းမရလိုက်မှာစိုးတာနဲ့ရောပြီး ဆရာတို့မြန်မာပြည်မှာလည်း ညပဲဖြစ်မှာပဲဆိုပြီး အမှတ်မှားမိသွားတာ"

"ဩော် - ဖြစ်ရမယ်. . . မစ္စတာအိုဘားမားတစ်ယောက်ကတော့လေ. . . ဒီမယ် - ကျွန်တော့်စာအုပ်တစ်အုပ်အတွက်နဲ့တော့ ကမ္ဘာကြီးရဲ့အချိန်ဇယားတွေကို အတွက်အချက်မမှားလိုက်ပါနဲ့ဗျာ. . . ကျွန်တော့်အခိုင်အမာပရိသတ်တစ်ယောက်ဖြစ်တဲ့ မစ္စတာအိုဘားမားအတွက် စာအုပ်အသစ်ထွက်တိုင်း ကျွန်တော်ကတစ်အုပ်တော့ မဖြစ်မနေဖယ်ထားပြီးလက်မှတ်ထိုးပို့ပေးပြီးသားပါဗျ. . . ဟားဟား ဟား"

"ကျေးဇူးပါပဲဗျာ. . . ကျွန်တော်ကလည်း ဆရာ့ဝတ္ထုတွေဆိုရင် ထွက်ပြီဆိုတာနဲ့ ထွက်တဲ့နေ့မှာကိုလိုချင်နေတာ. . . အမေရိကားနဲ့ဥရောပမှာ လက်မှတ်ထိုးပြီးလာဖြန့်မယ့်အချိန်အထိကို မစောင့်နိုင်လို့ဗျာ. . . ကျွန်တော့်ဇနီး မိရှယ်လ်နဲ့ကလေးနှစ်ယောက်က ပိုဆိုးသေးပေါ့ဗျာ"

"ဒီ့အတွက် ကျွန်တော်ကလည်း ကျေးဇူးတစ်ဖန်ပြန်တင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ. . . ဘာပြောပြော ကျွန်တော်ကလည်း အမေရိကန်သမ္မတတွေထဲမှာတော့ ခင်ဗျားတစ်ယောက်ကိုတော့ အင်မတန်သံယောဇဉ်ကြီးမိတာ. . . ဘာကြောင့်လဲဆိုတော့ ဘာမှလုပ်မပြရသေးခင်မှာတင်ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရပြီး နာမည်မှာလည်းဘားမားဆိုတာပါနေတာကိုးဗျ"

"ဪ - ဒီလိုလား. . . ကျွန်တော်ကလည်း ဆရာ့ကလောင်နာမည်ကြားကတည်းက ဆရာ့ကိုသံယောဇဉ်ဖြစ်နေမိတာဗျ"

"ဘာကြောင့်"

"ဪ - ကျွန်တော်က ဗုံသံတွေကိုကြိုက်တဲ့ အာဖရိကန္ွယ်ဖွားတစ်ဦးမဟုတ်လား. . . ဆရာ့ကလောင်နာမည်ကလည်း ဗုံကြီးသံလေ. . . ဗုံသံတောင်မှ ဗုံသေးသေးလေးရဲ့အသံမဟုတ်ဘူး. . . ဗုံအကြီးကြီးရဲ့အသံဆိုတော့ ဘာပြောကောင်းမလဲ. . . ကြိုက်ပြီပေါ့ဗျာ. . . ဟား ဟား ဟား"

"ဟင်! ခင်ဗျား ဘိုကြည်သားဆိုတဲ့ ကျွန်တော့်ကလောင်နာမည်ကို ဗုံကြီးသံလို့ပဲသိထားတယ်ဆိုမှတော့. . . တော်ပြီ တော်ပြီ. . . ကျုပ်စာအုပ်တွေ ခင်ဗျားဆီမပို့ပေးတော့ဘူး. . . ခင်ဗျားနဲ့စကားပြောချိန်ပေးထားတာလည်း အချိန်စေ့သွားပြီ. . . ဒါပဲ"

"ဂွပ်"

မစ္စတာအိုဘားမားက ဘိုကြည်သားဆိုသောသူ့ကလောင်နာမည်အား ဗုံကြီးသံဟုသာသိထားသည့်အတွက် စိတ်ဆိုးမာန်ဆိုးဖြစ်ကာ ဖုန်းကိုဂွပ်ခနဲချလိုက်ပြီး နေရာမှဆတ်ခနဲထလိုက်သည်။

စာရေးဆရာဘိုကြည်သားပြောသမျှ မှတ်တမ်းတင်ရေးသားနေသော ကိုယ်ရေးအတွင်းရေးမှူးမိုးဟောကိုလည်း မှတ်တမ်းတင်ရေးသားမှုကို ခေတ္တရပ်ပြီး စာရေးဆရာဘိုကြည်သား ဘာများဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



မလဲဟု အကဲခတ်ကြည့်၏။

စာရေးဆရာဘိုကြည်သားက မိုးဟောကိုအားတစ်ချက်ကြည့်ပြီး

"သွားမယ်"

ဟု တစ်ခွန်းပြောပြီး နေရာမှဘောက်ဆတ်ဘောက်ဆတ် ထွက်ခွာလေရာ မိုးဟောကိုလည်း မှတ်တမ်းစာအုပ်တွင် 'သွားမယ်'ဟု အလျင်အမြန်ရေးလိုက်ပြီး နောက်မှအလျင်အမြန်ပြေးလိုက်ရလေသည်။

စာရေးဆရာဘိုကြည်သားတစ်ယောက် မစ္စတာအိုဘားမား အပေါ် စိတ်ခုမိလေသမျှ သူ့စာအုပ်ကိုဝယ်ယူခွင့်ရဖို့အရေး တန်းစီစောင့်ဆိုင်းနေကြသော ပရိသတ်တစ်သီတစ်တန်းကြီးကိုတွေ့ရသည့်အခါမှာတော့ စိတ်နေပျော့ပြောင်းသွားလျက် အားလုံးကိုလက်ဝှေ့ယမ်းနှုတ်ဆက်လိုက်သည်။

"ဟေး"

"ဆရာဘိုကြည်သား ကျန်းမာပါစေ"

"ဆရာဘိုကြည်သား ချမ်းသာပါစေ"

ပရိသတ်များကလည်း စာရေးဆရာဘိုကြည်သားကို တွေ့သည်နှင့် ဝမ်းသာအားရလက်ဝှေ့ယမ်းနှုတ်ဆက်ကာ ဆုတောင်းမေတ္တာပို့သကြလေသည်။

စာရေးဆရာဘိုကြည်သား ပရိသတ်များအား ဆုတောင်းမေတ္တာပြန်လည်ပို့သပြီးနောက် စာအုပ်လက်မှတ်ထိုးပေးရမည့်နေရာတွင်ဝင်ထိုင်ပြီး အစီအစဉ်အတိုင်း စာအုပ်ဝယ်ယူသူတိုင်းအား အမှတ်တရလက်မှတ်ရေးထိုးပေးနေလေသည်။

ပရိသတ်နှစ်သောင်းအား မမောနိုင်မပန်းနိုင် အမှတ်တရ လက်မှတ်ရေးထိုးပေးနေသော စာရေးဆရာဘိုကြည်သားလည်း လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းတွေပြုတ်ထွက်မတတ်ဖြစ်နေသလို ဒီအစီအစဉ်လေး အောင်မြင်စွာပြီးဆုံးရေးအတွက် စီစဉ်ဆောင်ရွက်ကြသူအားလုံး သည်း ချွေးတစ်လုံးလုံးဖြစ်နေကြရလေသည်။

လက်မှတ်ထိုးရောင်းပေးမည့် ကန့်သတ်အရေအတွက် ပရိသတ်နှစ်သောင်းမြောက်လည်းဖြစ်၊ နောက်ဆုံးလူလည်းဖြစ်သော ဟောလီးဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီဝယ်ယူသောစာအုပ်အား လက်မှတ်ထိုးပြီးသည်နှင့် စာရေးဆရာဘိုကြည်သားလည်း စိတ်သက် သာရာရသလို သက်ပြင်းရှည်မှုတ်ထုတ်မည်ကြံရုံရှိသေးသည်။ အင် ဂျလီနာဂျိုလီက တစ်မျိုးထွင်လာပြန်သည်။

"ဆရာ - ဂျိုလီကို ဒီစာအုပ်ပေါ်မှာပဲလက်မှတ်ထိုးပေးမှာ လား"

"အင်းလေ - ဟုတ်တယ်လေ. . . ဒီနေ့ စာအုပ်စဖြန့်တဲ့ အထိမ်းအမှတ်နဲ့ ပရိသတ်နှစ်သောင်းကို အမှတ်တရလက်မှတ်ထိုးပေး ဘဲ့အတိုင်း စာအုပ်ပေါ်မှာလက်မှတ်ထိုးပေးတာပဲလေ"

"ဟင့်အင်း - ရဘူး ရဘူး. . . ဂျိုလီက ဆရာနဲ့တွေ့ရဖို့ အဝေးကြီးကလာရတာ လွယ်တယ်မှတ်လား. . . စာအုပ်ပေါ် လက် မှတ်ထိုးပေးရုံနဲ့တော့ မကျေနပ်နိုင်ပါဘူး. . . သူများထက်တော့ ထူး မှကျေနပ်နိုင်မယ်"

"ဟုတ်လား. . . ဘယ်လိုထူးမှကျေနပ်မှာလဲ"

"ဂျိုလီ့ကျောကုန်းမှာ လက်မှတ်ထိုးပေးရမယ်"

"ဟင် - လူအများကြီးရှေ့မှာ. . . ဒါတော့မသင့်တော်ဘူး ထင်တယ်"

"ဩော် - ဆရာကလဲ. . . ဘာတွေတွေးနေတာလဲ. . . ဂျိုလီ ပြောတာက မစ္စတာအန်မစ္စစမစ်ဇာတ်ကားထဲက ဂျိုလီဝတ်ခဲ့တဲ့ ဟောဒီအကျီနောက်ကျောမှာ လက်မှတ်ထိုးပေးဖို့ပြောတဲ့ဟာပဲဟာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကို"

"ဪ - အဲလိုလား... အဟီး - ဆောရီးနော်... ဒါဆို ဟိုဘက်လှည့်... လက်မှတ်ထိုးပေးမယ်"

အင်ဂျလီနာဂျိုလီ တစ်ဖက်သို့လှည့်ပြီးသည်နှင့် စာရေးဆရာ ဘိုကြည်သားလည်း ဘယ်ဘက်လက်ဖြင့် အင်ဂျလီနာဂျိုလီ၏ပခုံး အားကိုင်တွယ်ပြီး ညာဘက်လက်ဖြင့် အင်ဂျလီနာဂျိုလီ၏အကျႌ နောက်ကျောပေါ်တွင် အမှတ်တရစာနှင့် အမှတ်တရလက်မှတ်ရေး ထိုးပေးလေသည်။

နရီ စိတ်ကူးယဉ်အိပ်မက်အတိုင်း အင်ဂျလီနာဂျိုလီအမှတ် နှင့် ကျောကုန်းတွင် ဖေ်တိုရေးပြီးလက်မှတ်ထိုးပေးနေသည်မှာ ဘေး ချင်းကပ်လျှက်ခုံမှ အိပ်ငိုက်နေသောအမျိုးသမီးတစ်ဦးဖြစ်နေလေ သည်။

ထိုအမျိုးသမီးလည်း ငိုက်ခနဲအိပ်ပျော်သွားရာမှ ပခုံးကိုင်ပြီး ကျောကုန်းကိုကလိထိုးခံနေရသဖြင့် ကျောတွန့်ခနဲဖြစ်ကာ လန့်နိုး သွားရသည်။

"ဟင် - ရှင် ဒါ ဒါ.. ဘာလုပ်တာလဲ"

"အင်္ဂလိပ်လိုကြိုက်လား... မြန်မာလိုကြိုက်လား"

"ဟင် - ရှင်.. ရှင်.. ဘာပြောတာလဲ... လူကို ဘယ်လို အစားများအောက်မေ့နေလဲ"

နရီ အိပ်မက်ထဲမှာ အင်ဂျလီနာဂျိုလီနှင့် အပြန်အလှန်စကား ပြောသည်ကို အပြင်တွင် အသံထွက်ပြောမိလေရာ အမျိုးသမီးလည်း ပိုဒေါကန်သွားရသည်။

"ကဲပါလေ... ပိုပြီးအမှတ်တရဖြစ်သွားအောင် အင်္ဂလိပ်လို ရော မြန်မာလိုရောရေးပေးလိုက်မယ်... ဟုတ်ပြီလား"

သည်လောက်ပြောနေသည့်ကြားထဲက ပခုံးကိုင်ထားသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုမလွှတ်သည့်အပြင် ကျောကုန်းကိုလက်ညှိုးဖြင့် အတင်းကြီးထိုးပြီး ပျောက်ခြစ်နေပြန်သဖြင့်

"အို - အဟင့်. . . ဘယ်လိုလုပ်နေတာလဲ. . . ယားတယ်ရှင့်"

"ဩော် - ဂျူလာဘီပဲ. . . အဲလေ - ဂျူလီနာပဲ. . . သမျှားဆက်ထူးပြီး လုပ်ခိုင်းပြီးမှ ခုမှဘာလို့ယားတယ်ပြောရတာလဲ. . . မရဘူး. . . ယား ယားပဲ"

"အို - အဟင့်. . . ယားတယ်ဆိုမှပဲ. . . ကဲဟယ်. . . ဒီလောက်တောင်လက်သရမ်းချင်တဲ့လူ"

"ဖြန်း"

"အောင်မလေး - သေပါပြီဗျ"

အင်ဂျလီနာဂျိုလီက ကျောကုန်းမှာအော်တိုရေးပြီး လက်မှတ်ထိုးခိုင်းတုန်းကထိုးခိုင်းပြီး တကယ်လည်းလုပ်ပေးရော ယားတယ်ဆိုပြီး ပါးလှည့်ရိုက်လေသဖြင့် နရီလည်းပါးတစ်ဖက်ပူခနဲခံစားလိုက်ရသဖြင့် ဖျတ်ခနဲလန့်နိုးသွားရသည်။

နရီ အသံနက်ကြီးဖြင့်အော်ဟစ်လန့်နိုးလာသဖြင့် တောင်ကြီး-ခုန်ကုန် အဝေးပြေးကားပေါ်ပါလာကြသော ခရီးသည်များလည်း လန့်နိုးသွားကြလျှက် လှည့်ကြည့်ကြလေသည်။

နရီ၏တပည့်ကျော် ညီစမ်းကွဲအရှည်ကြီးလည်း အများနည်းတူလန့်နိုးလာလျှက် ဆရာဖြစ်သူအား စိုးရိမ်တကြီးမေး၏။

"အာ. . အာစရိ. . . ဘာဖြစ်လို့လဲဗျ"

"ငါ့ကို အင်ဂျလီနာဂျိုလီပါးရိုက်လိုက်လို့"

"ဗျာ. . . ဟုတ်လို့လား အာစရိရယ်"

"ဟာ - ဟုတ်လို့ဟုတ်တယ်ပြောတာပေါ့ကွာ. . . မင်းကလဲ . . . ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ထူးတော့ထူးနေပါပြီ"

အရှည်ကြီးလည်း နရီပြောသည်ကို မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် အနီးဝန်းကျင်ကိုစူးစမ်းကြည့်ရာ နရီ့ဘေးကပ်လျှက်ခုံမှ ဒေါသမပြေနိုင်သေးသော အမျိုးသမီးကိုသတိထားမိခါမှ အခြေအနေကိုရိပ်မိသလိုရှိသွားလျှက်

"ဟာ - အာစရိ. . . အာစရိကို ဆော်ပလော်တီးလိုက်တာဒီအမျိုးသမီးကြီးထင်တယ်"

ဟု လက်ညှိုးညွှန်ပြလေရာ နရီလည်းလှည့်ကြည့်ပြီး အံ့ဩဟန်ဖြင့်

"ဟင် - ခင်. . ခင်ဗျားက အင်ဂျလိနာဂျိုလီလား. . . ဟာ - မဖြစ်နိုင်ပါဘူး. . . အင်ဂျလိနာဂျိုလီက နေ့ချင်းညချင်း ခုလိုပုံပျက်ပန်းပျက် ဖက်တီးပုတ်ကြီးဖြစ်မသွားလောက်ပါဘူး"

"ဘာ - ဘာပြောတယ်. . . ပါးတစ်ဖက်အရိုက်ခံရတာ မလုံလောက်သေးလို့ နောက်ပါးတစ်ဖက်ထပ်အရိုက်ခံချင်လို့လား"

အရှည်ကြီးလည်း သူ့အာစရိကိုပါးရိုက်သည်မှာ ထိုဖက်တီးပုတ်ကြီးမှန်းသိလိုက်သည်နှင့် နေရာမှဆတ်ခနဲထရပ်ကာ ရန်တွေ့လေသည်။

"ဩော် - ဒါဆို ကျုပ်အာစရိကို ပါးရိုက်တာခင်ဗျားပေါ့. . . ဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တော့ဘာဖြစ်လဲ"

"ဟင် - ခင်ဗျား ရိုင်းလှချည်လား. . . ကျုပ်အာစရိက ခင်ဗျားကိုဘာလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲ. . . ပခုံးကိုလာကိုင်ပြီး ကျောကုန်းကိုလာကလိနေလို့ ပညာပေးလိုက်တာ. . . ဟွန့်. . . မိန်းကလေး နုနုငယ်ငယ်လေးတစ်ယောက်တည်း ခရီးထွက်လာတယ်ဆိုပြီး ဒီလိုလာ



www.burmeseclassic.com

www.burmeseclassic.com



အကဲစမ်းလို့ကတော့ မရဘူး. . . အသက်ဘယ်ကထွက်သွားမှန်း မသိ ဖြစ်သွားမယ် သဘောပေါက်"

"ဟင် - ဟုတ်. . ဟုတ်လား. . . အာစရိ - သူပြောတာ ဟုတ်လို့လား"

အရှည်ကြီးလည်း ထိုဖက်တီးပုတ်မလေး၏စကားကြောင့် မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်ဖြစ်သွားကာ နရီ့အား ဟုတ်၊ မဟုတ်ပြန်မေး၏။

နရီလည်း ထိုဖက်တီးပုတ်မကိုတစ်လှည့်၊ အရှည်ကြီးကို တစ်လှည့်ကြည့်ပြီးနောက်

"သူပြောတာ ဟုတ်တော့ဟုတ်တယ်. . . ဒါပေမဲ့ မဟုတ်ဘူး ကွ"

"ဟာ - အာစရိကလဲ. . . ဟုတ်တယ်၊ မဟုတ်ဘူး. . . ရှုပ် နေတာပဲ. . . ကျွန်တော်ရှင်းအောင်လည်း ပြောစမ်းပါဦး"

"ဒီလိုကွာ. . . ငါ့စာအုပ်သစ်ဖြန့်ပွဲအထိမ်းအမှတ်မှာ စာအုပ် လာဝယ်တဲ့ ငါ့ပရိသတ်အင်ဂျလီနာဂျိုလီက သူ့ကျောကုန်းမှာ အမှတ် တရအော်တိုရေးပေးပါဆိုလို့ ရေးပေးတာကွ. . . အဲဒါကိုကွာ. . . ရေးခိုင်းတုန်းကရေးခိုင်းပြီး ရေးလည်းရေးပေးရော ယားတယ်ဆိုပြီး ပါးလှည့်ရိုက်ပါလေရော"

"ဟင်"

"အလို"

"အို"

"ဟာ - ဒုက္ခပါပဲ အာစရိရယ်. . . လက်စသတ်တော့ အာစရိက အိပ်မက်ထဲမှာ အင်ဂျလီနာဂျိုလီကျောကုန်းမှာ အော်တို ရေးပေးတဲ့ဟာကို အဲဒီအမျိုးသမီးကို အင်ဂျလီနာဂျိုလီအမှတ်နဲ့ တကယ်သွားလုပ်လိုက်တာကိုး. . . အဲဒါကြောင့် ဟိုကအထင်နဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



အဆော်ခံလိုက်ရတာပေါ့"

"ဟေ - အဲလိုလား"

"ဝါး ဟား ဟား ဟား"

ထိုအခါမှ အခြေအနေကိုလိပ်ပတ်လည်သွားကြသော ခရီးသည်များလည်း ဟန်မဆောင်နိုင်ဘဲ ရယ်မိကြလေသည်။

ပြဿနာကိုဖြေရှင်းပေးရန် အနားရောက်လာသော စပယ်ယာလည်း ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး

"ကဲဗျာ - ခရီးသည်အချင်းချင်းပဲ. . . ပြဿနာမဖြစ်ချင်ကြပါနဲ့. . . အစ်မလေးကလည်း ခွင့်လွှတ်ပေးလိုက်ပါ. . . ဒီက အစ်ကိုလေးကလည်း အိပ်မက်ထဲကအတိုင်း အပြင်မှာလျှောက်ယောင်တတ်ရင် မအိပ်မိအောင်ကြိုးစားဗျာ. . . ဟုတ်ပြီလား"

ဟု စိတ်မရှည်သလိုပြောပြီးနောက် သူ့နေရာသူသွားပြန်ထိုင်နေသည်။

နရီလည်း ရှက်ကိုးရှက်ကန်းဖြင့် ဝိုင်းဝန်းစပ်စုနေကြသော ခရီးသည်များအားဝေ့ကြည့်ကာ အရှက်ပြေရယ်ပြပြီးနောက် ဖက်တီးမလေးအား ပြေရာပြေကြောင်း တောင်းပန်စကားဆို၏။

"အဟင်း - စိတ်မဆိုးနဲ့နော်. . . ကျွန်တော်က အဲလိုပဲယောင်တတ်လို့"

"ဟွန့် - ယောင်တိုင်းသာခွင့်လွှတ်ရမယ်ဆိုရင် ယောင်တယ် ယောင်တယ်နဲ့ အခွင့်အရေးယူတဲ့လူမျိုးတွေ ဘယ်လောက်တောင်များနေမလဲမသိဘူး"

"ဩော် - ကျွန်တော်က အခွင့်အရေးယူတာမဟုတ်ပါဘူး . . . တကယ်ယောင်သွားလို့ပါ. . . ကျွန်တော်ယောင်တာကလည်း အစ်မကြီးဘက်က မနာပါဘူး. . . နာမယ့်နာ အင်ဂျလီနာဂျိုလီဘက်ကသာ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင်!. . . ဘာပြောတယ်"

"ဘာ - ဘာမှမပြောပါဘူး. . . အရှည်ကြီးရေ - လာ လာ . . . ငါနဲ့ နေရာချင်းလဲထိုင်ရအောင်"

နရီလည်း ဖက်တီးပုတ်မလေးနှင့် ထပ်မံပြဿနာမတက်ရ လေအောင် တပည့်ကျော်အရှည်ကြီးကိုလှမ်းခေါ်ပြီး ကိုယ်တိုင်လည်း နေရာမှထကာ အရှည်ကြီးနေရာသွားထိုင်လေသည်။

အရှည်ကြီးလည်း အလိုက်တသိဖြင့် နရီ၏နေရာတွင် သွား ထိုင်ရသည်။

ဒါတောင်မှပဲ အင်္ဂလိပ်နာကျိုးလိမ့်နှင့် လူမှားခံရသော ဖက်တီးမ လေးက မကျေနပ်နိုင်သေးဘဲ ပွစိပွစိလုပ်ပြီး မျက်စောင်းတခဲခဲပြု နေသဖြင့် အရှည်ကြီးလည်း တစ်ဖက်သို့မျက်နှာလွှဲထားရသလို နရီ လည်း မျက်လုံးမှိတ်ကာ အိပ်မည့်ဟန်ပြင်လိုက်ရသည်။

ရှေ့နှစ်ခုံကျော်တွင်ထိုင်နေသော မေသံစဉ်လည်း နရီနှင့် ဖက်တီးမ၏ပြဿနာ မပြီးချင်ပြီးချင်နှင့်ပြီးသွားသည်ကို ခပ်ငေးငေး ကြည့်ပြီး နောက်

"ဟင်း - လူကိုက အူကြောင်ကြောင်နဲ့. . . ပါးရိုက်ခံရတာ တောင် နည်းသေး. . . သူလုပ်တာနဲ့ ဒီမှာအိပ်မက်လှလှလေးတွေ တောင် ဘယ်ပျောက်သွားပြီလဲမသိဘူး. . . ဟွန့်"

ဟု အလိုမကျသလို ရေရွတ်ပြီးနောက် မျက်လုံးစုံမှိတ်ကာ ပြန်လည်မှေးစက်ဖို့ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံရှိမြို့ကြီးများတွင် ကမ္ဘာကျော်မြန်မာရုပ်ရှင်မင်းသမီးမေသံစဉ် ခေါင်းဆောင်ပါဝင်သည့် ရုပ်ရှင်ဇာတ်ကားကြီးရုံတင်ပြသသည့်အထိမ်းအမှတ်ပရိမိုးရှင်းအဖြစ် ပရိသတ်များနှင့်တွေ့ဆုံပွဲအခမ်းအနားပြီးဆုံးပြီးနောက် မေသံစဉ် မြန်မာနိုင်ငံသို့အထူးလေယာဉ်ဖြင့် ချက်ချင်းဆိုသလိုပြန်လာခဲ့သည်။

မေသံစဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရောက်သည်နှင့် သတင်းပေါက်ကြားပြီးကြိုရောက်နှင့်နေကြသော မီဒီယာသမားများနှင့် ပရိသတ်များကိုတွေ့လိုက်ရသဖြင့် သူ၏ပြန်ကြားရေးတာဝန်ခံခင်ခင်ချစ်အား ချာခနဲလှည့်ကြည့်၏။ ခင်ခင်ချစ်လည်း

"ဟယ်တော့ - ဒုက္ခပါပဲ. . . ဒီလောက်လျှို့ဝှက်ထားတဲ့ကြားက ဘယ်ကဘယ်လိုသတင်းရသွားပါလိမ့်"

ဟု အသံထွက်ရွတ်ဆိုရင်း အံ့သြဟန်ပြ၏။ မန်နေဂျာ ငယ်နုထွေးကလည်း ခေါင်းတစ်ချက်ကုတ်ပြီးနောက်

"ခုမှတော့ ဘယ်တတ်နိုင်မလဲ. . . ဘယ်လိုပဲ တို့ဘက်က လျှို့ဝှက်ထားထား ကမ္ဘာကျော်မင်းသမီးဆိုတော့လည်း သတင်းအနံ့ခံသူတွေက မရမကသတင်းအနံ့လိုက်ခံနေတော့ ဒါမျိုးတွေကြုံနေရတာဘယ်နှခါရှိပြီလဲ. . . ဒါကြောင့် အခုလည်းထုံးစံအတိုင်း သတင်းသမားတွေရဲ့အမေးကိုဖြေပြီး လာကြိုဆိုနှုတ်ဆက်တဲ့ပရိသတ်ကို မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်စကားပြောရတော့မှာပေါ့"

ဟု မလွဲမရှောင်သာအရေးကို ကြိုပြောပြပြီး ပြင်ဆင်စရာ ရှိတာပြင်ဆင်ရန် ရှေ့မှလောပြီးထွက်ခွာလေသည်။ သတင်းသမား များလည်း မေသံစဉ်အားတွေ့သည်နှင့် မိုက်များအလုအယက်ထိုးပေး ပြီး မေးခွန်းများ သူ့ထက်ငါဦးအောင်မေးကြတော့သည်။

"မင်းသမီး - ဂျပန်မှာ မင်းသမီးရဲ့ဇာတ်ကား ရုံတင်တာ ဂျပန်ပရိသတ်က ဝက်ဝက်ကွဲအားပေးကြတယ်လို့ ကြားတဲ့အတွက် ဝမ်းသာပါတယ်. . . ဒါနဲ့ မင်းသမီးကို ဂျပန်ပရိသတ်က ကိုးရီးယား စတား ရိန်းနဲ့တွဲပြီးသရုပ်ဆောင်ဖို့ တိုက်တွန်းကြသလို ကမ္ဘာကျော် ဒါရိုက်တာဂျွန်ဝူးကလည်း ရိန်းနဲ့တွဲသရုပ်ဆောင်ဖို့ကမ်းလှမ်းတယ်ဆို"

"ဟုတ်ပါတယ်. . . ဒါပေမဲ့ ကျွန်မငြင်းလိုက်ပါတယ်"

"အို - ဘာကြောင့် ဒီလောက်ကောင်းတဲ့အခွင့်အရေးကို ငြင်းလိုက်ရတာလဲ"

"စတီဗင်ပီးဘားစ်ရိုက်မယ့် ဟောလီးဝုဒ်ဇာတ်ကား တစ်ကားမှာ ဂျွန်နီဒက်နဲ့တွဲပြီးသရုပ်ဆောင်ဖို့ လက်ခံပြီးသားဖြစ်နေလို့ပါ"

"အို - ကောင်းလိုက်တဲ့သတင်းပါပဲ. . . ဒါနဲ့ဂျပန်ပရိသတ် နဲ့တွေ့ဆုံပွဲကို အချိန်တစ်နာရီပဲပေးခဲ့တယ်လို့ ကြားရပါတယ်. . . အဲဒါဘာကြောင့်ပါလဲ"

"သိန်းနဲ့ချီတဲ့ ဂျပန်ပရိသတ်ရဲ့ကြိုဆိုအားပေးမှုကတော့ နှစ်သက်အားရစရာကောင်းပါတယ်. . . ဒါပေမဲ့ ကျွန်မဒီရက်ပိုင်း အတွင်း ကားရိုက်ရ၊ ပရိသတ်တွေ့ဆုံပွဲလုပ်ရ၊ ရှော့ပင်ထွက်ရနဲ့ ကမ္ဘာအနှံ့လျှောက်သွားနေရတာ အရမ်းပင်ပန်းနွမ်းနယ်နေလို့ပါ. . . အခုလည်းပဲ ကျွန်မ တော်တော်လေးပင်ပန်းလာပြီ . . . မီဒီယာသမားတွေနဲ့ ကျွန်မကိုချစ်တဲ့ပရိသတ်ကြီးတို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အားလည်းနာတယ် . . . ခင်လည်းခင်ပါတယ် . . . ကျွန်မ မြန်နားရဦးမှာမို့ ကျွန်မတို့တွေ့ဆုံပွဲကို ဒီလောက်နဲ့ပဲရပ်နားခွင့်ပြုပါလို့ လေးစားစွာတောင်းဆိုပါရစေ"

မေသံစဉ် စကားအလှဖြင့် နေရာမှထွက်ခွာရန်ပြင်လေရာ လုံခြုံရေးတာဝန်ယူထားသူများကလည်း မေသံစဉ်အား လာကြိုနေသော ကားဆီသွားသာအောင် ဆောင်ရွက်ပေးကြ၏။

မေသံစဉ်လည်း အတွေ့အကြုံရင့်ကျက်နေသော နာမည်ကျော်ပီပီ အကြိုတော်ကားဆီ လျင်မြန်စွာသွားလေ၏။ ကားပေါ်ရောက်၍ ဟင်းချမည်ကြံရုံရှိသေး။ မိမိကားပေါ် ဆတ်ခနဲပြေးတက်လာလျှက် မိုက်ထိုးပြီးအင်တာဗျူးလာလုပ်နေသော မီဒီယာသမားတစ်ယောက်ကိုတွေ့ရသဖြင့် လန့်ဖျပ်သွားရသည်။

"မင်္ဂလာပါ မေသံစဉ် . . . ကျွန်တော်ကတော့ မြန်မာမီဒီယာသတင်းဌာနက ဂျာဝဏ္ဏာပါ"

"ဟင် - ရှင် . . ရှင် ကားပေါ်ဘယ်လိုရောက်နေတာလဲ"

"အို - ဂျာဝဏ္ဏာတို့က လိုချင်တဲ့သတင်းရဖို့ဆို ဒီလိုကားပေါ်ရောက်နေတာမျိုးမပြောနဲ့ . . . အာကာသယာဉ်ပေါ်တောင် ဘယ်လိုကဘယ်လိုရောက်သွားမှန်းမသိအောင် ရအောင်တက်ပြမယ့် စုပါသတင်းထောက်ဗျ"

"အို - ရှင့်ဘာသာရှင် ဘာသတင်းထောက်ဖြစ်ဖြစ် အခုကားပေါ်ကဆင်းပါ"

"ဟင့်အင်း - ရဘူး . . ရဘူး . . . ဒီကမေးတာလေးတွေ ဖြေပြီးမှဆင်းမယ် . . . ဒါပဲ ဒါပဲ"

"ကျွန်မတောင်းပန်ပါတယ်ရှင် . . . ကျွန်မ ခရီးပန်းလာလို့ . . . နောက်နေ့မှ ဗျူးဖို့သက်သက်အချိန်ပေးပါ့မယ်"

"အို - မရဘူးဆို မရဘူးပဲ . . . ဂျာဝဏ္ဏာတို့က သတင်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်လွန်တဲ့အပုတ်အသိုးတွေ လုံးဝမကြိုက်ဘူး. . . အခုသတင်းကို အခုရမှပဲ သတင်းဆိုပူပူနွေးနွေး၊ လတ်လတ်ဆတ်ဆတ်ပဲကြိုက်တယ် . . . သဘောပေါက်"

"ဩော် - ရှင်ကဒီလိုလား"

"ဟုတ်တယ်. . . ဒီလိုပဲ"

"ရှင်ကဒီလိုဆို ကျွန်မကလည်း ကောင်းကောင်းပြောလို့ဆိုလို့မရတဲ့သူကို မဟာဒီလိုမျိုးလုပ်ပစ်ရမှ. ကျေနပ်တတ်တဲ့လူမျိုးရှင့် . . . ကဲဟယ်. . . သွား"

မေသံစဉ် စိတ်ဆိုးဆိုးဖြင့် သတင်းထောက်ဂျာဝဏ္ဏအား ကားပေါ်မှဆောင့်တွန်းချလိုက်တော့သည်။ ဂျာဝဏ္ဏငယ်သံပါအောင် အော်ဟစ်ရင်း ကားပေါ်မှပြုတ်ကျသွားလေသည်။

"အောင်မလေး - သေပါပြီဗျ"

မေသံစဉ် သူ့အားသွေးတိုးလာစမ်းသည်ကို ယခုလိုတုံ့ပြန်လိုက်ရသည့်အတွက် ကျေနပ်အားရသွားဟန်ဖြင့် မျက်နှာကြီးပြုံးဖြီးဖြီးဖြစ်သွားရသည်။

မေသံစဉ်ဆောင့်တွန်းလိုက်သဖြင့် ဘေးခုံမှလူလည်း အိပ်ပျော်နေရာမှ ခုံအောက်သို့ပြုတ်ကျလျှက် အလန့်တကြားဖြစ်သွားရသည်။

ခရီးသည်များလည်း နရီ့အော်သံပြီးသွား၍ ကိုယ့်နေရာတွင် ကိုယ်အသီးသီး ပြန်အိပ်ပျော်ကြစုံရှိသေးသည်။ ယခုရုတ်တရက်ထွက်ပေါ်လာသောဆူညံစူးဝါးဝါးအသံကြောင့် အပြိုင်အဆိုင်လန့်ဖျပ်ပြီး နိုးလာကြလျှက် လှည့်ကြည့်မိကြပြန်သည်။

သူ့အား အကြောင်းမဲ့တွန်းချသူအားလှည့်ကြည့်ရာ တွန်းချသူမေသံစဉ်က ပြုံးဖြီးဖြီးကြီးဖြစ်နေသဖြင့် ဒေါပွသွားရလေသည်။

ထို့ကြောင့် နေရာမှဆတ်ခနဲထပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ခင်ဗျား . . ခင်ဗျား ဒါဘာလုပ်တာလဲ"

"ဟင်း ဟင်း ဟင်း . . . ဘာလုပ်ရမှာလဲ သတင်းထောက်ကြီးဂျာဝဏ္ဏရဲ့ . . . ရှင်တို့ ပါပါရာဇီတွေက ဒီလိုဆက်ဆံမှတန်ကာကျတာ"

"ဘာဗျ - ကျုပ်က ပါရာဇီကကဲကျရအောင် ခင်ဗျားက ဘာမို့လို့လဲ"

"ဩော် - ရှင်ဘယ်လိုလူလဲ . . . ပါပါရာဇီလုပ်နေပြီး ကမ္ဘာကျော်မင်းသမီးမေသံစဉ်ကိုတောင် ခင်ဗျားက ဘာမို့လို့လဲမေးရဲသေးတယ် ဟုတ်လား . . . ရယ်ရတယ် အဟက်"

"ဟင် - ဒုက္ခပါပဲ . . . ဘာတွေလျှောက်ပြောနေမှန်းလဲ မသိဘူး . . . ဦးနှောက်မှ မှန်ရဲ့လားမသိဘူး . . . ကားဆရာ ဒီမှာလာရှင်းပါဦးဗျ . . . ကျုပ် သူနားမှာမထိုင်ရဲတော့ဘူး . . . သူ့ကို နေရာပြောင်းရင်ပြောင်း . . . ဒါမှမဟုတ် ကျုပ်ကိုနေရာပြောင်းပေး"

"ဟာ - ဒုက္ခပါပဲ . . . ဒီလမ်းကြောင်းမှာ ကားဆွဲလာတာ အခေါက်တစ်ထောင်မကတော့ဘူး . . . ဒီတစ်ခေါက်မှ ဘာတွေဖြစ်လို့ဖြစ်မှန်းမသိတော့ဘူး . . . ရှုပ်ယှက်ကိုခတ်နေတာပဲ"

စပယ်ယာလည်း ဗျစ်တောက်ဗျစ်တောက်ညည်းညူရင်း အနားသို့လျှောက်လာသလို ကားဒရိုင်ဘာကလည်း ကားရပ်ပြီး အခြေအနေကိုလှမ်းစနည်းနာ၏။

ထိုအခါမှ ဘေးနားမှာအိပ်ပျော်နေသောခင်ခင်ချစ်လည်း လန့်နိုးလာလျှက်

"ဟဲ့ - သံစဉ် . . သံစဉ် ဘာဖြစ်လို့လဲ . . . ဘာဖြစ်လို့လဲ"

ဟု အလန့်တကြားဆိုလေ၏။

မေသံစဉ်ကတော့ သူဘာမှမလုပ်ထားသည့်အတိုင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မြဲ အိပ်ပျော်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ချစ်မျက်လုံးပြူးသွားလျှက် မေသံစဉ်အားလှုပ်နှိုး၏။

"ဟဲ့ - သံစဉ် ထဦး"

"ဘာလဲ. . . လာပြန်ပြီလား ပါပါရာဇီတစ်ယောက်"

"သြော် - အရေးထဲမှ. . . ပါပါရာဇီကိုကြောက်တဲ့ မင်းသမီးဆောဂါကထနေရသေးတယ်. . . ဒီမှာ ထပါဦးဆို. . . နင့်ကိုဟိုလူက ဘာလုပ်လို့ နင်ကတွန်းထုတ်လိုက်ရတာလဲ"

မေသံစဉ်လည်း အတင်းလှုပ်နှိုးပြီးပြောလိုက်သော ခင်ခင်ချစ်ကောကြောင့် အိပ်ချင်မူးတူးဖြင့်မျက်လုံးဖွင့်ကြည့်ပြီး

"ဒီမှာဟယ်. . . ဂျပန်မှာ ငါ့ဇာတ်ကားရုံတင်လို့ ဇာတ်ကားပြေတဲ့အထိမ်းအမှတ်နဲ့ ဂျပန်ပရိသတ်တွေတွေ့ဆုံပွဲလုပ်ပြီး မြန်မာပြည်ပြန်ရောက်ရုံရှိသေးတယ်. . . အဲဒီ ဂျာဝဏ္ဏာဆိုတဲ့သတင်းထောက်က အလိုက်ကမ်းဆိုးမသိ ကားပေါ်ထိတက်ပြီး အင်တာဗျူးမယ်ဘာကဲကဲလုပ်နေလို့ တွန်းချလိုက်တာ. . . မှတ်ကရောပဲ"

"ဘာဗျ. . ကျုပ်က ဂျာဝဏ္ဏာလည်းမဟုတ်ဘူး. . . သတင်းထောက်လည်းမဟုတ်ဘူး. . . ပြီးတော့ ခင်ဗျားကိုဗျူးရအောင် ခင်ဗျားက ဘာမို့လို့လဲ"

"ဟယ် - ဒုက္ခပါပဲ. . . နင် အိပ်မက်မက်ပြီး သတင်းထောက်ကိုတွန်းထုတ်လိုက်တာ အရေးမကြီးဘူး. . . နင့်ဘေးကဟိုလူက နင် အိပ်မက်ယောင်ပြီးတွန်းချလိုက်မိလို့ ပြုတ်ကျသွားပြီး ပြဿနာရှာနေတာကမှ တကယ့် ကိစ္စပဲ"

"ဟင် - ဟုတ်. . ဟုတ်လား"

"ဝါး ဟား ဟား ဟား"

"ဟောဗျာ. . . လာပြန်ပြီ တစ်ယောက်. . . ဒီခရီးကတော့ အိပ်ကိုမအိပ်ရဲတော့ပါဘူး. . . ဆက်အိပ်ရင် ဘယ်သူတွေက ကလိထိုးခံရပြီး ဘယ်သူတွေကပါးထရိုက်ကြလို့ ဘယ်သူတွေက ထိုင်ခုံငွေ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကတွန်းချခံရမယ် မသိတော့ပါဘူး"

"ဟုတ်ပါ့ရှင်. . . ဟုတ်ပါ့. . . တကယ့်ကို စံပါပဲ"

"ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

မေသံစဥ်လည်း ရယ်သံများကြားခါမှ ရှက်ကိုးရှက်ကန်းဖြစ်သွားလျှက် သူမတွန်းချလိုက်သူကို အားနာကြည့်ကြည့်ကာ တောင်းပန်စကားဆိုရ၏။

"ကန်တော့နော်. . . ကန်တော့. . . မတော်လို့ပါရှင့်. . . ကျွန်မ အိပ်မက်ကယောင်ပြီး တွန်းထုတ်လိုက်မိတာ စိတ်မဆိုးပါနဲ့ရှင်"

"အေးပေါ့. . . ခင်ဗျားကတော့ ပါးစပ်ကလေးနဲ့ လွယ်လွယ်တောင်းပန်. . . ဒီမှာက ဖင်ညောင်ရိုးကျိုးမတတ်ပဲ. . . ဟွန်း"

"အဟင်း ဟင်း"

မေသံစဥ်အားနာနာဖြင့် ရောယောင်ရယ်ပြပြီး ဘာလုပ်ရမှန်းမသိသောမျက်နှာဖြင့် ခင်ခင်ချစ်အားလှမ်းကြည့်၏။

ခင်ခင်ချစ်လည်း အားတုံ့အားနာမျက်နှာဖြင့် ကားတွင်းရှိလူများအား အသားလွတ်လိုက်ရယ်ပြ၏။

ပြဿနာဖြေရှင်းပေးရန် အနားသို့ရောက်နေသောစပယ်ယာလည်း အခြေအနေမှန်ကိုသိရှိသွားလျှက် ကားဆရာအား ကားဆက်မောင်းခိုင်း၏။

"မောင်းလို့ရပြီ ဆရာရေ. . . စောစောက စာရေးဆရာကအင်္ဂလိပ်နာဂျီလိကျောကုန်းမှာ အော်တိုရေးပေးတာယောင်သလို အခုဒီကအစ်မလေးကလည်း သတင်းထောက်ကိုတွန်းချလိုက်တာရုပ်ရှင်မင်းသမီးဆိုပြီး ယောင်လို့ဗျို့"

"ဝါး ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ခစ် ခဏ"

ရုတ်ရုတ်သဲသဲအသံများကြောင့် မေ့မေ့ခနဲပျော်ရာမှလန့်နိုးသောသော နရီလည်း အနှောင့်မလွှတ်အသွားမလွှတ် စပယ်ယာစကားကြောင့် အရှက်ပြေရှောဖယောင်ရယ်မိလေသည်။

ထိုနောက် ဗိမာန်ကိုလည်း လူအများကပြုံးစေ့စေဖြင့် ကြည့်ကြည့်ကြသည်ကို သတိထားမိလျှက် ရှေ့နှစ်ခုံကျော်ရှိမေသံစဥ်အား အတင်းပြောလိုသောအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်ပြီး

"ဟွန်း - အရေးထဲမှာ မင်းသမီးရှူးက စာရေးဆရာကို ကန်ကြမ်းတွေလာပေးနေသေးတယ်"

ဟု အသံတိတ်ပြောမိရင်း လူအများ၏အကြည့်မှရှောင်လွှဲရန် မျက်လုံးကိုပြန်မှိတ်ကာ ပြန်အိပ်ရန်ကြိုးစားလိုက်သည်။

မေသံစဥ်သည်လည်း မျက်လုံးပြန်မှိတ်ထားသည်သာ သူမအတွက်အကောင်းဆုံးဖြစ်မည်ကိုရိပ်မိလျှက် ခင်ခင်ချစ်ကို လက်တစ်ဖက်ကိုင်ပြီး မျက်လုံးစုံပြန်မှိတ်လိုက်သည်။

သေချာသည်ကတော့ အိပ်ပျော်သွားလို့မဖြစ်။

အိပ်ပျော်သွားလို့ အိပ်မက်ထဲမှာ သတင်းထောက်ဂျာဝင်္ဂလိုမျိုးပုဂ္ဂိုလ်တစ်ယောက်နှင့်ထပ်တွေ့ရလျှင် ကမ္ဘာကျော်မင်းသမီးတစ်ယောက်အနေနှင့် ဘာတွေထပ်လုပ်မိမည်ဆိုတာ အာမမခံနိုင်။

■ ဳ ■

www.burmeseclassic.com

www.burmeseclassic.com

## ၂

"ဘယ်လိုလဲ ငါ့တူ. . . ငါ့တူစာအုပ်ထွက်မယ့်နေ့က ဘယ်နေ့တဲ့လဲ"

"နောက်နှစ်လလောက်ဆိုရင် ထွက်တော့မှာပါ လေးလေးမောင်ရဲ့"

"ဒါနဲ့ ကလောင်နာမည်က ဘိုကြည်သားပဲလား"

"ဟာ - လေးလေးမောင်ကလဲ. . . အဲဒီနာမည်ကြားရင် ဖိုးဘားမားကိုစိတ်နာလွန်းလို့. . . ဘယ့်နှယ့် အိပ်မက်ထဲလာပြီး ဘိုကြည်သားကိုများ ပုံကြီးသံဆိုပြီးလာပြောနေလို့ စိတ်နာပြီး ကလောင်နာမည်ကို လက်ျာနရီလို့ပဲပေးလိုက်ပြီ"

"အေးကွ. . ဒီနာမည်လေးကမှ ပိုပြီးလှသေးတယ်. . . ကောင်းတယ်. . . အောင်မြင်ပါစေကွာ. . . ဒါနဲ့ ရန်ကုန်ကတော့ ငါ့တူအတွက် တော်တော်ပူမယ်ထင်တယ်"

"ဩော် - ကိစ္စမရှိပါဘူး. . . ရန်ကုန်က ကျွန်တော့်အတွက် ငယ်ငယ်လေးကတည်းကရောက်နေကျမို့ ရာသီဥတုရော၊ သွားရေးလာရေးရော မစိမ်းပါဘူး လေးလေးမောင်ရဲ့"

"ဟုတ်တယ် လေးလေးမောင်ရေ. . . အာစရိကတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနဲ့သူဆိုတော့ ရန်ကုန်က သူ့အတွက် အေးဆေးပေါ့. . . ကျွန်တော့်အတွက်ကတော့ ရာသီဥတုကလည်းပူ. . . လမ်းတွေကားတွေကလည်း ရှုပ်. . . လူတွေကလည်းရှုပ်. . . အို - အားလုံးကို ရှုပ်ယှက်ခတ်နေတာပါပဲဗျာ"

အနားရောက်လာပြီးဝင်ပြောလိုက်သော အရှည်ကြီးစကားကြောင့် ဦးမောင်မောင်ရော၊ နရီပါ ရယ်မိကြလေသည်။

နရီကရယ်ရင်းနှင့်

"အေးလေ - မင်းမနေနိုင်ရင်လည်း တောင်ကြီးပြန်ပေါ့ကွာ . . . ဒီမှာ ငါကတော့ ငါ့ဦးလေးအိမ်မှာ အေးဆေးပဲ"

"ဟင် - အာစရိကလဲ. . . ဘာတွေများအေးဆေးနေလို့လဲ . . . ရန်ကုန်ရောက်တာ ဘယ်နှရက်ရှိပြီလဲ. . . တစ်ရက်မှ အေးအေးဆေးဆေးနားရတယ်လို့ မရှိဘူး. . . အာစရိကြည့်လိုက်ရင် တစ်နေကုန်တစ်နေခမ်း ပျာပျာ ပျာပျာနဲ့ လျှောက်သွားနေရတာချည်းပဲ"

"ဩော် - ဒါကတော့ ငါ့စာအုပ်ထုတ်ဖို့ကိစ္စက ရှိနေတာကိုးကွ. . . ငါတို့ ရန်ကုန်လာတယ်ဆိုတာကလည်း ဒီကိစ္စအတွက်မဟုတ်လို့ မင်းကြီးတော်ကြီးကိုလင်ရှာပေးဖို့ကိစ္စများ မှတ်နေလား"

"ထားပါတော့ဗျာ ထားပါတော့. . . ဒါပေမဲ့ အာစရိကိုကြည့်ပြီး လေးလေးမောင်ရော၊ ရပ်ကွက်ထဲကလူတွေရော မျက်စိကိုမူးနောက်နေတာတော့ အသေအချာပဲ"

"ဘယ်သူမှ မျက်စိမမူးနောက်ဘူး. . . မင်းပဲ မျက်စိမူးနောက်နေတာ. . . လေးလေးမောင်ကလည်း သူ့အိမ်မှာ စာရေးဆရာရောက်နေတယ်ဆိုပြီး ဂုဏ်ယူနေသလို ရပ်ကွက်ထဲကလူတွေကလည်း ငါတို့ရပ်ကွက်ထဲမှာ စာရေးဆရာရှိတယ်ဆိုပြီး ရပ်ကွက်ဂုဏ်တက်လို့ ငါ့ကိုကျေးဇူးတင်တဲ့အကြည့်၊ လေးစားအထင်ကြီးတဲ့အကြည့်နဲ့ လိုက်ကြည့်နေကြတာကွ. . . ဟုတ်တယ်မဟုတ်လား လေးလေးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာတာပေါ့ကွာ. . . လေးလေးမောင်တစ်သက် ဒီရပ်ကွက်ထဲကလူတွေတစ်သက် စာရေးဆရာ ဆိုလို့ ငါတို့တစ်ယောက်တည်း အရှင်လတ်လတ်မြင်ဖူးကြသေးတာ. . . ဟား ဟား ဟား"

လေးလေးမောင် သူ့စကားသူသဘောကျပြီး ရယ်မောသလို နှိုလည်း ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူဟန်ဖြင့် အကျႌကော်လာကို ဟန်ပါပါဆွဲပြင်၏။

အရှည်ကြီးမှာသာ မျက်နှာကြီးမဲ့ရွဲ့ပြီး ပါးစပ်ပွစိပွစိပြောနေရစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃

"ရှင်. . ရှင်မယုတ်မာနဲ့နော်"

"ကိုကြီးက သံစဉ့်ကိုချစ်လို့ပါ"

"အို - မရဘူး. . မရဘူး. . . မချစ်နဲ့. . . ရှင့်ကို အထင်ကြီး လေးစားခဲ့သမျှ ခုတော့အလကားပဲ"

"အထင်ကြီးတာတွေ၊ လေးစားတာတွေက ကိုကြီးဘဝ အတွက် အရေးမပါဘူး. . . ကိုကြီးဘဝမှာအရေးပါတာက သံစဉ့်ကို ချစ်တဲ့အချစ်တစ်ခုပဲရှိတယ် သဘောပေါက်"

မေသံစဉ်၏မိခင်ဒေါ်မေမျိုးလွင် မေသံစဉ့်အိပ်ခန်းရှေ့မှဖြတ် အလျှောက် အိပ်ခန်းထဲမှကြားလိုက်ရသော မေသံစဉ့်အသံနှင့် ခပ်သြ သြ ယောကျ်ားသံတစ်သံတို့ကြောင့် စိုးရိမ်ထိတ်လန့်သွားလျှက် တံခါး ရွက်မှာကပ်ပြီး နားစွင့်ကြည့်၏။

"အို - မလိုချင်ဘူး. . . မလိုချင်ဘူး. . . ရှင် ကျွန်မကိုမချစ် ရဘူး. . . ဒါပဲ"

"ကိုကြီးကို သံစဉ်လေးနဲ့အတူသွား၊ အတူလာ၊ အတူစား အခွင့်အရေးတွေဗီလောက်ပေးပြီးမှ ခါးခါးသီးသီးငြင်းရတာ ဒါ သဘောလဲ. . . လှည့်စားဖို့တော့မကြံနဲ့နော် မေသံစဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို သူငယ်ချင်းရဲ့အစ်ကိုဆိုပြီး အစ်ကိုတစ်ယောက်လို သဘောထားဆက်ဆံတာကို ရှင်ကအခွင့်အရေးပေးတယ်ထင်ပြီး အခွင့်အရေးယူမယ်တော့မကြံနဲ့"

ဒေါ်မေမျိုးလွင်လည်း သမီးနှင့် သူစိမ်းယောကျ်ားလေးတို့၏ အချီအချစကားကြောင့် စိုးရိမ်ပူပန်သွားလျှက် ခင်ပွန်းသည် ဦးသက်တင်ကိုပြေးခေါ်ရ၏။

"ဖေကြီးရေ ဖေကြီး. . . သမီးလေးအခန်းထဲမှာ လူစိမ်းရောက်နေတယ်. . . မြန်မြန်လာပါဦး မြန်မြန်"

"ဟေ - ဟုတ်လား"

ဒေါ်မေမျိုးလွင်၏စကားကြောင့် ဦးသက်တင်လည်းစိုးရိမ်ပူပန်သွားလျှက် မေသံစဉ်၏အခန်းဆီသို့ အပြေးအလွှားသွားရောက်လေ၏။

အခန်းအနီးသို့ရောက်သည်နှင့် အခန်းအတွင်းမှအသံတွေကဆီးကြိုနှင့်၏။

"မေသံစဉ် - မင်း ငါ့ကိုပြန်ချစ်မလား. . မချစ်ဘူးလား"

"အို - မချစ်ဘူး မချစ်ဘူး"

"အေး - မချစ်ဘူးဆိုရင် ငါ့အဆိုးမဆိုနဲ့. . . မင်းကို ငါ့ရင်ခွင်ထဲမှာ ဒူးယောက်အလျှော့ပေးရအောင် ငါ အခုပဲလုပ်ပြမယ်"

"လုပ်ရဲရင် လုပ်ကြည့်. . . ရှင် လူကိုသာရရင်ရမယ်. . . ကျွန်မအချစ်ကို တစ်သက်လုံးမရစေရဘူးမှတ်"

"ကိစ္စမရှိဘူး. . . ငါကလည်း လူကိုပဲလိုချင်တာ. . . ဟား ဟား ဟား"

"အို - ရှင် ရှင်လွှတ်နော်"

"ခွေးမသား. . . အိမ်ပေါ်တက်ပြီး ငါ့သမီးကိုများရာရာစစ်ကားဝံ့တယ်လို့. . . တွေ့ကြသေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်တင်လည်း သမီးအတွက်စိုးရိမ်စိတ်နှင့် နိုင်ထက်စီးနင်းသူအပေါ် ဒေါသတို့တွဲဖက်လျှက် နောက်ဆုတ်အရှိန်ယူပြီး ပြေးလာကာ တံခါးကိုပခုံးဖြင့်ဆောင့်တွန်းလိုက်လေသည်။

သို့သော် ပခုံးစောင်းနှင့်ထိလုလုတွင် တံခါးကအရင်ပွင့်သွားသဖြင့် ဦးသက်တင်အရှိန်လွန်ပြီး မေသံစဉ်၏အခန်းထဲ ခြေကားရားသက်ကားရားရောက်လာပြီး ပုံလျှက်သားလေးပြုတ်ကျသွား၏။

"အောင်မလေး - သေပါပြီဗျ"

ထိုအခါမှ မေသံစဉ်လည်း ဖခင်ဖြစ်သူကိုအံ့သြတကြီးဖြစ်လျှက်

"ဟင် - ဖေဖေ ဘာဖြစ်လာတာလဲ"

"အဲဒါတွေ မပြောနဲ့ဦး. . . ဟိုကောင် ဘယ်ရောက်သွားပြီလဲ"

"ဟင် - ဘယ်ကောင်လဲ ဖေဖေ"

"ဘယ်ကောင်ရမှာလဲ. . . စောစောက သမီးကိုလူ့ရရင်ပြီးရောဆိုတဲ့ကောင်လေ"

"ရှင်. . . ခြော် - ဘာများလဲလို့. . . ခစ် ခစ် ခစ် ခစ်"

"ခစ် ခစ် ခစ် ခစ်"

ဦးသက်တင်စိုးရိမ်တကြီးဆိုသည်ကိုပဲ မေသံစဉ်က သဘောကျပြီး တခစ်ခစ်ရယ်လေရာ ဦးသက်တင်နားမလည်သလိုဖြစ်သွားရသည်။

ထိုအတူ အခန်းထဲသို့ စိုးရိမ်တကြီးပြေးဝင်လာသော ဒေါ်မေမျိုးလွင်သည်လည်း အခန်းထဲ ဟိုရှာသည်ကြည့်လုပ်နေရင်းမှ ခိုးခိုးခစ်ခစ်ရယ်မောနေသော သမီးဖြစ်သူကိုအံ့သြတကြီးပြန်ကြည့်မိသည်။

မေသံစဉ်နှင့်အတူရယ်မောနေသော အိမ်အကူမလေးမြင့်မြင့်ကိုလည်း အခန်းထဲတွင်အူနှိပ်ရယ်နေသည်ကိုတွေ့ရသဖြင့် မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကျူတ်လိုက်မိသည်။

"ဟဲ့ - သမီး. . . ဟဲ့ - မြင့်မြင့်. . . ဒီမှာ လူကြီးတွေက ဒီလောက်စိုးရိမ်တကြီးဖြစ်နေတာ. . . နင်တို့က ဘာကြောင့်အူတက်အောင်ရယ်နေကြတာလဲ. . . ပြောစမ်းပါဦး စောစောကသမီးကိုကြံတဲ့လူ ဘယ်ရောက်သွားပြီလဲ"

"ခစ် ခစ်. . . ဘယ်မှမရောက်ပါဘူး. . . အဲဒါ မမလေးရဲ့. . . ခစ် ခစ် ခစ် ခစ်"

"ဟဲ့ - စကားကိုရှင်းအောင်ပြောစမ်း. . . ရယ်မနေစမ်းနဲ့"

"ဩော် - မရယ်လို့ရမလား မေမေရဲ့. . . ဒီမှာ သမီးက မြင့်မြင့်ကိုပရိသတ်လုပ်ခိုင်းပြီး သမီးတစ်ယောက်တည်း အမူအရာနှစ်မျိုးနဲ့ အပီအပြင်သရုပ်ဆောင်နေတဲ့ဟာကို"

"ဟင် - ဒါ. . ဒါဆို စောစောကယောကျ်ားသံက"

"ဟုတ်တယ်လေ. . . အဲဒါ သမီးအသံပဲပေါ့ ဖေဖေရဲ့. . . မပီဘူးလား ခစ် ခစ် ခစ် ခစ်"

"ဒေါ်မေမျိုးလွင် - ခင်ဗျားသမီး မင်းသမီးရောဂါထတာ ကျုပ်မှာနေရင်းထိုင်ရင်း ခါးနာသွားရပြီ. . . မြင့်မြင့် - နင်ကလဲ ဘာဖြစ်လို့ တံခါးကိုရှေ့မကြည့်နောက်မကြည့်ဖွင့်လိုက်ရတာလဲ"

"ဟို - ဟိုလေ. . . မြင့်မြင့်လည်း အပြင်မှာအသံတွေကြားသလိုလိုရှိတယ်ဆိုပြီး ဖွင့်ကြည့်လိုက်တာ. . . အဲဒါ ခစ် ခစ်"

"တော်ပြီ တော်ပြီ. . . ငါ့ဘာသာနေရင် အကောင်းသား. . . ဒေါ်မေမျိုးလွင်လုပ်တာနဲ့ ဒုက္ခကိုများရော. . . ဟွန်း - သူ့သမီးအကြောင်းလည်း မသိတာမဟုတ်ဘဲနဲ့"

"အို - တော်ကလဲ. . . ကျွန်မလည်း ရုတ်တရက်ဆိုတော့ စိုးရိမ်သွားတာပေါ့လို့. . . ဒီမယ် သမီး. . . နောက်ကို လူကြီးတွေကို စိတ်ပူအောင်မလုပ်နဲ့. . . လေ့ကျင့်မယ်ဆိုလည်း လေ့ကျင့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ပြော"

ဦးသက်တင်နှင့် ဒေါ်မေမျိုးလွင်တို့ ရယ်ချင်သည်ကိုမရယ်မိအောင် အတင်းဟန်လုပ်ထားသောမျက်နှာထားဖြင့်ဆိုရင်း မေသံစဉ့်အိပ်ခန်းထဲမှထွက်ခဲ့ကြလေသည်။

မေသံစဉ်ကတော့ သူ့ကိုယ်သူအောင်မြင်သူဆိုပြီး မြင့်မြင့်ကို လက်မထောင်ပြလေသည်။

မြင့်မြင့်လည်း ထောက်ခံပါကြောင်း ပြန်လက်မထောင်ပြပြီး ရယ်လက်စမသတ်နိုင်သေးဘဲ ရယ်နေမိလေသည်။

"ခစ် ခစ် ခစ် ခစ်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၄

သည်ကနေ့ နရီ၏ပထမဆုံးလုံးချင်းဝတ္ထု စတင်ထွက်ရှိသည်။

သတင်းစာတွင်ပါရှိသည့် စာအုပ်ကြော်ငြာကိုလည်းကောင်း၊ စာအုပ်တန်းရှိ စာအုပ်အရောင်းဆိုင်များတွင် ချိတ်ဆွဲထားသော စာအုပ်ကြော်ငြာဗီနိုင်းများကိုလည်းကောင်းကြည့်ပြီး နရီပျော်ချင်တိုင်း ပျော်နေမိသည်။

စာအုပ်တိုက်မှ စာအုပ်ဖြန့်သည်ကိုလိုက်ကြည့်လေ့လာပြီး အခြေအနေကောင်းသည်ဟူသောအတွေးဖြင့်လည်း ကျေနပ်အားရ လျက်ရှိလေသည်။

နရီ ကျေနပ်အားရမှုခြေလှမ်းများဖြင့် အိမ်သို့တက်ကြွစွာ လျှောက်လှမ်းလာသည်။

ရပ်ကွက်ထဲသို့ရောက်သည်နှင့် ရပ်ကွက်တွင်းရှိ စာအုပ်ဆိုင် များတွင်ရော မိမိစာအုပ်တင်ရဲ့လားဟူသောသိလိုစိတ်ဖြင့် လေ့လာ ရေးသွားရပြန်သည်။

ပထမဦးဆုံး ရပ်ကွက်ရှိအကြီးဆုံး စာအုပ်အငှားဆိုင်ဖြစ် သည့် 'ရသရိပ်'စာအုပ်အငှားဆိုင်သို့ ဝင်စနည်းနာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဗျ. . . စာအုပ်အငှားဈေးကွက် အခြေအနေ ကောင်းရဲ့မဟုတ်လား"

"ဟုတ်ကဲ့ ကောင်းပါတယ်. . . သူ့ဟာနဲ့သူ မဆိုးပါဘူး"

"ဝတ္ထုတွေကရော ဘယ်လိုဝတ္ထုတွေအငှားရသွက်သလဲ"

"ဩော် - ကြည့်ရတာ အစ်ကိုလေးက ဆောင်းပါးတို့ ဆောင်းတို့ရေးချင်လို့ထင်တယ်"

"အန်"

"ဝတ္ထုတွေကတော့ ဟာသနဲ့ဂမ္ဘီရလိုင်းကတော့ အငှားရ အသွက်ဆုံးပဲ. . . ကျန်တဲ့စာရေးဆရာတွေလည်း သူ့ပရိသတ်နဲ့သူ အငှားသွက်တာပါပဲ. . . ဒါ့ထက် အစ်ကိုလေးကဘယ်ဂျာနယ်ကလဲ"

"ဘယ်ဂျာနယ်ကမှမဟုတ်ပါဘူး. . . ကိုယ်က စာရေးဆရာ ပါ"

"ဩော် - ဟုတ်လား. . . စာရေးဆရာလား. . . ခုလိုတွေ့ရ တာ ဝမ်းသာပါတယ်"

"အဟဲ - ကိုယ်လည်းဝမ်းသာပါတယ်"

စာအုပ်အငှားဆိုင်ထိုင်ကောင်လေးက ဝမ်းသာအားရ လက် ဆွဲနှုတ်ဆက်သဖြင့် နရီလည်း ဂုဏ်ယူဝင့်ကြွားစွာဖြင့် လက်ဆွဲပြန် နှုတ်ဆက်၏။ ထို့နောက် ဟန်ပါပါဖြင့်

"ဒါနဲ့ ဒီရပ်ကွက်ထဲမှာတော့ ရသရိပ်စာအုပ်အငှားဆိုင်က စာအုပ်အစုံဆုံးနဲ့ ငှားတဲ့လူအများဆုံးပဲကြားလို့. . . လာလေ့လာတာ"

"ဟုတ်ကဲ့. . . ကျွန်တော်က ထွက်သမျှစာအုပ်အကုန်တင် တာကိုး"

"ဒါဆို စာရေးဆရာလက်ျာနရီရဲ့ လုံးချင်းဝတ္ထုလည်း ရှိမှာ ပေါ့ ဟုတ်လား"

"ဗျာ - ဘယ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာ လက်ျာနရီလေ"

"အစ်ကိုလေးပြောတဲ့စာရေးဆရာနာမည်ကို အခု အစ်ကိုလေးပြောမှပဲကြားဖူးတာ"

"အန်"

စာအုပ်အငှားဆိုင်ကောင်လေး၏စကားကြောင့် နရီလည်း နင်ချင်သလိုလိုဖြစ်သွားရသည်။ သို့သော် ယခုမှစထွက်တာဆိုတော့ သည်လောက်တော့ရှိမှာပဲ။ နောင်မသိချင်ဘူးဆိုတာတောင် မရဘူး ဆိုသော ဖြေသိမ့်အတွေးဖြင့်

"ဘယ်ကြားဖူးမလဲ. . . စာရေးဆရာလက်ျာနရီရဲ့ ပထမဆုံး လုံးချင်းစာအုပ်က ဒီနေ့မှ စဖြန့်တာလေ"

"ဩော် - ဟုတ်ပြီ. . . ဒီမနက် သတင်းစာကြော်ငြာမှာ တွေ့ လိုက်ပါတယ်. . . အချစ်. . နေပါဦး အချစ်ဘာဖြစ်တယ်ဆိုလားပဲ"

"ဟုတ်တယ် ဟုတ်တယ်. . . အချစ်ကစေတန်ဆိုတဲ့စာအုပ် လေ. . . အဲဒါရော မတင်ဘူးလား"

"ဟင့်အင်း မတင်ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ဩော် - ဟိုလေ. . . အသစ်ဆိုတော့ ငှားဖတ်တဲ့လူက မရှိဘူး. . . အဲဒါကြောင့်ပါ. . . ဒါနဲ့ စာရေးဆရာလက်ျာနရီနဲ့ အစ်ကိုလေးနဲ့က သိလို့လား"

"စာရေးဆရာလက်ျာနရီဆိုတာ ကိုယ်ပဲလေကွာ"

"ဟောဗျာ ဒီလိုလား. . . ဒါဆို ကျွန်တော်ပြောလိုက်တာ အားနာဖို့တောင်ကောင်းနေပြီ"

"အားနာလို့ စာအုပ်ဝယ်တင်တော့မယ်ဆိုတဲ့သဘောပေါ့"

"ဟင့်အင်း - အားနာနာနဲ့ပဲ ဝယ်မတင်သေးဘူး. . . ပရိသတ်အသံပဲ အရင်နားစွင့်လိုက်ဦးမယ်လို့ ပြောမလို့ပါ ခဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်"

နရီ သည်တစ်ခါတော့ စာကယ်ကိုနင်သွားရသည်။

ထိုအချိန်မှာပင် ခစ်ခနဲရယ်သံကြားသဖြင့် လှည့်ကြည့်ရာ စာအုပ်ရွေးပြီး တိုးတိုးတိုးတိုးသဖန်းပိုးထိုးနေသော မချောနှစ်ယောက်ကိုတွေ့ရသည်။ ထိုမချောနှစ်ယောက်ကတော့ မေသံစဉ်နှင့်မြင့်မြင့်တို့ပဲဖြစ်ကြလေသည်။

ဒီဆိုင်မှာကြာကြာဆက်နေလျှင် သည့်ထက်ပိုပြီးအဟားခံသာရနိုင်သဖြင့် စကားအလှပြောပြီး နေရာမှခွာရန်ပြင်ရသည်။

"ကဲပါလေ - စာရေးဆရာအသစ်ရဲ့ စာအုပ်အသစ်မို့ ဝယ်ဆောင်ချင်သေးရင်လည်း ကိစ္စမရှိပါဘူး. . . ကိုယ့်ဘက်က ပရိသတ်အားကိုစမ်းတဲ့အနေနဲ့ရော ဆိုင်နဲ့မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ရော ဒီစာအုပ်လေး လက်ဆောင်လာပေးပါ့မယ်"

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့. . . ဒွေးဇော်တို့က ဒါဆိုရင်တော့ရပါတယ်. . . ကျေးဇူးပါပဲ"

"ဩော် - ငါ့ညီနာမည်က ဒွေးဇော်တဲ့လား. . . ခုလို သိခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်. . . ခွင့်ပြုပါဦး"

"ခစ် ခစ် ခစ် ခစ်"

နရီ သူ့စာအုပ်သူကြော်ငြာထိုးသည်ကိုပဲ မချောနှစ်ယောက်က ရယ်စရာလို့မှတ်နေသလားမသိ။ လူမှုရေးနားလည်မှုကင်းမဲ့စွာ ရယ် မောကြလေသည်။

နရီ ဆိုင်တင်ရန်စာအုပ်လက်ဆောင် ဆက်ဆက်လာပေးမည့်အကြောင်းပြောပြီး နေရာ မှခပ်သွက်သွက်လစ်ရလေသည်။ ရယ်သံများကို မကြားချင်ယောင် ဆောင်ခဲ့ရသည်လောက် အောင့်သက်သက်နိုင်သည့်နေ့မျိုး မရှိခဲ့စဖူး။

နရီထွက်ခွာသွားသည်နှင့် မေသံစဉ်နှင့်မြင့်မြင့်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်းမောရင်း နရီ့နောက်ကျောကိုလိုက်ကြည့်ကြ၏။ ထို့နောက် မေသံစဉ်က

"ဟဲ့ - မြင့်မြင့်. . . နင် ခပ်တည်တည်နဲ့ မိတ်သွားဆက်ပါ လား"

"ဟာ မဆက်ချင်ပါဘူး. . . ရှက်စရာကြီး"

"ဩော် - နင်ကလဲ. . . ငါက အတည်မိတ်ဆက်ခိုင်းတာ မဟုတ်တာ. . . သူ့ကြည့်ရတာ အူကြောင်ကြောင်နဲ့ စချင်နောက်ချင် စိတ်ပေါက်လာလို့ဟဲ့"

"အင်းနော် - အဲဒါတော့ဟုတ်တယ်"

"ဟုတ်ရင် နောက်ကမြန်မြန်လိုက်သွားပြီး လုပ်တော့လေ"

"မြင့်မြင့်က ဘာတွေဘယ်လိုပြောရမှာလဲ"

"ဩော် - နင်ကလဲ. . . ကျွန်မကိုမမှတ်မိဘူးလား ဘာလား . . . ဘယ်တုန်းက ဘယ်မှာဆုံဖူးတယ်လေ ဘာညာနဲ့ လျှောက်ပြော ပေါ့. . . နင့်ပြောနေရတာနဲ့ ဟိုမှာလွတ်သွားတော့မယ်. . . သွား သွား မြန်မြန်လိုက်"

"ဟုတ်. . ဟုတ်ကဲ့"

မြင့်မြင့်လည်း မေသံစဉ်တွန်းလွှတ်သည်နှင့် မပေကပ်ရဲတော့ ဘဲ နရီနောက်ကိုအပြေးတစ်ပိုင်းလိုက်လေ၏။ ထို့နောက်

"ဆ. . ဆရာလက်ကနာရီ"

"ဟင်"

နောက်မှအပြေးတစ်ပိုင်းလိုက်လာပြီး ခေါ်လိုက်သောအသံ ကြောင့် နရီလည်း ခြေလှမ်းကိုတုံ့ခနဲရပ်ပြီး လှည့်ကြည့်ရသည်။

မြင့်မြင့်က

"ဆရာ. . ဆရာက လက်ကနာရီမဟုတ်လား"

"ဘယ်က လက်ကနာရီကမှာလဲ. . . လက်ကနာရီက ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



. . . နာမည်က လကျ်ာနရီပါ"

"ဟုတ် ဟုတ်ပါတယ် . . . မနည်းပြေးလိုက်လာရတာဆို တော့ မောသံနဲ့ရောသွားလို့ပါ . . . ဆရာ သမီးကိုမမှတ်မိဘူးလား"

မမှတ်မိဘူးလားဆိုသော မိန်းကလေးငယ်၏စကားကြောင့် နရီလည်း ဘယ်မှာတွေ့ဖူးပါလိမ့်ဆိုပြီး အကဲခတ်ကြည့်၏။ သို့သော် သူ့မျက်နှာကို မရင်းနှီး။ ပုံဘယ်လိုဖမ်းဖမ်း မှတ်မိရုပ်ကမပေါ်လာ။

"ဘယ်လိုလဲ . . . မှတ်မိတယ်မဟုတ်လား ဆရာ"

သူက မှတ်မိတယ်မဟုတ်လားလို့မေးလေ နရီ့မှာ စဉ်းစားရ ကျပ်လေဖြစ်သည်။

မြင့်မြင့်လည်း သူမအားနရီက စေ့စေ့စပ်စပ်ကြည့်နေသဖြင့် အနေရခက်လျှက် ဘာဆက်ပြောရမှန်းမသိဘဲ

"ဘယ်လိုလဲ . . . မှတ်မိသွားပြီမဟုတ်လား ဆရာ . . . ဆရာ နဲ့သမီးနဲ့တွေ့တာ မကြာသေးဘူးလေ . . . ဘဘဦးမောင်မောင် မိတ်ဆက်ပေးလို့လေ"

"ဩော် အင်း . . . မှတ်မိသလိုလိုတော့ရှိလာပြီ . . . ရုပ်ကို မနည်းဖမ်းယူရတယ်"

မြင့်မြင့်လမ်းစဖော်ပေးသဖြင့် နရီလည်း မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး မှတ်မိသလိုလိုရှိလာပြီဖြစ်ကြောင်း ကြည့် ကောင်းအောင်ပြောရသည်။

သို့သော် မြင့်မြင့်က သည်လောက်နှင့်ကျေနပ်သေးဟန်မတူ ဘဲ သူ့နာမည်ကိုပါ ထပ်စဉ်းစားခိုင်းပြန်သေးသည်။

"ဒါဆို ရုပ်ကိုမှတ်မိပြီဆိုတော့ သမီးနာမည်ကရော ဘယ်သူ လဲပြော"

"ဟင် - နာ . . နာမည်က ဟို . . ဟိုလေ"

လူတောင်မမြင်ဖူးရသည့်အထဲ နာမည်ကိုပါ အတင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိက်စစ်မတတ်မေးနေသဖြင့် နရီခေါင်းကြီးသွားရသည်။

နရီစဉ်းစားလို့မရမှန်းရိပ်မိဟန်ဖြင့်

"ဩော် - ဆရာကလဲ. . . မေ့တတ်လိုက်တာ. . . သမီးနာမည် နုချောလေ ဆရာရဲ့"

ဟု ဖွင့်ပြောခါမှ နရီလည်း ရောယောင်ပြီးနုချောလိုက်ရသည်။

"ဩော် - အေး ဟုတ်ပြီ. . . နုချော နုချော. . . ဘယ်သူများလဲလို့ နုချောကိုး. . . ဟား ဟား ဟား. . . ဝမ်းသာတယ်. . . ခုလိုတွေ့ရတာ"

နရီရောချပြီးရယ်နေသဖြင့် မြင့်မြင့်လည်းရယ်ချင်သွားရသည်။ ထို့ကြောင့် ရယ်ချင်စိတ်ကိုမနည်းမျိုသိပ်ပြီး နေရာမှခွာရန်ဟန်ပြင်လိုက်သည်။ သို့သော် မလှမ်းမကမ်းမှအကဲခတ်နေသောမေသံစဉ်က ဆက်ကျပ်ဆိုသောသဘောဖြင့် လက်လှုပ်ပြသဖြင့် မြင့်မြင့်လည်းနေရာမှမခွာနိုင်သေးဘဲ တွေ့ကရာဆက်ပြောလိုက်ရသည်။

"အာ - ဆရာကလဲ. . . သမီးနာမည် နုချောမှမဟုတ်တာဘဲကို"

"ဟင် - မဟုတ်. . မဟုတ်ဘူးလား"

နရီ အားပါးတရနူတ်ဆက်လိုက်ပေမယ့် မြင့်မြင့်က မျက်နှာချက်ချင်းပျက်ယွင်းညှိုးငယ်သွားဟန်ပြသည်။ နုချောလို့သူကိုယ်တိုင်ပြောပြီးမှ နုချောမဟုတ်ပါဘူးဆိုပြန်သဖြင့် နရီကြောင်အမ်းသွားရသည်။

ထို့ကြောင့် မျက်နှာမပျက်အောင်ထိန်းပြီး

"ဒါ. . ဒါဆို မင်းနာမည်က"

"ဩော် - ဆရာကလဲ. . . ထက်ထက်လေ ဆရာရဲ့. .

www.burmeseclassic.com



ထက်ထက်"

"ဪ - အေး ဟုတ်သားပဲ. . . ကြည့်စမ်းပါဦး. . . ဘယ်သူများလဲလို့. . . ဪ - အေး ဟုတ်တယ်. . . ထက်ထက်"

နရီလည်း စောစောကအတိုင်း တရင်းတနှီးတုံ့ပြန်လိုက်ပြန်သည်။ မသိတာတော့ မသိရိုးအမှန်။ သို့ပေမယ့် လူမှုရေးကရှိသေးသည်မဟုတ်လား။ သူမက သူ့ကို ဆရာလက်ျာနရီဆိုပြီး အတိအကျကြီးသိပြီး တရင်းတနှီးကြီးပြောနေသည်ဆိုတော့ နရီလည်း လူမှုရေးနားလည်သိတတ်မှုကို မတုံ့မဆိုင်းပြသလိုက်ရခြင်းဖြစ်သည်။

သို့ပေမယ့် သည်တစ်ခါလည်းမှားသွားပြန်သည်။

"မဟုတ်သေးဘူးလေ ဆရာရဲ့. . . ထက်ထက်ဆိုတာ သမီးရဲ့အစ်မနာမည်လေ. . . သမီးနာမည်က ပွံ့ပွံ့"

နရီ ချွေးစို့ရုံမက ချွေးပင်ပြန်လာရသည်။ တစ်ယောက်တည်းနဲ့ချောဖြစ်လိုက်၊ ထက်ထက်ဖြစ်လိုက်နှင့် အခု ပွံ့ပွံ့ဖြစ်သွားပြန်ပြီ။ သူမက ပွံ့ပွံ့ဆိုတော့လည်း နရီလည်းလူမှုရေးအရ ပွံ့ပွံ့လိုက်ရပြန်သည်။

"ဟင် - ဪ အေး. . ကြည့်ပါဦး. . . ငါက ဘယ်သူများလဲလို့. . . ထက်ထက်နဲ့ပွံ့ပွံ့နဲ့ မှားနေတာကိုး. . . ဆောရီး ဆောရီး. . . ဟုတ်သားပဲ ပွံ့ပွံ့"

မြင့်မြင့်လည်း သူပြောသမျှ ဖောချင်တိုင်းလိုက်ဖောပြီး လွဲချင်တိုင်လွဲနေသောနရီ့ကိုကြည့်ပြီး ဟန်မဆောင်နိုင်တော့။ ထို့ကြောင့် ခွက်ထိုးခွက်လန်ရယ်မိတော့သည်။

"ခစ် ခစ် ခစ်"

နရီလည်းရောယောင်ရယ်ရင်းနှင့် တစ်ထိုင်တည်းနှင့် နာမည်အမျိုးမျိုးပြောင်းနေသောကောင်မလေးကို အကဲခတ်ကြည့်ရင်း ဆက်ရပ်နေရကောင်းနိုး၊ ထွက်ခွာသွားရကောင်းနိုးဖြင့် ချီတုံချတုံဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေဦးမည်ဆိုလျှင်လည်း နာမည်တွေတစ်မျိုးပြီးတစ်မျိုး ပြောကာ မှားခိုင်းနေပါက ဒုက္ခ။ သူမအပါးက မြန်မြန်ထွက်ခွာသွားတာ အကောင်းဆုံးဟုသောအတွေးဖြင့် ထွက်ခွာရန်ခြေလှမ်းပြင်လိုက်စဉ်မှာပင် မိန်းကလေးတစ်ဦးက အနားရောက်လာပြီး

"ဟဲ့ - မြင့်မြင့်. . . ဘယ်ကအူကြောင်ကြောင်တွေနဲ့ စကားရပ်ပြောနေတာလဲ. . . လာ သွားမယ်"

ဟုပြောပြီး ရယ်ချင်မျက်နှာပေးဖြင့်ပြောဆိုပြီး ခေါ်သွားလေခါမှ စောစောကမိန်းကလေးနောက်ဆုံးပြောသွားသောအမည် ပွဲပွဲမှာ မြင့်မြင့်ဖြစ်နေပြန်သဖြင့် ဘယ်လိုမိန်းကလေးမျိုးပါလိမ့်ဟုတွေးရင်းနေရာမှာကျန်ရစ်ခဲ့ရသည်။

စောစောကစာအုပ်ဆိုင်မှာ မိမိအားရယ်မောလှောင်ပြောင်ခဲ့ကြသည်မှာလည်း သည်ကောင်မလေးနှစ်ယောက်ပင်ဖြစ်သည်ကို တွေးမိလျှက် ဒါလည်း လူကိုသက်သက်အရူးလာလုပ်တာပါဆိုပြီး နရီတင်းသွားရသည်။

တစ်ဆက်တည်းမှာပင် မြင့်မြင့်ဟူ၍လာခေါ်သွားသော မိန်းကလေးကို သည့်မတိုင်ခင်တစ်နေရာရာတွင်မြင်ဖူးသလိုလိုရှိသည်ဟု ထင်မိသည်။ သို့သော် ထိုအထင်ကိုချက်ချင်းပြန်ပယ်ဖျက်ရသည်။ နို့မဟုတ်လျှင် သူမကလည်း မမှတ်မိတော့ဘူးလား. . .။ နာမည်ဘယ်သူလေ. . ။ ဆိုပြီး ဦးနှောက်ထပ်လာစားနေမှဖြင့် အရှက်ကွဲပြီးရင်း ကွဲနေရဦးမည်သာဖြစ်လေသည်။

■ ၄ ■

www.burmeseclassic.com

www.burmeseclassic.com

# ၂

မေသံစဉ်နှင့်မြင့်မြင့်တို့ နရီအားအကြောင်းရိုက်လာသည့်ကိုစွ ေမြို့ပြန်ရင်း ရယ်လက်စမသတ်နိုင်ဘဲ အိမ်ပြန်လာကြသည်။

အိမ်ရိပ်မနင်းမိခင်မှာပင် အိမ်လည်လာသောခင်ခင်ချစ်က

"ဟဲ့ - ဒီနှစ်ယောက် ဘာတွေသဘောကျစရာများတွေ့လို့ ဒီလောက်ရယ်လာကြတာလဲ"

ဟု ဆီးကြိုလှမ်းမေးသလို ငယ်နုထွေးကလည်း ဘာမှန်းမသိဘဲ ရယ်ချင်မျက်နှာပေးဖြင့်

"အေးလေ - ရယ်စရာရှိရင် တို့ကိုလည်းအဖော်ညှိမှပေါ့. . . တို့လည်း ရယ်တတ်တာပဲ"

ဟူ၍ လှမ်းပြော၏။ ထိုအခါမှ မေသံစဉ်လည်း

"အေး - နင်တို့ရောက်နေတာနဲ့ အတော်ပဲ. . . ငါလည်း နင်တို့မလာလည်း ဖုန်းဆက်ပြောတော့မလို့စဉ်းစားထားပြီးသား"

"အို - ဒီလောက်တောင်ပဲလား"

"ဒို့ထက်တောင်ပိုသေး"

"ဆိုပါဦး. . . ဘာများလဲ"

"လာ လာ. . . ဟိုဒန်းမှာအေးအေးဆေးဆေးထိုင်ပြီး ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



မယ်. . . ဟဲ့ - မြင့်မြင့် အအေးသုံးခွက်သွားယူလာခဲ့"

"ခစ်. . ဟုတ်ကဲ့ မမလေး"

မေသံစဉ် ပြောပြောဆိုဆို အိမ်ခြံဝင်းထဲရှိဒန်းဆီသို့ ဦးဆောင်ခေါ်သွားသဖြင့် ခင်ခင်ချစ်နှင့်ငယ်နုထွေးတို့လည်း သိလိုစိတ်ဖြင့် နောက်မှထပ်ချပ်မကွာလိုက်လေ၏။

နရီ့ကို ကိုယ်တိုင်အကြောင်းရိုက်နောက်ပြောင်ခဲ့သူ မြင့်မြင့်ကတော့ မျက်နှာပိုးမသတ်နိုင်သေးဘဲ တခစ်ခစ်ရယ်လျှက် အိမ်ထဲသို့ ဝင်သွားလေသည်။

ငယ်နုထွေးက ဒန်းပေါ်မှာထိုင်မိရုံရှိသေး။ သိလိုသည်ကို မေးလေသည်။

"ကဲ - ဆိုစမ်းပါဦး. . . နင်တို့မျက်နှာတွေကြည့်ပြီး ငါတို့မှာ အတော်ရယ်ချင်နေပြီ. . . ဘာကိစ္စမှန်းမသိသေးလို့သာ"

"ဒီလိုဟ. . . ဟဲ့ မိချစ်. . . ငါတို့တောင်ကြီးကပြန်လာတုန်းက ကားပေါ်မှာ အင်ဂျလီနာဂျိုလီကျောကုန်းကို လက်မှတ်ထိုးပေးတယ်လို့ အိပ်မက်ယောင်ပြီး ဘေးနားကအမျိုးသမီးရဲ့ကျောကုန်းကို လက်ညှိုးနဲ့လျှောက်ကလိတဲ့ပုဂ္ဂိုလ်လေ. . . မှတ်မိတယ်မဟုတ်လား"

"ဩော် အေး. . . မှတ်မိတယ်. . . ဟိုစာရေးဆရာရှူးလား"

"အေး - ဟုတ်တယ်. . . သူ့နာမည်က လကျ်ာနရီတဲ့ သိလား"

"ဘာလဲ - နင်နဲ့မြင့်မြင့်က အဲဒီကားပေါ်ကအကြောင်း ပြောပြီး ရယ်နေကြတာလား"

"ဘယ်ကဟုတ်ရမှာလဲ. . . အခုပဲ သူနဲ့တည့်တည့်တိုးခဲ့လို့"

"ဟယ် - အဟုတ်"

မေသံစဉ်သဘောကျသလို တစ်ချက်ရယ်လိုက်သေး၏။ သို့နောက် နရီစာအုပ်အငှားဆိုင်လာပြီး သူ့စာအုပ်တင်၊ မတင်လာစုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စမှစ၍ မြင့်မြင့်ကိုလွှတ်ပြီး မိတ်ဆက်ခိုင်းခဲ့သည်များကို ခရေစေ့တွင်းကျပြန်လည်ပြောပြရာ ခင်ခင်ချစ်နှင့်ငယ်နုထွေးတို့လည်း သဘောကျပြီး အတောမသတ်ရယ်ကြလေသည်။

ဇာတ်ကြောင်းလှန်ပြနေသူ မေသံစဉ်နှင့် အအေးခွက်ယူပြီး ပြန်လာသူ မြင့်မြင့်တို့လည်း ခင်ခင်ချစ်၊ ငယ်နုထွေးတို့နှင့်အတူ ရောနှောပြီး ရယ်သက်ရှည်ကြပြန်သည်။

"ခစ် ခစ် ခစ် ခစ်"

"ဟစ် ဟစ် ဟစ် ဟစ်"

ရယ်လို့ဝခါမှ ခင်ခင်ချစ်ကတစ်စုံတစ်ရာသတိရဟန်ဖြင့်

"ဟဲ့ - နေပါဦး. . . ဒါဆို သူက အခုနင်တို့ရပ်ကွက်မှာပဲ နေတာပေါ့ ဟုတ်လား"

ဟု စုံစမ်းလေ၏။ မေသံစဉ်ကခေါင်းညိတ်ပြပြီး

"ဟုတ်တယ်ထင်တာပဲ. . . မြင့်မြင့်ပြောတော့ တို့လမ်းထဲက ဦးမောင်မောင်ရဲ့အိမ်ကနေ ထွက်ထွက်လာတာ သတိထားမိတယ် ပြောတာပဲ"

ဟုဆိုရာ မြင့်မြင့်က

"ဟုတ်တယ်. . . ဟိုတစ်နေ့ကလည်း အိမ်ရှေ့စားပွဲမှာ စာအုပ်အပုံလိုက်၊ စာရွက်အထပ်လိုက်နဲ့ တစ်ယောက်တည်းရှုပ်ယှက်ခတ်နေတာပဲ. . . မြင့်မြင့် လမ်းထိပ်အမှိုက်ကန်မှာအမှိုက်သွားပစ်ရင်း တွေ့လိုက်သေးတယ်"

ဟု သူတို့လမ်းထဲမှာ နရီနေထိုင်ကြောင်း အခိုင်အမာသက်သေထူ၏။

နရီ့အကြောင်းကို ကြားသာကြားဖူးပြီး မမြင်ဖူးသေးသော ငယ်နုထွေးတစ်ယောက် တက်ကြွလာလျှက် တွေ့ချင်မြင်ချင်ကြောင်း ဆိုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး - အဲဒါဆိုအတော်ပဲ. . . နင်တို့ပြောပြောနေတဲ့ အဲဒီ စာရေးဆရာကို မြင်ဖူးတယ်ရှိအောင် သွားကြည့်ရအောင်"

"လုပ်ပြီ. . . ရောဂါကထလာပြီ"

ခင်ခင်ချစ်က ငယ်နုထွေးကိုမဲ့ရွဲ့ပြီးဆို၏။

မေသံစဉ်ကလည်း ငယ်နုထွေးနှင့်တစ်သဘောတည်းရှိကြောင်းပြ၏။

"အေးဟဲ့. . . ငါလည်း စာရေးဆရာဆိုတာ ဘယ်လိုများလဲလို့ မြင်ဖူးချင်နေတာနဲ့အတော်ပဲ. . . သွားကြရအောင်"

ဟုပြောဆိုရင်း နေရာမှမတ်တပ်ထရပ်လေရာ ခင်ခင်ချစ်နှင့်ငယ်နုထွေးတို့လည်း နေရာမှထရပ်ကြ၏။

မြင့်မြင့်ကတော့ လုပ်စရာရှိသည်များလုပ်ရန် အိမ်ထဲသို့ဝင်သွားလေသည်။

"ဟဲ့ - ငါဒီလိုစဉ်းစားမိတယ်"

"ဘယ်လိုစဉ်းစားမိတာလဲ"

နရီတည်းခိုရာအိမ်သို့လျှောက်လှမ်းလာရင်း မေသံစဉ်က တစ်ခုခုစဉ်းစားမိဟန်ဖြင့်ပြောရာ ခင်ခင်ချစ်နှင့်ငယ်နုထွေးလည်း သိလိုဟန်ဖြင့် မေးခွန်းပြန်ထုတ်ကြ၏။

မေသံစဉ်က စကားမစခင်ကတည်းက ပြုံးချင်ရယ်ချင်မျက်နှာဖြင့်

"ဒီလိုဟယ်. . . အဲဒီပုဂ္ဂိုလ်ကို သွားကြည့်လက်စနဲ့တော့မထူးဘူး. . . နင်တို့တွေ သူ့ကို ဆရာ့စာဖတ်ပရိသတ်ပါဘာညာဆိုပြီး သွားမိတ်ဆက်ကြည့်ပါလား"

ဟု စဉ်းစားထားသည်ကိုပြောရာ ခင်ခင်ချစ်နှင့်ငယ်နုထွေးလည်း ဖြစ်ပါ့မလားဆိုပြီး မျက်မှောင်လေးတွေကြုတ်သွားကြသည်။

မေသံစဉ်က ပိုင်နိုင်သောလေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်. . . မြင့်မြင့်တောင်ဖြစ်သေးတာပဲ. . . နင်တို့က ဘာလို့မဖြစ်ရမှာလဲ"

"ဒါဆို နင်ရောလိုက်ခဲ့လေ"

"အို - ငါလိုက်လို့ဘယ်ဖြစ်မလဲ. . . စာစောက စာအုပ်အငှားဆိုင်မှာလျှောင်ခဲ့တာရော၊ မြင့်မြင့် သူ့ကိုအကြောင်းရိုက်ပြီးနောက်နေတုန်း ငါကမြင့်မြင့်ကိုသွားခေါ်လာတာရောဆိုတော့. . . ငါ့ကို သူကောင်းကောင်းမှတ်မိသွားပြီ. . . ငါ့ကိုမြင်ရင် သူ့ကိုသက်သက်လာလျှောင်တာပဲဆိုပြီး လိုက်ရိုက်မှဖြင့် အားလုံးပြေးပေါက်များကုန်မယ်. . . ဒါကြောင့် နင်တို့နှစ်ယောက်ပဲသွားလိုက်ပါ. . . ငါ အပြင်က အသာလေးချောင်းကြည့်နေမယ်"

မေသံစဥ့်စကားက အကျိုးအကြောင်းသင့်သဖြင့် ခင်ခင်ချစ်နှင့်ငယ်နုထွေးလည်း ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

သို့သော် သူတို့နှစ်ယောက်ကိုယ်တိုင်ကလည်း မေသံစဥ်ပြောသလို စာရေးဆရာလက်ျာနရီဆိုသူကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံစကားပြောပြီး စာရေးဆရာဆိုသူများ၏ကြောင်ကွက်ကို လေ့လာရေးလုပ်ချင်စိတ်က ထွန့်ထွန့်လူးလာကြသည်မို့

"အေးဟာ - ဒါဆိုလည်း ငါတို့နှစ်ယောက်ပဲသွားပြီး ကြုံကျက်လိ ကြည့်ကျက်လုပ်လိုက်တော့မယ်"

ဟုဆိုရင်း ကြုံတွေ့ရမည့်ကိစ္စများကိုမြင်ယောင်မိဟန်ဖြင့် မျက်နှာများပြုံးဖြီးဖြီးဖြစ်လာကြသည်။

မေသံစဥ်လည်း သူငယ်ချင်းနှစ်ဦးကဲ့သို့ပင် ဘာမှန်းမသိဘဲ မျက်နှာပြုံးလာရင်းမှ လေသံနှိမ့်ကာသတိပေးလိုက်သည်။

"ဟဲ့ - ရောက်ပြီ ရောက်ပြီ. . . ဒီအိမ်ပဲ"

မေသံစဥ်သတိပေးလိုက်သည်နှင့် ခင်ခင်ချစ်နှင့်ငယ်နုထွေးတို့လည်း ခြေလှမ်းတုံ့ခနဲရပ်လိုက်ကာ အိမ်ထဲသို့မသိမသာ လှမ်းအကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်လိုက်ကြတော့သည်။

တိုက်ဆိုင်စွာပင် အိမ်ရှေ့ဝရန်တာရှိ စာရေးစားပွဲတွင် တကုတ်ကုတ်နှင့်စာထိုင်ရေးနေသော နရီကို အတိုင်းသားတွေ့လိုက်ကြလေသည်။

"ဟဲ့ ဟဲ့ - ဟိုမှာ သူရှိတယ်"

"အေးဟဲ့ - ဟုတ်တယ်. . . ဘာတွေထိုင်ရေးနေလဲမသိဘူး"

"ဩော် - နင်တို့ကလဲ. . . စာရေးဆရာပါဆိုမှ ဝတ္ထုထိုင်ရေးနေတာပဲဖြစ်မှာပေါ့"

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြပြန်သည်။

မေသံစဉ်က သွားတော့လေဆိုသောသဘောဖြင့် မေးလွှဲပြရာ ခင်ခင်ချစ်နှင့်ငယ်နုထွေးလည်း သွားလိုက်ဦးမည်ဆိုသောသဘောဖြင့် ခေါင်းပြန်ညိတ်ပြကာ တစ်ယောက်လက်တစ်ယောက်ဆွဲပြီး အသင့်ဖွင့်ထားသောခြံတံခါးကိုဖြတ်ကျော်ကာ နရီ့အနီးသို့လျှောက်လှမ်းသွားလေသည်။

အနီးသို့ရောက်သည်နှင့် ခင်ခင်ချစ်က 'အဟမ်း'ဆိုပြီး ချောင်းဟန့်သံပေးသလို ငယ်နုထွေးကလည်း

"ဒီ. . ဒီမှာရှင့်"

ဟု အသံပေးလိုက်ရာ နရီလည်း စာကုန်းရေးနေရာမှ အသံကြားသဖြင့်မော့ကြည့်ရသည်။ မမြင်ဖူးသော မျက်နှာစိမ်းမိန်းကလေးနှစ်ယောက်ကိုတွေ့ရသဖြင့်

"ဘာကိစ္စများပါလဲ"

ဟုစုံစမ်းရသည်။ ခင်ခင်ချစ်က

"ဟို. . ဟိုလေ. . . ဒီအိမ်မှာ စာရေးဆရာရောက်နေတယ်ဆိုလို့. . . အဲဒါ. . တွေ့ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် - ဟုတ်ပါတယ်. . . လာပါ. . . ဒီမှာထိုင်ပါ"

"ဟုတ်. . ဟုတ်ကဲ့"

ခင်ခင်ချစ်နှင့် ငယ်နုထွေးလည်း နရီညွှန်ပြသည့်နေရာတွင် ဝင်ထိုင်လိုက်ပြီးနောက်

"ဟို. . ဟိုလေ. . . တို့က စာရေးဆရာနဲ့တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ. . . စာရေးဆရာက ကျွန်တော်ပါပဲ"

"ဟုတ်ကဲ့. . . ကျွန်မတို့သိပါတယ်. . . ဒါကြောင့်လည်း ဆရာ့ကိုလာမိတ်ဆက်တာပါ"

သူ့အားလာမိတ်ဆက်ဆိုသည့်အတွက်ကြောင့် နရီမြှောက် ချင်ချင်ဖြစ်သွားရသည်။ လာမိတ်ဆက်သည်ဆိုသောကောင်မလေး နှစ်ယောက်က နရီ့အားပြုံးတုံ့တုံ့ဖြင့်ကြည့်ပြီးနောက် လက်ထဲမှာ စာအုပ်တစ်အုပ်ဆို နရီ့ရှေ့သို့ထိုးပေးလေ၏။ နရီ ကြောင်သွားလျှက်

"ဟင် - ဒီစာအုပ် ဘာလုပ်ရမှာလဲ"

"ဩော် - ဆရာကလဲ. . . စာရေးဆရာလုပ်နေပြီးတော့. . . ဘာလုပ်ရမှာလဲ. . . အမှတ်တရအော်တိုရေးပေးရမှာပေါ့"

"အင်းလေ - ဆရာကလဲ. . . သိရဲ့သားနဲ့. . . အရမ်း နောက်တတ်တာပဲ ခစ် ခစ်"

နရီကဖြင့် ဘာလုပ်လို့လုပ်ရမှန်းမသိသေး။ မချော နှစ်ယောက်က တရင်းတနှီးပြောဆိုဆက်ဆံလာသဖြင့် နရီလည်း စာအုပ်ကိုဆွဲယူပြီး တစ်ခုခုရေးပေးရန်ပြင်လိုက်သည်။

သို့သော် ရုတ်တရက်မို့ဘာရေးရမည်မှန်းမသိဘဲ တွေသွား ရသည်။ သို့သော် စာရေးဆရာလုပ်ပြီး စာလေးရေးဖို့အရေး တွေနေ လျှင်သိက္ခာကျမည်မို့ ဘာမှစဉ်းစားမရသည့်တူတူ လက်မှတ်ပဲထိုးပေး လိုက်သည်။

ဒါကို ခင်ခင်ချစ်ကဘဝင်မကျဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ဆရာကလဲ . . . အမှတ်တရတစ်ခုခုတော့ မရေး ပေးဘူး . . . လက်မှတ်ချည်းပဲထိုးပေးလိုက်တယ်"

ဟုဆိုလေရာ နရီလည်း ဘာပြန်ပြောရမှန်းမသိဘဲ ခေါင်း ကြောင်သွားရလေသည်။ ပြီးမှ

"ဩော် - ဒီလိုပါ . . . ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန် တော် အချစ်ဝတ္ထုရေးသူတစ်ယောက်အနေနဲ့ အတွေးအခေါ် ဒဿန တွေ၊ ဘာတွေညာတွေလျှောက်ရေးပေးပြီး ပရိသတ်အထင်ကြီးအောင် မလုပ်တတ်လို့ပါ"

ဟုဆိုလေရာ ငယ်နုထွေးက

"အေးလေ ဟုတ်သားပဲ . . . နင်ကလဲ . . . ဘာဘာညာညာ ရေးပြမှမဟုတ်ပါဘူး . . တို့အတွက်က စာရေးဆရာတစ်ယောက်ရဲ့ လက်မှတ်ရတာကိုလည်း အမှတ်တရနဲ့တန်ဖိုးထားရမှာပဲဥစ္စာ"

ဟု ဝင်ပြောပေးရာ နရီအနေရချောင်သွားရသည်။

ငယ်နုထွေးကပင်ဆက်ပြီး

"ညီမတို့ကို ခုလိုအမှတ်တရလက်မှတ်ထိုးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ"

"ကိုယ်ကလည်း ကိုယ့်ကို ခုလိုတကူးတကလာမိတ်ဆက်ပြီး အမှတ်တရလက်မှတ်ထိုးခိုင်းတဲ့အတွက် ကျေးဇူးပြန်တင်ပါတယ်"

ခင်ခင်ချစ်က

"ဩော် - ဆရာကလဲ . . . ညီမတို့က ပိုပြီးကျေးဇူးတင်ရမှာ ပါ . . . ဆရာရောက်နေတဲ့သတင်းကြားတာက ကြာလှပြီ . . . ဘယ် အိမ်မှာဆိုတာ အတိအကျမသိလို့ ရောက်မလာဖြစ်တာပါ"

ဟု အတည်ကြီးဆိုသလို ငယ်နုထွေးကလည်း

"ဟုတ်တယ် ဆရာရဲ့ . . . ညီမတို့က စာရေးဆရာဆိုရင် လေးစားပြီးသားပဲ . . . ဒါနဲ့ ဆရာ ရန်ကုန်မှာဘယ်တွေသွားချင်လဲ



www.burmeseclassic.com

www.burmeseclassic.com



ချင်လဲ. . . လိုက်ပို့ပေးမယ် သိလား. . . အားမနာနဲ့ ပြော"

ဟူ၍ သဘောကုန်ကောင်းပြလေသည်။

နရီလည်း အားနာသွားမာန်ဖြင့်

"ကိစ္စမရှိပါဘူး. . . ရန်ကုန်ကလည်း မကြာခဏရောက်နေကျဆိုတော့ ထူးထူးခြားခြားသွားချင်လာချင်တဲ့နေရာရယ်လို့ မရှိပါဘူး . . . ခုလိုပြောဖော်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ဟု ကြည့်ကောင်းအောင်ပြန်ပြောရသည်။

စာရေးဆရာတစ်ယောက်အပေါ် လေးစားအသိအမှတ်ပြုသော စာဖတ်ပရိသတ် မချောနှစ်ဦးကို နရီအမှတ်တွေကြိတ်ပြီးပေးနေမိသည်။

သို့သော် ပေးမှတ်ရေတွက်လို့မှမပြီးသေး။ ဆက်ပြောလာသောစကားများကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေချင်စိတ်ပေါက်သွားရင်တော့သည်။

"ဒါနဲ့ ဆရာကဘာတွေရေးတာလဲဟင်"

"ဗျာ. . . ဩော် - ကျွန်တော်က ဝတ္ထုတွေရေးပါတယ်"

"ဩော် - ဟုတ်လား. . . ဒါနဲ့ အတိုရေးတာလား. . . အရှည်ရေးတာလားဟင်"

"ဗျာ. . . ဩော် - ကျွန်တော် အတိုရော၊ အရှည်ရောရေးပါတယ်"

"ဩော် - ဟုတ်လား. . . အင်း - ထင်တော့ထင်သားပဲ. . . စာရေးဆရာဆိုမှတော့ ဝတ္ထုရေးတဲ့စာရေးဆရာပဲဖြစ်ရမယ်လို့. . . ပြောလို့ပြောတာမဟုတ်ဘူး. . . ကျွန်မတို့က ဆရာ့ဝတ္ထုတွေကို တစ်ခါမှမဖတ်ဖူးဘူး သိလား"

"ဗျာ. . . ဩော် - ဟုတ်. . ဟုတ်ကဲ့"

သူတို့က ရိုးရိုးသားသားပြောလိုက်ပေမယ့် နရီ့မှာတော့ခင်



www.burmeseclassic.com

www.burmeseclassic.com



သွားရပါသည်။

နရီဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ်မှာပင် သူမတို့လည်း နေရာမှထပြီး

"ဒါဆို ညီမတို့ကိုသွားခွင့်ပြုပါဦးဆရာ"

"ဩော် - ဟုတ်ကဲ့. . ဟုတ်ကဲ့"

"နောင်နှစ်တွေလည်း ညီမတို့ရပ်ကွက်မှာ စာလာရေးဖို့ ဖိတ်ခေါ်ပါတယ်နော် ဆရာ"

"ဩော် - ဟုတ်ကဲ့. . . ကျွန်တော်ကြိုးစားပါ့မယ်. . . ကျေးဇူးပါပဲ"

သူမတို့နှစ်ယောက်သား အပြုံးနှင့်ကျောခိုင်းထွက်ခွာဖို့ပြင်ပြီးမှ ခင်ခင်ချစ်က တစ်စုံတစ်ခုသတိရသွားဟန်နှင့်

"ဩော် - ကြည့်ပါဦး. . . ကံကောင်းလို့ အရေးကြီးတာမှ မေ့သွားတော့မလို့"

ဟုရေရွတ်ပြီး

"ဒါနဲ့ ဆရာ့ကလောင်နာမည်က ဘာလဲဟင်"

"ဗျာ. . . ဩော် - လက်ျာနရီပါ"

"ဩော် - လက်ျာနရီတဲ့လား. . . ကလောင်နာမည်က တစ်မျိုးပဲနော်. . . ဆန်းသလိုလို မဆန်းသလိုလိုပဲ. . . အဟဲ - စာရေးဆရာတစ်ယောက်ရောက်နေတယ်ဆိုလို့သာ လာရတာ. . . ဘယ်သူမှန်းလဲမသိ. . . ဆရာ့ကလောင်နာမည်လည်း မကြားဖူးဘူးဆိုတော့ . . . အင်း - အခုတော့ လူရော၊ ကလောင်ရောသိသွားပြီပဲ. . . စာအုပ်ထွက်တိုင်းအလကားပေးရင် တစ်မျက်နှာမကျန်ဖတ်ပြီး အပြတ်အားပေးမယ် သိလား"

"ဩော် - ဟုတ်ကဲ့. . . ကျေး. . ကျေးဇူးပါပဲ. . . အင့်"

ပြောပြောဆိုဆို ထွက်ခွာသွားသော ခင်ခင်ချစ်နှင့်ငယ်နုထွေး



www.burmeseclassic.com

www.burmeseclassic.com



ဘို့ကိုကြည့်ရင်း နရီအောင့်သီးအောင့်သက်ကျန်ရစ်ခဲ့ရသည်။

အိမ်ပြင်မရောက်ခင်မှာပင် နှစ်ယောက်သား ခိုးခိုးခစ်ခစ် ရယ်ကြလေသဖြင့် သိပ်မရှိုးသားဘူးထင်တယ်ဆိုသောအတွေးဖြင့် နရီနေရာမှာစိတ်ဖြောင့်ဖြောင့်မထိုင်နိုင်ဘဲ ခေါင်းပြူလှမ်းကြည့်မိ၏။

ခြံပြင်တွင် အိမ်ထဲသို့ခိုးကြောင်ခိုးဝှက်ကြည့်နေသော လူရိပ် တစ်ရိပ်ကိုပါ အပိုတွေ့ရ၏။ ထိုလူရိပ်သည် စောစောကလာမိတ်ဆက် သောမချောနှစ်ယောက်နှင့်အတူ တစ်ပေါင်းတစ်စည်းတည်းပြုပြီး အတူထွက်ခွာသွားလျှက် အလိုတူအလိုပါရယ်မောသံကိုပါ အတိုင်း သားကြားရလေသည်။

ထို့ကြောင့် ဘယ်သူများပါလိမ့်ဆိုပြီး ခြံအပြင်ကို အပြေး တစ်ပိုင်းထွက်ကြည့်ရသည်။

"ဟင် - သူ. . သူပါပဲလား"

မေသံစဉ်ဖြစ်နေသည်ကိုတွေ့ရသည့်အတွက် အံ့ဩသွားရ သည်။

စောစောက စာအုပ်အငှားဆိုင်မှာ တီးတိုးအတင်းဆိုပြီး ရယ်သံနှင့်ဒုက္ခပေးခဲ့သူ တစ်ထိုင်တည်းနာမည်အမျိုးမျိုးပြောပြီး အကြောင်ရိုက်နေသောကောင်မလေးကို လာခေါ်သွားတာလည်း သူမ ပဲဖြစ်သလို ယခုသက်သက်လာဘရုတ်ကျသွားသောကောင်မလေး နှစ်ယောက်နှင့်အတူ ရယ်မောပြန်သွားတာလည်း သူမပဲဖြစ်လေသည်။

ဇာတ်လမ်း သည်အရေးကို နောက်ကွယ်မှကြိုးကိုင်ပြီး ဆရာမကြီး လုပ်နေသူမှာ သူမမှလွဲ၍ အခြားသူမဖြစ်နိုင်။

နရီ သူမတို့နောက်ကျောကို ဘုကြည့်ကြည့်ပြီးနောက် ကြိမ်းဝါးလိုက်သည်။

"အေး - မင်းတို့က ငါလိုစာရေးဆရာတစ်ယောက်ကိုမှ လာ နောက်ပြောင်ရဲတယ်ပေါ့. . . စိတ်ချ. . . အခုရေးနေတဲ့ဝတ္ထုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သုံးယောက်စလုံးကို. . . အဲ - သုံးယောက်မဟုတ်ဘူး. . . ကို အိမ်ဖော်မလေးလား ဘာလားမသိဘူး. . . တစ်ယောက်ကျန်သေး တယ်. . . ဟုတ်တယ်. . . မင်းတို့လေးယောက်စလုံးကို ဒုစရိုက်သမား တွေဖြစ်ခိုင်းပြီး. . အဲ - မဟုတ်သေးဘူး. . . ဒီလိုရေးလိုက်မယ်. . . မင်းတို့လေးယောက်စလုံးကို သူဌေးလိုလို၊ ခွေးလိုလိုလူတစ်ယောက် နိုင်ငံမှာဝင်ငွေကောင်းတဲ့အလုပ်အကိုင်ရှိတယ်ဆိုပြီး မက်လုံးပေးညာ ခေါ်မယ်. . . မင်းတို့ကလည်း ယုံပြီးလိုက်သွားတယ်. . . တစ်ဖက် နိုင်ငံကိုရောက်တော့ မင်းတို့ကိုခေါ်လာတဲ့လူဟာ လူကောင်းသူ ကောင်းမဟုတ်ဘဲ လူမှောင်ခိုဒုစရိုက်ဂိုဏ်းသားတစ်ဦးဖြစ်နေတာ သိလိုက်ရတဲ့အချိန်မှာတော့ မင်းတို့လည်း ဒူးနဲ့မျက်ရည်သုတ်ပြီး . . . ဟား ဟား. . ဟုတ်ပြီ. . . အဲဒီအတိုင်းကို အခုသွားရေးပစ် လိုက်မယ်. . . လေးယောက်စလုံး တစ်ယောက်မကျန် ဒုက္ခတွေ့သွား စေရမယ်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၆

မေသံစဉ်တစ်ယောက် ဗီဒီယိုရိုက်ရတော့မည်ဆိုသဖြင့် အပျော်ကြီးပျော်နေလေသည်။

ဗီဒီယိုရိုက်ကူးမည့်ကုမ္ပဏီပိုင်ရှင် လင်မယားကိုကြည့်ရသည်မှာလည်း တက်ကြွလွန်းနေသဖြင့် မေသံစဉ်ပင် ဗီဒီယိုတစ်ကားရိုက်ပြီးသည်နှင့် ချက်ချင်းဟုန်းဟုန်းတောက်ကျော်ကြားသွားတော့မည့်နှယ် မျှော်လင့်ချက်ကြီးမားလာရသည်။

"ဦးတို့က ကုမ္ပဏီအသစ်ဖြစ်တဲ့အတွက် သရုပ်ဆောင်ဆိုလည်း အသစ်. . . ဇာတ်လမ်းဆိုလည်း အသစ်. . . ဇာတ်ညွှန်းဆိုလည်း အသစ်. . . ဒါရိုက်တာဆိုလည်း အသစ်. . . အဲလို အသစ်တွေနဲ့ချည်းပဲထိုးဖောက်ချင်တာ. . . သိတယ်မဟုတ်လား. . . သစ်မှလတ်မယ်ဆိုတာလေ"

"ဟုတ်ကဲ့ သိပါတယ်. . . ဒါပေမဲ့ ဒါရိုက်တာကအသစ်ဆိုတော့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . ဘာလို့မဖြစ်ရမှာလဲ. . . ဦးကိုယ်တိုင် ဒါရိုက်တာလုပ်၊ ဦးကိုယ်တိုင်ပဲ ဇာတ်လမ်းဇာတ်ညွှန်းရေးမှာပဲဥစ္စာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မေသံစဉ် ဇာတ်လမ်းဇာတ်ညွှန်းဒါရိုက်တာ ကုမ္ပဏီပိုင်ရှင်ကို အထင်ကြီးသောအကြည့်၊ လေးစားသောအကြည့်များဖြင့်ကြည့်ရင်း ဘာပြောရမှန်းမသိဖြစ်နေစဉ် ကုမ္ပဏီပိုင်ရှင်အမျိုးသမီးကလည်း သူ့ခင်ပွန်း၏အနုပညာပိုး မည်မျှရှိကြောင်းကို ဝင်ရောက်ပြောဆိုပြန်၏။

"ဟုတ်တယ်. . . အစ်မယောကျ်ားက ဒါရိုက်တာ၊ ဇာတ်လမ်းဇာတ်ညွှန်းရေးဆရာလုပ်ချင်လို့ ရုပ်ရှင်ဗီဒီယိုကုမ္ပဏီထထောင်တာ. . . အံမယ် - ဒါတင်မကဘူးနော်. . . လိုအပ်ရင် ကိုယ်တိုင်ဝင်သရုပ်ဆောင်ဦးမှာ"

"ဩော် - ဟုတ်. . ဟုတ်ကဲ့. . . ဒါနဲ့ သမီးက အခုရိုက်မယ့်ကားမှာ လုပ်ကွက်တော့ ရမယ်မဟုတ်လား"

ကင်မရာတောင် မမြင်ဖူးသေး။ လုပ်ကွက်ရ မရ အရင်မေးနေသော မင်းသမီးသစ်လေးမေသံစဉ်ကိုကြည့်ပြီး ဇာတ်လမ်းဇာတ်ညွှန်း၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်က

"ဩော် - ဒါက ညီမလေးပေါ်မူတည်ပါတယ်"

"ဒီ့အတွက်တော့စိတ်ချပါ. . . သမီးအစွမ်းကုန်ကြိုးစားပါ့မယ်. . . သရုပ်ဆောင်တာနဲ့ပတ်သက်လို့ သမီးဘယ်လောက်ရှူးသွပ်တယ်ဆိုတာ အခု သမီးနဲ့ အစ်မတို့ကိုမိတ်ဆက်ပေးတဲ့ သမီးသူငယ်ချင်းခင်ခင်ချစ်တို့၊ ငယ်နုထွေးတို့အသိဆုံးပါ"

"ဟုတ်တယ် ဦးရဲ့. . . သံစဉ်က အနုပညာပါရမီ အရမ်းရှိတာ. . . ဘယ်လိုဇာတ်ရုပ်ဖြစ်ဖြစ် သရုပ်ဆောင်နိုင်တယ်. . . ဦးတို့ဘာခိုင်းခိုင်း သူလုပ်ပြနိုင်ပါလိမ့်မယ်"

"ဟုတ်တယ် ဟုတ်တယ်. . . သံစဉ်သရုပ်ဆောင် ဘယ်လောက်ကောင်းတယ်ဆိုတာ ဗီဒီယိုရိုက်တဲ့အခါ အစ်မတို့ကိုယ်တွေ့ကြုံရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မေသံစဉ်သရုပ်ဆောင်မှုအတတ်ပညာနှင့်ပတ်သက်၍ သူငယ်ချင်းများဖြစ်သော ခင်ခင်ချစ်နှင့်ယဉ်နုထွေးတို့ကလည်း ဝင်ရောက်ထောက်ခံချက်ပေးကြသည်။

ကုမ္ပဏီပိုင်ရှင်အမျိုးသမီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"ယုံပါတယ်ကွယ်. . . ယုံပါတယ်. . . အစ်မတို့ကလည်း ဒီလိုရွက်ပုန်းသီးလေးတွေကို မြေတောင်မြှောက်ပေးချင်လို့ပဲ အခုလို ဒီနေရာမှာတကူးတကလာတွေ့ရတာပေါ့. . . အခုပြောတဲ့ သံစဉ့်ဆီမှာပဲမှုတည်တယ်ဆိုတာက သရုပ်ဆောင်နိုင်တာတစ်ခုတည်းကို ပြောတာမဟုတ်ဘူး"

"ရှင်. . . ဒါဆို တခြားဘာများလိုအပ်သေးလို့လဲ"

"အခု ဗီဒီယိုကားရိုက်ဖြစ်ဖို့အတွက် အရေးအကြီးဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တဲ့ ပိုက်ဆံပေါ့ကွယ်. . . ပိုက်ဆံပေါ့"

"ရှင် - ပိုက်ဆံ"

"ဟုတ်တယ်. . . ပိုက်ဆံထည့်နိုင်ရင် ထည့်နိုင်သလို နေရာပေးနိုင်တာပေါ့. . . အိုကွယ် - ကုန်ကုန်ပြောရရင် အများဆုံးထည့်နိုင်တဲ့သူက ခေါင်းဆောင်မင်းသမီး ကျိန်းသေပေါက်ဖြစ်မှာပဲ"

"ရှင်"

ဗီဒီယိုကုမ္ပဏီပိုင်ရှင်ဆိုသော အမျိုးသမီး၏စကားသံကြောင့် မေသံစဉ်တို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူးဖြင့် ကြည့်မိကြသည်။

ပြီးမှ မေသံစဉ်က မဝံ့မရဲလေသံဖြင့်စုံစမ်း၏။

"ဒါနဲ့ ပိုက်ဆံထည့်ရမယ်ဆိုတော့ ဘယ်လောက်. . . ဘယ်လောက်များလဲမသိဘူး"

"ဪ - ဒါကတော့ ကိုယ်တတ်နိုင်ရင် တတ်နိုင်သလောက်ပေါ့. . . အနည်းဆုံးကတော့ ငါးသောင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါးသောင်းဆိုရင်တော့ မဆိုးပါဘူး"

"ငါးသောင်းဆိုရင်တော့ ဖြတ်လျှောက်သာသာလောက်တော့ ရမယ်. . . အဲ - ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ်ဆိုရင် ခေါင်းဆောင်မင်းသမီးနေရာရနိုင်တယ်"

"ရှင် - သိန်းနှစ်ဆယ်"

"ဟုတ်တယ်. . . ဒီလောကကလည်းဝင်ပြီဆိုရင် အနည်းဆုံးလေးငါးကားဆက်တိုက်ဖြန့်နိုင်မှ အားရှိမှာ. . . ဘာပြောပြောလေ ညီမလေးကတော့ ရုပ်ရည်လေးကလည်းရှိ၊ စိတ်အားကလည်း ထက်သန်ဆိုတော့ သိန်းငါးဆယ်လောက်ထည့်ရင် ငါးကားဆက်တိုက် ခေါင်းဆောင်မင်းသမီးနေရာပေးဖို့ စဉ်းစားပေးပါ့မယ်"

ဗီဒီယိုကုမ္ပဏီပိုင်ရှင်ဆိုသူ၏စကားကြောင့် မေသံစဉ်တို့သုံးယောက် စိတ်အားထက်သန်ရမည်လား၊ စိတ်မောပ်ပဲ ချုံးချုံးကျရမည်လားမသိ ဖြစ်သွားရတော့သည်။

ဘာပြောရမှန်းမသိသလို တစ်ယောက်ကိုတစ်ယောက် အတန်ငယ်ကြာမျှကြောင်ကြည့်နေပြီးမှ သတိရှိဟန်တူသော ငယ်နုထွေးက

"ဟုတ်ကဲ့ - အခုလိုစဉ်းစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်. . . ကျွန်မသူငယ်ချင်းလည်း သူ့မိဘတွေနဲ့ပြန်တိုင်ပင်ရဦးမှာမို့ ကျွန်မတို့ကိုအချိန်နည်းနည်းပေးပါ. . . အဆင်ပြေတာနဲ့ ချက်ချင်းဆက်သွယ်လိုက်ပါ့မယ်"

ဟု စကားအလှသုံးပြီး နေရာမှခွာရန်ပြင်ရလေသည်။

ကုမ္ပဏီပိုင်ရှင်အသစ်နှစ်ဦးလည်း တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်ပြီးနောက်

"ဟုတ်တာပေါ့ကွယ်. . . မိဘတွေနဲ့ ပြန်တိုင်ပင်ရမှာပေါ့ . . . ဦးတို့ကတော့ ဘယ်လောက်ထည့်ရမယ်မဟုတ်ဘူးနော်. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုပ်ကွက်ဘယ်လောက်ရချင်လဲဆိုတဲ့အပေါ်မှာသာ မူတည်ပြီး ညှိဖို့ပြောတာနော်. . . ကဲ ကဲ - သွားစရာရှိ သွားလိုက်ကြဦး. . . အအေးဖိုးတွေ ဦးတို့ပဲရှင်းလိုက်ပါ့မယ်"

ဟုဆိုပြီး သွားခွင့်ပြုလေရာ မေသံစဉ်တို့လည်း ကျေးဇူးတင်ကြောင်းပြောပြီး နေရာမှထွက်ခွာခဲ့ကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၄

နရီ 'ရသရိပ်' စာအုပ်ဆိုင်ထဲဝင်လိုက်သည်နှင့် စာအုပ်အငှားဆိုင်ပိုင်ရှင် ဒွေးဇော်က အပြုံးမျက်နှာဖြင့်ဆီးကြို၏။

"ဪ - ဆရာပါလား. . . လာ ဆရာ. . . ဘာစာအုပ်လိုချင်လို့လဲ"

"ဪ - ကိုယ့်စာအုပ်များ ဝယ်တင်ထားပြီလားလို့ လာကြည့်တာပါ"

"အဟော် အဟင်း. . . ဒါကတော့လေ ဘယ်လိုပြောရမလဲ . . . ပြောရမှာ အားလည်းနာတယ်. . . ခင်လည်းခင်တယ်ဆိုတော့"

"သိနေတယ်လေ သိနေတယ်. . . ဒါကြောင့် ရော့ - ဟောဒီမှာ. . . ကိုယ့်စာအုပ်ကို ကိုယ်တိုင်လာတင်ရတာပေါ့"

"အဟင်း - ကျေးဇူးပါပဲ"

ဒွေးဇော်လည်း နရီ့ထံမှစာအုပ်ကိုလှမ်းယူပြီး လှန်လှောကြည့်လိုက်သေး၏။ ပြီးမှ

"ဆရာ ထိုင်ပါဦးလား. . . ဒီအချိန်က စာအုပ်ငှားတဲ့သူ ပါးသေးတဲ့အတွက် အေးအေးစကားပြောလို့ရပါတယ်"

"အတော်ပဲ. . . ကိုယ်လည်း စကားပြောဖော်ရှာနေတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နရီလည်း ငွေးဇော်ညွန့်ပြသည့်နေရာတွင် ဝင်ထိုင်ပြီးနောက် မှေ့လင်းစာအုပ်အချို့ကို ယူကြည့်မိ၏။ ထိုသို့ကြည့်ရင်းမှ ရွှက်နုဝေ မှေ့လင်းတွင် 'တစ္ဆေတစ်ကောင်ရဲ့ရုပ်ကြွင်း'ဆိုသောကဗျာလေးကို အမှတ်တမဲ့ဖတ်ကြည့်မိ၏။ ကဗျာလေးက

"တစ္ဆေတစ်ကောင်ရဲ့ရုပ်ကြွင်း"

လစ်ကာဟောက်စ်ထဲက
ဆာဒါးဟင်းရည်တစ်ခွက်
ရေမရောက်တဲ့အရက်နဲ့
ဘဝရဲ့စုတ်ချက်တွေကို
လက်လီစိပ်ရောင်းဝယ်
ရေတိမ်နစ်အိပ်မက်တွေကို
ပြန်မဆယ်ယူနိုင်သေးသူပါ။
အရိပ်သုံးပါးကို အိတ်ဆောင်မထားတတ်တဲ့အကျင့်နဲ့
ရှည်မျောမျောညတွေကို ဖက်အိပ်
ခံယူခြင်းကောင်းသော ဗျာဒိတ်တွေလည်း
အလိုက်တသိ ဆိတ်ကွယ်ခဲ့ပေါ့။
ဟောဟိုလက်ဖက်ရည်ဝိုင်းဆီက
ကဗျာရွတ်သံတွေကြားတိုင်း
အနုပညာမိုင်းက ပေါက်ကွဲနေကျ။
သူခုမအိမ်အိုကြီးထဲက
ခြောက်ရမှာကြောက်တဲ့ တစ္ဆေတစ်ကောင်
အောင်မြင်ကျော်ကြားသူတချို့ရဲ့ နောက်ကွယ်မှာ
ကျိန်စာတွေတနင့်တပိုးနဲ့
အနုပညာဓားရိုးကမ်းလို့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းစာစိုက်ပျိုးနေရှာရဲ့။
တကယ်ဆို
ကိုယ့်ကိုယ်ကိုယ် လက်ထောက်ချနေရတဲ့ဘဝကတော့
ခါးလွန်းအားကြီးပါတယ်လေ။ ။

ဟူ၍ဖြစ်လေသည်။

ငွေးဇော်လည်း မဂ္ဂဇင်းထဲမှကဗျာကိုဖတ်နေသော နရီ့မျက်နှာရိပ်မျက်နှာကဲအားကြည့်ကာ ခန့်မှန်းလွှာဝင်ဖြေ၏။

"ဆရာကြည့်ရတာ တစ္ဆေတစ်ကောင်ရဲ့ရုပ်ကြွင်းဆိုတဲ့ကဗျာကိုဖတ်ပြီး သဘောကျနေပုံပဲ"

"ဟုတ်တယ်. . . နောက်ကွယ်က ရှဲဒိုးရေးပေးနေတဲ့စာရေးဆရာတွေကို အနောက်တိုင်းမှာတော့ တစ္ဆေစာရေးဆရာလို့ခေါ်ကြတယ်လေ. . . အခု ဒီကဗျာလေးက တစ္ဆေစာရေးဆရာတစ်ယောက်ရဲ့ဘဝကို ပြက်ပြက်ထင်ထင်မီးမောင်းထိုးပြထားတာပဲ"

"ဟုတ်တယ်. . . ကျွန်တော်လည်း ဒီကဗျာလေးကို တော်တော်သဘောကျတယ်. . . ဩော် - ဒါနဲ့ဆရာ ဒီနောက်ပိုင်းစာပေလောကမှာလည်း ရှဲဒိုးကိစ္စတွေက အပုပ်နံ့တွေ တော်တော်လေးထွက်နေပြန်ပြီနော်"

"ဟုတ်တယ်. . . စိတ်မချမ်းသာစရာပေါ့. . . ဒါကြောင့်တစ်ချိန်က ရတနာသစ်မဂ္ဂဇင်းက အောင်စေသွန်းရဲ့ ငှားတာများတာအားနာပါးနာကဏ္ဍလေးကို ပြန်တောင့်တမိသေးတယ်"

"ဟုတ်တယ်နော် ဆရာ. . . အဲဒီကဏ္ဍကနေပြီး အငှားသွက်စာအုပ်တွေရဲ့အားနည်းချက်တွေ တစ်အုပ်နဲ့တစ်အုပ်၊ စာရေးဆရာတစ်ယောက်နဲ့တစ်ယောက် ဇာတ်လမ်းဇာတ်ကွက်တူတာတွေ. . . ၏၊ သည်မရွေး အပိုဒ်လိုက်တူတာတွေကို ဖော်ထုတ်ဖွင့်ချပေးဖူးခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အရမ်းအားရဖို့ကောင်းတယ်"

"ဩော် - ဒါနဲ့ဆရာ ဒီလထုတ်မဂ္ဂဇင်းဂျာနယ်တချို့မှာ ဘယ်စာရေးဆရာ ဘယ်စာရေးဆရာမကို နောက်ကနေရှဲဒိုးရေးပေးနေတာ ကျွန်တော်ပါဆိုပြီး စာနယ်ဇင်းသမားတွေရှေ့မှာ အတိအလင်းဖွင့်ချသာတဲ့သတင်းကို ဖတ်ပြီးပြီလား"

"ဖတ်ပြီးပြီ . . . သိပ်ကောင်းတာပေါ့ကွာ . . . ဒီလိုမျိုးရှဲရေးနေတဲ့သူအကုန်လုံးကသာဖွင့်ချပြမယ်ဆိုရင် တို့မြန်မာစာပေလောကမှာ သန့်ရှင်းတဲ့အနုပညာရေစီးကြောင်းကြီး ရှင်သန်ဖွံ့ထွားလာပြီး စာဖတ်ပရိသတ်အတွက်ရော၊ တိုင်းပြည်အတွက်ပါ ဂုဏ်ယူနိုင်မှာ"

နရီနှင့်ဒွေးဇော်တို့ ဆွေးနွေးပြောဆိုရင်း အားရမှုရှိလာသလို တစ်ဖက်ကလည်း မြန်မာ့လုံးချင်းလောကကို အံ့ရိပ်မည်းကြီးတစ်ခုလို ခိုနေသော စာမရေးတတ်ဘဲ စာရေးဆရာဖြစ်နေသူများ ပပျောက်ရေးအတွက်လည်း မချင့်မရဲဖြစ်လာရသည်။

"ဒါသိပ်မှန်တာပေါ့ဗျာ . . . ရှဲဒိုးစာရေးဆရာတွေ ပပျောက်ဖို့ဆိုတာ နောက်ကွယ်ကရေးပေးနေသူတွေအားလုံးကသာ ဖွင့်ချမယ်ဆိုရင် ရှဲဒိုးစာရေးဆရာဆိုတာ နောင်လာနောက်သားတွေကြားဖူးပြီး မြင်ဖူးလို့ ပြတိုက်ထဲမှာသွားကြည့်ရတယ်တောင်ဖြစ်သွားဦးမယ်"

"ဟား ဟား ဟား . . . သိပ်မှန်တာပေါ့ဗျာ . . . အင် . . . ဒါ . . ဒါပေမဲ့ မဖြစ်သေးဘူးထင်တယ်ဗျ"

နရီနှင့်တစ်သဘောတည်းနှောပြီး ကောင်းဘိကောင်းရက် နှယ်မောပြောဆိုနေရာမှ အမူအရာချက်ချင်းပြောင်းသွားသည့် ဒွေးဇော်ကို နရီနားမလည်နိုင်သလိုဖြစ်သွားရသည်။

ဒွေးဇော်မျက်နှာက သိသိသာသာကြီးညှိုးရော်သွားသလို ထင်ရသည်။

"ဟင် - ဘာဖြစ်လို့ . . . မဖြစ်သေးဘူးထင်တယ်လို့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကစာအုပ်အငှားဆိုင်ဖွင့်ပြီး ဝမ်းစာရှာနေရတာဗျ"

"ခင်ဗျားစာအုပ်အငှားဆိုင်ဖွင့်ထားတဲ့ကိစ္စနဲ့ ခုပြောနေတဲ့ကိစ္စက ဘာဆိုင်လို့လဲဗျ"

"ဟာ - ဆိုင်ပါသကောလားဗျ. . . အခု စာနယ်ဇင်းဆရာတွေရှေ့မှာ ရှဲဒိုးရေးပေးနေတဲ့သူတွေဖွင့်ချလို့ ရှဲဒိုးစာရေးဆရာမှန်းသိသွားတဲ့လူရဲ့ဝတ္ထုက ကျွန်တော့်ဆိုင်မှာ တော်တော်အငှားသွက်ခဲ့တာဗျ. . . ပြောရရင် ကျွန်တော့်ကို ထမင်းရှာကျွေးနေတဲ့သူထဲက တစ်ယောက်ပေါ့ဗျာ. . . အခု သူ့ကိုရှဲဒိုးမှန်းသိသွားတော့ ကျွန်တော်အတွက်လည်း ဝင်ငွေလျော့သွားတာပေါ့ဗျာ"

ငွေးဇော်၏စကားကြောင့် နရီဘာဆက်ပြောရမှန်းမသိဘဲ တစ်ခုခုပြောရန်ကြံစည်ဆဲမှာပင် ဘယ်အချိန်ကတည်းကအနားရောက်နေသည်မသိ ဝင်ပြောလိုက်သော မေသံစဉ်၏စကားကြောင့် နရီငုတ်တုတ်မေ့သွားရလေသည်။

"ဩော် - ကိုငွေးဇော်ကလဲ. . . ပြောစရာရှိ ပွင့်ပွင့်လင်းလင်းပြောတာမဟုတ်ဘူး. . . ကိုငွေးဇော်ပြောချင်တာက ဒီလိုမဟုတ်လား . . . ဒီက စာရေးဆရာလကျ်ာနရီရဲ့ဝတ္ထုစာအုပ်တွေ ဆိုင်မတင်တာက ဘာမှဖြစ်မသွားဘူး. . . ရှဲမှန်းသိသွားတဲ့ စာရေးဆရာတွေရဲ့စာအုပ်တွေ အငှားဆိုင်မတင်ရတော့တာက အရေးကြီးတယ်. . . မိသားစုထမင်းငတ်သွားနိုင်တယ်. . . အဲဒီလိုပြောချင်တာ ဟုတ်တယ်မဟုတ်လား"

"အင်"

"ဟာ - မေသံစဉ်ကလဲ. . . ပြောရှော့မယ်. . . အားနာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



နရီလည်း ဒွေးဇော်၏နာမည်ခေါ်ပြီးပြောသံကြားခါမှ မိမိအား ဘယ်လိုအညွှန်းနဲ့ ဖွဲ့နေမှန်းမသိသောမိန်းကလေး၏အမည်မှာ မေသံစဥ်မှန်းသိလိုက်ရသည်။ ထို့ကြောင့် စိတ်ထဲမှနေ၍

"အေး - လုပ်ထားဦးပေါ့ကွာ. . . ငါကလည်း ငါ့ရေးတဲ့ဝတ္ထုမှာ မင်းကိုလက်စင်ပြန်ပေးလိုက်မယ်. . . ဟုတ်ပြီ. . . မင်းကို ဘယ်လိုနေရာမှာထားပြီးရေးရမလဲဆိုတော့ အင်မတန်ဆတ်ကော့လက်ကော့နိုင်ပြီး ယောက်ျားထည်လဲတွဲ၊ နိုက်ကလပ်တွေတက်၊ ကဲချင်တိုင်းကဲနေတဲ့ ဆတ်စလူးမနေရာကထားရမယ်. . . အဲသလိုနဲ့ ဆေးဘဲတစ်ပွေနဲ့ညိပြီး မင်းလည်းပဲဆေးစွဲ. . . ဆေးသုံးစရာပိုက်ဆံလိုတော့ ရှိသမျှတွေပေါင်နှံရောင်းချရုံနဲ့မလုံလောက်လို့ အိမ်ကပစ္စည်းတွေပါခိုးရောင်းပြီး ဆေးချ. . . အဟီး - ကောင်းတယ်. . . ဒီဇာတ် မဆုံးဘူး. . . နောက်ပြီး မင်းမကောင်းတာနဲ့ မင်းအိမ်လည်းဖွတ်တက်တာထက်ဆိုးပြီး ဆင်းရဲမွဲတေသွားရမယ်. . . မင်းလည်း ဆေးထိုးနေတုန်းရဲကမိပြီးအဖမ်းခံရ. . . နောက်ဆုံးတော့ ထောင်ထဲမှာပဲ အေအိုင်ဒီအက်စ်နဲ့ဆုံး. . . တောက် - ဇာတ်ကနာတယ်ကွာ. . . ဟုတ်တယ် . . . ဒီအတိုင်းကိုချရေးပစ်လိုက်မယ်. . . နောက်မှ ငါ့အဆိုးမဆိုနဲ့"

ဟု ဇာတ်ကွက်ချပြောဆိုပြီးနောက် ကိုယ့်ဇာတ်လမ်းကိုယ်သဘောကျကာ ပြုံးစိစိလုပ်နေနမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၇

နရီတစ်ယောက် မေသံစဉ်ကိုအခဲမကျေနိုင်သလို ဗီလိန်အတ်ကောင်စရိုက်အမျိုးမျိုးဖန်ဆင်းကြည့်ရင်း အိမ်သို့ပြန်လာခဲ့ရာ အိမ်တွင်ကြိုရောက်နှင့်နေသော ထုတ်ဝေသူဦးအောင်စိုးကိုတွေ့ရသည်။

တစ်ခုခုထူးခြားပြီဆိုသောအတွေးဖြင့် နရီပျော်သွားလျှက်

"ဟာ - ဦးအောင်စိုး. . . ဘာလဲ - ကျွန်တော့်စာအုပ်ရောင်းကုန်သွားလို့ ထပ်ရိုက်ရတဲ့အကြောင်းလာပြောတာလား"

"ဩော် - ထပ်ရိုက်ရလို့ကတော့ လာမပြောတော့ဘူး. . . ကိုယ့်ထုံးစံအတိုင်း စာရေးဆရာမသိအောင်ခိုးရိုက်ပြီး ဖြန့်လိုက်မှာပေါ့"

"တော်တော်တရားကျဖို့ကောင်းပါလား. . . ဒါဆို ဘာကိစ်"

"ဆရာ့ရဲ့ဒုတိယမြောက်စာအုပ်ထုတ်ဖို့ ပြင်ဆင်နေပြီလေ . . . အဲဒီအတွက် လိုအပ်တဲ့ပိုက်ဆံလာယူတာ"

"ဟေ - ဘယ်လို. . . စာအုပ်ထုတ်တာ ထုတ်ဝေသူကပိုက်ဆံမပေးတဲ့အပြင် စာရေးဆရာဆီကတောင် လာတောင်းနေတယ်ဆိုတော့ မင်းတို့စာအုပ်ထုတ်ဝေရေးက ဘယ်လိုထုတ်ဝေရေးလဲကွ



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

ဦးအောင်စိုးနှင့်နရီတို့ပြောဆိုသံကိုကြားပြီး အနားရောက်လာသော ဦးမောင်မောင်လည်း အံ့ဩသွားလျှက် မနေနိုင်ဘဲဝင်စုံစမ်းလေသည်။

ဦးအောင်စိုးက ရယ်ဖြဲဖြဲမျက်နှာဖြင့်

"ဩော် - ဒါကဒီလိုပါ. . . စာရေးဆရာက ထုတ်ပေးမယ့်သူမရှိလို့ သူ့ပိုက်ဆံနဲ့သူထုတ်မယ်. . . ကျွန်တော့်ကိုစီစဉ်ပေးပါဆိုလို့ ကျွန်တော်က ကြားကစီစဉ်ပေးရတာပါ"

ဟုရှင်းပြသလို နရီကလည်း

"ဟုတ်တယ် လေးလေးမောင်ရဲ့. . . ရေးထားသမျှ တိုက်ပေါင်းစုံလိုက်ပြပြီးပြီ. . . ထုတ်ပေးမယ့်သူမရှိတာနဲ့ ခုလိုပဲ ကိုယ့်ဟာကိုယ်ထုတ်လိုက်တော့တယ်. . . ပြီးတာ ပဲမဟုတ်ဘူးလား"

ဟု ဝင်ရောက်ပြောဆို၏။

ဦးမောင်မောင် ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"အေးလေကွာ. . . လေးလေးကလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတော့ ငါ့တူကြီးကိစ္စကို သေသေချာချာမမေးမြန်းကြည့်ဘူးဖြစ်သွားတယ်. . . ဒါနဲ့ နေပါဦး. . . ပထမတစ်အုပ်ထုတ်ပြီးသွားပြီဆိုတော့ အဲဒီတစ်အုပ်အခြေအနေကရော ဘယ်လိုရှိလဲ"

ဟူ၍ သိလိုသည်ကိုဆက်မေး၏။

နရီဘာပြန်ပြောရမှန်းမသိသဖြင့် တာဝန်ယူဖြန့်ချိပေးနေသော ဦးအောင်စိုးအားလှမ်းကြည့်၏။

ဦးအောင်စိုးက

"ဩော် - ဖြန့်တာကတော့ ရိုက်သလောက်အကုန်ဖြန့်လိုက်တာပါပဲ. . . ဒုတိယစာအုပ်ဖြန့်တဲ့အခါတော့ ပထမစာအုပ်ရောင်းအားအခြေအနေသိရမှာပဲ. . . ကြည့်ရတာ ကောင်းမယ်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ရတာပဲ"

မယုတ်မလွန်စကားဆိုပြီး တစ်ဆက်တည်းမှာပင် နရီ့ဘက်လှည့်ကာ

"ကဲ - စာရေးဆရာ. . . ကျွန်တော်လုပ်စရာရှိတာလေး သွားလုပ်ရဦးမှာမို့ အချိန်ရှိတုန်းလေး ဒီစာရင်းစာရွက်ထဲကအတိုင်း ကျသင့်ငွေတွေရှင်းပေးလိုက်ပါဦး"

ဟူ၍ ဒုတိယစာအုပ်ကျသင့်ငွေကိုတောင်းခံလေသည်။

နရီလည်း စာရင်းစာရွက်ကိုယူကြည့်ပြီးနောက် ခဏနေဦးနော်ဆိုသည့်သဘောဖြင့် လက်ကာပြကာ ငွေယူပေးရန်အိမ်ထဲဝင်သွားလေသည်။

ဦးအောင်စိုးခေါင်းညိတ်ပြသလို ဦးမောင်မောင်သည်လည်း သူ့အတွေးနှင့်သူ ခေါင်းတဆတ်ဆတ်ညိတ်ကျန်ရစ်ခဲ့လေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၉

"ဘယ်လိုပြောလိုက်တယ် မေကြီး. . . သမီးက ဗီဒီယိုမင်းသမီးလုပ်ဖို့ ဗီဒီယိုရိုက်မယ့်ကုမ္ပဏီကို သိန်းငါးဆယ်ပေးရမယ် ဆိုတာလား"

"ဟုတ်တယ် မေကြီးရဲ့. . . သမီးက သူကိုယ်တိုင်မပြောရဲလို့ အမေပြောပေးပါဆိုပြီး နားပူနားဆာလုပ်နေလို့လေ"

"အေးလေ. . . တို့သမီးကလည်း အနုပညာပိုးကသတ်လို့မှ မရတာ. . . ခက်တာက ဒီလောကမှာလည်း ဒီလိုဝါသနာအိုးတွေကို သုံးစားနေတဲ့လူတွေကလည်း အများကြီးရယ်. . . ကဲပါလေ - သမီးကိုခေါ်လိုက်ပါဦး. . . သမီးနဲ့ စကားပြောကြည့်ရအောင်"

ဒေါ်မေမျိုးလွင်လည်း ခင်ပွန်းသည်ဦးသက်တင်စကားကြောင့် သမီးအတွက်မျှော်လင့်ချက်ရှိလာဟန်ဖြင့် ဝမ်းသာအားရ သွမ်းအော်ခေါ်လေသည်။

"သမီးရေ. . . ဒီမှာ သမီးဖေဖေက သမီးနဲ့စကားပြောချင်လို့တဲ့. . . လာပါဦး"

"ဟုတ်ကဲ့ မေမေ. . . လာပါပြီ"

ဒါမျိုးဆို မေသံစဥ်တို့ကို စကားဆုံးအောင်မခေါ်လိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က ဘာများတုံ့ပြန်ပြောကြားမလဲဆိုပြီး မလှမ်းမကမ်းတိုင်ကွယ်က ချောင်းပြီးနားထောင်နေသူမို့ ခေါ်သံကြားသည်နှင့် ချက်ချင်းထူးပြီး ခဏအတွင်းအနားသို့ရောက်ရှိသွားလေသည်။

ထို့နောက် သိသိကြီးနှင့် ဘာမှမသိဟန်ဖြင့်

"ဖေဖေ - သမီးရောက်ပါပြီ. . . ဘာပြောချင်လို့လဲဟင်"

ဟူ၍ လိုအပ်သည်ထက် ထူးထူးခြားခြားကျိုးနွံပြလေသည်၊ ဦးသက်တင်ကြိတ်ပြုံးမိပြီး

"ကဲ - သမီး. . . သမီးမေမေပြောပြလို့ ဖေဖေအားလုံးသိပြီးပြီ. . . သမီးဝါသနာကို ဖေဖေမတားဘူး. . . ဒါပေမဲ့ ဖေဖေတို့မသိဘဲ သမီးသဘောနဲ့သမီး ဟိုလူနဲ့လျှောက်တွေ့၊ ဒီလူနဲ့လျှောက်တွေ့မလုပ်နဲ့. . . ဖေဖေ့မိတ်ဆွေတွေနဲ့တိုင်ပင်ကြည့်ပြီး သမီးဖြစ်ချင်တာကို အကောင်းဆုံးဖြစ်အောင်ပံ့ပိုးပေးမယ် ဟုတ်ပြီလား"

"ဟင် - ဖေဖေ. . . ဖေဖေတကယ်ပြောတာနော်. . . ဝမ်းသာလိုက်တာ. . . ဒီကိစ္စ မိချစ်တို့၊ နုထွေးတို့ဆီကိုလည်း ဖုန်းဆက်ပြီး လှမ်းပြောရဦးမယ်"

မေသံစဉ်ပျော်လွန်းသဖြင့် သတင်းကောင်းကို သူငယ်ချင်းများပါ မျှဝေခံစားရလေအောင် ဖုန်းဆက်အသိပေးဖို့ အိပ်ခန်းတွင်းဆီသို့ အပြေးဝင်သွားလေသည်။

မလှမ်းမကမ်းမှနားစွင့်နေသော မြင့်မြင့်သည်လည်း သာမန်အိမ်အကူလေးမှသည် မင်းသမီးအိမ်မှအိမ်အကူဖြစ်ရတော့မည်ဆိုသောအတွေးဖြင့် ပျော်ပြီးထကမိလေတော့သည်။

■ ၆ ■

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

နရီ သူ၏ဒုတိယမြောက်လုံးချင်းဝတ္ထုဖြစ်သော "အလွမ်းနေ့ အလွမ်းည"စာအုပ်ထွက်ပြီဖြစ်သဖြင့် ရပ်ကွက်တွင်းရှိ ရသရိပ်စာပေသို့ စာအုပ်လက်ဆောင်ပေးရန် ရောက်ရှိလာ၏။

ငွေဇော်လည်း နရီ့ကိုမြင်သည်နှင့် ရင်းနှီးစွာပြုံးပြ၏။

နရီလည်း ပြန်လည်ပြုံးပြပြီးမှ လက်ထဲရှိစာအုပ်ကို ငွေဇော် လက်ထဲသို့ထည့်ပေးလိုက်၏။

"ရော့ - ဒီမှာ. . . ဒါ ကိုယ့်ရဲ့ဒုတိယမြောက်ခြေလှမ်းပဲ. . . လက်ဆောင်ပေးရင်းနဲ့ စာအုပ်ပရိုမိုးရှင်းလုပ်တဲ့သဘောပဲဆိုပါတော့"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲဆရာ"

ငွေဇော် ထုံးစံအတိုင်း စာအုပ်မျက်နှာဖုံးကိုကြည့်လိုက်ပြီး

"အားပါး - အလွမ်းနေ့အလွမ်းညဆိုပါလား. . . နာမည်နဲ့တင် တော်တော်လွမ်းဖို့ကောင်းနေပြီ. . . မျက်နှာဖုံးပန်းချီလေးလည်း ပထမစာအုပ်ထက်စာရင် တော်တော်ဆွဲဆောင်မှုရှိတယ်. . . ပရိသတ် စိတ်ဝင်စားနိုင်ပါတယ်"

"ခုလိုအားပေးတဲ့အတွက် ကျေးဇူးပါပဲ. . . ဒါနဲ့ ကိုယ့်ပထမ စာအုပ်ရော ငှားရရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ - ငှားရပါတယ်"

"ဟော - ဟုတ်လား"

ငှားရပါတယ်ဆိုတော့ ငွေးဇော်စကားကြောင့် နရီလည်း အခြေအနေကောင်းသည်ဆိုသောသဘောဖြင့် အားတက်ပျော်ရွှင်လာရသည်။ ထို့ကြောင့်

"လုပ်စမ်းပါဦး. . . ဘယ်နှယောက်လောက် ငှားရလဲ. . . ဘာပြောကြလဲ. . . ကြိုက်တယ်တဲ့လား"

"ဟိုလေ. . . ငှားတာကတော့ ငှားရတယ်. . . ဒါပေမဲ့ ငှားတဲ့လူကတော့ တစ်ယောက်ပဲရှိသေးတယ်"

"ဟင် - ဟုတ်. . ဟုတ်လား. . . အေးလေ. . တစ်ယောက်ဆိုတော့လည်း လုံးဝမငှားတာထက်စာရင်တော့ တော်သေးတာပေါ့. . . အဲဒီတစ်ယောက်ကရော ဘာပြောလဲ. . . ပရိသတ်အသံလေးကြားချင်လို့ပါ"

"လုံးဝမကောင်းဘူး"

"ဟင်"

ငွေးဇော်မပြောခင် နားထဲကနှံ့လန့်ကြီးဖြစ်အောင် ဝင်ပြောလိုက်သော မိန်းကလေးတစ်ယောက်၏အသံကြောင့် နရီချာခနဲလှည့်ကြည့်မိသည်။

"ဟာင် - မင်းပါပဲလား"

တွေ့လိုက်ရသည်က မေသံစဥ်ဖြစ်နေသည်။

မိမိကိုမှ ဘာလိုင်းကြီးနည်းမျိုးစုံနှိပ်ကွပ်နေရကောင်းလားဟု နရီတင်းချင်ချင် ဖြစ်သွားလျက် အပြတ်ပြောမည်ကြံလိုက်သေးသည်။

သို့သော် မေသံစဥ်လက်ထဲတွင် နရီ၏ပထမဆုံးလုံးချင်းဝတ္ထုစာအုပ်ကိုင်လာသည်ကိုတွေ့သဖြင့် နရီလည်းအရမ်းကာရောမပြောသေးဘဲ အကဲခတ်သလိုကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သချာသည်ကတော့ သူ၏စာအုပ်ကို မေသံစဉ်ဖတ်ပြီးပြီ ဆိုတာပဲဖြစ်သည်။ မိမိစာအုပ်၏ တစ်ယောက်တည်းသောပရိသတ် ဖြစ်သော မေသံစဉ်၏ စာအုပ်နှင့်ပတ်သက်သောအသံကို နားထောင်လိုစိတ်ကလည်းရှိသေးသည်မို့ အရဲစွန့်ပြီး ဆက်တီးခေါက်ရသည်။

"ကြည့်ရတာ ဖတ်ပြီးပြီထင်တယ်"

"ဖတ်ပြီးပြီ. . . ဖတ်ပြီးတာမှ အစကအဆုံး၊ အဆုံးကအစ အပြန်ပြန်အလှန်လှန်ကိုဖတ်ပြီးသွားပြီ"

"ဒါဆိုလည်း တဆိတ်လောက်အားနည်းချက်အားသာချက်လေး ဝေဖန်ပေးပါလား. . . ဖတ်ပြီးပြီဆိုတော့လေ. . . အသံလေး နားထောင်ချင်လို့"

"ဒီလိုလား. . . ဒါဆိုရင်လည်း ဝေဖန်ပေးရတာပေါ့. . . ခုလို ဝေဖန်ပေးရတယ်ဆိုတာကလည်း စာရေးဆရာဖြစ်တဲ့ရှင်ကိုယ်တိုင်က တောင်းတောင်းပန်ပန်နဲ့ အတင်းကြီးပြောနေလို့နော်. . . ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ဗျာ"

ဝေဖန်ချက်တောင်းခါမှ ဈေးကိုင်နေသောမေသံစဉ်ကိုကြည့်ပြီး ငယ်ထိပ်ကိုသုံးချက်လောက်ထုပစ်ချင်စိတ်ပေါက်သွားရသည်။

သို့သော် 'သည်းခံ. . သည်းခံ'ဟူ၍ ကိုယ့်ကိုယ်ကိုယ် သတိပေးခေါင်းလောင်းသံတီးပြီး မျက်နှာကိုအလေးအနက်အမူအရာဆောင်၍ နားစွင့်ဟန်ပြလိုက်ရသည်။

မေသံစဉ်လည်း နရီ၏ကျိုးနွံမှုကိုကြည့်ပြီး ဘဝင်ကျသွားဟန်ဖြင့် ဆရာမကြီးလေသံဖမ်းကာ ဝေဖန်ချက်ပေးလေတော့သည်။

"ဝတ္ထုပေါင်းများစွာဖတ်လာတဲ့ စာဖတ်သက်ရင့်သူတစ်ယောက်ရဲ့အတွေ့အကြုံအရပြောရမယ်ဆိုရင် နံပါတ်တစ် - ဖတ်မနိုင်ဘဲ ပဲကြီးဟင်းစားဆိုသလို ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲနဲ့ ဇာတ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်ဖွဲ့ထားတယ်. . . နံပါတ်နှစ် - ငါးသိုင်းများ ဟင်းအုံဆို သလို ဇာတ်ကောင်များပြီး တစ်ယောက်ချင်းစီရဲ့ဇာတ်ကောင် ကာရိုက်တာတွေပျောက်နေတယ်. . . နံပါတ်သုံး - ကိုယ်စီးတဲ့မြင်း အထီးမှန်း မသိ၊ အမမှန်းမသိဆိုသလို မလိုအပ်ဘဲ လူအထင်ကြီးခံရ နည်းလားဆိုပြီး မင်းသားမင်းသမီးကို စကားလုံးအကြီးကြီးတွေပြော ခိုင်းပြီး ဘာကိုဆိုလိုချင်းမှန်းမသိဖြစ်နေတယ်. . . နံပါတ်လေးနဲ့ နောက်ဆုံးအနေနဲ့ကတော့ ဇာတ်လမ်းအဖွင့်မှာ ဆွဲဆောင်မှု သိပ်မရှိ ဘူးဆိုပေမယ့်. . . ."

"ဪ - ဒါဆို ဇာတ်သိမ်းလေးကတော့ အတော်ဆွဲဆောင် မှုရှိသွားတယ်ပေါ့"

ဟု နရီစိတ်ထဲမှပြောလိုက်စဉ်မှာပင် မေသံစဉ်ဆက်ပြော လာသည်က

"ဇာတ်သိမ်းလေးမှာတော့ အူကြောင်ကျားလုပ်ပြီး မင်းသားနဲ့ မင်းသမီးကိုကွဲခိုင်းလိုက်တယ်. . . ကွဲတာတောင်မှ ရိုးရိုးမကွဲဘူး. . . . သေကွဲခွဲလိုက်တာ ဖတ်နေတဲ့စာအုပ်ကို လွှင့်ပစ်ချင်စိတ်ပေါက်ရော ပဲ"

"ဟင်"

"ဒါပေမဲ့ ဘာပဲပြောပြော လူသစ်တန်းစာရေးဆရာ တစ်ယောက်ရဲ့ ပွဲဦးထွက်စာအုပ်တစ်အုပ်အနေနဲ့ တော်တော်လေး ကောင်းပါတယ်"

"ဟင် - ကောင်းသွားပြန်ပြီလား"

တစ်စက်ကလေးမှ ရစရာမရှိအောင် ပျစ်ပျစ်နှစ်နှစ်ဝေဖန် ပြီးခါမှ တော်တော်လေးကောင်းပါတယ်ဆိုတော့ နရီမျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် မေသံစဉ်ကိုတစ်လှည့်၊ ဇွေးဇော်ကိုတစ်လှည့် ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြောကောင်းပါတယ်ဆိုပြီး ဝေဖန်ချက်ကို အဆုံးသတ်သွားသည့်အတွက် ကျေနပ်အားတက်ရမလိုဖြစ်နေစဥ်မှာပင် ဆက်ပြောလာသောမေသံစဥ်စကားကြောင့် မတ်တပ်ကြီးသေသွားရသည်။

"စိတ်ပျက်ဖို့"

"အနန်"

မေသံစဥ်စကားကြောင့် ဌေးဇော် ကြားမှအားနာပြီး မျက်စိပျက်မျက်နှာပျက်ဖြင့် ဘာဝင်ပြောရမှန်းမသိဖြစ်နေသော်လည်း ဝါရင့်ဝေဖန်ရေးဆရာမကြီးမေသံစဥ်ကတော့ ထူးမခြားနားမျက်နှာဖြင့် ဌေးဇော်လက်ထဲမှစာအုပ်ကို လှမ်းကြည့်ပြီး

"ဩော် - ဒီစာအုပ်က ဒုတိယမြောက်စာအုပ်လား"

ဟု ပြောလည်းပြော၊ တစ်ဆက်တည်းမှာပင် ခွင့်မတောင်းဘဲ လှမ်းယူကြည့်လိုက်သေး၏။ ထို့နောက်

"အလွမ်းနေ့အလွမ်းည. . . ဟွန့် - ဒီလောက် ရယ်စရာဘာသဝတ္ထုတွေ ခေတ်စားနေတဲ့အချိန်မှာ ဝတ္ထုနာမည်ကို ဘယ်လိုပေးထားတာလဲ. . . နေ့ရောညရော နှစ်ဆယ့်လေးနာရီလွမ်းနေမှတော့ ဘယ်သူမှဖတ်မှာမဟုတ်တော့ဘူး. . . တကယ့်ကိုလွမ်းပေတော့ပဲ"

ပထမစာအုပ်ကို ရစရာမရှိအောင်ဝေဖန်ရုံဖြင့် အားမရသေးဘဲ ဒုတိယစာအုပ်ကိုလည်း တွေ့ရုံဖြင့်နှိပ်ကွပ်နေပြန်သဖြင့် နစ်ဘင်းသွားရသည်။

ထို့ကြောင့် သည်းခံမနေတော့ဘဲ တစ်ခုခုပြောရန်ပြင်ဆဲမှာပင် မေသံစဥ်ကပင်

"အေးလေ - ဘာပဲဖြစ်ဖြစ် ဒီတစ်အုပ်လည်း ပထမအုပ်ထက်တော့ ကောင်းလာနိုးကောင်းလာညားဆိုပြီး သည်းခံဖတ်ကြည့်ဖို့အား



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ပါဦးမယ်လေ"

ဟူ၍ ပြောပြောဆိုဆို စာအုပ်ကိုငှားသွားလေသည်။

မေသံစဉ်က စာအုပ်ငှားသွားသဖြင့် နရီလည်းဘာမှမပြောသာတော့ဘဲ ကျေးဇူးပဲတင်ရမည်လား။ ကလေးတစ်ယောက်လိုခြေဆောင့်ထိုင်ငိုရမည်လားမသိသောမျက်နှာဖြင့် မေသံစဉ်အားအကြောင်သားလိုက်ကြည့်နေမိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

"ဟောဒါကတော့ ညီသစ်ငယ်တဲ့. . . ပေါ်ပြူလာဂျာနယ်ရဲ့ တာဝန်ခံအယ်ဒီတာ"

"ဟုတ်ကဲ့ - ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ဒီဘက်ကတစ်ယောက်ကတော့ ကိုသဲအောင်တဲ့. . . Youth မဂ္ဂဇင်းရဲ့ တာဝန်ခံအယ်ဒီတာ"

"ဟုတ်ကဲ့"

"ဒီတစ်ယောက်ကတော့ ကိုအောင်စိုးသူတဲ့. . . First Music ဂျာနယ် အယ်ဒီတာချုပ်ပေါ့. . . သူ့ဘေးကပုဂ္ဂိုလ်ကတော့ ဇေယျာမြတ်နိုင်တဲ့. . . လျှပ်တစ်ပြက်ဂျာနယ်အယ်ဒီတာပေါ့"

"ဟုတ်ကဲ့"

နရီလည်း စာနယ်ဇင်းမှပုဂ္ဂိုလ်များနှင့် ရင်းနှီးနေပြီးဖြစ်သော သူငယ်ချင်း ခင်ဇော်ဦး(ခေါ်) တေးရေးဆရာကေဇက်ဦး၏မိတ်ဆက်ပေးမှုဖြင့် နာမည်ကျော်အယ်ဒီတာများနှင့် တွေ့ဆုံသိကျွမ်းခွင့်ရလေသည်။

ကေဇက်ဦးလည်း ဝိုင်းအတွင်းရှိ အယ်ဒီတာများနှင့်မိတ်ဆက်ပေးပြီးနောက် နရီ့ဘက်သို့လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပဲ သူကတော့ ကျွန်တော့်သူငယ်ချင်း နရီပါ. . . စာရေးဆရာလုပ်ဖို့ တောင်ကြီးကနေ အထုပ်ပိုက်ပြီးဆင်းလာခဲ့သူပဲ ဆိုပါတော့ဗျာ"

"အားပါး - သတ္တိတယ်ကောင်းပါလား"

"ကြိုဆိုပါတယ်ဗျာ. . . ကြိုဆိုပါတယ်"

အောင်စိုးသူနှင့် ဇေယျာမြတ်ခိုင်တို့က ရင်းနှီးရာရင်းနှီး ကြောင်း ရယ်ပြောပြောသဖြင့် နရီလည်းတုံ့ပြန်ရယ်ပြမိလျက် သည် ပုဂ္ဂိုလ်များနှင့် အချိန်တိုအတွင်း ဆက်ဆံရေးကောင်းတည်ဆောက်နိုင် မည်ကို သဘောပေါက်လိုက်သည်။

ကေဇက်ဦးကပြုံးလျက် စကားကိုဆက်သည်။

"ဒီတော့ဆက်ပြောရရင် ကျွန်တော့်သူငယ်ချင်းနရီက လက်ျာ နရီဆိုတဲ့ကလောင်နဲ့ ပထမလုံးချင်းတစ်အုပ်ထွက်ပြီးသွားပြီ. . . ဒါ ပေမဲ့ အသံမမြည်ဘူးဗျ. . . ဒါကြောင့် ကျွန်တော်က အခုဒုတိယ တစ်အုပ်မှာတော့ ပထမတစ်အုပ်လိုရိုးရိုးကြီးမလုပ်နဲ့တော့. . . စာနယ် ဇင်းလောကမှာ အကူအညီပေးနိုင်တဲ့သူတွေရှိတယ်. . . သူတို့နဲ့ တွေ့ပြီး သူတို့ဆီက အကြံဉာဏ်နဲ့အကူအညီတွေရမယ်ဆိုရင် ဒုတိယ တစ်အုပ်ကတော့ ပရိသတ်သတိထားမိပြီး ထူးခြားနိုင်တယ်လို့ စဉ်းစားမိရာက ဒီစားဝိုင်းသောက်ဝိုင်းလေးလုပ်ဖြစ်သွားတယ်ဆိုပါ တော့ဗျာ"

"ဟုတ်ပါတယ်. . . ကျွန်တော့်သူငယ်ချင်း ကေဇက်ဦးပြော သလိုပါပဲ. . . ကျွန်တော့်စာအုပ်နဲ့ပတ်သက်ပြီး ပရိသတ်ကျယ်ကျယ် ပြန့်ပြန့်ရဖို့အတွက် ဝိုင်းဝန်းကူညီပေးကြပါလို့ မေတ္တာရပ်ခံပါရစေ"

"စိတ်ချပါ. . . လုပ်ပေးရမှာပေါ့"

"အခြားတစ်ယောက်ကိုလုပ်ပေးရတာထက် စာပေသမား တစ်ယောက်ကိုလုပ်ပေးရတာ ကျွန်တော်တို့က ပိုအားသန်ပါတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ကျွန်တော်တို့အပိုင်းကတော့ မပူပါနဲ့ ဝိုင်းလုပ်ပေးပါ့မယ်. . . ကိုလက်ျာနရီကသာ စာကိုအကောင်းဆုံးဖြစ်အောင် ရေး. . . မဖြစ်ဘူးဆိုတာ မရှိစေရဘူး"

"ကျေးဇူးပါပဲဗျာ. . . ကဲ ကဲ - အားလုံး စိတ်ကြိုက်သာမှာပြီး စိတ်ကြိုက်သာသုံးဆောင်ကြပေတော့"

"ချီးယားစ်"

"ချီးယားစ်"

"စာရေးဆရာလက်ျာနရီ အောင်မြင်ပါစေ"

အားလုံး ငယ်ပေါင်းကြီးဖော်များပမာ ခင်မင်ရင်းနှီးသွားပြီးနောက်, ခွက်ချင်းတိုက်ကာ အရက်ကိုပြုံင်တူမော့သောက်လိုက်ကြလေသည်။

သောက်ရင်းစားရင်း စကားပြောရင်းဖြင့် အားလုံးအတော်လေးရေချိန်ကိုက်လာကြသည်။

ထိုအထဲမှသတိရှိဟန်တူသော အယ်ဒီတာချုပ်အောင်စိုးသူက

"ကဲ ကဲ - အားလုံး စားလို့သောက်လို့လည်းကောင်းတယ် . . . ပြောလို့ဆိုလို့လည်းကောင်းတယ်. . . ဒါပေမဲ့ အချိန်က အတော်လေးနှောင်းလာပြီ. . . အိမ်ပြန်နောက်ကျလို့ မိန်းမက ဂျောင်းဆိုပြီး ဝမ်နိမ်ပေးမှဖြင့် ဒုက္ခနဲ့လှလှတွေ့ရမှာမို့ ဝိုင်းသိမ်းကြရအောင်"

ဟု သတိပေးရင်း နောက်ဆုံးလက်ကျန်ပက်ကို မော့လိုက်လေသည်။

ကျန်သူများလည်း အောင်စိုးသူစကားကိုသဘောကျပြီး ရယ်မောကာ ခွက်ထဲရှိလက်ကျန်အရက်ကို ဖြတ်လိုက်ကြသည်။

ညိုသစ်ငယ်က

"ဒါကြောင့် ကျွန်တော်က မိန်းမရှိတဲ့သူတွေနဲ့အတူ မပိုင်းချင်



www.burmeseclassic.com

www.burmeseclassic.com



တာ. . . ဘယ်တော့မှ အေးအေးဆေးဆေးကိုမရှိဘူး. . . ဘာတွေ လောလို့လောနေမှန်းလည်းမသိဘူး. . . ဝိုင်းက မစရသေးဘူး. . . အိမ်ပြန်ဖို့နာရီတစ်ကြည့်ကြည့်နဲ့. . . တယ်လည်း အပူများကြတာပဲ ကိုး"

ဟု ခံစားချက်ကိုဖွင့်ဟလေရာ အောင်စိုးသူတစ်ခုခုပြောမည် ပြုပြီးမှ မပြောတော့ဘဲ ပြန်ဖို့ နေရာမှထရပ်လိုက်လေသည်။ ပြော လျှင် ပေရှည်နေဦးမည်မဟုတ်လား။

နရီလည်း ကျသင့်ငွေရှင်းပေးပြီးနောက် အားလုံးနှင့်အတူ ဆိုင်ပြင်သို့ထွက်ခွာလာသည်။ ထို့နောက်

"နောင်လည်းတွေ့ကြသေးတာပေါ့. . . အခုပြန်ဖို့လည်း ကျွန်တော်ကားငှားပေးလိုက်ပါ့မယ်"

ဟူ၍ အားလုံး၏အိမ်အပြန်ခရီးအတွက် ကိုယ်တိုင်ကားငှား ပေးလိုက်သည်။

ကေဇက်ဦးကလည်း ညီသစ်ငယ်တို့နှင့်လိုက်ပြန်သွားမည် ဆိုသဖြင့် ဟိုသွားဦးမည်၊ ဒီသွားဦးမည်လုပ်နေသော သဲအောင်အား ပြန်မည့်နေရာလှမ်းမေးရသည်။

"ဒါနဲ့ ကိုသဲအောင်က ဘယ်ပြန်မှာလဲ"

"လှည်းတန်းပြန်မယ်. . . ဒါပေမဲ့ မပြန်သေးဘူးလားလို့ တစ်နေရာသွားပြီး ထပ်ချရင်ကောင်းမလားလို့"

"ကဲပါဗျာ. . . ချချင်လည်း နောက်နေ့မှချကြတာပေါ့. . . ဒီနေ့တော့ ကျွန်တော်လည်းတော်တော်များသွားပြီ. . . ကိုသဲအောင် လည်း တော်တော်လေးကောင်းနေပါပြီ. . . ကျွန်တော် ကားငှားပေး လိုက်မယ် ဟုတ်ပြီလား"

နရီ သဲအောင်အားဖျောင်းဖျပြီးနောက် လာနေသောတက္ကစီ ကိုတားကာ လှည်းတန်းအထိကျသင့်ငွေပေးပြီး သဲအောင်အားလိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုပေးစေရသည်။

အားလုံးကို တက္ကစီကိုယ်၄ငှားပေးလိုက်ပြီဖြစ်သဖြင့် နရီ ခိတ်လက်ပေါ့ပါးသွားကာ အိမ်ပြန်ဖို့ကားကိုတားရန် ပြင်ဆင်လိုက်သည်။

သို့သော် အမှတ်မထင်အိတ်ကပ်ကိုစမ်းမိသည့်အခါမှာတော့ အိတ်ကပ်ထဲမှာ ပိုက်ဆံမရှိတော့။

ထိုအခါမှ အမူးပြေချင်သလိုဖြစ်ကာ ဟိုက်ခနဲဖြစ်သွားရသည်။

"ဟိုက် - ဒုက္ခပဲ. . . ငါပြန်ဖို့ တက္ကစီခတောင်မရှိတော့ပါလား"

နရီ အိတ်ကပ်ကိုစမ်းပြီးနောက် ကြံရာမရသလို ခေါင်းကိုတစ်ချက်ကုတ်လိုက်မိသည်။ ပြီးမှ တက္ကစီငှားသွားပြီး အိမ်ရောက်မှ ပိုက်ဆံပေးလိုက်မည်ဟုတွေးလိုက်မိသေး၏။

သို့သော် ရှေ့မှာဘတ်စ်ကားက ထိုးဆိုက်လာသဖြင့် ရည်ရွယ်ချက်မရှိဘဲ ဘတ်စ်ကားပေါ် ခြေလှမ်းတက်မိပြီးသားဖြစ်သွားလေသည်။

ခရီးသည်အတက်အဆင်းပြီး၍ ဘတ်စ်ကားထွက်သွားသည်နှင့် စပယ်ယာလည်း ယာဉ်စီးခလာတောင်းလေသည်။

"ယာဉ်စီးခလေးတွေ ကမ်းပေးထားပါ"

နရီက ခုလေးတင်ပြီးခဲ့သော ဝိုင်းဖွဲ့စားသောက်မှုကိုသာ ပြန်သည်မြင်ယောင်လျှက် ကျေနပ်ပြုံးပြုံးလို့မဆုံးဘဲဖြစ်နေမိသည်။

စပယ်ယာကားခလာတောင်းသည်ကို မကြား။

ထို့ကြောင့် စပယ်ယာလည်း 'လက်တို့တောင်းရင် ရှက်ဖို့ကောင်းတယ်'ဟုပင် အသိမပေးတော့ဘဲ လက်တို့တောင်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကအစ်ကိုလေး ကားခ"

"ဟင်. . . ဩော် - အေး အေး"

စပယ်ယာလက်တို့ပြီးတောင်းသဖြင့် နရီလည်း မတ်တပ်ရပ် စီးလာရင်းမှ လွယ်အိတ်ထဲမှာ ဘတ်စ်ကားခအကြွေတော့ ရှိသေးသည် အထင်နှင့် မကြည့်ဘဲနှိုက်ယူပေးလိုက်သည်။

သို့သော် စပယ်ယာက

"ဟင် - ခင်ဗျား ဒါဘာလုပ်တာလဲ"

"ကားခပေးတာလေ. . . ကားခ"

"ကျွန်တော်တောင်းတာ ငွေသားနှစ်ရာတောင်းတာ. . . ကြက်ဥပြုတ်တောင်းတာမဟုတ်ဘူး"

"ဟင် - ကြက်ဥပြုတ်"

စပယ်ယာ့စကားကိုသံယောင်လိုက်ပြီး နရီလက်ထဲရှိအရာ ကိုကြည့်လိုက်သောအခါ ကြက်ဥပြုတ်တစ်လုံးဖြစ်နေသည်ကိုတွေ့ရ သည်။

ထိုအခါမှ ဆိုင်ထဲမှအထွက် ညီသစ်ငယ်က အထမ်းသည်ဆီ မှကြက်ဥပြုတ် တစ်ယောက်တစ်လုံးစီ ဝယ်ပြီးဝေခြမ်းပေးသွားသည် ကို သတိပြန်ရလိုက်သည်။

ဒီအတိုင်းဆိုသေချာသည်။ နရီ့ထံတွင် ကားခပေးစရာ ငွေ တစ်ပြားမှမကျန်တော့။ ထို့ကြောင့် မျက်နှာပြောင်တိုက်လိုက်ပြီး

"အေးကွာ - ကားခတော့မရှိတော့ဘူး. . . ကားခအဖြစ် ဒီ ကြက်ဥပြုတ်ကိုပဲယူလိုက်တော့ ဟုတ်ပြီလား"

ဟု ဂွကျကျဆိုလိုက်လေရာ စပယ်ယာလည်း ဘာပြန်ပြော ရမှန်းမသိဘဲ ကြောင်အမ်းသွားရ၏။

အနီးဝန်းကျင်ရှိခရီးသည်အချို့က ခပ်အုပ်အုပ်ရယ်ကြ၏။

ထိုအခါမှ စပယ်ယာလည်း



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဗျာ. . . ကားခမရှိလည်း အလကားသာစီးလိုက်ပေတော့. . . ခင်ဗျားကြက်ဥပြုတ်ကြီးတော့ မယူချင်ပါဘူး"

ဟု ဘုတောပြီး အခြားခရီးသည်များထံသို့ ယာဉ်စီးခဆက်တောင်းရန်ထွက်ခွာသွား၏။

နရီလည်း ကြက်ဥပြုတ်ကို လွယ်အိတ်ထဲပြန်ထည့်လိုက်သည်။ ပြီးတော့ ဘာမှအရေးမပါသလိုမျက်နှာထားဖြင့် မိန့်မိန့်ကြီး လုပ်ကာ ကားကိုဆက်စီးလာသည်။

"မှတ်တိုင်ပါတယ်ဟေ့"

ဆင်းရမည့်မှတ်တိုင်ရောက်၍ ခပ်တည်တည်အသံပေးဆင်းသည့်အပြု စပယ်ယာကလက်လာတို့ပြန်၏။

"ဘာလဲ"

"ဘာမှမဟုတ်ဘူး. . . ကြက်ဥပြုတ်ပေးခဲ့"

"ဟင် - မင်းပဲစောစောကမယူတော့ဘူးဆို"

"ဟုတ်တယ်. . . အခု ဗိုက်ဆာလာလို့. . . ကားခမရမယ့်အတူတူတော့ ကြက်ဥပြုတ်ရလည်း မနည်းဘူး"

"ကဲ - အဲဒါဆိုရင်လည်း ရော့ကွာ"

နရီ လွယ်အိတ်ထဲမှကြက်ဥပြုတ်ကိုနှိုက်ပြီး စပယ်ယာလက်ထဲထည့်ပေးလိုက်သည်။ စပယ်ယာလည်း လက်ထဲကြက်ဥပြုတ်ရောက်သည်နှင့် မချိမချဉ်မျက်နှာပြု၍ အခွံခွာကာ တစ်ခါတည်းစားလိုက်လေသည်။

နရီသဘောကျသလို တစ်ချက်ရယ်ကာလက်ပြနှုတ် ဆက်လိုက်သည်။ ထို့နောက် ဘတ်စ်ကားပေါ်မှဆင်းလာရင်း ဘာကိုသဘောကျလို့ကျမှန်းမသိဘဲ အားပါးတရရယ်မိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

နရီ မူးမူးနှင့်သိုင်းကွက်နင်းကာ အိမ်ပြန်လာခဲ့သည်။

"ရှင်တို့နော် မိန်းမသားတစ်ယောက်တည်းဆိုပြီး စော်ကားဖို့မကြံနဲ့"

"ဪ - ညီမလေးကလဲ. . . တစ်မျိုးမထင်ပါနဲ့. . . ကိုယ်တို့က ညီမလေးတစ်ယောက်တည်း မသွားရဲမလာရဲဖြစ်နေမှာစိုးလို့ အဖော်လိုက်ပေးမလို့ ဟာပဲဟာပဲကို"

နရီလမ်းလျှောက်လာရင်းမှ နားထဲသို့ဝင်လာသောအသံများကြောင့် ခြေလှမ်းကိုတုန့်ခနဲရပ်ပြီး အသံကြားရာသို့လှည့်ကြည့်လိုက်သည်။

မြင်ကွင်းက ဘယ်လိုမှမလှ။

အကာလ ညအခါမှာ ငယ်ရွယ်နုနယ်သောမိန်းမသားတစ်ယောက်ကို ယောကျ်ားရင့်မာကြီးသုံးယောက်က ချဉ်းကပ်ကာ နိုင်ထက်စီးနင်းပြုရန် ကြံစည်နေကြသည်ကိုတွေ့ရသည်။

"အို - ကျွန်မတစ်ယောက်တည်းသွားရဲလာရဲတယ်. . . အဖော်မှမလိုဘူး. . . ကျွန်မလမ်း ကျွန်မသွားပါရစေ. . . မနှောင့်ယှက်ကြပါနဲ့"

www.burmeseclassic.com



"နှောင့်ယှက်တာမဟုတ်ပါဘူး. . . ချစ်ချင်တာပါ ညီမလေးနဲ့. . . ကိုယ်တို့က ရုပ်ချောသဘောကောင်းတွေပါ"

"ဝါး ဟား ဟား ဟား. . . ဟုတ်တာပေါ့ ညီမလေးရယ်. . . မယုံရင် ကိုယ်တို့ကိုအစမ်းချစ်ကြည့်လိုက်လေ. . . တော်ကြာမှ မခွဲနိုင်မခွာနိုင်တော့ပါဘူးဆိုပြီး ချစ်လေချစ်လေ မက်မပြေဖြစ်နေဦးမယ် . . . ဟား ဟား ဟား ဟား"

မတရားတာတွေ့လျှင် ဥပေက္ခာမပြုတတ်သူ နရီတစ်ယောက် အထူးသဖြင့် အားနွဲ့သူတွေအပေါ် ဘယ်လိုကူညီပေးရင်ကောင်းမလဲဆိုပြီး အမြဲတွေးတောနေတတ်သော နရီ၏သွေးတွေက သွေးကြောအနှံ့ဆူပွက်လာသည်။

ဒုက္ခရောက်နေသူမိန်းကလေးငယ်၏ အသံနှင့်ရုပ်ကို ကြားဖူးမြင်ဖူးသည်ဆိုပြီး မျက်မှောင်ကုတ်ကြည့်လိုက်ရာ မေသံစဉ်ဖြစ်နေသည်ကိုတွေ့ရသည့်အတွက် အံ့ဩသွားရသည်။

တစ်ဆက်တည်းမှာပင် မိမိအား အကြောင်းမရှိအကြောင်းရှာ နှိပ်ကွပ်လှောင်ပြောင်နေသူတစ်ယောက် ယခုလိုညကြီးအချိန်ခတော် တစ်ယောက်တည်းလျှောက်သွားသည့်အတွက် ဒုက္ခရောက်နေသည်ကိုပင် နရီဘေးကကြည့်ပြီး ပျော်ရမလိုဖြစ်သွားရသည်။

သို့သော် ဘေးကကြည့်ပြီးပျော်နေလျှင် မသင့်တော်သလို အမှုအခင်းဖြစ်လျှင်လည်း သက်သေအဖြစ်ပါဝင်နိုင်သေးသည်မို့ မျက်ကွယ်ကပဲပျော်တော့မည်လေဆိုသောအတွေးဖြင့် ခြေလှမ်းကို လာရာလမ်းအတိုင်း ဆက်လှမ်းလိုက်သည်။

သို့သော်. . . .။

"ရှင်တို့နော်. . . ကျွန်မပြောနေတယ်နော်. . . လွှတ်. . . ကျွန်မလက်ကို ခုချက်ချင်းလွှတ်"

ဆိုသော မိန်းမသားတစ်ယောက်၏ကူကယ်ရာမဲ့ အသံသာစာ



www.burmeseclassic.com

www.burmeseclassic.com



လေးက နရီ၏နှလုံးသားနှင့်ခြေလှမ်းတို့ကို ဆွဲကိုင်ရပ်တန့်စေနိုင်ခဲ့သည်။

နရီ ဘာမှမစဉ်းစားတော့ဘဲ မေသံစဉ်အားကူညီကယ်တင်ရန် တဟုန်ထိုးပြေးသွားကာ နှောင့်ယှက်သူများအား ထိုးနှက်တိုက်ခိုက်တော့သည်။

"ခွပ်"

"အောင်မလေးဗျ"

"ခွပ်"

"အား - သေပါပြီဗျ"

ထင်မှတ်မထားသောနေရာမှ ရုတ်တရက်ထွက်ပေါ်လာသော နရီ၏ပြင်းထန်သောတိုက်ခိုက်မှုကြောင့် မေသံစဉ်အားနှောင့်ယှက်သူများ ဖင်ထိုင်လဲကျကုန်ကြလျှက် နရီ့အား အံ့ဩတကြီးဝိုင်းကြည့်ကြ၏။

နရီလည်း လူမူးပေမယ့် လက်သီးမမူးသည့် သူ့ကိုယ်သူ အတော်သဘောကျသွားလေသည်။

မေသံစဉ်လည်း ရုတ်ချည်းပြောင်းလဲသွားသောအခြေအနေကြောင့် ကြောင်နေရာမှသတိပြန်ဝင်လာပြီး လက်ညှိုးတထိုးထိုးဖြင့်

"ဟင် - ရှင်. . ရှင်. . . "

"ဟုတ်တယ်. . . ကိုယ်ပဲ. . . ဘာမှမကြောက်နဲ့ သိလား . . . မင်းကိုနှောင့်ယှက်တဲ့သူတွေ ကိုယ်မှတ်လောက်အောင် ဆုံးမပေးလိုက်မယ် ကြည့်နေ"

"ဘာတွေလာပြောနေတာလဲ. . . ဒါ ကျွန်မဗီဒီယိုရိုက်မယ့်ဇာတ်ဝင်ခန်းအတွက် ကျွန်မသူငယ်ချင်းတွေနဲ့ လေ့ကျင့်နေတာရှင့်"

"ဟင် - ဟုတ်လား"

နရီလည်း မေသံစဉ်ထံမှ ထင်မှတ်မထားသောစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နွေးပြန်ချင်သွားလျှက် ဘေးဘီကိုပြူးပြဲကြည့်မိသည်။

ထိုအခါမှ သူတို့ကောင်းပြီကောင်းရက် ဇာတ်တိုက်လေ့ကျင့်နေသည်ကို ဝင်နှောင့်ယှက်ရကောင်းလားဆိုပြီး ဒေါသဖြစ်နေသူများကိုတွေ့ရလေသည်။

အထူးသဖြင့် အသားလွတ်ကြီးအထိုးခံလိုက်ရသည့် လူဆိုးသချုပ်ဆောင် မေသံစဉ်၏သူငယ်ချင်းများ. . .။

နရီ ရှက်လည်းရှက်၊ အားလည်းနာသွားလျှက်

"ဆောရီးဗျာ. . တောင်းပန်ပါတယ်. . . ကျွန်တော်လည်းခုတ်တရက်ဆိုတော့ မိန်းကလေးတစ်ယောက်တည်းဒုက္ခရောက်နေပြီဆိုပြီး ဝင်ကူညီမိတာပါ"

ဟု ပြေရာပြေကြောင်း တောင်းပန်စကားဆိုသည်ကို ခင်ခင်ချစ်က

"ဘယ့်နှယ့် - မိန်းကလေးတစ်ယောက်တည်းဖြစ်ရမှာလဲ. . . ရှင့်မျက်စိက မေသံစဉ်တစ်ယောက်တည်းမြင်လား. . . သူ့သူငယ်ချင်းတွေဖြစ်တဲ့ ကျွန်မတို့တွေလည်း ဒီမှာရှိသေးတယ်"

ဟု ဝင်ဘုတောသလို ငယ်နုထွေးကလည်း

"နေပါဦး. . . ရှင်က ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို ဟီးရိုးဝင်လုပ်ရအောင် အခုဖြစ်နေတာက လမ်းပေါ်မှာဖြစ်နေတာမဟုတ်ဘူး. . . ကိုယ့်ဝင်းကိုယ့်ခြံထဲမှာ လေ့ကျင့်နေတဲ့ဟာကို ဘာလာကြောင်ရတာလဲ"

ဟူ၍ ရန်ထောင်လေသည်။

"ဟင် ဟုတ်လား. . . ပြ. . ပြဿနာပဲ"

နရီလည်း မူးတာနှင့်ကူညီချင်တာရောပြီး လမ်းပေါ်မှာဖြစ်နေမှန်းမသိ၊ သူ့အိမ်သူ့ခြံထဲမှာ မီးထိုးပြီး လူအများနဲ့ဇာတ်တိုက်နေကြမှန်းမသိ လက်သီးစွမ်းဝင်ပြမိသည့်အတွက် ဘာဆက်ပြောလို့ေ



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိဖြစ်နေရသည်။

ထိုအချိန်မှာပင် နရီ၏လက်သီးဒဏ်ကိုခံလိုက်ရသူများက နရီ့အားထိုးမည်ကြိတ်မည်တကဲကဲဖြစ်နေသလို ကြည့်ရှုအားပေးနေသူ သူငယ်ချင်းများကလည်း ခြိမ်းခြောက်ဟောက်ဟန်းနေကြသဖြင့် နရီပြေးပေါက်မှားမည်ကဲ့သို့ ဖြစ်နေလေသည်။

နရီပြေးပေါက်ရှာနေစဉ်မှာပင် အိမ်ပေါ်ထပ်လသာဆောင်မှ သမီးဖြစ်သူ သရုပ်ဆောင်ပိုးထနေသည်ကိုကြည့်ရှုနေသော မေသံစဉ်၏ဖခင်ဦးသက်တင်နှင့် မိခင်ဒေါ်မေမျိုးလွင်တို့လည်း ခြံထဲသို့ဆင်းလာပြီး လူကြီးစကားဝင်ပြောလေသည်။

"ကဲ ကဲ - အားလုံးပဲ လက်လွန်ခြေလွန်ဖြစ်ကုန်ရင်မကောင်းဘူး. . . ဒီသူငယ့်ကြည့်ရတာ ပုံမှန်ဟုတ်ဟန်မတူဘူး. . . ဒါကြောင့် ရပ်ကွက်လူကြီးရုံးပဲ ပို့လိုက်ကြတာပေါ့"

"ဗျာ"

စေတနာမှန်းသိလျှက်နှင့် ဝေဒနာဖြစ်အောင်လုပ်ရက်ကြသော မေသံစဉ်တို့ကို နရီအခဲမကျေနိုင်ဖြစ်သွားရသည်။ ထို့ကြောင့် မေသံစဉ်ကိုပြန်ပြီးအနိုင်ယူနိုင်သည့် ကလောင်ကိုသာပြေးမြင်လိုက်ရလေသည်။

"အေး - ဒီတစ်ခါ ငါရေးမယ့်ဝတ္ထုမှာ မင်းရဲ့ဇာတ်က ပိုနာပြီမှတ်လိုက်တော့ မေသံစဉ်. . . နေဦး. . . ငါအရင်ရေးထားတာက မင်းကဆေးစွဲပြီး ဆင်းရဲမွဲတေ ယောင်ကျ အေကိုက်ပြီးသေသွားတယ်လို့ရေးထားတယ်. . . အဲလိုမရေးတော့ဘူး ပြန်ပြင်မယ်. . . မင်းကို မဆင်းရဲခိုင်းဘူး. . . မသေခိုင်းသေးဘူး. . . ဟုတ်ပြီ - အစုံလုပ်ငရှုပ်တစ်ပွေနဲ့ညိပြီးတဲ့နောက် အဲဒီငရှုပ်ကဆွယ်လို့ မူးယစ်ဆေးသုံးစွဲရောင်းဝယ်သူဖြစ်. . . အဲသလိုနဲ့ အင်မတန်လျှို့ဝှက်တဲ့အိမ်မှာဖြန့်ရမယ့်ဆေးကိုသွားယူတဲ့အခါ မူးယစ်ရာဇဝတ် မင်းအဖေ



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်တင်ကြီးဖြစ်နေရော . . . တစ်ယောက်နဲ့တစ်ယောက် အံ့ဩပြီးကြောင်ကြည့် . . . မင်းအဖေက မင်းကိုဆေးစွဲရုံမက ရောင်းဝယ်ဖြန့်ဖြူးပါလုပ်နေမှန်းသိတဲ့ အခါ ဝမ်းနည်းကြေကွဲပြီး ဒီလိုဖြစ်ရကောင်းလားဆိုပြီး ပါးပိတ်ရိုက် ပြီး ဆဲဆိုကြိမ်းမောင်း. . . မင်းကလည်း မင်းအဖေမူးယစ်ရာဇာမှန်း သိရတဲ့အတွက် ဝမ်းနည်းပြီးငိုကြွေးဖြစ်တင်. . . အဲဒီအချိန်မှာပဲ မြိုင်ဘက်မူးယစ်ဂိုဏ်းကရောက်လာပြီး မင်းအဖေလူပေါ် လူဇော်လုပ် သွားတဲ့ကိစ္စအတွက် သေနတ်နဲ့လာဖြေရှင်း. . . အပြန်အလှန်ပစ်ကြ ခတ်ကြနဲ့ အခြေအနေကရှုန်းရင်းဆန်ခတ်ဖြစ်ကုန်တယ်. . . အဲဒီမှာ မြိုင်ဘက်မူးယစ်သမားပစ်လိုက်တဲ့ကျည်ဆံက မင်းအဖေဦးသက်တင် ကိုတည့်တည့်ကြီးထိမှန်သွားသလို မင်းအဖေဦးသက်တင်ပစ်လိုက်တဲ့ သေနတ်ကျည်ဆံကလည်း ကံဆိုးပြီးမင်းကိုထိမှန်. . . ဟား - ကောင်း တယ်ကွာ. . . ဇာတ်က နာသလားမမေးနဲ့. . . အဟက် ဟား. . . ကြည့်ထား ဒီထက်နာအောင်ကိုရေးပြဦးမှာ. . . ဟား ဟား ဟား ဟား. . . မှတ်ထား. . အဲဒါငါကွ. . ငါ"

နရီ မေသံစဉ်တို့သားအဖအား ပြန်လက်စားချေလိုက်နိုင် သည့်အတွက် ကျေနပ်အားရစွာ လက်သီးလက်မောင်းတန်းရင်း ကျယ် လောင်စွာရယ်မောနေလေတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

နရီ မနက်မိုးလင်းတော့ အိမ်ပြင်ထွက်ရမှာရှက်နေမိသည်။ ညက မူးမူးနှင့်ကယ်တင်ရှင်အလုပ်ကောင်းတာ ရပ်ကွက်လူကြီးရုံး ရောက်သွားသည့်ကိစ္စ ယခုလောက်ဆို ဟိုးလေးတကြော်ဖြစ်နေလောက်ပြီ။

အိမ်ထဲမှာအောင်းနေရတော့လည်း နေမထိထိုင်မသာဖြစ်ရသည်။ ဘာလုပ်ရင်ကောင်းမလဲဟု စဉ်းစားကြည့်လိုက်တော့ မနေ့ညက အယ်ဒီတာချုပ်အောင်စိုးသူက သူ့ဂျာနယ်အတွက် ဂီတခံစားချက်ဝတ္ထုတိုလေးတစ်ပုဒ်လောက်ရေးပေးပါဦးဟု တကူးတကမေတ္တာရပ်ခံသည်ကို သတိရမိသည်။

ပြောရလျှင် စာရေးဆရာအဖြစ်ခံယူထားသည့်ဘဝတစ်လျှောက် အယ်ဒီတာတစ်ယောက်က စာမူတောင်းဖူးတာဆိုလို့ သည်တစ်ခါပဲ မှတ်မှတ်ရရရှိဖူးသည်မို့ နရီမြောက်ချင်သလိုဖြစ်သွားရသည်။

တောင်းစာမူရေးပေးရဦးမည်ဆိုသောအတွေးဖြင့် နရီပျော်လာလျှက် စာမူကို တစ်ထိုင်တည်းနှင့်ပြီးအောင်ရေးလိုက်သည်။

ထို့နောက် ရေးပြီးစာမူလေးကိုကိုင်လျှက် အယ်ဒီတာချုပ်အောင်စိုးသူ၏ဂျာနယ်တိုက်ရှိရာသို့ အပြေးကလေးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်တိုက်ထဲရောက်သည်နှင့် အယ်ဒီတာချုပ် အောင်စိုးသူကို သူ့စားပွဲတွင်အလုပ်များနေသည်ကို အခန့်သင့်ပင်တွေ့ရသည်။

ထို့ကြောင့် မျက်နှာကိုပိုပိုသာသာပြုံးလျှက်

"ကိုအောင်စိုးသူ"

ဟုအသံပေးပြီး အယ်ဒီတာချုပ်အောင်စိုးသူ၏စားပွဲရှေ့ခုံတွင် ဝင်ထိုင်လိုက်သည်။

အယ်ဒီတာချုပ်အောင်စိုးသူက အလုပ်လုပ်နေရာမှ မျက်လုံးတစ်ချက်လှန်ကြည့်ပြီးနောက်

"ဆို - ဘာကိစ်"

"စာမူလေ"

"ဪ - စာမူပို့ချင်လို့လား. . . အဲဒါဆို ဟိုမှာအယ်ဒီတာရှိတယ်. . . သူ့ပေးခဲ့. . . သူကတင်ပြလာတဲ့အခါ ကိုယ်ဖတ်ကြည့်ပေးမယ် ဟုတ်ပြီလား"

မနေ့ကတော့ သူကိုယ်တိုင်ပဲလိုလိုလားလား စာမူအတင်းတောင်းပြီး သည်ကနေ့ သူတောင်းသည့်စာမူသွားပေးသည့်အခါမှာတော့ စတိုင်ကတစ်မျိုးဖြစ်နေသည်။

ဒါကြောင့် သူ့ကို စတိုင်သစ်အောင်စိုးသူဟုခေါ်ကြသည်လားမသိ။

နရီ မြောက်ကြွလာသောစိတ်တွေ သိမ်ငယ်ပိန်ချုံးချင်သလိုဖြစ်သွားရသည်။ ထိုင်ရမလို ထရမလိုဖြစ်နေရာမှ အရဲစွန့်ပြီး စကားကိုဆက်ရသည်။

"မဟုတ်ဘူးလေ ကိုအောင်စိုးသူပဲ မနေ့ကကျွန်တော့်ကို ဂျာနယ်အတွက် စာမူတစ်ပုဒ်ရေးပေးပါဦး. . . မြန်လေကောင်းလေပဲဆိုလို့ ကျွန်တော်အမြန်ဆုံးရေးပြီး လာပို့ပေးတာ"

နရီ့စကားကြောင့် အယ်ဒီတာချုပ်အောင်စိုးသူ မျက်လုံးလှန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြန်သည်။ ပြီးမှ

"ဟုတ်လား. . . ဘယ်တုန်းကလဲ. . . ဘယ်မှာပြောခဲ့လို့လဲ"

"စားသောက်ဆိုင်မှာလေ. . . စားရင်းသောက်ရင်းပြောခဲ့တာ. . . မနေ့ညကပဲလေ"

"ဟင် - မနေ့ညက ခင်ဗျားနဲ့ကျွန်တော်နဲ့ဆုံသေးလို့လား"

"ဪ - လက်စသတ်တော့ ကျွန်တော့်ကိုမမှတ်မိဘဲကိုး . . . ကျွန်တော် စာရေးဆရာလကျော်နရီလေ. . . တေးရေးဆရာကေဇက်ဦးရဲ့သူငယ်ချင်းလေ. . . မှတ်မိပြီမဟုတ်လား"

"ဪ - ဟုတ်သားပဲ. . . မှတ်မိပြီ မှတ်မိပြီ"

"အဟဲ - ဒါဆို ဒီမှာ တောင်းထားတဲ့စာမူလေး"

"ဪ - စာမူတောင်းမိသေးတယ်လား"

"အင်းလေ - မြန်လေကောင်းလေလို့ပြောပြီးတော့"

"ကောင်းပြီလေ. . . ဒါဆိုလည်း ဟိုအယ်ဒီတာဆီသာ ပေးထားခဲ့လိုက်. . . စာမူက သူပဲကိုင်တာ. . . သူတင်ပြရင် ကျွန်တော်ဖတ်ကြည့်ပြီး အဆင်ပြေရင်သုံးပေးလိုက်မယ်လေ"

"ဟင်"

စောစောကမမှတ်မိလို့ ထားပါတော့။ ယခုမှတ်မိသွားသည့်အတွက် အဆင်ပြေသွားပြီမှတ်တာ။ အယ်ဒီတာချုပ်အောင်စိုးသူစကားက မှတ်မိသွားလည်း ဒီစကား၊ မမှတ်မိလည်း ဒီစကားပဲဖြစ်လေသည်။

နရီ တစ်ခုခုဆက်ပြောရန်ပြစဥ်မှာပင် အယ်ဒီတာချုပ်အောင်စိုးသူက အိတ်ကပ်ထဲမှဟန်းဖုန်းကိုထုတ်ပြီး အလုပ်များပြနေသဖြင့် နရီလည်းအလိုက်တသိဖြင့် နေရာမှထရလေသည်။

စာမူကိုလည်း အယ်ဒီတာထံပေးမနေတော့ဘဲ ကိုယ့်လွယ်အိတ်ထဲကိုယ် အသာပြန်ထည့်ကာ တံခါးပေါက်ဆီလျှောက်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခိုက်မှာပင် ဆယ်နှစ်ဝန်းကျင် ကလေးမလေးတစ်ဦး ဂျာနယ်တိုက်ထဲဝင်လာသည်ကိုတွေ့ရသည်။

ထိုကလေးမလေးကိုတွေ့သည်နှင့် အသံကျယ်လောင်စွာ ဆူပူပြောပြီးအလုပ်များနေသော အယ်ဒီတာချုပ်အောင်စိုးသူလည်း ချက်ချင်းဖုန်းပိတ်ကာ ပျာပျာသလဲဆီးကြိုတော့သည်။

"ဟာ - ဆရာမ. . . လာ လာ. . ဘယ်ကလှည့်လာတာလဲ"

"ဘယ်ကမှလှည့်လာတာမဟုတ်ဘူး. . . ကျူရှင်သွားရင်းနဲ့ သမ်းကြုံလို့ စာမူလေးတစ်ပုဒ်လာပို့ပေးတာ"

"ဗျာ - စာမူ. . ဟုတ်လား. . . ကျွန်တော့်ဂျာနယ်အတွက် ရေးပေးတာ. . . တကယ်လား"

"ဪ - ဦးအောင်စိုးသူကလဲ. . . ဂျာနယ်တိုက်ပေါ်တောင် ရောက်နေမှတော့ ဒီဂျာနယ်အတွက်စာမူမပေးလို့ ဘယ်ဂျာနယ်သွား ပေးရဦးမှာလဲ. . . ဟွန့်. . . စိတ်ဆိုးအောင်လာမလုပ်နဲ့နော်. . . ဦးလွှမ်းဝေနိုင်တို့ ဦးကျော်သီဟတို့ဂျာနယ်ကို သွားပို့လိုက်မှာ"

"အမလေးလေး - မလုပ်ပါနဲ့ ဆရာမရယ်. . . ဆရာမစာမူ လေး ကျွန်တော့်ဂျာနယ်မှာဖော်ပြချင်လွန်းအားကြီးလို့ လူကိုယ်တိုင် ရော၊ လူကြုံနဲ့ရော အလီလီအခါခါတောင်းထားတာ ဘယ်နှနှစ်ရှိနေ ပြီလဲ"

နရီလည်း တံခါးပေါက်ဝရောက်ပြီးခါမှ အယ်ဒီတာချုပ် အောင်စိုးသူ ပျာပျာသလဲဆီးကြိုပြီး စာမူတွင်တွင်တောင်းရလေသော ကလေးမမှာ မည်သူပါလိမ့်ဆိုပြီး သိချင်စိတ်ပေါက်သွားရသည်။

ထို့ကြောင့် တံခါးအနီးရှိဝန်ထမ်းတစ်ဦးအား စုံစမ်းမေးမြန်း ရသည်။

"တဆိတ်လောက်ဗျာ. . . အဲဒီကောင်မလေးက ဘယ်သူမို့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့အယ်ဒီတာချုပ် ဒီလောက်ပျာပျာသလဲဖြစ်နေရတာလဲ"

"အခုအရမ်းအရမ်းကိုနာမည်ကြီးနေတဲ့ ဘက်ဆဲလား စာရေးဆရာမပိုးတုံးလုံးလေဗျာ"

"ဘုရားရေ. . . ဒီပုစိညောက်တောက်လေးက ဘက်ဆဲလား စာရေးဆရာမပိုးတုံးလုံး"

"အေးလေ - ဒါတောင်ခင်ဗျားမသိဘူးလား အံ့ပါရဲ့"

နရီ ဘာပြန်ပြောရမှန်းမသိဘဲ ပါးစပ်အဟောင်းသား မျက်လုံးအကြောင်သားဖြင့် ဘက်ဆဲလားစာရေးဆရာမဆိုသော စူပါရမီရှင်လေးအားငေးကြည့်မိ၏။

ပြီးမှ ဟာစ်ဟော့သီချင်းတစ်ပုဒ်ဖြစ်သော "ကောင်းပါတယ် xxx ကောင်းပါတယ်"ဆိုပြီးသာ အော်ဟစ်ဆိုလိုက်ချင်တော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၁၄

"ဘယ်လိုလဲ အာစရိ. . . မျက်နှာမသာမယာနဲ့ ဘာတွေများ အလိုမကျဖြစ်နေလို့လဲ"

နရီ စာရေးစားပွဲတွင်ထိုင်ရင်း စာမရေးနိုင်ဘဲ အမြင်မတော်သည်များ၊ ခံရခက်သည်များကို ပြန်လည်မြင်ယောင်တွေးတောခံစားပြီး မျက်နှာကြီးအုံ့မှိုင်းမှိုင်းဖြစ်နေရသည်။

ဤသည်ကိုရိပ်မိဟန်တူသော ညီဝမ်းကွဲတော်သလို တပည့်ကျော်တစ်ဦးလည်းဖြစ်သော အရှည်ကြီးက အနားမှာလာထိုင်မိရုံရှိသေး၊ စကားက ခေါ်လေသည်။

နရီခေါင်းခါပြလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွာ. . . ဒီလိုပါပဲ"

"ဒီလိုပါပဲတော့မကပါဘူး အာစရိရာ. . . ကြည့်ရတာ စာအုပ်ကိုလည်း ပြီးအောင်ရေးချင်ပြီ. . . မုဒကလည်းမလာဆိုတော့ ခက်. . . အဲသလိုဖြစ်နေတယ်မဟုတ်လား"

"အေး - မင်းပြောသလိုပဲဆိုပါတော့ကွာ"

"ဒါဆိုလည်းအာစရိရယ်. . . ပင်ပန်းခံမနေနဲ့. . . စာရေးတယ်ဆိုတာ ဦးနှောက်ကြည်လင်မှကောင်းတာ. . . ဒါကြောင့် မိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြေလက်ပျောက် အာရုံလည်းအညောင်းပြေ၊ မျက်စိလည်းအညော
ပြေအောင် လက်ဖက်ရည်ဆိုင်မှာ မျက်စိစားပွဲသွားထိုင်ရအောင်"

အရှည်ကြီးပြောသည့်စကား မဆိုးဘူးဆိုသောအတွေး
နရီလည်းခေါင်းညိတ်ပြလိုက်ပြီး နေရာမှထလေသည်။

အရှည်ကြီးနှင့်အတူ နရီအိမ်ရှေ့ခြံပြင်သို့ရောက်မည်ကြံ
ရှိသေး

"အာစရိ - ဟိုမှာ အာစရိပရိသတ်"

ဆိုသော အရှည်ကြီးအသံကြောင့် နရီလှမ်းကြည့်ရာ သူ
ထံသို့ဦးတည်လာနေသော မေသံစဉ်ကိုတွေ့ရလေသည်။

"ကျိန်းသေတယ်. . . ဒါ အာစရိဆီလာတာပဲဖြစ်ရမယ်"

ဆိုသော အရှည်ကြီး၏တွက်ဆမှုက သေွးထွက်အောင်
လွန်းအားကြီးနေသည်။

နရီ မမြင်ချင်ယောင်ဆောင်ပြီး လမ်းလွဲသွားမည်ကြံသေ
လည်း အထမမြောက်။

မေသံစဉ်ကအသံပေးပြီး အနားသို့အလွန်လျှင်မြန်စွာရော
ရှိလာသည်။

"ဆရာ - ခဏနေပါဦး"

နရီလည်း မေသံစဉ်ကလှမ်းခေါ်သဖြင့် ခြေလှမ်းတုန့်ခနဲ
ပြီး စောင်းငဲ့ကြည့်ရသည်။ မနေ့က ... တ်တိုက်နေသည့်
ဝင်နှော့င့်ယှက်ရကောင်းလားဆိုပြီး ပြဿနာရှာဦးမည်လားမသိ။

နရီ ထိုသို့အဆိုးဘက်ကတွေးသော်လည်း အရှည်ကြီး၏

"ဟာ - သေချာတယ် အာစရိရေ. . . သူ့လက်ထဲမှာ အာ
ဝတ္ထုကိုင်ထားတယ်. . . ဘယ်လောက်ကြိုက်ကြောင်း ဘာကြော
ပြောပြီး အိုစီကလီလာရိုက်တာပဲဖြစ်ရမယ်"

ဆိုသောစကားကြောင့် မေသံစဉ်၏လက်ထဲသို့ ဖျတ်ခနဲလှ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

အရှည်ကြီးပြောသည့်အတိုင်းဖြစ်နေသည့်အတွက် ပျော်နှင့်အားတက်သလိုဖြစ်သွားရသည်။ သို့သော်

"ရော့ - ဒီမှာ. . . ရသရိပ်ကငှားလာတဲ့ စာရေးဆရာရဲ့စာအုပ်လာပြန်ပေးတာ"

ဟူ၍ ခရီးရောက်မဆိုက်ပြောဆိုပြီး လက်ထဲရှိစာအုပ်ကိုထမ်းပေးလေရာ နရီလည်းကြောင်သွားရသည်။

"ဟင် - မဟုတ်သေးဘူးလေ. . . ရသရိပ်ကငှားလာရင်ရသရိပ်ကိုပဲပြန်ပို့ရမှာလေ. . . ကျွန်တော့်ကိုပြန်ပေးရမှာမှမဟုတ်တာ"

"သိပါတယ်. . . ဒါပေမဲ့ ရသရိပ်ကိုသွားပြန်ပို့လည်း ထူးတာမှမဟုတ်တာ"

"ဘယ်လိုမထူးတာလဲ"

"ဒီလိုလေ. . . စာရေးဆရာရဲ့ဒီစာအုပ်ကို အဲဒီဆိုင်မှာအုန်မကလွဲရင် တခြားငှားဖတ်တဲ့သူရှိမှမရှိတာ. . . ဒါကြောင့် ဆိုင်သွားပို့လည်း အလကားပဲဥစ္စာ"

"ဗျာ"

အရှိုက်တည့်တည့်ကိုဖရီးကစ်ထည့်လိုက်သော မေသံစဉ့်စကားကြောင့် နရီဘာမှပြန်မပြောနိုင်ဘဲဖြစ်သွားရသည်။

မေသံစဉ်ကတော့ ပြောချင်တာပြောပြီးနောက် နရီ့လက်ထဲစာအုပ်ထိုးထည့်ပေးခဲ့ကာ အောင်ပွဲရစစ်သူကြီးတစ်ယောက်လိုမြှောက်ကြွမြှောက်ကြွဖြင့် ထွက်ခွာသွားလေသည်။

စာအုပ်လေးလက်မှာကိုင်ပြီး ငိုင်တွေတွေဖြင့်ကျန်ရစ်ခဲ့သူနရီမှာတော့ မခံချင်စိတ်ဖြင့်ဒေါသထွက်ပြီးပဲ ပေါက်ကွဲရမလိုလို၊ ခေါင်းဆောင့်ပြီးပဲ ထိုင်ငိုရမလိုလိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘဝရန်ငြိုးနဲ့များ ဒီလောက်တောင်အားပေးနေရ
လိမ့်. . . တွေ့မယ်. . . ခုရေးမယ့်ဝတ္ထုမှာ ဒင်းလေး အကြီးကြီးခံစား
ရစေရမယ်"

ဟု အသံတိတ်ပြောမိရင်း ဝတ္ထုထဲတွင် မေသံစဉ်၏ဇာတ်
ကို ဖတ်သူတိုင်းအော့နှလုံးနာစေဖို့ ထုံးစံအတိုင်းဇာတ်ရုပ် နေရာ
နေမိတော့သည်။

"ဟုတ်ပြီ. . . မေသံစဉ်ဆိုတဲ့မိန်းမလည်လေးက သက်ကြ
အို ငထောကြီးတွေကို အချူဇယားခင်းနေတဲ့ ကပ်ခွာမလေးအဖြ
ဇာတ်ကောင်ကိုဖန်တီးပေးရမယ်. . . အဲသလိုကျင်လည်လှုပ်ရှား
ရင်းက လည်လွန်းတဲ့ဘီး ချေးသင့်ဆိုသလိုမျိုး. . . လူပါး ပုလင်းကွဲ
ဆိုသလိုမျိုး. . . မုဆိုးက သားကောင်ဖြစ်ဆိုသလိုမျိုး ဒုက္ခနှင့်လှ
တွေ့ပြီး ကူကယ်ရာမဲ့ စာနာသနားသူမဲ့တဲ့ဘဝမှာ အော့နှလုံးနာစေ
ရေတိမ်နစ်ရလေတဲ့အကြောင်းကို အပီရေးပစ်မယ်. . . ဟား ဟာ
ဟား. . . မှတ်ထား. . . အဲဒါ ငါပဲ. . . စော်ကားနှိမ့်ချ လှောင်ပြော
တာကို လည်စဉ်းမခံတတ်တဲ့ လက်ျာနရီဆိုတဲ့စာရေးဆရာပဲ မှတ်ထား
. . . ဟား ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com

# ၁၅

သည်ကနေ့ ဇာတ်ညွှန်းရေးဆရာပြင်စလူငါးဇင်ရိုင်းက ကန်တော်ကြီးတွင် ရိုက်ကွင်းရှိသည်။ ထွက်ပြီးစာအုပ်များရော၊ မထွက်ရသေးသည့်စာအုပ်များပါ ယူလာခဲ့ပါ။

ရုပ်ရှင်ဗီဒီယိုကားများရိုက်ကူးရန်အတွက် ဇာတ်လမ်းကောင်းများရှာနေသည်။ ကြိုက်လျှင်ဝယ်ပြီးရိုက်မည်ဆို၍ နရီလည်း ထွက်ထားပြီးလုံးချင်းနှစ်အုပ်နှင့် မထွက်ရသေးသောလုံးချင်းသုံးအုပ်တို့ကို ယူပြီး ပြင်စလူငါးဇင်ရိုင်း၏ရိုက်ကွင်းရှိရာ ကန်တော်ကြီးသို့ တမည့်ကျော် အရှည်ကြီးကိုအဖော်ပြုပြီးလာခဲ့ရသည်။

တကယ်တော့ ပြင်စလူငါးဇင်ရိုင်းနှင့်နရီနှင့်သိတာလည်း သိပ်ကြာသေးသည်မဟုတ်။ သူငယ်ချင်းကေဇက်ဦးကမိတ်ဆက်ပေးပြီး သူ့ဝတ္ထုများကောင်းကြောင်း ညွှန်းပေးမှုကြောင့် ပြင်စလူငါးဇင်ရိုင်းလည်းစိတ်ဝင်စားသွားပြီး ယခုကဲ့သို့စိတ်လိုလက်ရဖိတ်ခေါ်ခြင်းဖြစ်သည်။

နရီ ကန်တော်ကြီးရိုက်ကွင်းတည်ရာသို့ရောက်သည့်အခါ လူတွေလှုပ်လှုပ်ရွရွဖြင့် အလုပ်ရှုပ်နေကြသည်ကိုတွေ့ရသည်။

"ရှုတင်ရှိတယ်. . . ရှုတင်ရှိတယ်နဲ့ ပြောသံသာကြားဖူးတာ



www.burmeseclassic.com

www.burmeseclassic.com



. . . အခုမှ အာစရိကောင်းမှုနဲ့ အဲဒီရှုတင်ကို အရှင်လတ်လတ် ရောက်ဖူးတော့တယ် . . . ပြီးရင် ဒါရိုက်တာတွေ၊ မင်းသားမင်းသမီး တွေဆိုတာကိုလည်း အနီးကပ်တွေ့ပြီး စကားတွေဘာတွေပြောရဦး မယ်ဆိုတော့ နည်းတဲ့အခွင့်အရေးလား . . . အင်း - ဒါလည်း အာစရိ ကောင်းမှုပဲ . . . ဟုတ်တယ်မဟုတ်လား အာစရိ"

နရီ ပြင်စလူငါးဇင်ရိုင်းကို မျက်လုံးဝေ့ရှာဖွေနေစဉ် ပြောလိုက်သော အရှည်ကြီး၏စကားကြောင့် ဘဝင်မြင့်ချင်သလိုဖြစ် သွားရသည်။ တကယ်တော့ နရီကိုယ်တိုင်လည်း မင်းသား၊ မင်းသမီး၊ ဒါရိုက်တာတို့ရှိနေသည့် ရိုက်ကွင်းဆိုတာကြီးကို ယခုမှယောင်တောင် ပေါင်တောင်ရောက်ဖူးခြင်းဖြစ်သည်။

သို့သော် သည်လိုနေရာတွေကို မကြာခဏရောက်ဖူးပြီး သည်လိုလူတွေနှင့် အမြဲလိုထိတွေ့ဆက်ဆံနေရသည့် နိုင်ငံကျော် စာရေးဆရာတစ်ယောက်၏စတိုင်မျိုးဖမ်းလျှက် ဘာမှမဆန်းပြားသလို မိန့်မိန့်ကြီးသာခေါင်းညိတ်ပြလိုက်သည်။

အရှည်ကြီးက မြင်မြင်သမျှကို အထူးအဆန်းလိုက်ကြည့်နေ သလို နရီကလည်း ပြင်စလူငါးဇင်ရိုင်းကိုအသည်းအသန်ရှာဖွေနေမိ သည်။

သိပ်မရှာလိုက်ရ။ လူအများကြားတွင် အရပ်ကလန်ကလား နှင့် ဇာတ်ညွှန်းရေးဆရာပြင်စလူငါးဇင်ရိုင်းကို ထီးထီးကြီးတွေ့လိုက်ရ သည်။

ထို့ကြောင့် အပြေးတစ်ပိုင်းလျှောက်လှမ်းသွားပြီး ပြင်စလူ ငါးဇင်ရိုင်းလက်ကိုဖမ်းဆွဲရသည်။

"ကိုပြင်စလူငါးဇင်ရိုင်း"

"ဟေ . . . ဩော် - မောင်ရင်ရောက်လာပြီလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စာအုပ်တွေရော ပါတယ်မဟုတ်လား"

"ပါပါတယ်. . . ဒီမှာ"

နရီလည်း ပြင်စလူငါးဇင်ရိုင်းက မှတ်မှတ်ရရပြောသဖြင့် ဝမ်းသာအားတက်သွားလျှက် စာအုပ်များထည့်ထားသောလက်ဆွဲအိတ်ကို ကမ်းပေးလိုက်သည်။

ပြင်စလူငါးဇင်ရိုင်းလည်း နရီ့လက်ထဲမှလက်ဆွဲအိတ်ကို ယူပြီးနောက် အနီးရှိတပည့်ကျော်တစ်ဦးထံသို့ ဆက်ကမ်းပေးလိုက်သည်။

"ရော့ - ဒါ ခဏသိမ်းထားလိုက်ဦး. . . အိမ်ရောက်မှ ဖတ်ကြည့်ရမယ်"

"ဟုတ်ကဲ့ ဆရာ"

ပြင်စလူငါးဇင်ရိုင်းလည်း ဒါရိုက်တာလှမ်းခေါ်သဖြင့် သွားမည်ပြုပြီးမှ နရီတို့ကိုသတိရသွားလျှက်

"ဩ် - ဒါနဲ့ အေးဆေးပဲမဟုတ်လား. . . ဒီဆိုင်မှာ ထိုင်ဦးလေ. . . ပြီးမှ အေးဆေးစကားပြောကြတာပေါ့"

ဟု လောလောလောလောပြောပြီး နေရာမှလောလောလော လောထွက်သွားလေသည်။

နရီလည်း ကြောင်တောင်တောင်ဖြင့် ဘယ်သွားလို့ဘယ်လာရမှန်းမသိဖြစ်ကျန်ခဲ့စဉ် ပြင်စလူငါးဇင်ရိုင်း၏တပည့်က

"လာ - အစ်ကို. . . ဟိုမှာသွားထိုင်ရအောင်. . . အစ်ကိုတို့ စာနယ်ဇင်းကလူတွေလည်း သတင်းယူဖို့ရောက်နေကြတယ်"

ဟူ၍ ပြောပြောဆိုဆိုဖြင့် ရှေ့မှဦးဆောင်ထွက်ခွာလေရာ နရီလည်းခေါင်းညိတ်ပြပြီး နောက်မှလိုက်ရလေသည်။

ဆိုင်ထဲရောက်၍ နေရာမှာထိုင်မိသည်နှင့် ပြင်စလူငါးဇင်ရိုင်း၏တပည့်က ဆိုင်ထဲကြိုရောက်နှင့်နေသော ဂျာနယ်သမားဖြစ်ဟန်



www.burmeseclassic.com

www.burmeseclassic.com



တူသူတစ်ဦးနှင့်မိတ်ဆက်ပေးသည်။

"ကိုစိုးလေး - ဒါ ဆရာလက်ျာနရီလေ"

"ဟာ - လက်ျာနရီ ဟုတ်လား. . . အတော်ပဲဗျာ ခင်ဗျားနဲ့ တွေ့ချင်နေတာနဲ့"

လက်ျာနရီဆိုသောအသံကြားသည်နှင့် လှိုက်လှဲဝမ်းသာစွာ လက်ဆွဲနှုတ်ဆက်သော ကိုစိုးလေးဆိုသူကိုကြည့်ပြီး နရီလည်း ကြောင်တောင်တောင်ဖြင့် လက်ဆွဲပြန်နှုတ်ဆက်ရသည်။

တစ်ဖက်မှလည်း လက်ျာနရီဆိုသည့် သူ့ကလောင်နာမည်ကို သိတဲ့လူတွေရှိနေပါလားဆိုသောအတွေးဖြင့် ကျေနပ်သွားရသည်။

သူကဲ့သို့ပင် သူ၏တပည့်ကျော်အရှည်ကြီးကလည်း 'အံမယ် - ဒီလိုကျတော့လည်း ငါ့ဆရာက တယ်ဟုတ်ပါလား'ဆိုသောအကြည့်ဖြင့် အထင်တကြီးလှမ်းကြည့်၏။

နရီတို့ နေရာမှာထိုင်မိသည်နှင့် ကိုစိုးလေးက စကားကိုမနားတမ်းပြောလေသည်။

"ကျွန်တော်က အခုထွက်တဲ့ဂျာနယ်အသစ်တစ်စောင်မှာ သတင်းကဏ္ဍကိုကိုင်တွယ်နေတာဗျ. . . ကျွန်တော့်ဂျာနယ်ကို ဘယ်ဂျာနယ်နဲ့မှမတူဘဲ အသွင်သစ်အမြင်သစ်နဲ့ ပရိသတ်အတွက်အသစ်ဖြစ်အောင်လို့ လုပ်ထားတာဗျ"

"ဟုတ်ကဲ့ - ကောင်းတာပေါ့"

"ပြီးတော့ ကျွန်တော်က စာမျက်နှာဖောင်ပြည့်ရင်ပြီးရောဆိုပြီး တွေ့ရာစာမူဆွဲထည့်တာမျိုးမလုပ်ဘဲ တစ်ပုဒ်ဆို ဆိုသလောက်တာသွားအောင်ရေးတတ်တဲ့ နာမည်ကျော်ကလောင်ရှင်တွေရဲ့စာမူနဲ့ သတင်းတွေကိုသာ ဖောင်းပေးထည့်တာ"

"ဟုတ်ကဲ့ - ကောင်းပါတယ်"

"ဒါကြောင့်လည်း နာမည်ကျော်ကလောင်ရှင်တွေရဲ့စာမူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အပင်ပန်းခံပြီးလိုက်စုနေရတာပေါ့ဗျာ. . . လက်ျာနရီဆိုတဲ့ ခင်ဗျားကိုလည်း စာမူတောင်းဖို့ဆက်သွယ်နေတာ ဂျာနယ်စမထွက်ခင်ကတည်းကပဲ. . . တိုက်တိုက်ဆိုင်ဆိုင်ဗျာ. . . ခုမှ လာဆုံရတယ်လို့ . . . ဂျာနယ်ကတော့ နှစ်စောင်ထွက်ပြီးသွားပြီဗျ. . . ဒါပေမဲ့ နောက်တစ်ပတ်ထွက်မယ့်ဂျာနယ်ကစပြီး ခင်ဗျားစာမူကို အပတ်စဉ်ထည့်သွားချင်တယ်ဗျာ"

နရီလည်း သူ၏လိုလိုလားလားဖိတ်ခေါ်နေရာပေးမှုကို ဝမ်းသာပီတိဖြစ်ရလေသည်။

သို့သော်

"ဒီလိုလုပ်ဗျာ. . . အပတ်စဉ်ရေးပေးဖို့ကျတော့ တာဝန်ကြီးတယ်ဗျ. . . ဒီတော့ဖြစ်နိုင်ရင် အပတ်စဉ်မဟုတ်ပေမယ့် ခပ်စိပ်စိပ်လေးကြိုးစားရေးပေးပါ့မယ်"

ဟူ၍ ငမ်းငမ်းတက်ရေးချင်ဟန်မူရာကိုမပြဘဲ ဣန္ဒြေရရတုံ့ပြန်ပြောဆိုလိုက်သည်။

ဤမျှကိုပင် အနီအယ်ဒီတာက ဝမ်းသာအယ်လဲဖြစ်သွားသည်ကို သူ့မျက်နှာတွင်အတိုင်းသားတွေ့နေရ၏။

"ဟာ - ဝမ်းသာလိုက်တာ ကိုလက်ျာနရီရယ်. . . ကိုလက်ျာနရီရဲ့စာမူရေးပေးမယ်ဆိုတာနဲ့တင် ကျွန်တော်လည်း တစ်အားဖြစ်တာပေါ့. . . အပတ်စဉ်မရလည်း ကိစ္စမရှိပါဘူး. . . ရေးပေးဖို့သာ အဓိကပါ. . . ကိုလက်ျာနရီဘာပဲရေးရေး ထူးပြီးသားဆိုတာသိပြီးသားပဲဥစ္စာ"

"ဩော် - ထူးတယ်လို့တော့မဟုတ်ပါဘူး. . . ကျွန်တော်ရေးတတ်သလိုပဲရေးတာပါ. . . ဒီလိုပါပဲ"

"ဘယ်က ဒီလိုပါပဲရမှာလဲ. . . မလျှို့ပါနဲ့ဗျာ. . . ဘယ်ဂျာနယ်အတွက်ပဲဖြစ်ဖြစ် ကိုလက်ျာနရီရေးပေးလိုက်တဲ့အတင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



က ထူးပြီးသားဆိုတာ အားလုံးသိပါတယ်. . . အလွတ်သတင်းထောက်တွေထဲမှာ ကိုလက်ျာနရီလောက် သတင်းလိုက်ကောင်းတဲ့ဆရာ ဘယ်မှာရှိလို့လဲ"

"ဗျာ"

ထိုသူ၏စကားကြောင့် နရီဘာဆက်ပြောလို့ပြောရမှန်းမသိဖြစ်သွားရသည်။

နရီ့အား အထင်ကြီးသောအကြည့်၊ လေးစားသောအကြည့်ဖြင့်ကြည့်နေသော အရှည်ကြီးလည်း မျက်စိပျက်မျက်နှာပျက်ဖြစ်သွားရသလို ဆရာဖြစ်သူအတွက် ဖာထေးစကားဝင်ပြောရလေသည်။

"ဒီမယ်ခင်ဗျ. . . လက်ျာနရီဆိုတာ ဝတ္ထုတွေရေးနေတာပါ"

"ဩော် - ဟုတ်လား. . . ကိုလက်ျာနရီက ဝတ္ထုတွေလည်းရေးသေးတယ်လား. . . ဘယ်ဆိုးလို့လဲ. . . ဒါနဲ့ ဘယ်လိုဝတ္ထုမျိုးတွေရေးတာလဲ"

"အချစ်ဝတ္ထုတွေရေးတာလေ. . . လုံးချင်းတောင် နှစ်အုပ်ထွက်ပြီးသွားပြီ"

"ဟုတ်လား. . . မသိပါဘူးဗျာ. . . ဒါနဲ့ ကိုလက်ျာနရီကကျွန်တော့်ဂျာနယ်အတွက် အချစ်ဝတ္ထုရေးပေးချင်လို့လား. . . ဒါဆိုရင်တော့ ဆောရီးဗျာ. . . ကျွန်တော့်ဂျာနယ်က သတင်းခေတ်ကြီးထဲမှာ ရှင်သန်နေတဲ့ပြယုဂ်အဖြစ် ဖန်တီးမှာဖြစ်တဲ့အတွက် အဲသလိုစိတ်ကူးယဉ်ဝတ္ထုတွေအတွက် နေရာမပေးနိုင်ဘူး. . . ဟော - ပြောနေဆိုနေရင်းနဲ့ မင်းသားလာနေပြီထင်တယ်. . . ဗျူးဖို့ သွားလိုက်ဦးမယ်"

ပြောချင်ရာပြောပြီး နေရာမှထသွားသော ကိုစိုးလေးကိုကြည့်ပြီး နရီတစ်ယောက် ငုတ်တုတ်မေ့သွားရလေသည်။

မိနစ်ပိုင်းပင်မခံသော ကိုယ့်ကိုယ်ကိုယ်အထင်ကြီးမှုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူပစ်သလို တဟုန်ထိုးထိုးကျသွားရသည်။

"ကြည့်ရတာ ဘယ်သတင်းထောက်နဲ့မှားပြီး လာပြောနေလဲ မသိဘူး"

ဆိုသော အရှည်ကြီး၏မှတ်ချက်ပြုသံကိုကြားသော်လည်း ပြန်ပြောရန်အင်အားတို့က ကင်းမဲ့နေသည်။

ထိုအခိုက်မှာပင် ပြင်စလူငါးဇင်ရိုင်း အနားသို့ပျာပျာပျာပျာ ရောက်လာပြီး လူငယ်တစ်ဦးနှင့်မိတ်ဆက်ပေး၏။

"ကိုလက်ျာနရီ - သူ့နာမည်က ချစ်သဲတဲ့. . . စာပေဝါသနာရှင် စာရေးဆရာပေါက်စဆိုပါတော့ဗျာ. . .

ချစ်သဲ - သူကတော့ ကိုလက်ျာနရီတဲ့. . . သူ့စာအုပ်တွေ ထုတ်ထားတာတောင် ဘယ်နှအုပ်ရှိပြီလဲမသိဘူး"

"ဟုတ်လား. . . ခုလိုတွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"ဟုတ်ကဲ့ - ကျွန်တော်ကလည်း တွေ့ရတာဝမ်းသာပါတယ်"

လက်ျာနရီနှင့်ချစ်သဲတို့ အပြန်အလှန်လက်ဆွဲနှုတ်ဆက်နေစဉ်မှာပင် ပြင်စလူငါးဇင်ရိုင်းကလက်ကာပြပြီး နေရာမှသုတ်သုတ် သုတ်သုတ်ဖြင့် ထွက်ခွာသွားပြန်သည်။

နရီ ပြင်စလူငါးဇင်ရိုင်းကိုလိုက်ကြည့်စဉ်မှာပင် ချစ်သဲဆိုသူက စကားဆက်လာ၏။

"ကျွန်တော် ကိုလက်ျာနရီကိုကြားဖူးနေတာကြာပြီ. . . ခုမှပဲ လူချင်းတွေ့ရတော့တယ်"

"ဟုတ်ကဲ့"

"ကျွန်တော်လည်း စာတွေကဗျာတွေဝါသနာပါတယ်. . . ရေးထားတာလည်းအများကြီးရှိတယ် သိလား"

"ဟုတ်လား. . . ကောင်းတာပေါ့"

"အဲဒါ ကျွန်တော့်ကဗျာတွေ၊ ဝတ္ထုတွေကို အစ်ကို့မသြင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထည့်ပေးပါလား"

"ဗျာ"

ချစ်သဲ၏စကားကြောင့် နရီ ဗျာတမိပြန်သည်။

အရှည်ကြီးလည်း 'လာပြန်ပဟဲ့. . နောက်တစ်ယောက်'ဆိုသောအကြည့်ဖြင့်ကြည့်ရင်း

"ကိုလက်ျာနရီက သူများကဗျာတွေ၊ ဝတ္ထုတွေကို မဂ္ဂဇင်းထဲ ထည့်ပေးရအောင် မဂ္ဂဇင်းဂျာနယ်အယ်ဒီတာမှမဟုတ်ဘဲ"

ဟု ဝင်သတိပေးထိန်းကျောင်း၏။

ချစ်သဲက အရှည်ကြီးကိုမှုန်ကုတ်ကုတ်တစ်ချက်ကြည့်လိုက်ပြီး

"ကျွန်တော်သိပါတယ်. . . စာအုပ်ထုတ်ဝေရေးလုပ်နေတယ်ဆိုတာ"

ဟု အပိုင်ကြီးဆိုလိုက်သေး၏။

နရီဘာမှပြောခွင့်မသာခင်မှာပင် ထိုပုဂ္ဂိုလ်လေးကဆက်ပြော၏။

"ကိုပြင်စလူကပြောပါတယ်. . . အစ်ကိုက စာပေကိုဘယ်လောက်တောင်ဝါသနာပါတယ်ဆိုတာလေ. . . ဒါနဲ့များအစ်ကိုရာ . . . ဘာဖြစ်လို့ သူများရေးတဲ့စာအုပ်တွေပဲ ထုတ်တဲ့ထုတ်ဝေသူသက်သက်လုပ်နေမှာလဲ. . ကိုယ်တိုင် ကဗျာတွေဝတ္ထုတွေရေးကြည့်ပါလား"

"ယင်"

"ဟုတ်တယ် - ကျွန်တော်မြှောက်ပြောတာမဟုတ်ဘူး. . . တကယ်ပြောနေတာ. . . ကျွန်တော်ပြောတာမယုံရင် ကိုလက်ျာနရီ ချရေးကြည့်လိုက်စမ်းပါ. . . မဖြစ်မရှိစေရဘူး. . . လိုအပ်တာရှိရင် ကျွန်တော်လည်း ဝိုင်းဝန်းကူညီအကြံပေးလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြင်စလူငါးဇင်ရိုင်းက ပြီးပြီးရော စာအုပ်တွေထုတ်နေတာဟု အလွယ်တကူပြောသွားသည်ကို ချစ်သဲဆိုသူက အဓိပ္ပာယ်တစ်မျိုး ကောက်လွဲပြီး ထင်ရာမြင်ရာပြောနေသည့်အတွက် နရီလည်း မည်သို့ ချေရမှန်းမသိဖြစ်နေသည်။

ထို့ကြောင့် ထုံ့စံအတိုင်းမနေသာသူအရှည်ကြီးက ဝင်ပြော ချပြန်သည်။

"ဩော် - ကိုချစ်သဲကလဲဗျာ. . . လက်ျာနရီဆိုတာ သူများ ရေးတဲ့စာအုပ်တွေကို ထုတ်ပေးနေတဲ့ထုတ်ဝေသူမဟုတ်ဘူးဗျ. . . ကိုယ်တိုင်စာရေးပြီး လုံးချင်းဝတ္ထုထုတ်ထားတာပဲ နှစ်အုပ်ရှိနေပြီ . . . နောက်ထွက်ဖို့လည်း တန်းစီထားတာအများကြီးပဲ"

"ဟင် - ဟုတ်လား. . . လက်ျာနရီဆိုတာ လုံးချင်းဝတ္ထုရေး တဲ့စာရေးဆရာနာမည်လား. . . ဆောရီးနော် အစ်ကို. . . ကျွန်တော် တစ်ခါမှမကြားဖူးလို့. . . ဟိုလေ - ကျွန်တော်တို့ရပ်ကွက်ထဲက စာအုပ်အငှားဆိုင်မှာလည်း တင်တာမတွေ့မိဘူး. . . နောက်ပြီး ကျွန်တော်ကိုယ်တိုင်ကလည်း တွေ့ကရာစာအုပ်မဖတ်ဘူး အစ်ကိုရ . . . စာအုပ်ကောင်းတွေပဲ ရွေးဖတ်တာ"

"အန်"

အရိုးခံနှင့်ပြောသည်လား၊ တမင်နှိပ်ကွပ်ပြောဆိုလိုက်သည် လားမသိရသော ချစ်သဲဆိုသူ၏စကားကြောင့် နရီရော၊ အရှည်ကြီး ပါ တစ်ယောက်ကိုတစ်ယောက် မျက်တောင်လေးပုတ်ခတ်ပုတ်ခတ် လုပ်ကာ ကြည့်မိကြသည်။

အရှည်ကြီး၏မျက်နှာပေါ်တွင် ဒေါသရိပ်တွေလွှမ်းလာသလို နရီကိုယ်တိုင်လည်း ဒီအရိပ်သုံးပါးနားမလည်သောငတိကို တစ်ခုခု ပြန်ပြောဆိုမှသင့်တော့မည်ဟု ထင်မိချေ၏။

လည်ချောင်းတစ်ချက်ရှင်းပြီး ပြောရန်ပြင်လိုက်စဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးငြိမ်ပါ ရိုက်မယ်. . . ဝမ်း တူး သရီး ဖိုး အက်ရှင်"

ဆိုသော အသံခဲ့စက်မှထွက်ပေါ်လာသောအသံကြောင့် ဘာမှမပြောနိုင်တော့ဘဲ အသံလာရာဆီလှည့်ကြည့်မိ၏။

ကန့်စပ်တွင် မင်းသားနှင့်အတူရပ်ပြီး ချစ်စကားဆိုခန်းရိုက် နေသော မင်းသမီးဖြစ်သူကိုသတိထားမိပြီး နရီအံ့ဩသွားရသည်။

ဟုတ်သည်။

မင်းသမီးဖြစ်သူက အခြားမဟုတ်။ နရီ့အား နည်းမျိုးစုံဖြင့် နှိပ်ကွပ်လှောင်ပြောင်နေသည့် မေသံစဉ်ဖြစ်နေသည်တကား။

"ဟင် - သူပါလား"

မေသံစဉ်၏သရုပ်ဆောင်မှုကိုကြည့်ပြီး နရီလည်း တစ်နေရာ ရာမှာ သေသေချာချာမြင်ဖူးပါသည်ဟု ထင်မိပြန်သည်။

"ဘယ်မှာမြင်ဖူးပါလိမ့်. . . ဘယ်မှာမြင်ဖူးပါလိမ့်. . . ဟုတ် ပါတယ်. . . သူ့ကို ငါတစ်နေရာမှာ သေသေချာချာမြင်ဖူးပါတယ်"

နရီ မျက်မှောင်ကျုတ်စဉ်းစားရင်း နေရာမှထကာ ရိုက်ကွင်း တည်ရာအနီးသို့လျှောက်သွားလိုက်၏။

မင်းသားကမင်းသမီးကိုဖက်ရမည့်အခန်းအရောက်မှာတော့ နရီလည်း ခေါင်းထဲမှာတစ်ချက်လင်းသွားလျှက် ဝမ်းသာအား ထအော်မိလေသည်။

"ဟာ - ကား. . ကား. . ကား"

ဟူ၍ နရီဝမ်းခေါင်းသံကြီးနှင့်အော်မိသလို ဒါရိုက်တာလည်း အသံခဲ့စက်နှင့် သံယောင်လိုက်မိလေသည်။

"ရိုက်မယ်. . . ဝမ်း တူး သရီး ကား. . . ကား. . ကားတဲ့"

ဆိုသော ဒါရိုက်တာ၏အသံနှင့်အတူ မင်းသမီးနှင့်မင်းသား လည်း

"ဟင် - နောက်မှာကားတိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို - အမေ့"

"အောင်မလေးဗျ"

"ဗွမ်း"

နရီက ကားဆိုပြီး အလန့်တကြားထအော်သံက ဒါရိုက်တာ ဦးကူးသဖြင့် မေသံစဉ်လည်း ရုတ်တရက်မို့ကြောက်လန့်ပြီး မင်းသား ကိုတွန်းချလိုက်၏ မင်းသားရေထဲသို့ပြုတ်ကျသွားရလေသည်။

"ကား. . . ကားတဲ့ဟေ့. . . တိုက်မိကုန်မယ်. . . ပြေး ပြေး"

မီးထိုးမှန်ထိုးသမားများလည်း သူတို့နောက်မှာ ဘရိတ်ပေါက် သောသည့်ကားရောက်လာသည်ထင်ပြီး လွတ်ရာကျွတ်ရာထွက်ပြေး ကြလေသည်။

သူ့ကြောင့် အားလုံးရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို သတိ ထားမိခါမှ နရီလည်း သူ့ပါးစပ်သူလက်နှင့်အသာအုပ်ပြီး မျက်လုံးလေး ကလယ်ကလယ်ဖြင့် အားလုံးကိုလိုက်ကြည့်နေမိလေသည်။

ကားလာတိုက်မိသည်ထင်ပြီး လွတ်ရာခုန်ရှောင်ထွက်ပြေး ကြသူများလည်း ဘယ်ကားတစ်စီးမှလာတာမတွေ့သဖြင့် ကြောင် တောင်တောင်ဖြစ်သွားကြ၏။

ထို့နောက် ရိုက်ကွင်းပျက်အောင်နှောင့်ယှက်သူ နရီကိုသတိ ထားမိသွားလျှက် ရန်တွေ့ဖို့ကြံနေဆဲမှာပင်

"ကယ်ကြပါဦး. . . ကျွန်တော်ရေမကူးတတ်ဘူး. . . ဖရှူး"

ဟုဆိုသော ရေထဲမှမင်းသားဖြစ်သူ၏အသံကိုကြားရခါမှ အားလုံးပျာသွားလျှက် ရေထဲကိုအလုအယက်ခုန်ဆင်းပြီး မင်းသား ကို အလုအယက်ကယ်တင်ကြလေသည်။

မင်းသားလည်း ကုန်းပေါ်ရောက်သည်နှင့် ဘာမှမပြောတော့ ဘဲ နရီ့ထံပြေးလာလျှက် ဒေါသတကြီးဆွဲထိုးလိုက်တော့သည်။

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

သေရေးရှင်ရေးကြုံခဲ့ရသည်မို့ မင်းသားဒေါ်သအင်အား ဘယ်လောက်ပါသည်မသိ။ နရီတစ်ချက်တည်းနှင့် ဖင်ထိုင်လဲကျသွား ရသည်။

မေသံစဉ်လည်း သူ့အားနှောင့်ယှက်ရကောင်းလားဆိုသော အကြည့်ဖြင့် မီးထတောက်မတတ် စူးစူးရဲရဲကြည့်နေလေ၏။

မင်းသားကိုယ်တိုင်က ထိုးကြိတ်သည်ဆိုမှတော့ ကျန်သူများ လည်း မနေသာဘဲ ဆွမ်းကြီးဝိုင်းလောင်းရန် ဟန်ရေးပြင်ကြလေ၏။

ထို့ကြောင့် ဇာတ်ညွှန်းရေးဆရာပြင်စလူငါးဇင်ရိုင်းလည်း လက်လွန်ခြေလွန်မဖြစ်ရလေအောင် နရီ့ရှေ့မှကာရပ်ပြီး အခြေအနေ အကျိုးအကြောင်းကိုမေးမြန်းရ၏။

"နေ. . နေကြပါဦးကွာ. . . အရမ်းမလုပ်ကြပါနဲ့. . . ဒါ ဘော်ဒါပါ. . . ကဲ - ပြောစမ်းပါဦး. . . ဘယ်လိုဖြစ်ပြီး ဘယ်ကားကို မြင်လို့ ထအော်ရတာလဲ"

"မဟုတ်ဘူး. . . ကျွန်တော် ကားကိုအော်တာမဟုတ်ဘူး"

"ဟုတ်တယ်လေ. . . ခင်ဗျားပါးစပ်က ကား ကားဆိုပြီး အလန့်တကြားထ-အော်လို့ အခုလိုဘရုတ်ဘရက်ဖြစ်ကုန်ရတာပဲဥစ္စာ . . . ခင်ဗျားနဲ့တော့ ခက်ပါတယ်. . . ကဲ - ပြစမ်းပါဦး. . . ခင်ဗျား အော်တဲ့ကား"

"ဟို ဟိုမှာ"

နရီလက်ညှိုးညွှန်ပြရာသို့ကြည့်ပြီး ပြင်စလူငါးဇင်ရိုင်းအပါ အဝင် ရိုက်ကွင်းရှိလူအားလုံးနှင့်တကွ လက်ညှိုးထိုးခံရသူ မေသံစဉ် ကိုယ်တိုင် တအံ့တဩဖြစ်သွားရသည်။

"ဟင် - အဲဒါ ကားမှမဟုတ်တာ. . . အဲဒါ မင်းသမီးလေ"

"ဟုတ်တယ်. . . သူ့ကိုပြောတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရော် - ခက်နေပြီ. . . သူက လူ. . . ကားမှမဟုတ်တာ . . . အဲဒါနဲ့ ခင်ဗျားအော်တာနဲ့ ဘာဆိုင်လို့လဲ"

ရေရေရာရာမရှင်းပြလျှင် အခြေအနေပိုမိုရှုပ်ထွေးဆိုသည်ကို ရိပ်မိလျှက် နရီလည်း နေရာမှထရပ်ပြီး ရေလည်အောင်ရှင်းပြရသည်။

"ဒီလိုဗျ. . . ကျွန်တော်က သူ့ကိုတစ်နေရာမှာ သေသေချာချာမြင်ဖူးသလိုလိုရှိတယ်ဆိုပြီး စဉ်းစားနေတာကြာပြီ. . . အခုမှ အတ်ခနဲပေါ်လာလို့ ဝမ်းသာအားရထအော်မိတာ"

"အဲဒါနဲ့ ကားနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်ပါသကောလားဗျာ. . . ကျွန်တော် တောင်ကြီးကနေ နန်းကုန်ကိုဆင်းလာတော့ ကားပေါ်မှာအိပ်ပျော်မယ်ကြံရုံရှိသေး. . . ဒီမင်းသမီးက သူ့အဘေးကလူကို ဘာမပြောညာမပြောနဲ့တွန်းချလိုက်လို့ ကားပေါ်မှာရှိတဲ့လူအားလုံး လန့်နိုးကုန်ပါရောလား"

"ဟင် - သူက ဘာဖြစ်လို့တွန်းချရတာလဲ"

"အိပ်မက်ထဲမှာ ဂျပန်မှာသူ့ရုပ်ရှင်ဇာတ်ကားရုံတင်လို့ ပရိုမိုးရှင်းလုပ်ပြီးပြန်အလာ ဂျာနယ်လစ်တွေက လေဆိပ်မှာအတင်းဝိုင်းပြီးဗျူးကြလို့ဆိုလား. . . စိတ်ဆိုးပြီးတွန်းထုတ်လိုက်တာတဲ့လေ"

"ဟေ - ဟုတ်လား. . . ဝါး ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

နရီ၏စကားကြောင့် အားလုံးလည်း ငိုအားထက်ရယ်အားသန်ဖြစ်ကာ နရီ့အပေါ်ဖြစ်နေသောဒေါသများလည်း ပြေလျော့သွားကြလေသည်။

မပြေလျော့နိုင်ဘဲ ဒေါသပိုလာရသူကတော့ မေသံစဉ်သာဖြစ်ပေတော့သည်။

"ဟင် - ရှင်. . ရှင်. . . ဒါ သက်သက်ကျွန်မအရှက်တို့ခွဲ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့လေ"

"ဟင် - မင်းလိုအူကြောင်ကျားစာရေးဆရာရှူးကမျှား ငါ့သမီးကို လူပုံအလယ်မှာ ဒီလိုပြောရသလား. . . တွေ့မယ်. . . ဟွန်း"

မေသံစဉ်ကဲ့သို့ပင် မေသံစဉ်၏ဖခင်ဦးသက်တင်လည်း ဒေါသချောင်းချောင်းထွက်လာလျှက် ထိုးမည်နှက်မည်တကဲကဲပြုလေတော့သည်။

ထို့ကြောင့် ဇာတ်ညွှန်းရေးဆရာပြင်စလူငါးဇင်ရိုင်းလည်း မနေသာဘဲ နရီအား နေရာမှရှောင်ခွာနိုင်ရန် စကားအလှဝင်ပြောရတော့သည်။

"ကဲ - ကိုလကျ်ာနရီ. . . ခင်ဗျားလုပ်နေတာနဲ့ ကျုပ်တို့ကားရိုက်ရတာ နှောင့်နှေးကုန်တော့မယ်. . . နောက်မှတွေ့ကြတာပေါ့ဗျာ. . . လာ လာ - ကျွန်တော် တက္ကစီလိုက်ငှားပေးမယ်"

"ဟုတ်ကဲ့. . . အားလုံးပဲ သွားလိုက်ဦးမယ်နော်"

"သွား သွား. . . မြန်မြန်သွား"

"ဟွန်းနော်. . ဟွန်း"

"ခစ် ခစ် ခစ် ခစ်"

"ဟား ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း"

ပြင်စလူငါးဇင်ရိုင်း ရှေ့မှဦးဆောင်ထွက်ခွာသည်နှင့် အရှည်ကြီးလည်း အားလုံးကိုအသားကုန်သွားဖြီးနှုတ်ဆက်ပြီး နရီအား လက်ဆွဲခေါ်နေရာမှ အမြန်ဆုံးခွာနိုင်ဖို့အားထုတ်ရလေသည်။

နောက်ကျော်မှာ ရယ်သံနှင့်ကြိမ်းဝါးသံများက အချိုးညီညီ ပေါင်းစပ်ထွက်ပေါ်လျှက်သာရှိချေတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၁၆

နရီ့အဖို့တော့ မြိုင်ရာဇာတွတ်ပီ၏လက်သုံးစကားလို 'ဒီနေ့ ကံမကောင်းပါလား'ဟု အချိန်တိုင်းရွတ်ရမလိုဖြစ်နေသည်။

ယခုလည်း အိမ်ထဲဝင်မည်ကြံရုံရှိသေးသည်။ ထုတ်ဝေသူ ဦးအောင်စိုးနှင့် ဦးလေးတော်သောဦးမောင်မောင်တို့ အပြန်အလှန် အပြစ်ဖို့စကားများနေကြသည်နှင့် ကြုံရသည်။

"ဒီမယ် - ခင်ဗျားက ဘယ်လိုထုတ်ဝေသူလဲ ဦးအောင်စိုး"

"ခင်ဗျားက ဘယ်လိုထုတ်ဝေသူထင်လို့လဲ ဦးမောင်မောင်"

"အာပလာထုတ်ဝေသူလို့ထင်တာပေါ့ဗျ"

"ခင်ဗျား. . . ခင်ဗျား မစော်ကားနဲ့နော်. . . ကျုပ်က ထုတ်ဝေသူလောကမှာ နာမည်တစ်လုံးနဲ့ရပ်တည်နေတာ"

"ဘယ်လိုနာမည်တစ်လုံးလဲ. . . ထုတ်ဝေသူဆိုပြီး စာရေးဆရာကို ပိုက်ဆံမပေးတဲ့အပြင် စာအုပ်ကုန်ကျစရိတ်တွေအားလုံး စာရေးဆရာဆီကယူပြီးထုတ်တဲ့ ထုတ်ဝေသူဆိုပြီးတော့လား"

"ဩော် - ဒါကတော့ ခင်ဗျားတူက သူ့စာအုပ်ကိုသူ့ပိုက်ဆံနဲ့သူ ထုတ်ပါ့မယ်. . . စာမူရှင်တင်တာကအစ စာအုပ်ပုံနှိပ်ဖြန့်ဝေပေးတဲ့အထိ တာဝန်ယူပေးပါဆိုလို့ ကျုပ်ကကူညီရတာလေ. . . ဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဘာမှရတာမဟုတ်ဘူး. . . စာအုပ်ဖြစ်အောင်ပုံနှိပ်ထုတ်ဝေပေးတဲ့ အတွက် ထုတ်လုပ်မှုအကျိုးဆောင်ခပါးပါးလေးနဲ့ ဖြန့်ချိပေးတဲ့အတွက် ဖြန့်ချိပေးခပါးပါးလေးပဲရတာ"

"ဒါဆိုလည်း ခပ်ထူထူလေးရအောင် ခင်ဗျားပိုက်ဆံနဲ့ခင်ဗျား ထုတ်ပြီး ဖြန့်လိုက်ပါလား. . . အခုတော့ စာအုပ်တစ်အုပ်ထပ်ရိုက်ရဦးမယ်ပြောလိုက်. . . ပိုက်ဆံထပ်လာတောင်းလိုက်နဲ့ ကျုပ်တူလည်း သူ့အိမ်ကပို့ထားတဲ့ပိုက်ဆံတွေ ကျန်တောင်ကျန်သေးရဲ့လားမသိဘူး"

"အိုဗျာ - ဒါကတော့ သူ့ဒေါသံနဲ့သူပဲ. . . ကျုပ်ကတော့ ကျုပ်အလုပ်ကျုပ်လုပ်တာ"

"ဘာအလုပ်လဲ. . . အကျိုးဆောင်ခပါးပါးလေး၊ ဖြန့်ချိရေးခပါးပါးလေးက စာအုပ်ထုတ်လုပ်စရိတ်ထက် ပါးပါးလေးပိုယူတဲ့အလုပ်လား"

"ခင်ဗျားဘာမှမသိဘဲ ကျုပ်စေတနာကိုစော်ကားနဲ့"

"စေတနာထားတယ်ဆိုလည်း ခင်ဗျားပိုက်ဆံနဲ့ခင်ဗျားထုတ်ပေးလိုက်လေ. . . များများမထုတ်နဲ့ ငါးအုပ်ပဲထုတ်ကြည့်. . . စာမူခမပေးလည်း ရတယ်"

"အိုဗျာ. . ကျုပ်ကို အချဉ်ထုတ်ဝေသူများမှတ်နေလား. . . ကျုပ်က နာမည်ရပြီးသား ပိုက်ဆံကျိန်းသေရမယ့်စာရေးဆရာပဲ ထုတ်မှာပေါ့ဗျ. . . ခင်ဗျားတူရဲ့စာအုပ်ကို ကျုပ်ကဘာကြောင့်အရှုံးခံပြီး ထုတ်ရမှာလဲ"

"ဒါဆို ဘာဖြစ်လို့အသပြာစကားမပြောဘဲ စေတနာစကားတွေပြောနေရသေးတာလဲ"

"စေတနာထားပါသကောလားဗျာ. . . ခင်ဗျားတူကို ကျုပ်ပြောပါတယ်. . . ကိုယ့်ပိုက်ဆံနဲ့ကိုယ်လည်း မထုတ်နဲ့. . . သူများကလည်းမထုတ်ပေးဘူးဆိုရင် နာမည်ရပြီးသား ရှုဒိုးစာရေးဆရာတချို့



www.burmeseclassic.com

www.burmeseclassic.com



နိုတယ်. . . သူတို့ကို ခင်ဗျားတူရဲ့ရေးပြီးသားစာအုပ်တွေ ထိုးပေးလိုက် . . . အနည်းဆုံး တစ်အုပ်ငါးသောင်းတော့ရစေရမယ်. . . အဲ - ခင်ဗျားတူရဲ့အရေးအသားမျိုး ဇာတ်ကွက်ဇာတ်လမ်းဆန်းပုံမျိုးဆိုရင်တော့ တစ်သိန်း၊ တစ်သိန်းခွဲလောက်ထိပေးမယ်လို့ကမ်းလှမ်းထားတဲ့ ရှဲ့စာရေးဆရာတစ်ယောက်ရှိတယ်"

"ဩော် - ဘာလဲ. . . သူတို့က နာမည်ရပြီးသားဆိုတော့ နာမည်မရသေးတဲ့သူတွေကို စင်တင်ပေးတဲ့သဘောလား"

"ဟုတ်တယ်. . . ဒါပေမဲ့ နာမည်ကတော့ သူတို့နာမည်နဲ့ပဲ ထုတ်ရမှာပေါ့"

"ဟင် - ဒါဆို ခင်ဗျားတို့ဟာက သူရေးတဲ့စာအုပ်ကို သူများကနာမည်ခံတာဆိုတော့ မဟုတ်သေးပါဘူး"

"ဒါကတော့ ဒီလိုရှိတယ်လေဗျာ. . . ဘာပြောပြော ကိုယ်ရေးတဲ့စာ ကိုယ့်နာမည်နဲ့ထုတ်ရင် ဖတ်မယ့်သူမရှိဘူး. . . နာမည်ရပြီးသားလူရဲ့စာအုပ်အဖြစ်နဲ့ ထုတ်တဲ့အခါကျတော့ ဖတ်မယ့်သူရှိတယ် . . . ရောင်းအားကောင်းတယ်. . . ဒီတော့ သူ့နာမည်မပါတာကလွဲလို့ သူရေးတဲ့စာအုပ်တွေ ပရိသတ်ကြားရောက်တဲ့အတွက် ကြည်နူးလို့ရတယ်. . . အဲ - ရှုရေးပေးတဲ့အတွက်. . . အဲလေ - လှအောင်ပြောမယ်ဆိုရင် ကူညီပြီးရေးပေးတဲ့အတွက် ရေးပေးခသိန်းနဲ့ချီရတယ် . . . ကဲ ကြည့် - ကျုပ်စေတနာ ဘယ်လောက်ထားတယ်ဆိုတာ တွေ့ပြီမဟုတ်လား"

"ဦး. . အောင်. . စိုး"

ဦးလေးဖြစ်သူနှင့် အပြန်အလှန်အချင်းများနေသည်ကို အိမ်ထဲမဝင်သေးဘဲ အသာရပ်ပြီးနားစွင့်နေသူ နရီတစ်ယောက် ဦးအောင်စိုး၏စကားကြောင့် ဒေါသတွေမွှန်မောက်သွားရသည်။

ဦးအောင်စိုးလည်း နာမည်တစ်လုံးချင်းဆောင့်ခေါ်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်လှည့်ကြည့်ရာ နရီကိုတွေ့ရသဖြင့် ချိုသာစွာပြုံးပြပြီး

"ဩော် - ဆရာလက်ျာနရီ. . . ဒီမှာ ကျွန်တော်လာစောင့်နေတာ အချိန်မနည်းတော့ဘူး. . . ဘယ်တွေများသွားနေလို့လဲ"

"တော်ပြီ. . . ခင်ဗျား အပိုတွေပြောမနေနဲ့. . . ဒီလိုအပုပ်နံ့တထောင်းထောင်းထနေတဲ့ကိစ္စတွေနဲ့ စာပေလောကကြီးပျက်ဆီးရာပျက်ဆီးကြောင်းဖြစ်နေတာကို တတ်နိုင်တဲ့ဘက်ကတားဆီးမယ်မကြံတဲ့အပြင် ခုလိုအားပေးအားမြှောက်ပြုတဲ့စကားတွေပြောနေတာကို ဘယ်လိုမှလက်ပိုက်ကြည့်မနေနိုင်တော့ဘူး. . . ခင်ဗျားစကားတွေဟာ ကျုပ်တစ်ယောက်တည်းကို စော်ကားရုံတင်မကဘူး. . . စာပေလောကတစ်ခုလုံးကိုပါ သိမ်းကြုံးစော်ကားနေတာပဲ. . . ဒါကြောင့် ကျုပ် ခင်ဗျားနဲ့လက်တွဲပြီးမလုပ်နိုင်တော့ဘူး"

နရီ ဒေါသတကြီးဖြင့် မပေါက်ကွဲစဖူးပေါက်ကွဲလိုက်သည့်အတွက် ဦးအောင်စိုးလည်း အနည်းငယ်အံ့ဩသွားဟန်တူသည်။

သို့သော် သူသည်လည်းပဲ သူ၏ထုတ်ဝေသူမာနနှင့်သူ့မှိုခေါင်းငုံ့မခံဘဲ ချက်ချင်းခွန်းတုံ့ပြန်၏။

"ခင်ဗျားလက်တွဲမလုပ်လည်း ကျုပ်အတွက်က ဘာမှမဖြစ်သွားဘူး. . . ခင်ဗျားတို့စာရေးဆရာတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေခံစားပြမနေနဲ့. . . ကျုပ်က လက်တွေ့ကျတာကိုပြောတာ. . . စာပေလောကမှာ ဒီနေ့တကယ်ဖြစ်ပျက်နေတဲ့ကိစ္စတချို့ကို ဖြစ်ပျက်နေတဲ့အတိုင်း လက်ခံတတ်ဖို့ပြောတာ. . . ဒါကိုမှ ခင်ဗျားကနားမလည်သေးဘူးဆိုရင်တော့ ခင်ဗျားထိုက်နဲ့ခင်ဗျားကံနေပေတော့. . . ကျုပ်သွားတော့မယ်"

"သွားဗျာ. . သွား. . . မြန်လေကောင်းလေပဲ. . . ကျုပ် လေကောင်းလေသန့်ပဲရှုချင်တယ်"

"ရှုစေရမယ် စိတ်ချ. . . လေကောင်းလေသန့်တင်မကဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . စာကောင်းစာသန့်တွေပါရှုရအောင်လို့ ခင်ဗျားရေးခင်ဗျားထုတ်တဲ့ ခင်ဗျားစာအုပ်တွေ ရောင်းမကုန်လို့ ကျုပ်ဂိုထောင်ထဲမှာ အပုံလိုက်ဆပ်နေတာတွေပါ ဒီနေ့ပဲလာပို့ခိုင်းလိုက်မယ်. . . ဒါပဲ သွားမယ်"

ထုတ်ဝေသူဦးအောင်စိုး ရှူးရှူးရှားရှားဖြင့် ကားပေါ်တက်အားတခါးဆောင့်ပိတ်ကာ ကားကိုဝူးခနဲမောင်းထွက်သွားလေသည်။

နရီသည်လည်း ဒေါသဖြင့် သံမံတလင်းပေါ်ကျနေသောကြက်မွေးတစ်စအား ဖိနပ်ဦးဖြင့်အားကုန်ကန်လိုက်မိလေသည်။

"ကဲကွာ"

ဦးလေးဖြစ်သူ ဦးမောင်မောင်က နရီ၏ခံစားချက်ကိုနားသည်ဟန်ဖြင့် နရီ့ပခုံးအားလှမ်းပုတ်ကာ နှစ်သိမ့်ပေးလေသည်။

အရှည်ကြီးကတော့ ဘာပြောရမှန်းမသိသောမျက်နှာဖြင့်သက်ပြင်းရှည်ကိုသာ အကြိမ်ကြိမ်မှုတ်ထုတ်နေမိတော့သည်။

"ဩ"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

နရီအိမ်ထဲတွင် အပုံလိုက်ဖြစ်နေသောစာအုပ်များကိုကြည့်ပြီး စိတ်ဓာတ်ကြီးခြောက်ဆယ့်လေးခါတိတိ ကျသွားရသည်။

"ဟူး - ပြဿနာပဲ. . . ဒီလောက်အပိုကြီးခံစားပြီး ရေးဖွဲ့ပြထားတာတောင် အုပ်ရေကနှစ်ရာတောင်မကုန်ဘူးတဲ့. . . ဘယ်လိုပုံစံမျိုးရေးဖွဲ့တင်ပြနိုင်မှ ပရိသတ်ကအကြိုက်တွေ့ပြီး လက်ခံနိုင်မှာတဲ့လဲ"

စာအုပ်ပုံကြီးကိုထိုင်ကြည့်ပြီး စိတ်ပျက်လက်ပျက်ရေရွတ်နေသောနရီအား ဦးမောင်မောင်နှင့်အရှည်ကြီးတို့က စာနာစွာကြည့်ရင်းခေါင်းကိုယ်စီခါယမ်းမိကြသည်။

ထို့နောက် တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်ပြီးနောက် တိုင်ပင်မထားပါဘဲ ထိုနေရာမှ ပြိုင်တူလှည့်ထွက်သွားမိကြသည်။

ထိုအခိုက်မှာပင်

"ဟော့ကောင်ကြီး - ဘာတွေစျာန်ဝင်စားနေလို့ လူသေတစ်ယောက်လို မလှုပ်မယှက်ကြီး ငြိမ်ပြီးထိုင်နေရတာလဲ"

ဆိုသောအသံကြားသဖြင့် ဦးမောင်မောင်နှင့်အရှည်ကြီးလည်း ခြေလှမ်းကိုဆိုင်းပြီး နောက်လှည့်ကြည့်ရာ ကေဇက်ဦးနှင့်လူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဦးကိုတွေ့ရသည်။

ထို့ကြောင့် အလိုက်အထိုက်ပြုံးပြနှုတ်ဆက်ပြီးမှ ခြေကိုဆက်လှမ်းသွားလိုက်သည်။

နရီကလည်း အသံပေးရင်း အနားမှာလာထိုင်သော ကေဇက်ဦးကို တစ်ချက်လှည့်ကြည့်ပြီးနောက် စာအုပ်ပုံကြီးအား မျက်နှာမဲ့ ကာ မေးထိုးပြ၏။

ကေဇက်ဦးလည်း ပါလာသောဧည့်သည်အား 'ထိုင်'ဟု အသံတစ်လုံးကိုညွှန်ပြပြီးနောက် နရီမေးထိုးပြသရာ စာအုပ်ပုံဆီသို့ ဆင်ဆက်တည်းလှည့်ကြည့်၏။ ပြီးမှ

"ဟာ - စာအုပ်တွေက များလှချည်လား. . . ဒါတွေက ဝင်းသတ္တုစာအုပ်တွေလား"

ဟုမေးရာ နရီလည်း ခေါင်းကိုဖြည်းညင်းစွာညိတ်ပြ၏။ ဒါကို ပင် အရိပ်သုံးပါးမသိတတ်သောကေဇက်ဦးက

"ဟ - ဒီလောက်အုပ်ရေတွေ အများကြီးရိုက်နှိပ်ထုတ်ဝေ နေပြီဆိုမှတော့ တယ်ဟုတ်ပါလား. . . ငါ့ကောင်ကြီး အတော် အောင်မြင်နေပြီပဲကွ. . . ကြည့်စမ်းပါဦး. . . ဝမ်းသာစရာကောင်း လိုက်တာ. . . ဒါ စာနယ်ဇင်းတွေကနေ ဖွပေးလိုက်တဲ့ကျေးဇူးပဲကွ နော်. . . ဒီအတိုင်းတော့ ငုပ်နေလို့မရဘူး ဟေ့ကောင်. . . ငါ ဟိုဘဲ ဆာ့ဆီဖုန်းဆက်ချိန်းပြီး မင်းအောင်မြင်မှုအတွက်. . . လာဂုဏ်ပြုပေး ကြဦးလို့ လှမ်းချိတ်ဦးမှပဲ"

ဟူ၍ ထင်ရာမြင်ရာစွတ်ပြောပြီး စွတ်ဝမ်းသာပြနေသလို ပါ လာသောဧည့်သည်ကလည်း နရီအားလေးစားသောအကြည့်၊ အထင် ကြီးသောအကြည့်များဖြင့် ပြုံးပြကြည့်လေသည်။

အရှည်ကြီးလည်း အအေးဗူးလာချပေးရင်း သူ့အာစရိကိုယ် စား တစ်ခုခုဝင်ပြောပေးရန် ကြံစည်မိသော်လည်း ဘာပြောရမည်



www.burmeseclassic.com

www.burmeseclassic.com



မသိသဖြင့် 'အဟဲ'ဟု မချိုရယ်လေးရယ်ပြရင်း အသာနောက်ပြန်ဆုတ်သွားရသည်။

မပြောမပြီးတော့ပြီမို့ နရီလည်း ကေဇက်ဦးအား ရှုတည်တည်ဖြင့်ကြည့်ကာ

"မင်းဘကြီး အောင်မြင်ရမှာလားကွ. . . ဒီမှာ ကျရှုံးနေတာ . . . ကျရှုံးနေတာမှ အကြီးကြီးကျရှုံးနေတာ နားလည်လား"

"ဟင် - ဒါဆို ဒီစာအုပ်အပုံလိုက်ကြီးက. . ."

"ဟုတ်တယ်လေ. . . ငါကိုယ်တိုင်ရေးပြီး ငါ့ပိုက်ဆံနဲ့ငါထုတ်ထားတဲ့ ငါ့ဝတ္ထုစာအုပ်တွေလေ. . . ရောင်းမထွက်လို့ အခုလိုအပုံလိုက်တွေ့နေရတာပဲ. . . ရှင်းပြီလား"

"ဟင်"

နရီ တည့်တည့်ကြီးရှင်းပြလေမှ ကေဇက်ဦးတွင်တွင်ကြီးသဘောပေါက်သွားလျှက် 'ဟင်'ခနဲဖြစ်သွားရသည်။

ပါလာသောညှေ့သည်လည်း မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားရသည်။

နရီတစ်ခုခုဆက်ပြောရန်ပြုဆဲမှာပင် ကေဇက်ဦးကသိချင်သေးသည်ကို ဆက်မေး၏။

"နေပါဦး. . . ဒါနဲ့ ဒီစာအုပ်တွေက မင်းဆီဘယ်လိုရောက်နေတာလဲ. . . ဖြန့်ချိရေးပေးထားတယ် မဟုတ်လား. . . ဟိုလူလေ . . . ပေါက်ရင်ကြိုက်စာပေက ဦးအောင်စိုးလေ"

"ဟုတ်တယ်. . . အဲဒီ ဦးအောင်စိုးဆီကိုပဲ ဖြန့်ချိရေးအပ်မကဘူး. . . စာမူရှုံးတင်တာကအစ စာအုပ်ဖြစ်လာတဲ့အထိ ထုတ်လုပ်ရေးပိုင်းရော၊ ကြော်ငြာကိစ္စပါမကျန် စာအုပ်ကိစ္စအားလုံးကို လွှဲအပ်ထားတာ"

"အေးလေ - အဲဒါ ငါလည်းသိနေတယ်လေ. . . သူက...



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြောတာပဲ. . . သူဖြန့်ချိရေးလမ်းကြောင်းက ရန်ကုန်ဈေး နယ်ဈေး အပိုင်တွေရှိပြီးသား. . . သူ့စာပေက ဖြန့်ချိပေးလိုက်လို့ကတော့ အငှားဆိုင်မှန်သမျှ အားလုံးရောက်လို့ ပေါက်ပြီသာမှတ်ဆို"

"အေး - သူပြောသလို ပေါက်သလား၊ မပေါက်သလားဆိုတာကတော့ ရိုက်သမျှအုပ်ရေအားလုံး အငှားဆိုင်တွေမရောက်ဘဲ ငါ့ဆီပြန်ရောက်နေတာသာကြည့်ပေတော့"

နရီပြောဆိုရှင်းပြရင်း စာအုပ်ပုံကြီးအား စိတ်ပျက်လက်ပျက်ညွှန်ပြမိပြန်သည်။

ကေဇက်ဦးက ယခုအထိမရှင်းလင်းသေးဟန်ဖြင့် စာအုပ်ပုံကြီးကိုကြည့်လိုက် နရီအားကြည့်လိုက်၊ တစ်စုံတစ်ခုစဉ်းစားသလို မျက်မှောင်ကြီးကြုတ်လိုက်လုပ်နေလေသည်။

အတူပါလာသောဧည့်သည်က စာအုပ်ပုံကြီးအားကြည့်ပြီးနောက် နရီအားလှည့်ကြည့်ကာ စကားစ၏။

"ဒါနဲ့ အုပ်ရေကဘယ်လောက်ရိုက်တာလဲဗျ"

"သုံးထောင်"

"ဗျာ - သုံးထောင်! ဟုတ်လား"

နရီက အုပ်ရေသုံးထောင်ရိုက်သည်ပြောသဖြင့် ဧည့်သည်သည်လည်း တအံ့တသြသံယောင်လိုက်ရင်း မယုံနိုင်သလိုထပ်မေးသဖြင့် နရီလည်း နှုတ်ကမဖြေတော့ဘဲ ခေါင်းသာညိတ်ပြလိုက်သည်။

ထိုအခါမှ ကေဇက်ဦးလည်း သူနှင့်အတူပါလာသောဧည့်သည်နှင့် နရီအားမိတ်ဆက်ပေးဖို့ သတိရသွားလေသည်။

"ဩော် - ဟုတ်ပါရဲ့. . . ဒီရောက်တာနဲ့ မထိတ်သာမလန့်သာတွေ ကြားရကြုံရတာနဲ့ပဲ မင်းတို့နှစ်ယောက်ကိုမိတ်ဆက်ပေးဖို့တောင် မေ့သွားတာ. . . နရီ - သူ့နာမည်က ကိုခိုင်စိုးတဲ့. . . အနှစ်ချာနယ်က အယ်ဒီတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ - ခုလိုတွေ့ရတာ ဝမ်းသာပါတယ်. . . ကျွန်တော့် နာမည်က နရီပါ. . . လက်ျာနရီဆိုပြီး လုံးချင်းနှစ်အုပ်ထွက်ခဲ့ပြီးပါပြီ"

"ဟုတ်ကဲ့ - ကိုကေဇက်ဦးပြောပြလို့ သိပြီးပါပြီ. . . ပွင့်ပွင့် လင်းလင်းပြောရရင်တော့ ကိုကေဇက်ဦးကတစ်ဆင့် ကိုလက်ျာနရီ အကြောင်းသိရပြီး ဝတ္ထုစာအုပ်တွေကို ကိုယ်တိုင်ရေးကိုယ်တိုင် ထုတ်ဝေသူလုပ်နေတဲ့ ကိုယ်ရေးကိုယ်ထုတ်တစ်ယောက်နဲ့ အင်တာဗျူး ချင်လို့ပါ. . . ကိုယ့်စာအုပ်ကို ကိုယ်ပိုက်ဆံနဲ့ကိုယ်တိုင်ထုတ်ဝေတဲ့ အခါ ဘာတွေကောင်းပြီး ဘာတွေအခက်အခဲရှိတယ်ဆိုတဲ့အားနည်း ချက်၊ အားသာချက်လေးတွေကို သိချင်လို့ပါ"

"အင်း - အဲဒါဆိုရင်တော့ ထွေထွေထူးထူးစဉ်းစားနေစရာ မလိုပါဘူး. . . တွေ့တဲ့အတိုင်းပဲလို့ပြောရမှာပဲ. . . ဟား ဟား ဟား"

နရီ စာအုပ်ပုံကြီးအား ဘယ်နှကြိမ်မြောက်မှန်းမသိ ညွှန်ပြ မိပြန်ရင်း မသက်မသာရယ်မောလေသဖြင့် ကိုခိုင်စိုးလည်း အလိုက် သင့်ပြုံးပြရင်း စာအုပ်ပုံကြီးအားလိုက်ကြည့်၏။ ပြီးမှ

"ဒါနဲ့ နေပါဦး. . . အခုမှ စာအုပ်စထွက်တဲ့ကလောင်သစ် တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ပွဲဦးထွက်စာအုပ်ကို အုပ်ရေသုံးထောင် တောင်ရိုက်ဖြန့်တယ်ဆိုတော့ ကိုယ့်အနုပညာကိုချပြလိုက်တာနဲ့ တစ်ပြိုင်နက် ပရိသတ်က တန်းပြီးလက်ခံမယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိလို့လား"

"ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုဆိုတာထက် ပေါက်ရင်ကြိုက် စာပေတိုက်ပိုင်ရှင် ဦးအောင်စိုးကယုံကြည်မိလို့ပဲဗျ"

"ဟင် - ဘယ်လို"

"ဟုတ်တယ်. . . သူကပြောတယ်. . . ဘယ်တုန်းကနဲ့မှမတူ အောင် အခြားသောဖျော်ဖြေရေးကဏ္ဍတွေ ကျယ်ပြန့်အားကောင်း လာတဲ့ ယနေ့မြန်မာပြည်မှာတဲ့ စာပေလောကအနေအထားလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတစ်ဖုံပြောင်းလဲသွားပြီး အထူးသဖြင့် ရသပိုင်းဆိုင်ရာစာအုပ်တွေ အုပ်ရေကျဆင်းမှုနဲ့ကြုံနေရပြီတဲ့. . . ဒီနေ့ခေတ်မှာ အုပ်ရေနှစ်ထောင်ကျော် သုံးထောင်ကုန်ပြီဆိုတာနဲ့ပဲကို အဲဒီစာရေးဆရာကို ဘက်ဆဲလားတန်းဝင်လို့ သတ်မှတ်လို့ရပြီတဲ့"

"အင်း - ဟုတ်တယ်. . . ဒါတော့အမှန်ပါပဲ"

ကိုခိုင်စိုးက နရီအား ဦးအောင်စိုးရှင်းပြခဲ့သည့်စကား မှန်ကန်ကြောင်း ခေါင်းညိတ်ထောက်ခံသလို ကေဇက်ဦးကလည်း ဟုတ်မှန်ကြောင်းခေါင်းညိတ်ပြသည်။

နရီက သူ့စာအုပ်ပုံကြီးကို တစ်ချက်လှမ်းကြည့်ပြန်ရင်း စကားကိုဆက်သည်။

"ဒါကြောင့်မပူပါနဲ့တဲ့. . . သူ့'ပေါက်ရင်ကြိုက်'စာပေကသာ ဖြန့်ပေးလို့ကတော့ အုပ်ရေနှစ်ထောင်ကျော်၊ သုံးထောင်လောက်ကတော့ အသာလေးကုန်ပါတယ်တဲ့. . . ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ဘက်ဆဲလားဖြစ်ပြီလို့သတ်မှတ်ပြီး ရိုက်မယ့်ရိုက် အုပ်ရေသုံးထောင်သာ တစ်ခါတည်းတန်းရိုက်ဆိုတာနဲ့ အုပ်ရေသုံးထောင်ရိုက်ထည့်လိုက်တာ. . . အခုတော့ နှစ်ရာတောင်မကုန်လို့ ဟတ်ကော့ကြီးဖြစ်နေတာသာကြည့်ပေတော့"

နရီ့စကားကိုနားထောင်ပြီး ကိုခိုင်စိုးက 'ဖြစ်ရမယ်'ဆိုသောသဘောဖြင့် ခေါင်းတညိတ်ညိတ်ပြု၏။

"ဒါဆိုရင် မင်းက ဦးအောင်စိုးကိုမပြောဘူးလား. . . ခင်ဗျားပြောတုန်းကတော့ အုပ်ရေသုံးထောင်ကုန်စေရမယ်ဆို. . . အခုတော့ နှစ်ရာတော့မကုန်ဘူး. . . အဲဒါ ဘာဖြစ်လို့လဲ၊ ဘာညာဆိုပြီး မမေးကြည့်ဘူးလား"

"အာစရိတောင် မမေးလိုက်ရပါဘူးဗျာ. . . ဦးလေးမောင်နဲ့တွေ့ပြီး ဦးလေးမောင်ပြောလို့ ကွိုင်တွေတက်ကုန်ကြပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



မခံမရပ်နိုင်သဖြင့်ဆိုလိုက်သော ကေဇက်ဦးစကားကို နရီ မဖြေခင်မှာပင် အရှည်ကြီးက ဦးအောင်ဝင်ပြော၏။ ထိုအခါမှ နရီ လည်း

"အေးကွ - ဟုတ်တယ်. . . ငါ့ဦးလေးနဲ့ ဦးအောင်စိုးငြိမ်ကြ ရင်းနဲ့ နောက်ဆုံး ဦးအောင်စိုးစကားတွေက ငါ့စာအုပ်တွေကို ငါ့ ကလောင်နာမည်နဲ့ထုတ်မနေနဲ့. . . နာမည်ရှိ ရှဲဒိုးစာရေးဆရာတချို့ ရှိတယ်. . . သူတို့ကိုရောင်းလိုက်ပါလား. . . ဇာတ်လမ်းဆန်းရင်ဆန်း သလို သိန်းချီရမယ် ဘာညာနဲ့ပြောလာပါလေရော"

"ဘာကွ! ထုတ်ဝေသူတစ်ယောက်ရဲ့ပါးစပ်က ရှဲဒိုးအားပေး စကားထွက်လာတာကတော့ တော်တော်ဖောင်းတာပဲ"

"ဖောင်းတာကတော့ ပြောမနေနဲ့. . . ဒါကြောင့် ငါလည်း တင်းပြီး စွတ်ကောလိုက်တာ. . . သူလည်းနာပြီး ငါ့စာအုပ်တွေဆက် ပြီး မစီစဉ်ပေးနိုင်တော့ဘူး. . . အခုဖြန့်ဖို့တာဝန်ယူထားတဲ့စာအုပ် တွေလည်း အကုန်ပြန်သိမ်းပြီး ဒီရက်ပိုင်းအတွင်း ငါ့ဆီပြန်ပို့ပေးလိုက် မယ် ဘာညာနဲ့ပြောပြီး ထွက်သွားတာ. . . အခု မင်းတို့ရောက်မလာ ခင်လေးတင် သူ့တပည့်တွေ စာအုပ်တွေကို ကားနဲ့လာချပေးသွား တာ တွေ့တဲ့အတိုင်းပဲ"

"ဟရေး. . ကြားရ ကြားရ နားဝမီချမ်းသာပါလား"

နရီတို့ ထုတ်ဝေသူဦးအောင်စိုးနှင့် ပြဿနာတက်ကြောင်း ပြောနေစဉ် ရှတ်တရက်ထွက်ပေါ်လာသော ကုလားသံကြောင့် လှည့် ကြည့်ရာ သပ်သပ်ရပ်ရပ်ဝတ်စားထားသော ကုလားလူမျိုးတစ်ဦးကို တွေ့ရလေသည်။

နရီက ဘာကိစ္စလဲဟုမေးမည်ပြုစဉ်မှာပင် ထိုကုလားလူမျိုး က စကားကိုဆက်၏။

"ဒီမှာ - ချွန်ထော်လည်း စာအုပ်စာပေနဲ့ စီးပွားရေးလုပ်တာယ်



www.burmeseclassic.com

www.burmeseclassic.com



နော်. . . ဒါပေမဲ့ နာမည်ပျက်မခံဘူး. . . အခု စာရေးဆရာတို့ပြောတာ ချွန်တော်ကြားရဒယ်နော်. . . ရှဲတိုး ရှဲတိုးနဲ့. . အဲဒီကောင်နော် စာပေလောက အင်မတန်သိက္ခာကျဒယ်. . . ရှဲတိုးစာရေးဆရာနော် . . အပြင်ကလူတွေမသိဘူးနော် ရဒယ်. . . သူစာရေးဆရာပါလို့ သူ့မိသားစုကို ဘယ်လိုမျက်နှာနဲ့ပြောမလဲ. . . သူ့မိသားစုကရော သူ့ကို စာရေးဆရာပါလို့ တခြားလူတွေကို ဘယ်လိုမျက်နှာနဲ့ပြောခဲ့တလဲ . . . ဟာ ကုလားစည်းစားလို့ကိုမရဘူး"

ထိုကုလားလူမျိုး၏စကားကိုနားထောင်ရကတည်းက စာပေသမားစစ်စစ်ဆိုတာသေချာသွားလျှက် နရီတို့လည်း လေးစားသောအကြည့်၊ အထင်ကြီးသောအကြည့်များဖြင့် ကြည့်မိကြ၏။

လေးစားမှုကို ရင်ထဲမျိုမသိပ်နိုင်သောနရီက တလေးတစားသက်ဆွဲနှုတ်ဆက်ပြီး

"အခုလိုစကားမျိုးတွေကြားရကတည်းက ခင်ဗျားဟာ စာပေသမားအစစ်ဆိုတာ အကဲခတ်မိပါတယ်. . . ကျွန်တော် စာရေးဆရာ သက်ျာနရီပါ"

"သိဒယ်လေ. . . ကုလားသိဒယ်. . . အခု ကုလားလာဒယ်နော်. . . တခြားမဟုတ်ဘူး. . . စာရေးဆရာလက်ျာနရီဆီက စာအုပ်တွေ ရသလောက်အကုန်ဝယ်ဖို့လာခဲ့တာ"

"ဗျာ. . . တကယ် တကယ်ပြောတာလား"

"ကုလား စကားကိုနှစ်ခွန်းမပြောဘူး. . . နာမည်တစ်လုံးနဲ့ အလုပ်လုပ်နေတာ"

စာအုပ်အကုန်ဝယ်မည်ဆိုသောစကားကြောင့် နရီအံ့ဩဘကြီးဖြစ်သွားလျှက် အားလုံးကိုလိုက်ကြည့်မိသည်။

အားလုံးကလည်း နရီ့ကိုကြည့်လိုက်၊ စာအုပ်ပုံကြီးကိုကြည့်လိုက်၊ ကုလားလူမျိုးကိုကြည့်လိုက်နှင့် အံ့ဩဝမ်းသာဖြစ်နေကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရသည်။

ဦးအောင်စိုးလာပို့ထားသမျှ နရီထွက်ပြီးလုံးချင်းဝတ္ထုနှစ်အုပ်၏ စုစုပေါင်းအရေအတွက် ငါးထောင်ကျော်၊ ခြောက်ထောင်နီးပါး အုပ်ရေကို ထိုစာပေကုလားက အကုန်ဝယ်မည်ဆိုတော့ ယုံတောင်မယုံချင်။

ဘယ်ကဘယ်လိုကောင်းသတင်းတွေကြားပြီး အခုလိုမျိုး အမြော်အမြင်ရှိရှိနှင့် သိမ်းကြုံးလာဝယ်ရပါလိမ့်ဟုတွေးမိရင်း အပျော်လေးတွေကူးလာကြသည်။

ကေဇက်ဦးက ဝမ်းသာအားရဖြင့် နရီ၏ပခုံးကိုပုတ်သလို ကျန်လူများကလည်း ပြုံးလျှက်ခေါင်းညိတ်ပြကြ၏။

နရီလည်း ပြန်လည်ခေါင်းညိတ်ပြပြီး ထိုကုလားလူမျိုးအား မည်သည့်စာပေတိုက်ထုတ်ဝေရေးကလဲဆိုသည်ကို စုံစမ်းရသည်၊

"ဒါနဲ့ ခင်ဗျားကဘယ်တိုက်ကလဲ"

"လှိုင်မြင့်မိုရ်တိုက်ကပါ"

"ဩော် - နာမည်ကြီးတိုက်ပဲဗျ"

နရီလည်း ကုလားပြောသည့်စာပေတိုက်ကိုမကြားဖူးသော်လည်း ခပ်တည်တည်ဖြင့် ဖော်လိုလိုက်လိုက်သည်။ ထို့နောက်

"စာအုပ်တွေကတော့ ဒီမှာတွေ့တဲ့အတိုင်းပဲ. . . စုစုပေါင်း အုပ်ရေ ငါးထောင်ကျော်. . အင်း - ငါးထောင့်ခြောက်ရာကျော်ကျော် လောက်တော့ရှိလိမ့်မယ်"

"အားရေး - အုပ်ရေက အရေးမကြီးဘူး. . . ပိဿာချိန်ပဲ အရေးကြီးဒယ်"

"ဟင် - ဘယ်လို. . စာအုပ်ဝယ်တာ ပိဿာချိန်နဲ့. . . ဝယ်တာ လား"

"ဟုတ်တယ်လေ. . . ကုလားတို့နော် စာအုပ်အရောင်း



www.burmeseclassic.com

www.burmeseclassic.com



အဝယ်လုပ်ဒယ်နော် ပိဿာချိန်နဲ့ပဲစကားပြောကြဒယ်. . . ဒါပေမဲ့ မပူပါနဲ့. . . ဝယ်ပြီးတစ်ဆင့်ပြန်ရောင်းတာမဟုတ်ဘူး. . . ဒိုင်က တိုက်ရိုက်လာဝယ်တာ"

ကုလားစကားကြောင့် နရီတို့လည်း တစ်ယောက်ကို တစ်ယောက် အူလည်လည်ကြည့်မိကြသည်။

ကိုခိုင်စိုးက တစ်စုံတစ်ရာရိပ်မိဟန်ဖြင့်

"ဒါနဲ့နေစမ်းပါဦး. . . ခင်ဗျားက ဒိုင်ဆိုတော့ ဘာဒိုင်လဲ"

"သတင်းစာဂျာနယ်တွေ၊ မဂ္ဂဇင်းဝတ္ထုစက္ကူတွေ၊ ရေသန့်ဗူးတွေ၊ သံတိုသံစတွေ၊ ဒန်အိုးဒန်ခွက်တွေ. . . ဟာ - အစုံပဲ. . . အိမ်မှာ အသုံးမလို ပိုလျှံနေတဲ့ပစ္စည်းမှန်သမျှ ကုလားအကုန်ဝယ်ဒယ်"

"ဟင် - ဒါဆို ခင်ဗျားက ဘော်တယ်ကုလားပေါ့"

"ဟုတ်ပါဒယ်. . . ဒါပေမဲ့ ကုလားနော် ဘော်တယ်ကုလား အကြီးစားဘာ. . . ကုလားကို ယုံဘာ"

ကုလားစကားကြားပြီး

"ဟာ - သေပါတော့ကွာ"

ဟူ၍သာ နရီကိုယ့်နဖူးကိုယ်ရိုက်မိတော့သည်။

တစ်ဆက်တည်းမှာပင် သူ့ထံသို့ဆိုက်ဆိုက်မြိုက်မြိုက် စာအုပ်အဝယ်ရောက်လာပုံထူးသည်ဟုစဉ်းစားမိလျှက်

"ဒါနဲ့နေစမ်းပါဦး. . . ဒီမှာ စာအုပ်တွေရောင်းဖို့ရှိတယ်လို့ ခင်ဗျားကို ဘယ်သူပြောလို့ခင်ဗျားကတန်းတန်းမတ်မတ်ရောက်လာရတာလဲ"

"ဩော် - မင်းသမီးလေ. . . မင်းသမီး. . . သိတယ်မဟုတ်လား. . . ဒီလမ်းထဲမှာပဲနေတယ်လေ. . . ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ရိုက်နေတဲ့ နိုင်ငံကျော်မင်းသမီး မေသံစဉ်လေ. . . ကိုယ်တိုင် တကူးတကလာပြောဒယ်နော်. . . ဒါကြောင့် ခုလိုကုလားကိုယ်တိုင်တလေး



www.burmeseclassic.com

www.burmeseclassic.com



တစားလာဝယ်တာ"

"တောက် - လုပ်ချလိုက်ပြန်ပြီ. . . ဒီတစ်ခါလည်း ဒီဟာမ လေးလက်ချက်ပဲဖြစ်နေပါပေါ့လား. . . တွေ့ကြသေးတာပေါ့ မေ သံစဉ်ဆိုတဲ့ မင်းသမီးရှူးရယ်"

မေသံစဉ်လက်ချက်မှန်းသိလိုက်သည်နှင့် နရီ့ဒေါသတွေ ချွန်းအုပ်မရဖြစ်သွားရသည်။

မေသံစဉ်အိမ်သို့လိုက်သွားပြီး ကောမည်ပြုစဉ် အရှည်ကြီး က လက်ဖမ်းဆွဲပြီးဟန့်တား၏။

"ဟာ - အာစရိ. . . မှားမယ်လေ အာစရိ"

"ဘာလို့မှားရမှာလဲကွ. . . မှားနေတာ ငါမဟုတ်ဘူး. . . မင်းကြီးတော်ကြီး"

"ဒါတော့ဒါပေါ့ အာစရိရယ်. . . ဒါပေမဲ့ အာစရိပဲ ဟိုနေ့က သူ့ဗီဒီယိုရိုက်နေတုန်း ကား ကားဆိုပြီးလွှတ်ခနဲအော်လိုက်မိလို့ သူ့ရိုက်ကွင်းပျက်သွားတဲ့ရှော့ခ်က ရှိသေးတယ်လေ"

"ဟုတ်ပါတယ်ကွာ. . . စိတ်လျှော့လိုက်ပါ"

အရှည်ကြီးပြောတာလည်း မှန်နေသဖြင့် နရီလည်းဘာဆက် ပြောရမှန်းမသိဖြစ်သွားရသည်။

ပြီးမှ ဘော်တယ်ကုလားအားကြည့်ရင်း

"ကဲ - ခင်ဗျားဘာသာ ဘယ်တိုက်ကဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် ကိစ္စမရှိဘူး. . . ကျုပ်စာအုပ်တွေကို လိုလိုချင်ချင်နဲ့ တကူးတကလာ ဝယ်တာဆိုလို့ ခင်ဗျားတစ်ယောက်ပဲရှိသေးတယ်. . . အဲဒီတစ်ချက် နဲ့တင် ကျုပ်ရေးထုတ်ခဲ့တဲ့စာအုပ်တွေကို အသိအမှတ်ပြုဖော်ရတဲ့လူ တစ်ယောက်ရှိသေးတယ်လို့ ကျုပ်ဖြေလို့ရတယ်. . . ဒီ့အတွက် ကဲ - အရှည်ကြီးရေ"

"ဟုတ်ကဲ့ - ပြောပါ အာစရိ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်ပုံကြီးကို သူ့ဘာသာ ပိသာချိန်နဲ့ဖြတ်ခဲ့ကောလို့ ဂရမ်တွေ၊ ကီလိုတွေ၊ ပေတွေ၊ မီတာတွေနဲ့ပဲဖြတ်ဖြတ်. . . ကြိုက်သလို သာဖြတ်ပြီး ကြိုက်သလိုသာဈေးပေးသွားပေတော့လို့. . . မင်း အဆင်ပြေအောင်လုပ်ပေးလိုက်. . . ကဲ - လာ. . ကောဇက်ဦး၊ ကိုခိုင်စိုး. . . ကျွန်တော့်စာအုပ်တွေ အရောင်းစွံတဲ့အထိမ်းအမှတ်နဲ့ ဆိုင်ထိုင်ပြီး ဂုဏ်ပြုပွဲလေးလုပ်ကြရအောင်"

"အင်း - ဒီအစီအစဉ်အကောင်းဆုံးပေါ့ကွာ. . . ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

နရီ ကိုယ့်အခြေအနေကိုယ် ကောင်းကောင်းကြီးသဘော ပေါက်သွားလျှက် အဖော်ကောင်းများရှိတုန်း စိတ်ထွက်ပေါက်ပေးရာ ပေးကြောင်း ဘီယာဆိုင်ဆီသို့တန်းတန်းမတ်မတ် ခြေလှမ်းသွားလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၈

နရီတစ်ယောက် ကေဇက်ဦးတို့ ကိုခိုင်စိုးတို့နှင့် ဆိုင်ထိုင် ရင်ဖွင့်လို့ နေသာထိုင်သာရှိလောက်အောင် ရေချိန်ကိုက်လာချိန်မှာ တော့ အိမ်ပြန်ခရီးကိုစ-ရသည်။

လေတဟူးဟူးနှင့် တက္ကစီပေါ်တွင်အငြိမ့်သားထိုင်ရင်း လိုက် ပါလာရာမှ တက္ကစီဆရာ၏ 'ဟား'ဆိုသောထိတ်လန့်တကြားရေရွတ် သံနှင့် မရှေးမနှောင်း "ဂျိန်း"ဆိုသော ထိခိုက်ကျယ်လောင်သံတို့ကို ကြားရသဖြင့် ကိုယ်ကိုမတ်မိလျက် စုံစမ်းရသည်။

"ဘာဖြစ်လို့လဲဗျ"

"ဟိုမှာလေ. . . ကားတစ်စီး လူကိုရှောင်ရင်းနဲ့ လမ်းဘေး ပလက်ဖောင်းကိုတိုက်မိသွားလို့"

"ဟင် - ဟုတ်လား"

နရီလည်း ကားဆရာညွှန်ပြရာသို့ လှမ်းကြည့်သည့်အခါ ပလက်ဖောင်းကို အရှိန်နှင့်တိုက်မိပြီး ထိုးရပ်သွားသောကားတစ်စီးကို တွေ့ရသည်။

"ဟိတ် - ကားဆရာ. . . ကားခဏရပ်ဦး"

"ဘာလုပ်ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေ. . . ကားအက်ဆီဒင့်ဖြစ်လို့ ဒုက္ခရောက်နေတဲ့ လူတွေကို သွားကူညီရမယ်လေ. . . လိုအပ်ရင် ဆေးရုံတွေဘာတွေ ပို့ပေးရမှာပေါ့"

"ဟာဗျာ. . . နေရင်းထိုင်ရင်း အမှုပတ်နေပါဦးမယ်"

"ခင်ဗျားဗျာ. . . မြန်မာလူမျိုးမဟုတ်တဲ့အတိုင်းပဲ. . . ဒုက္ခရောက်နေတဲ့လူတွေကို ကူညီပေးတာပဲ အမှုပတ်စရာလားဗျ. . . ခင်ဗျားမကူညီချင်နေ. . . ကျုပ်သွားကူညီမယ်. . . ကားချက်ချင်းရပ်ပေး"

နရီ ဒေါသထွက်သွားမှန်းရိပ်မိလျှက် ကားဆရာလည်း ကားကိုအရှိန်လျှော့ပြီးနောက် လမ်းဘေးထိုးရပ်ပေးသည်။

နရီ ကားခကိုဆောင့်ဆောင့်အောင့်အောင့်ထုတ်ပေးပြီးနောက် ကားတံခါးဖွင့်ကာ ကားမတော်တဆဖြစ်ရာဆီသို့ အလောတကြီးပြေးသွားလေသည်။

ကားပေါ်မှာ သွေးသံရဲရဲဖြင့် သတိလစ်မျောနေသော မိန်းကလေးနှစ်ဦးကိုတွေ့ရသည်။ ထို့ကြောင့် နီးစပ်ရာလူအချို့ကို အကူအညီတောင်းပြီး ရရာတက္ကစီတစ်စီးကိုတားကာ ဆေးရုံအရေးပေါ်ဌာနသို့ ပို့ခိုင်းရသည်။

ဆေးရုံရောက်လို့ လူနာတင်တွန်းလှည်းပေါ်ဝိုင်းတင်ပေးပြီး ကူညီတွန်းလာရင်းက လမ်းတစ်လျှောက်အမှတ်တမဲ့သာကြည့်ဖြစ်ခဲ့သော လူနာမိန်းကလေးနှစ်ဦး၏မျက်နှာကို သေချာကြည့်မိပြီး အံ့သြသွားရသည်။

မိန်းကလေးနှစ်ဦးအနက် တစ်ဦးမှာ မေသံစဉ်ဖြစ်နေသည်ကောရယ်။

"ဟင် - မေသံစဉ်ပါလား"

တိုက်တိုက်ဆိုင်ဆိုင် ကိုယ်ကယ်ခဲ့တဲ့လူက ကိုယ့်ကိုစိတ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



လုံးလျှောင်ပြောင်စော်ကားနေသူဖြစ်နေသည်။

"အေးလေ - ကူညီပေးမိမှတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ . . . ငါကိုကပေးဆပ်ရမယ့်ကံပါလာလို့နေမှာပေါ့ . . . ဒါကြောင့် ဒီလောက်ကူညီပေးလိုက်ရရင် တော်ရောပေါ့ . . . ဒီကနေပဲ လှည့်ပြန်လိုက်တော့မယ် . . . အိမ်ရောက်မှပဲ သူ့အိမ်ကိုတစ်ယောက်ယောက်နဲ့သွားသတင်းပေးခိုင်းလိုက်တော့မယ်"

နရီ ဆက်လက်မကူညီရန် စိတ်ပိုင်းဖြတ်လိုက်ပြီး နေရာမှလှည့်ပြန်ရန်ပြင်လိုက်စဉ်မှာပင် နှာစ်မတစ်ယောက် အပြေးအလွှားရောက်လာပြီး

"ဒီမှာရှင့် . . . ရှင့်သွေးက ဘာသွေးလဲ"

"အိုသွေးပါ"

"ဒါဆိုအတော်ပဲ . . . လာ လာ . . . သွေးသွားစစ်ရအောင်"

"ဩော် - ဆရာမကလဲ . . . ကျွန်တော့်သွေးက အိုသွေးဆိုတာ ထပ်စစ်ကြည့်စရာမလိုပါဘူး . . . ဒီမှာ မယုံရင် နိုင်ငံသားကတ်မှာရေးထားတယ် ကြည့်ကြည့်ပါလား"

"အရေးထဲမှာ ရှင်ကလည်း အူကြောင်ကျားလုပ်နေသေးတယ် . . . ဟိုမှာ ရှင့်ကောင်မလေးနှစ်ယောက်ထဲကတစ်ယောက်က အရေးပေါ်သွေးလိုနေတယ် . . . အဲဒါ ရှင့်မှာရောဂါပိုးတွေ ရှိ မရှိစစ်ဆေးပြီးလို့ ကလီးယားဖြစ်တယ်ဆိုရင် ရှင့်ကောင်မလေးကို ရှင့်သွေးသွင်းပေးပြီး အသက်ကယ်ရမယ် လာလိုက်ခဲ့"

"ဟုတ် . . ဟုတ်ကဲ့ . . . အဲလေ - မဟုတ် . . မဟုတ်ကဲ့"

နရီ ဟုတ်ကဲ့သည်ဖြစ်စေ၊ မဟုတ်ကဲ့သည်ဖြစ်စေ စကားပြောသွက်သလို လုပ်တာကိုင်တာလည်းသွက်သော နှာစ်မလေး၏ စက်ရုပ်ဆန်ဆန်လှုပ်ရှားဆောင်ရွက်မှုများနှင့်အတူ နရီလည်းခုတင်တစ်လုံးပေါ် ပက်လက်ကြီးလှဲနေရသလို ခန္ဓာကိုယ်အတွင်းရှိသွေးများ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ထုတ်ပေးနေရတော့သည်။

တကယ်တော့ နရီဘဝတွင် သည်လိုမျိုးသွေးလှူဖို့ တစ်ကြိမ် တစ်ခါမျှ စိတ်မကူးဖူးသလို လှူလည်းမလှူဖူးပါ။

ယခုလိုမလှူစဖူး လှူရသည့်အခါမှာတော့ စိတ်ထဲမှာ အလို လိုပျော်မိပြီး ကြည်နူးကျေနပ်လာရသည်။

ဒါ့အပြင် လှူမယ့်လှူတော့လည်း တကယ့်ကိုအသက်အန္တ ရာယ်နှင့်ကြုံတွေ့နေရသူအတွက် အရေးပေါ်သွေးလှူဒါန်းရခြင်းဖြစ် သည်။

အသက်အန္တရာယ်နှင့်ကြုံတွေ့နေရသူကိုမှ လှူရခြင်းဖြစ် သည်ဟုတွေးမိချိန်မှာပင် သူသွေးလှူနေရတာ ဘယ်တစ်ယောက်ပါ လိမ့်ဟု သိချင်လာရသည်။

ထို့ကြောင့် သိချင်စိတ်ကိုမဖုံးမဖိနိုင်ဘဲ စောစောကနာ့စ်မ လေးထံ စုံစမ်းရသည်။

"ဆရာမ အခုသွေးအရေးပေါ်လိုနေတာ ဘယ်တစ်ယောက် လဲ"

"ရှင့်ကောင်မလေးလေ"

"ဟာ - မဟုတ်ပါဘူး ဆရာမကလဲ. . . နှစ်ယောက်ထဲက ဘယ်တစ်ယောက်လဲလို့မေးတာ"

"ဂျင်းဝမ်းဆက်လေးနဲ့တစ်ယောက်"

"ဟင် - သူပဲလား"

နရီ သူ့ကြက်ကြမ္မာကို အံ့သြပြီးရင်းအံ့သြသွားရတော့သည်။ ဘာဆက်ပြောလို့ပြောရမှန်းမသိဘဲ နာ့စ်မလေးကိုငေးငိုင်ကြည့်နေမိ သည်။

ဒါကိုနာ့စ်မလေးက တစ်မျိုးတစ်မည်သဘောပေါက်ပြီး

"ဩော် - ကြည့်ရတာ ဒီလောက်စိုးရိမ်သွားပုံထောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါရှင့်ကောင်မလေးထင်တယ် . . . မစိုးရိမ်ပါနဲ့ . . . ဆေးရုံကို အချိန်မီပို့လိုက်နိုင်သလို ရှင့်သွေးကိုလည်း အချိန်မီသွင်းပေးနိုင်မှာမို့လို့ အန္တရာယ်မရှိနိုင်ပါဘူး"

ဟု နှစ်သိမ့်ပေးသည်ကို နရိဘာမှပြန်ပြောမနေတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းသာညိတ်ပြမိလေတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

နရီ သူ၏တတိယမြောက်လုံးချင်းဝတ္ထု ဆက်ထွက်နိုင်ရန်အတွက် ပုံနှိပ်ဖြန့်ဝေပေးမည့်သူနောက်တစ်ဦးကိုရှာဖွေရင်း စိတ်တိုင်းမကျသဖြင့် အိမ်သို့စိတ်မပါဘဲ ပြန်လာရသည်။

လမ်းထိပ်သို့ရောက်လုလုမှာပင် ဘေးမှာကားတစ်စီးလာထိုးရပ်သဖြင့် လှည့်ကြည့်လိုက်ရာ မေသံစဉ်ဖြစ်နေသည်ကိုတွေ့ရသည်။

"စိတ်ညစ်ရတဲ့အထဲ သူကတစ်မျောင့်"

ဆိုသောအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်သည်။ ခြေကိုဆက်လှမ်း၏။

မေသံစဉ် ကားပေါ်မှအလျင်စလိုဆင်းလာပြီး နရီ့အားလှမ်းခေါ်၏။

"ကိုလကျ်ာနရီ"

နရီ ခြေလှမ်းကိုတုံ့ခနဲရပ်ပြီး ခေါင်းငဲ့ကြည့်လိုက်၏။

မေသံစဉ် လှိုက်လှိုက်လှဲလှဲပြုံးပြပြီး

"ဒီနေ့ပဲ ကိုလကျ်ာနရီဆီလာမလို့လုပ်နေတာ"

"ဘာကိစ္စရှိလို့လဲ"

"သံစဉ့်အသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးရှင်ကို သံစဉ်ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်စကားမပြောရသေးလို့လေ"

"မလိုပါဘူး. . . ရပါတယ်"

မေသံစဉ်နှင့်ကြာကြာစကားပြောလျှင် ရှော့ခ်ရှိသည်ဟု အရိုးစွဲနေသောနရီသည်လည်း စကားဖြတ်ပြီး နေရာမှထွက်ခွာရန် ခြေလှမ်းပြင်ရလေသည်။

မေသံစဉ်က ရှေ့မှပိတ်ရပ်လိုက်ပြီး

"ကဲပါ ကိုလက်ျာနရီရယ်. . . သံစဉ်နဲ့တွေ့ရတာ သရဲ တစ္ဆေနဲ့တွေ့ရသလို ထိတ်လန့်တကြားဖြစ်မနေပါနဲ့. . . တစ်ချိန်က ကိစ္စတွေအတွက် သံစဉ်တောင်းပန်ပါတယ်. . . သံစဉ်တောင်းပန် တာကို လက်ခံတယ်ဆိုရင် ဒီနားကအအေးဆိုင်လေးမှာသွားထိုင်ပြီး မိတ်ဖြစ်ဆွေဖြစ်စကားပြောကြရအောင်လေ. . နော်"

ဟု ချိုသာပျော့ပြောင်းစွာတောင်းဆိုလာသဖြင့် နရီလည်း မေသံစဉ် စိတ်ရင်းနှင့်ပြောသည်ဟုတ်မဟုတ် အကဲခတ်ကြည့်လိုက်၏။

မေသံစဉ်ဘက်က ရင်းနှီးလိုကြောင်းအထင်းသားတွေ့ရခါမှ စိတ်ချသွားလျှက်

"ကောင်းပြီလေ. . . သွားကြတာပေါ့"

ဟုဆိုပြီး အအေးဆိုင်သို့သွားရန်ပြင်၏။ မေသံစဉ်က

"ရော် - အအေးဆိုင်ထိုင်မယ်ဆိုပြီး ဘယ်ထွက်သွားရတာ လဲ. . . လာ - ကားပေါ်တက်"

ဟု ရင်းနှီးစွာဆိုပြီး ကားရှေ့ခန်းတံခါးဖွင့်ပေးသဖြင့် နရီ လည်း အလိုက်သင့်ပြန်ရယ်ပြပြီး အခန့်သားဝင်ထိုင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အအေးမှာသောက်ရင်း စကားပြောဆိုကြရင်း နုရီနှင့် မေသံစဉ်ကြားရင်းနှီးမှုက အတိုင်းအတာတစ်ခုထိရောက်ရှိလာသည်ဟု ကိုယ်စီခံစားမိကြသည်။

"ဒါဆို ကိုလက်ျာနုရီ သံစဉ်ကိုအပြစ်မယူတော့ဘူးဆိုတာ သေချာတယ်ပေါ့"

"သေချာပါတယ်. . . ငြိမ်းချမ်းရေးကိုလိုလားတဲ့စာရေးဆရာတစ်ယောက်အနေနဲ့ မိတ်ဆွေပဲရှိချင်ပါတယ်. . . ရန်သူမရှိချင်ပါဘူး"

"အလှဲ - တယ်စာတဲ့ဆိုပါလား. . . အဲလေ - တယ်ဆိုတဲ့စာပါလား"

"ဟုတ်တယ် ကျွန်တော်တကယ်ပြောတာပါ. . . တကယ်ပြောတာပါဆိုပေမယ့် အဟဲ - ပွင့်ပွင့်လင်းလင်းဝန်ခံရရင် မေသံစဉ်ကျွန်တော့်ကိုနောက်ပြောင်ခဲ့တာတွေအပေါ်မှာ ကျွန်တော်မခံချိမခံသာဖြစ်ခဲ့တာ မေသံစဉ်အတွက်သွေးလှူနေတဲ့အချိန်အထိပဲ"

"ဟင် - ဒါဆို သွေးကမလှူချင်ဘဲလှူခဲ့ရတာပေါ့"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး. . . သွေးမလှူစဖူး လှူရတဲ့အတွက် ပျော်တောင်ပျော်မိသေးတယ်. . . ပြီးတော့ လူ့အသက်တယ်ဖို့ အရေးပေါ်အခြေအနေမှာ လှူခွင့်ရတာဆိုတော့ ပိုတောင်ပျော်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် သံစဉ်လည်း ကိုလက်ျာနရီကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိပါဘူး. . . တစ်ချိန်က ကိုလက်ျာနရီကိုနောက်ပြောင်ခဲ့တယ်ဆိုတာတွေကလည်း အထင်သေးစိတ်၊ သရော်စော်ကားလိုစိတ်နဲ့ လုပ်ခဲ့တာမဟုတ်ပါဘူး. . . ကိုလက်ျာနရီကိုကြည့်ရတာကြောင်တောင်တောင်နဲ့ ဘယ်လိုလေးလဲမသိဘူး. . . ခင်စရာကောင်းလို့၊ ရင်းနှီးချင်လို့ နောက်ပြောင်ခဲ့တာပါ. . . အဲဒါကိုတော့ ယုံပါ"

"ယုံပါပြီတဲ့ဗျာ. . . ယုံပါပြီတဲ့"

"ဩော် - ဒါနဲ့ ကိုလက်ျာနရီရဲ့စာအုပ်တွေ ထပ်မထွက်သေးဘူးလား. . . စာအုပ်အခြေအနေရော ဘယ်လိုရှိလဲ. . . ကောင်းတယ်မဟုတ်လား"

"စာအုပ်အခြေအနေကတော့ ကောင်းပါတယ်. . . ဟို တစ်နေ့ကပဲ ဘော်တယ်ကုလားလာဝယ်သွားလို့ အုပ်ရေပြတ်သွားတဲ့အထိပဲ. . . ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း ဟင်း"

နရီ သူ့စကားသူသဘောကျပြီးရယ်သလို မေသံစဉ်ကလည်း ရောနှောရယ်မောလေသည်။ ရယ်လက်စမသတ်ခင်မှာပင် မေသံစဉ်က တောင်းပန်စကားဆို၏။

"အဲဒီအတွက်လည်း သံစဉ်ထပ်တောင်းပန်ပါရစေ"

"ရပါတယ်ဗျာ. . . ဒါတွေဟာ စာရေးဆရာတစ်ယောက်အတွက် ပလော့တ်တွေဖြစ်လာတာပေါ့. . . အရှုံးမရှိပါဘူး"

"ဒါဆို နောက်စာအုပ်က ဘယ်တော့ထပ်ထွက်မှာလဲ"

"ပြောရမှာတောင် ခပ်ခက်ခက်ပဲ"

"ဘယ်လိုကြောင့်လဲ ကိုလက်ျာနရီရဲ့"

"ဒီလိုဗျ. . . "

နရီလည်း သူ့စာအုပ်ကို သူ့ပိုက်ဆံနှင့်သူထုတ်ရပုံမှအစ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဖြန့်ချိပေးသူ ဦးအောင်စိုးနှင့်ပြဿနာတက်ပုံအလယ်၊ နောက် ဘအုပ်များအတွက် ဖြန့်ချိရေးခက်ခဲပုံအဆုံး အိမ်ကပ့်ပိုးပေးထား သောငွေကြေး ပြောင်လုလုဖြစ်နေပုံပါမကျန် အားလုံးပြောပြလေရာ မေသံစဉ်လည်း နရီ့အတွက် စာနာခံစားပေးမိ၏။

နရီ သူ့စကားကြောင့် မေသံစဉ်အပူကူးသွားသည်ကို အားနာ သွားလျက် စကားလမ်းကြောင်းပြောင်း၏။

"ဒါနဲ့ မေသံစဉ်ရော ဇာတ်ကားတွေရိုက်နေတာ ဘယ်လို အခြေအနေရှိလဲ"

"မပြောတတ်သေးဘူး. . . လုပ်တော့ လုပ်နေတာပဲ. . . ခက်တာက ဒီမှာက မင်းသားဈေးကွက်ဖြစ်နေတယ်. . . ကိုယ့်တိုက် နဲ့ကိုယ်သဘောမျိုး ပိုက်ဆံထုတ်ရိုက်နေတော့ ဈေးကွက်ဝင်မင်းသား နဲ့ရက်ချိတ်နိုင်ဖို့က မလွယ်ဘူး. . .

သံစဉ်ကလည်း ရောဂါအရမ်း ရင့်နေတော့. . . အဟင်း - ပြောရရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပိုနေတယ်လို့ထင်ရမလားဘဲ . . . မင်းသားရက်ချိတ်မရမယ့်တူတူ ဘာပြောကောင်းမလဲ. . . မင်းသမီးဦးစားပေးဇာတ်တွေချည်းပဲ လိုမ့်ရိုက်ပစ်တာ. . . ခစ် ခစ် ခစ်"

"ဟား ဟား ဟား"

မေသံစဉ် သူ့စကားသူသဘောကျပြီးရယ်သလို နရီလည်း အလိုတူအလိုပါလိုက်ရယ်မောရင်း မေသံစဉ်အား ပထမဆုံးအကြိမ် အဖြစ် ဂရုစိုက်ကြည့်မိ၏။

ချက်ချင်းဆိုသလို ရယ်သံများပျောက်ဆုံးသွား၏။ ရယ်သံ များနှင့်အတူ အသက်ရှူသံများကလည်း တစ်သဘောတည်းဆောင် ကြတုန်၏။

လှရက်ပါဘိ မေသံစဉ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ တသသပြောနေရလောက်အောင် လှရက်ရတာလဲ။

အချစ်ဝတ္ထုတွေရေးပြီး အချစ်နဲ့ပတ်သက်လို့ တကယ်တမ်းနကန်းတစ်လုံးတောင် နားမလည်ခဲ့တဲ့ ဟောဒီကကောင်လေ။

ခုတော့ မေသံစဉ်ဆိုတဲ့နတ်ဖုရားမရဲ့ လှရိပ်ကိုခိုလှုံခွင့်ရတဲ့ အခိုက်အတံ့လေးမှာပဲ ပက်ပက်စက်စက်ကြီးကို ရင်ခုန်တတ်နေပါပြီလား အချစ်ဖြင့်ပြုစားရက်သောမေသံစဉ်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ၂၀

"ဟာ - အာစရိရေ. . . အာစရိတို့သတင်းကတော့ မိုးလင်းကတည်းက မွှေးနေတော့တာပဲ"

မနက်မိုးလင်း ရေမိုးချိုးပြီး၍ မနက်စာစားရန် ထမင်းစားခန်းထဲသို့ဝင်လာစဉ်မှာပင် ဆီးကြိုပြောလိုက်သောအရှည်ကြီးစကားကြောင့် နရီလည်း ဘာဖြစ်လို့လဲဆိုသောသဘောဖြင့် မျက်ခုံးပင့်ပြ၏။

အရှည်ကြီးက ပြုံးစစဖြင့်

"ဒီမှာလေ"

ဆိုပြီး မုန့်ဟင်းခါးပန်းကန်ကို လက်ညှိုးညွှန်ပြသလို ဦးမောင်မောင်ကလည်း မုန့်ဟင်းခါးစားနေရင်းမှ

"ဟုတ်ပ ငါ့တူကြီးရေ. . . ဒီမှာ လေးလေးလမ်းလျှောက်သွားတာ တစ်လမ်းလုံးလည်း ငါ့တူကြီးသတင်းပဲကြားနေရတယ်. . . ဘယ်ဆိုးလို့လဲ. . . ငါ့တူကြီး တော်တော်အောင်မြင်တာပဲကွ"

ဟူ၍ စကားကိုရှင်းအောင်မပြောဘဲ ပြုံးရယ်ရယ်နေလေသည်။

နရီ သိလိုစိတ်ပိုသွားရသည်။

"ဟား - လေးလေးတို့ကလဲ. . . ပဟေဠိတွေလုပ်နေပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ. . . ပြောပါဦး. . . ဘာတွေကြားလို့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ. . . မင်းသမီးအဖေနဲ့အမေက စာရေးဆရာအကြောင်း တစ်မေးတည်းမေးပြီး ထမင်းစားဖိတ်ဦးမလို့တဲ့လေ. . . အခုလည်း မုန့်ဟင်းခါးချက်လို့ လာပို့သွားလေရဲ့"

"ဩော် - ဘာများလဲလို့. . . ဒီလိုပါပဲ"

"ဘယ်ကဒီလိုပါပဲမှာလဲ အာစရိရဲ့. . . အခုတစ်လော ဒီရပ်ကွက်ထဲဖြတ်လျှောက်လိုက်ပြီဆိုတာနဲ့ စာရေးဆရာနဲ့မင်းသမီးသတင်းပဲ တစ်ရပ်ကွက်လုံးက စိတ်ဝင်တစားပြောနေကြတာ. . . အင်းပေါ့လေ. . . ဒီလောက်တော့ရှိမှာပေါ့. . . ပေါ်ပြူလာတွေရဲ့သတင်းပဲဥစ္စာ"

"ဟာ - အရှည်ကြီး. . . မင်းဘာတွေလျှောက်ပြောနေတာလဲ. . . ငါတို့က ရိုးရိုးသားသားခင်တဲ့ဥစ္စာ"

"အင်းပါ. . . အခုတော့ ရိုးသားဦးပေါ့. . . နောက်တော့မှသာ. . . ."

"ဘာဖြစ်လဲ"

"ဩော် - မင်းသမီးအိမ်ကပို့လိုက်တဲ့မုန့်ဟင်းခါးလေးနဲ့ မနက်စာကို အရသာခံလိုက်ပါလို့ပြောချင်တာပါ အဟီး"

နရီ မျက်နှာထိမျက်နှာထားဖြင့် ဟန့်ဟန်ပြ၍ အရှည်ကြီးစကားကိုလျှော့ချလေ၏။ ဒါတောင် မျက်နှာမှ မသတ်နိုင်ဘဲ အဟီးလိုက်သေး၏။

ဦးမောင်မောင်လည်း ငယ်ရာကကြီးလာတာပါဆိုသောအပြုံးကို ဖွဖွပြုံးပြီး အစားအသောက်ကိုလက်စသတ်၏။

နရီကိုယ်တိုင်လည်း ယခုလိုကြားရသည်ကို ကြည်နူးပီတိဖြစ်ရင်း ကြိတ်ပြုံးမိလေသည်။ ထို့နောက် မလုံမလဲဖြင့် ဦးမောင်မောင်နှင့်အရှည်ကြီးကို တစ်ချက်လှမ်းကြည့်ပြီး မုန့်ဟင်းခါးကို ခေါင်းမဖော်



www.burmeseclassic.com

www.burmeseclassic.com



တမ်းစားလေတော့သည်။

ကြည့်. . . ။

အားလုံးက ကိုယ့်ကိုဝိုင်းစ-နေကြပါပေါ့လား။

စ-ရင် စိတ်ဆိုးတတ်ကြတဲ့လူတွေက အချစ်နဲ့ပတ်သက်လို့ စ-တာကျတော့ စိတ်မဆိုးဘဲ ဆက်ပြီးစ-စေချင်နေတာများ အံ့ဩစရာ မကောင်းဘူးလား။

ချစ်သောမေသံစဉ်ရေ။

ဘုရားစူးရပါစေရဲ့။ ကိုယ်ရေးခဲ့သမျှ အချစ်ဝတ္ထုတွေဟာ ကိုယ်စိတ်ကူးယဉ်တွေးတောမိတာတွေကို ဇာတ်လမ်းဆင်လို့ရေးဖွဲ့ခဲ့ တာတွေပါ။

မင်းနဲ့တွေ့ခါမှ ကိုယ့်ရဲ့ရင်နဲ့ရင်းသောအချစ်အကြောင်း ရေးဖွဲ့ထားတဲ့ ကိုယ်တွေ့အချစ်ဝတ္ထုစစ်စစ်တစ်ပုဒ်ကို ရေးဖွဲ့ဖြစ်တော့ မယ်ထင်ပါရဲ့။

ကျေးဇူးတင်ပါတယ် မေသံစဉ်။

■ ၆ ■

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

"ဖြောင်း ဖြောင်း ဖြောင်း"

"ကိုလက်ျာနရီ - တကယ်က ခင်ဗျားက စာရေးဆရာမလုပ်ဘဲ အဆိုတော်လုပ်ရမှာဗျ. . . ခင်ဗျားက တကယ့်အဆိုကောင်းပဲ"

"ကိုလက်ျာနရီ နောက်တစ်ပုဒ်"

"ဒီနှစ် စာနယ်ဇင်းကာရာအိုကေပြိုင်ပွဲကျရင် ကိုလက်ျာနရီကိုလည်း ဝင်ပြိုင်ဖို့စာရင်းပေးခိုင်းရမယ်"

"ဟာ - ဒါဆိုရင်တော့သေချာတယ်. . . ပထမဆုပဲ"

အယ်ဒီတာညီသစ်ငယ်တို့အဖွဲ့က ကာရာအိုကေခန်းလိုက်ခဲ့ပါဆိုပြီး ခေါ်သွားသဖြင့်လိုက်သွားပြီး သီချင်းနှစ်ပုဒ်သုံးပုဒ်လောက်ဟဲပြမိရာမှ အားလုံးကလက်ခုပ်သြဘာတီးပြဂုဏ်ပြုကြသဖြင့် နရီလည်း ဘဝင်မြင့်ချင်ချင်ဖြစ်သွားရသည်။

ထိုစဉ်က မြှောက်ပင့်လက်ခုပ်တီးပေးကြသည်ကို အဟုတ်မှတ်ပြီး ယခုစာနယ်ဇင်းကာရာအိုကေပြိုင်ပွဲဝင်ပြိုင်သည့်အခါမှ ဒုက္ခနှင့်လှလှတွေ့ရတော့သည်။

အဆိုပြိုင်ပွဲဝင်များလည်းဖြစ်၊ နာမည်ကြီးကာတွန်းဆရာများလည်းဖြစ်ကြသော စိုးသော်တာ၊ စိုးစံဝင်းနှင့် ဒီရေတို့က



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာသီချင်းဆိုလို့ကောင်းအောင် ရဲဆေးတင်ထား ဦး"

ဆိုပြီး သူတို့ဗိုင်လျှိုယူလာပြီး လူအလစ်မှာ မော့သောက်နေကြသော ဝီစကီပုလင်းကမ်းပေးသဖြင့် နရီလည်း ရဲဆေးတင်ဖို့ပဲဆိုပြီး ယူယူသောက်မိသည်။ ရဲဆေးသာ ခဏခဏတင်နေရသည်။ နရီသီဆိုယှဉ်ပြိုင်ရမည့်အလှည့်မှာ မရောက်သေး။

အလှည့်ရောက်နောက်ကျတာလည်း ကောင်းတာပဲ။ ရဲဆေးတင်ချိန် သီချင်းလေ့ကျင့်ချိန်ပိုရတာပေါ့ဟုဖြေတွေးပြီး ဝီစကီလေးပြေးမော့လိုက်၊ ရှုရှူးလေးပြေးပေါက်လိုက်၊ ကိုယ်ပြိုင်ပွဲဝင်ရမည့်မျိုးကျော့မြိုင်၏ တစ်မိနစ်နောက်ကျသွားပြီသီချင်းကို ညည်းကြည့်လိုက်နှင့် ဟုတ်တော့ဟုတ်နေလေသည်။ သည်လိုနှင့်

"ယခုသီဆိုယှဉ်ပြိုင်ဖို့အလှည့်ကျသူကတော့ စာရေးဆရာလက်ျာနရီပဲဖြစ်ပါတယ် . . . စာရေးဆရာလက်ျာနရီ ပြိုင်ပွဲဝင်သီဆိုရန် စင်မြင့်ပေါ် သို့ကြွပါလို့ ဖိတ်ခေါ်ပါရစေ"

ဆိုသော အလှည့်ကျဖိတ်ခေါ်သံကိုကြားရသဖြင့် နရီလည်း မျိုးထူးတက်ကြွပြီး ဖျော်ဖြေရေးစင်မြင့်ပေါ် သို့ ပြေးတက်သွားလေသည်။

"ဟေး - လက်ျာနရီကွ . . . လက်ျာနရီ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

စင်မြင့်ပေါ်မရောက်ခင်မှာပင် ရဲဆေးတင်ဖော်တင်ဖက်များ ဝိုင်းဝန်းအားပေးကြသဖြင့် နရီလည်း ပိုမိုရဲတင်းတက်ကြွလာလျှက် လက်ပြန်လည်မြှောက်ပြနှုတ်ဆက်ပြီး မိုက်ခ်ရှိရာသို့ အပြေးကလေးသွားလေသည်။

ထို့နောက်မိုက်ခ်ကိုယူပြီး စတိုင်အမိုက်စားဖမ်းကာ မျိုးကျော့မြိုင်၏ တစ်မိနစ်နောက်ကျသွားပြီသီချင်းကို အပီဟဲလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရဲဆေးတင်တာများပြီး အဆိုလေ့ကျင့်တာလည်း အိုဗာဖြစ်သွားသလို အဲကွန်းခန်းထဲမှာနေရတာလည်း ကြာသွားသဖြင့် အသံကပ်သွားလေသည်။

ထို့ကြောင့် သီချင်းသံထွက်မလာနိုင်တော့ဘဲ လည်ချောင်းကပ်နေသည့်အသံကြီးသာ အတိုင်းသားထွက်ပေါ်လာတော့သည်။

"ဝှား xxx အေးယာထ xx၊ အဟပ်ဟပ် xxx လည်းနောက်ကျ xxx အဟပ်ဟပ် xxx တစ်မိနစ် xxx ဟပ် xxx နောက် xxx ဟပ်သွားပြီ xxx အ xx အ xx အ. . မရတော့ဘူး. . . အသံ. . ကပ်. . သွား. . ပြီ"

"ဝါး ဟား ဟား ဟား"

"ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

အားလုံးလည်း လက်ျာနရီဒိဇိုင်းကိုကြည့်ပြီး အပီဟဲတော့မည်ထင်ပြီး ထင်တစ်လုံးနှင့်စောင့်ကြည့်နေရာမှ လက်ျာနရီ၏တိမ်ဝင်နေသော ညှောင်နာနာ ကပ်တပ်တပ်အသံကိုကြားရသည့်အခါမှာတော့ ပွဲကျပြီး အတောမသတ်ရယ်မောမိကြတော့သည်။

နရီလည်း သီချင်းဆက်ဆိုလို့မဖြစ်တော့ပြီမို့ ရှက်ရှက်နှင့်စင်မြင့်ပေါ်မှပြန်ဆင်းခဲ့ရသည်။ မထူးတော့ပါဘူးဆိုပြီး အရက်ဒွေသာ ဖိသောက်မိတော့သည်။

ဘယ်လောက်တောင်သောက်မိလို့ ဘယ်လောက်တောင်မူးသွားသလဲဆို ဘယ်သူတွေက အိမ်ပြန်ဖို့တက္ကစီပေါ်တင်ပေးလိုက်သည်ကိုပင် မသိနိုင်အောင်ပဲဖြစ်ရသည်။

တက္ကစီပေါ်ရောက်တော့လည်း တက္ကစီသမားနှင့်ညှိရပြန်သည်။ ဝေါ့ချင်သည်ဆိုပြီး ကားခဏခဏရပ်ခိုင်းပြီး လမ်းဘေးဆင်းဆင်းအန်နေသဖြင့် တက္ကစီသမားလည်း စိတ်မရှည်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

"ဘယ်လိုလဲ. . . ဒီလိုပုံနဲ့ ခင်ဗျားအိမ်ကိုရောက်ဦးမှာလား . . . ကျုပ်တို့က ကားဆွဲတယ်ဆိုတာ အချိန်နဲ့ဆွဲရတာ. . . ကျုပ်ကားကို ဆက်စီးဦးမယ်ဆိုရင်လည်း မအန်မိအောင်ထိန်းပါ. . . အန်ချင်သည်း ခင်ဗျားအိမ်ရောက်မှသာ စိတ်တိုင်းကျအန်"

"ဘာဖြစ်လဲ. . . ကျုပ်ဘာတာကျုပ် မူးလို့အန်ချင်တာပဲ. . . နေရာရွေးနေရဦးမှာလား. . . ဝေါ့"

"ဟာ. . ဟေ့လူ - ပြောနေဆိုနေရင်းနဲ့. . . ကဲ ကဲ - ဒီလောက်တောင်အန်ချင်နေရင်လည်း တခြားကားသာပြောင်းစီးပေတော့. . . ကျုပ်က စိတ်မရှည်နိုင်တော့ဘူး. . . သွားမယ်. . . ဒါပဲ"

တက္ကစီဆရာ ပြောပြောဆိုဆိုဖြင့် ကားမောင်းထွက်သွားလေရာ နရီလည်း အန်တာရပ်ပြီး ကပျာကယာပြန်တားရသည်။

"ဟာ - ဟေ့လူ. . . နေဦးလေ. . . တောက်! ကွာ. . . ကြည့်ပါဦး. . . အခုကျမှ အသံကလွတ်ကောင်းပြနေတယ်. . . အဆိုမြိုင်တုန်းကတော့ ဘယ်ချောင်သွားကပ်နေလဲမသိပါဘူး. . အေ့"

နရီတစ်ယောက် အရေးထဲမှာ အခုမှပြန်ထွက်လာတာ သူ့အသံကိုအပြစ်တင်နေသေးသည်။ ပြီးမှ ပြန်ထွက်လာသောအသံအားဖြင့်

"နေပေါ့ကွာ. . . မင်းတက္ကစီမစီးရလည်း ဘာအရေးလဲ. . . ရန်ကုန်မြို့မှာ တက္ကစီတွေမှ ပေါလွန်းလို့. . . အေ့ - တစ်ခါတည်း သင့်ငွေမေးပြီး စီးမလား. . . မီတာနဲ့စီးမလား ရတယ်. . . ပေါလွန်းလို့. . . ဟေ့ - တက္ကစီ"

ဟူ၍ တစ်ဦးတည်းရေရွတ်ပြောပြောပြီးနောက် တွေ့ရာကားတစ်စီးကို လက်ပြတားလိုက်လေသည်။

သူတားသောကားက သူထင်သလိုတက္ကစီမဟုတ်ဘဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကားတစ်စီးဖြစ်နေသည်။ သို့သော် အဆိုပါကိုယ်ပိုင်ကားလေးက နရီတားသည့်အတိုင်း ရပ်ပေးသည်။ နရီ ဒယီးဒယိုင်ဖြင့်

"ဗဟန်း ဂွတ္တာလစ်ကိုပန်မယ်. . . ကားခဘယ်လောက်လဲ"

"ဘယ်လောက်မှ ပေးစရာမလိုဘူး. . . အလကားလိုက်ပို့ပေးမယ်. . . တက်"

"ဟ - ဒီတက္ကစီဆရာကျတော့လည်း တသောကောင်းလှချည်လား. . . စောစောကတက္ကစီဆရာကတော့ ဖွတ်ပဲ"

"ဟုတ်ပါပြီ. . . ဒါဆိုလည်း ကားပေါ်တက်ပါတော့"

"အိုကေ - ရတယ်. . . တိုင်းကျူး"

နရီ တံခါးအသင့်ဖွင့်ပေးလိုက်သော ကားရှေ့ခန်းတွင် ဝင်ထိုင်ပြီးနောက် တံခါးကိုဆွဲပိတ်လိုက်သည်။ ထို့နောက် အာလေးလျှာလေးဖြင့်

"ရဘီ. . . မောင်းဒေါ့"

ဟု ခန့်ခန့်ကြီးဆိုလိုက်သေး၏။

"ဒါနဲ့ အရက်ကိုဘာဖြစ်လို့ ဒီလောက်လူမှန်းသူမှန်းမသိအောင် သောက်ထားရတာလဲ"

"ရဲဆေးလေ. . . ရဲဆေးတင်တာမျှားသွားလို့. . . တီဒယ်မဟုတ်လား. . . ဒီနေ့ ပိုင်အိုနီးယားကလပ်မှာ စာနယ်ဇင်းကားအိုကေပြိုင်ပွဲရှိလို့ ဝင်ပြိုင်ဒါလေ"

"ဟုတ်လား. . . ကြည့်ရတာ ဒီလောက်မူးနေပုံထောက်ရင် ဆုရလို့ ပျော်ပြီး အသောက်များသွားတယ်ထင်တယ်"

"ထပ် - ဘယ်ကဆုရရမှာလဲ. . . ရဲဆေးတင်တာမျှားသွားလို့ သီချင်းဆိုတဲ့အခါကျတော့ အသံကပ်ပြီး သီချင်းကဆိုလို့မှတော့ဘူးဖြစ်သွားတယ်. . . တောက်! ကွာ. . . အခုကျမှ ဒီအသံပြန်ထွက်လာရတယ်လို့. . . အေ့ - ဒီအသံထွက်လာပုံမျိုးနဲ့ဆိုပြိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ ပထမဆုကိုတန်းနေမှာပဲ. . . တောက်! ကွာ"

"ခစ် ခစ် ခစ် ခစ်"

နရီ စိတ်ပါလက်ပါပြောနေသည်ကို ကားသမားက သဘောကျပြီးရယ်သဖြင့် နရီတင်းသွားရသည်။ ထို့ကြောင့်

"ဟင် - ကျုပ်က အတည်ပြောနေတာကို ခင်ဗျားက ဘာရယ်တာလဲ"

ဟု မာန်လိုက်သေး၏။ ပြီးမှ ရယ်သံမှာ ယောကျ်ားသံမဟုတ်ဘဲ မိန်းမသံဖြစ်နေသည်ကို သတိပြုမိသွားလျှက်

"ဟင် - နေ. . နေစမ်းပါဦး. . . အခုရယ်လိုက်တာ မိန်းကလေးအသံလားလို့. . . အေ့ - ကြားမိလိုက်သလားလို့"

"ဟုတ်တယ်လေ. . . မိန်းကလေးရယ်တာပဲ မိန်းကလေးသံကြားရမှာပေါ့"

"ဩော် - ခင်ဗျားက လက်စသတ်တော့ အမျိုးသမီးဒရိုင်ဘာကိုး. . . ကြည့်ပါဦး - အမျိုးသမီးတက္ကစီဒရိုင်ဘာတွေက တကယ်များနေပြီပဲကိုး. . . ကောင်းတယ်. . . ကုန်ကြမ်းရတာပေါ့. . . ဝတ္ထုထဲထည့်ရေးရမယ်"

"ဝတ္ထုထဲထည့်ရေးတဲ့အခါ အမျိုးသမီးဒရိုင်ဘာရုပ်ရည်လေးပါ ပေါ်လွင်အောင်ဖော်ပြနိုင်ဖို့ အမျိုးသမီးဒရိုင်ဘာရဲ့မျက်နှာကို မြင်အောင်ကြည့်ချင်သေးလား"

"အေ့ - ဟုတ်သားပဲ. . . မြင်ဖူးထားတာတော့ ရေးရတာပိုကောင်းတာပေါ့"

နရီ ပြောပြောဆိုဆို လည်ကြီးစောင်းပြီး ခါးကိုင်းကြည့်သည်။ အမျိုးသမီးဒရိုင်ဘာက 'ခစ်'ခနဲ တစ်ချက်ရယ်ပြီး ကားအတွင်းခန်းမီးကို ဖွင့်ပေးလိုက်သည်။ မီးအလင်းရောင်ကို မျက်မှောင်ကုတ်ကြည့်ရင်း

"ဩော် - အမျိုးသမီးတက္ကစီဒရိုင်ဘာဆိုတာ ဒီရုပ်မျိုးကိုး



www.burmeseclassic.com

www.burmeseclassic.com



. . . ဒါပေမဲ့ ခုလိုညကြီးမင်းကြီး ကိုယ့်ရုပ်ကိုယ့်ရည်လေးနဲ့ တက္ကစီ မဆွဲသင့်ပါဘူး. . . အန္တရာယ်များ. . အဲ - နေပါဦး. . ဒီမျက်နှာမြင် ဖူးသလိုလိုရှိပါတယ်"

ဟုဆိုပြီးနောက် တစ်ခါထပ်ကြည့်ပြန်သည်။ ပြီးမှ

"ဟား - ဘယ်သူများလဲလို့ ကြည့်ပါဦး. . . မေသံစဉ်ပါလား"

ဟု အားပါးတရရေရွတ်၏။ မေသံစဉ်ပြုံးပြီး

"ဒီအတိုင်းဆိုရင်တော့ ကိုလက်ျာနရီ ထင်သလောက်မမူး သေးပါဘူး"

ဟူ၍ပြောကာ စကားဆုံးရုံရှိသေးသည်။ နရီ မူးမူးနှင့်

"နေပါဦး. . . မေသံစဉ်က ဘယ်လိုကဘယ်လို တက္ကစီဆွဲနေ ရတာတုန်း"

ဟု ဆက်ပြောလေရာ မေသံစဉ်က

"ဟောတော့ - ပြောနေရင်းနဲ့ရယ်ရတယ်. . . ခစ် ခစ် ခစ်"

ဆိုပြီး တခစ်ခစ်ရယ်မောမိတော့သည်။ မေသံစဉ် ခိုးခိုးခစ် ခစ်ရယ်သည်ကိုပဲ နရီကလည်း ဘာမှန်းမသိဘဲ အသားလွတ်ကြီးလိုက် ရယ်လေသည်။

"ခစ် ခစ် ခစ် ခစ်"

"ဟား ဟား ဟား ဟား"

နရီ ရယ်ရင်းမောရင်းနှင့် ကားပေါ်မှာပင် ချက်ချင်းဆိုသလို ခေါင်းစိုက်ကျပြီး အိပ်ပျော်သွားသည်ကိုတွေ့ရသည့်အခါတော့ မေသံစဉ်လည်း မရယ်မောနိုင်တော့ဘဲ ရင်ဘတ်ဖိကာ အမှန်အကန် ဟောတော့မိတော့သည်။

"ဟောတော့"

www.burmeseclassic.com

www.burmeseclassic.com

# ၂၂

နရီ မေသံစဥ်ကို ဘယ်လိုမျက်နှာနှင့်ကြည့်ပြီး ဘာစကား ပြောရမှန်းမသိအောင် မျက်နှာပူကာ အားနာမှုကြီးနေရသည်။

သို့ပေမယ့် လူချင်းမတွေ့လို့ကလည်းမဖြစ်၊ တောင်းပန်စကား ပြောလို့ကလည်း မကောင်းဆိုတော့ တွေ့ရန်ချိန်းဆိုထားသည်ဆို သော ကန်တော်ကြီး၊ မျှော်စင်ကျွန်းဆီသို့ ချိန်းဆိုထားသည့်အချိန် ဆိုသည်ကို အရောက်သွားရသည်။

"ချိန်းဆိုထားသည်ဆိုသော"ကို ဘာကြောင့်တကူးတကထည့် ပြောရသလဲဆိုတော့ မနေ့ညကကိစ္စတွေကို ဘာမျှရေရေရာရာမမှတ် မိတော့၍ဖြစ်သည်။

တပည်ကျော်အရှည်ကြီးပြန်ပြောသမျှ ကိုယ့်အဖြစ်ကိုယ် အထူးအဆန်းလုပ်ပြီး ပြန်နားထောင်နေရသည့်ဘဝဖြစ်သည်။

"ဟာဗျာ - အာစရိရယ်. . . အရက်ကို ဘယ်လိုများသောက် သာရတာလဲ. . . တကတည်း လူမှန်းသူမှန်းကိုမသိအောင် ရှပ်ပျက် ဆင်းပျက်သောက်လာတာပဲကိုး"

"ဟေ - ဟုတ်လား"

"ဟုတ်လားလို့ ကျွန်တော့်ကိုမမေးနဲ့. . . မေသံစဥ်ကိုမေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်. . . သူက ပိုသိလိမ့်မယ်"

"မေသံစဉ်. . ဟုတ်လား. . . သူက ဘာကြောင့်သိရမှာလဲ"

"သိပ်ါဗျာ. . . သိလို့ပဲ မေသံစဉ်ကတောင် ပြောသွားသေးတယ်. . . ရှင့်အာစရိက ကာရာအိုကေသွားပြိုင်တာလား. . . အရက်သောက်သွားပြိုင်တာလားတဲ့"

"ဟ - မင်းကလဲ. . . ကာရာအိုကေသွားပြိုင်တာပဲဥစ္စာ. . . ဘယ့်နှယ့် အရက်သောက်သွားပြိုင်ရမှာလဲ"

"သိဘူးလေ. . . အဲဒါ ကျွန်တော့်ကိုရှင်းပြရမှာမဟုတ်ဘူး. . . မေသံစဉ်ကိုရှင်းပြရမှာ"

"ဟာ - လာပြန်ပြီလား မေသံစဉ်. . . ဘာလဲ - မေသံစဉ်က ငါတို့စာနယ်ဇင်းကာရာအိုကေပြိုင်ပွဲကို ရောက်လာသေးတယ်လို့ ပြောလို့လား"

"အဲဒါတော့မသိဘူး. . . သူပြောတာကတော့ အာစရိအား လွန်ပြီး ဘယ်တက္ကစီမှငှားလို့မရလို့ လမ်းပေါ်မှာဂလယ်ရိုက်နေတုန်း သူကတွေ့ပြီး ကားပေါ်တင်ခေါ်လာတာတဲ့"

"ဟေ - ဟုတ်လား. . . ဒါဆို ငါ့ကိုအိမ်ပြန်ပို့ပေးတာ မေသံစဉ်ပေါ့"

"သေချာတာပေါ့ အာစရိရာ"

အရှည်ကြီးစကားကြောင့် နရီမျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားရသည်။

"ဟာ - ဒါဆိုရင်တော့ မျက်နှာပူစရာတွေတော့ကောင်းကုန်ပြီ"

"အဲဒါလောက်က ရှော့ခ်မရှိသေးပါဘူး. . . တကယ်မျက်နှာပူရမယ့်ရှော့ခ်အကြီးကြီးတစ်ခုကမှ တကယ့်ကွိုင်ပဲ"

"ဘာရှော့ခ်မို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာစရိ မှူးမှူးနဲ့ မေသံစဉ်ကိုရည်းစားစကားပြောလိုက်တယ် တဲ့လေ"

"ဟာ - ပြဿနာပဲ. . . သေ. . သေချာရဲ့လားကွာ"

"ဒါလည်း မေသံစဉ်ပြောတာပဲလေ. . . မိန်းကလေးတန်မဲ့ တော့ မဟုတ်ဘဲမပြောတန်ရာပါဘူး"

နရီ ခေါင်းကိုတဗျင်းဗျင်းကုတ်ပြီး ဘာလုပ်လို့ဘာကြံရမှန်း မသိသောမျက်နှာဖြင့် ခေါင်မိုးမျက်နှာကြက်ကိုမော့ကြည့်မိသည်။ ဒေါသကြီးပြီးရန်လိုနေသော မေသံစဉ်၏မျက်နှာကိုတွေ့ရသည်။

ကြောက်လန့်ပြီး မျက်နှာလွှဲလိုက်စဉ်မှာပင် အရှည်ကြီးက စကားကိုဆက်ပြောပြန်သည်။

"အဲဒါ မေသံစဉ်ကမှာသွားတယ်. . . ဒီနေ့နေ့လယ်တစ်နာရီ တိတိ မျှော်စင်ကျွန်းကိုအရောက်လာခဲ့ပါ. . . သူစောင့်နေမယ်တဲ့"

"ဟင် - ဘာလုပ်ဖို့လဲ"

"မနေ့က အာစရိ သူ့ကိုရည်းစားစကားပြောတာ မူးလို့ပြော တာလား. . . အတည်ပြောတာလားဆိုတာ ဒီနေ့သေသေချာချာသိ ချင်လို့တဲ့"

"ဟုတ်ရဲ့လားကွာ"

"ဟာ - အာစရိကတော့ ပြဿနာပဲ. . . အဲဒါတွေအားလုံး က ကျွန်တော့်မေးရမှာမဟုတ်ဘူး. . . မေသံစဉ်ကိုမေးရမှာ"

"အေးပါကွာ. . အေးပါ"

နရီ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိသောမျက်နှာဖြင့် သက် ပြင်းတွေကိုသာ တဟူးဟူးချနေမိတော့သည်။

အရှည်ကြီးက နရီ့အားတစ်ချက်အကဲခတ်လိုက်ပြီးနောက်

"ဒါပေမဲ့ အာစရိ. . . ကြည့်ရတာ အခြေအနေတော့ကောင်း သောက်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို အခြေအနေကောင်းရတာလဲ. . . အရေးထဲမှာ"

"မနေ့ညက အာစရိကိုလာပို့ပေးရင်း အာစရိသူ့ကိုရည်းစားစကားပြောတဲ့အကြောင်း ပြန်ပြောပြတဲ့ မေသံစဉ်မျက်နှာကိုကြည့်ရတာ ပြုံးတုံ့တုံ့နဲ့. . . စိတ်ဆိုးပုံမရဘူးဗျ"

"မင်းကလဲ. . . ဟုတ်လို့လား"

"ဟုတ်တာမှ ဟုတ်ဟုတ်ဟုတ်ဟုတ်နဲ့တောင် မြည်သေးတယ်. . . ဒီမယ် ကျွန်တော်တစ်ခါတည်းအပြတ်ပြောလိုက်မယ်. . . အာစရိနဲ့တွေ့လို့ မေသံစဉ်မျက်နှာကတင်းမာမနေဘဲ ပြုံးလို့ချိုလို့ဖြစ်နေလို့ကတော့ အာစရိအချစ်ကိုလက်ခံလို့ပဲ. . . တစ်ခါတည်းပွဲသိမ်းပြီသာ မှတ်လိုက်တော့"

"ဆရာ - ဝင်ကြေး"

"ဗျာ. . ဩော် - အင်း အင်း. . ဘယ်လောက်လဲ"

နရီ အရှည်ကြီးပြန်ပြောသမျှကို ပြန်လည်ကြားယောင်ရင်း မေသံစဉ်နှင့်ပတ်သက်သမျှ စိတ်ကူးယာဉ်ကြောမှာနစ်မျောနေစဉ်ကား ဆရာ၏အသံထွက်ပေါ်လာခါမှ ကိုယ့်ကိုယ်ကိုယ်ပြန်လည်ဆင်ခြင်မိသည်။ ဂိတ်ဝင်ကြေးထုတ်ပေးပြီးနောက် ကားခပါတစ်လက်စတည်းထုတ်ပေးကာ မျှော်စင်ကျွန်းဆီသို့လက်ညှိုးညွှန်ပြလိုက်သည်။ မျှော်စင်ကျွန်းအနီး ကားရပ်မည်ပြုတော့ ကြိုရောက်နှင့်နေသော မေသံစဉ်၏ကားကိုတွေ့ရသဖြင့် မျက်နှာလည်းပူခနဲဖြစ်သွားရသလို ရင်လည်း ထိတ်ခနဲခုန်သွားရသည်။

နရီရောက်လာသည်ကို ကြိုတွေ့ဟန်တူသောမေသံစဉ်ကလည်း ကားပေါ်မှဆင်းပြီး နရီအားစောင့်ကြိုနေဟန်ပြ၏။

နရီမလုံမလဲပြုံးပြရင်း အနားသို့ရောက်သွားလျှက်

"ရောက်နေတာကြာပြီလား"

"ကြာပြီ. . . မနက်ကိုးနာရီကတည်းက"

www.burmeseclassic.com



"ဗျာ! ဟိုကောင်အရှည်ကြီးပြောတော့ တစ်နာရီဆိုလို့ ကျွန်တော်လည်း တစ်နာရီအရောက်လာတာ. . . ဒုက္ခပါပဲ အားနာစရာ ကောင်းလိုက်တာ"

"အားမနာပါနဲ့. . . သံစဉ်က ဒီမနက်ရှူတင်ရှိလို့ အစောကြီး ရောက်နေတာပါ. . . ခုနလေးကပဲ ရှူတင်သိမ်းသွားတာလေ. . . ဒီမနက်ဇာတ်သိမ်းခန်းရိုက်မှာမို့ ရိုက်ကွင်းပြီးလို့ အေးအေးဆေးဆေး ဖြစ်မယ့်အချိန်မှန်းပြီး တစ်နာရီလို့ပြောလိုက်တာပါ"

"ဪ"

"ဒါနဲ့ ကိုလက်ျာနရီ ကိစ္စထူးထူးထွေထွေများရှိလို့လား. . . ဘာပြောစရာရှိလို့လဲ"

"မရှိပါဘူး"

"ရော် - ပြောစရာရှိပါတယ်ဆိုပြီး ချိန်းတုန်းကချိန်းပြီး ဘာလဲ - အမူးမပြေသေးလို့လား"

"ဟင် - မဟုတ်ပါဘူး. . . ပြေပါပြီ. . . ပြောရရင် ခုဒီ အတွက် မေသံစဉ်ကိုကျေးဇူးလည်းတင်တယ်. . . အားလည်းနာတယ် . . . ပြောရရင် ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းမသိအောင်ကို မျက်နှာ ဘာ ပူနေမိတာ"

"ဪ - ကိစ္စမရှိပါဘူး. . . ဒါပြောချင်လို့ချိန်းလိုက်တာ လား. . . သံစဉ်က တခြားအရေးတကြီးကိစ္စ ပြောစရာရှိတယ်ထင် လို့"

"ဗျာ"

အရှည်ကြီးပြောတုန်းက မေသံစဉ်က တစ်နာရီအရောက်လာ ပါဟု ချိန်းဆိုသည်ဟုဆိုသည်။ ယခု အရှည်ကြီးပြောသလိုမဟုတ်ဘဲ သူကသာမေသံစဉ်ကို ချိန်းဆိုထားကြောင်း မေသံစဉ်အပြောအရ သိရသဖြင့် နရီအူကြောင်ကြောင်ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နရီ့ကိုကြည့်ပြီး မေသံစဉ်က ခစ်ခနဲတစ်ချက်ရယ်လိုက်ရင်း

"ခစ် - သေချာပါတယ်. . . ခုချိန်ထိ ကိုယ်ဘာပြောလို့ပြော ခဲ့တယ်ဆိုတာမမှတ်မိပုံထောက်ရင်တော့ အမူးမပြေသေးဘူးဆိုတာ"

"ဩော် - ပြေပါပြီဆို မေသံစဉ်ကလဲ. . . ကိုယ်က ဘာမှ မမှတ်မိလောက်အောင် အရက်ကိုအလွန်အကျွံမသောက်တတ်ပါဘူး"

"ခစ် ခစ် ခစ်"

နရီ့ကိုကြည့်ပြီး မေသံစဉ်က ခိုးခိုးခစ်ခစ်ရယ်နေသဖြင့် နရီ ဘာဆက်ပြောရမှန်းမသိဖြစ်နေသည်။

ပြီးမှ "မေသံစဉ့်မျက်နှာကတင်းမာမနေဘဲ ပြုံးလို့ချိုလို့ဖြစ် နေလို့ကတော့ အာစရိအချစ်ကိုလက်ခံလို့ပဲ. . . တစ်ခါတည်းပွဲသိမ်း ပြီသာမှတ်လိုက်တော့" ဆိုသော အရှည့်ကြီးစကားကို ပြန်လည်ကြား ယောင်လာလျှက် အားတက်ပျော်ရွှင်လာရသည်။

"ဟိုလေ - မနေ့က ကိုယ်မေသံစဉ့်ကိုပြောတဲ့စကားတွေက မူးပြီးပြောတဲ့စကားတွေမဟုတ်ဘူးဆိုတာ ဒီနေ့ထပ်လာပြောတာ"

"ရပါတယ် ကိုလက်ျာနရီရယ်. . . သံစဉ်နားလည်ပါတယ်"

"ဟင် - ဒါ. . ဒါဆို ကိုယ့်အချစ်ကို မေသံစဉ်လက်ခံတယ် ပေါ့"

"ရှင်"

"ဟား - ဝမ်းသာလိုက်တာ မေသံစဉ်ရယ်. . . ကိုယ့်အချစ် ကိုလက်ခံတဲ့အတွက် မေသံစဉ့်ကို အရမ်းကျေးဇူးတင်တယ် သိလား . . . ရွှတ်"

နရီ မေသံစဉ် သူ့အချစ်ကိုလက်ခံလိုက်ပြီဆိုသောအသိဖြင့် ဝမ်းသာပျော်ရွှင်သွားလျှက် မေသံစဉ့်လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲယူ ပြီး ရွှတ်ခနဲနမ်းရှိုက်လိုက်မိသည်။

မေသံစဉ်လည်း ပြုံးရယ်နေရာမှ ထင်မှတ်မထားသော နရီ၏



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူကြောင့် ကြောင်အမ်းသွားရသည်။ ပြီးမှ လက်ကိုခုတ်ချင်း ပြန်ရုတ်ပြီး

"ဟင် - ရှင်. . ရှင် ဒါဘာလုပ်တာလဲ"

"စိတ်မဆိုးပါနဲ့ မေသံစဉ်ရယ်. . . မေသံစဉ် ကိုယ့်အချစ်ကို လက်ခံလိုက်လို့ ဝမ်းသာပြီးခုလိုလုပ်လိုက်မိတာပါ"

"ဘာရယ်. . . ရှင်က ကျွန်မကို ဘယ်တုန်းကချစ်စကား ကြိုက်စကားပြောလို့ ကျွန်မကရှင့်အချစ်ကိုလက်ခံရမှာလဲ. . . တော် ပြီ. . . ရှင့်ကို ကျွန်မအထင်ကြီးမိသမျှ အလကားပဲ. . . ရှင့်ကိုခင်လို့ မင်လို့ တရင်းတနှီးဆက်ဆံတာကို ရှင်ကအခွင့်အရေးပေးတယ်ထင် ပြီး ရောင့်တက်လာတယ်. . . ဒါ ကျွန်မကိုအထင်သေးစော်ကားလိုက် တာပဲ. . . ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မထပ်တွေ့စရာအကြောင်း ဘာမှ မရှိတော့ဘူး"

မေသံစဉ် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ဖြင့် ကားပေါ် တက်ပြီး ကားကိုဝူးခနဲမောင်းထွက်သွားလေတော့သည်။

နရီ ဘာတွေဖြစ်လို့ဖြစ်ကုန်မှန်းမသိသောမျက်နှာဖြင့် မေ သံစဉ်မောင်းသွားသောကားလေး မြင်ကွင်းမှပျောက်သွားသည်အထိ အကြောင်သားလိုက်ကြည့်နေမိသည်။

ပြီးမှ မေ့ဆေးပျယ်စလူနာတစ်ယောက်၏ ကယောင်ကတမ်း အော်သံဖြင့်

"မေ. . သံ. . စဉ်"

ဟူ၍ တစ်လုံးချင်းရေရွတ်ရင်း ရင်မှာဆို့နစ်သွားလျှက် သူ သေလိုက်ခင်မှာပင် သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေကစီးကျလာခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၉

“ဟ - ဒီအတိုင်းဆိုရင် မေသံစဉ်ကို မင်းမူးပြီးရည်းစားစကား မပြောဘဲနဲ့ ပြောပါတယ်တို့. . . မေသံစဉ်က ကန်တော်ကြီး၊ မျှော်စင် ကျွန်းမှာ မင်းကို နေ့လယ်(၁)နာရီမှာတွေ့ဖို့ချိန်းတာတို့ဆိုတာ တကယ် မဟုတ်ဘဲ မင်းတပည့်ကျော်အရှည်ကြီးချွန်တွန်းလုပ်သွားတာချည်း ပဲပေါ့”

“သေချာတာပေါ့ကွာ. . . ဒီကောင် ကြားကမွှေသွားတာနဲ့ မေသံစဉ်ကလည်း ငါချိန်းတယ်ဆိုလို့ရောက်လာတာပေါ့. . . ပြီးတော့ ဒီကောင့်စကားအတိုင်း မေသံစဉ့်မျက်နှာပြုံးချိုနေရင် ပွဲသိမ်းပြီပဲ တဲ့ သူ့စကားကိုအဟုတ်မှတ်ပြီး ငါ့အချစ်ကိုလက်ခံတယ်ထင်ပြီး ဝမ်းသာအားရနဲ့ မေသံစဉ့်လက်ကိုယူနမ်းလိုက်မိတာ. . . တစ်ခါ တည်း ဇာတ်တွေရှုပ်ကုန်တော့တာပဲ”

“ဟား ဟား - နောက်တဲ့ကောင်ကွာ. . . ဒါနဲ့ အခုဒီကောင် ရော ဘယ်မှာလဲ”

“ဘယ်ရောက်နေမှန်းကိုမသိဘူး. . . ငါလည်း ဒီကောင့် တင်းပြီး စိတ်ရှိလက်ရှိကျွေးပစ်မယ်ဆိုပြီး အိမ်ပြန်လာတာ. . . ကောင် အရိပ်တောင် ရှာမရတော့ဘူး. . . တွေ့လို့ကတော့ ငါ့လက်ချက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်မရောက်ရင် ကြိုက်သလိုပြော"

"သြော် - မင်းကလဲ. . . ညီအစ်ကိုချင်း အဲလောက်ကြီးလည်း မရက်စက်ချင်ပါနဲ့"

"မရက်စက်လို့မရဘူး. . . ဒီကောင်လုပ်လိုက်တာ ငါဘယ်လောက်ငွမ်းသွားတယ်ထင်လဲ. . . အခုဆိုရင် မေသံစဉ်ကလည်း ငါ့ချက်နှာ၊ ငါ့အသံကို မတွေ့ချင်၊ မကြားချင်လောက်အောင် ခါးခါးသီးသီးဖြစ်သွားရပြီလေကွာ"

နရီ မေသံစဉ်၏မုန်းတီးစက်ဆုပ်မှုဖြစ်ဒဏ်ကို ခံစားမိလေလေ အရှည်ကြီးကိုအမှုန့်ကြိတ်ပစ်ချင်စိတ်ဖြစ်လာလေလေပင်။

"ဟူး"

နရီ ဘီယာခွက်ကိုယူကာ အကုန်မော့သောက်ပြီးနောက် သက်ပြင်းရှည်တစ်ချက်ဆွဲပြီးလိုက်သည်။ နရီနှင့်ကေဇက်ဦးတို့ပြောသမျှ ဘာတစ်ခွန်းမျှဝင်မပြောဘဲ နားထောင်နေသော ကိုခိုင်စိုးက အထူးအဆန်းစကားတစ်ခွန်းကို စ-ပြောလာသည်။

"ကိုလကျာ်နရီ - တကယ်က ခင်ဗျားက ခင်ဗျားညီကို ဒေါသဖြစ်ရမှာမဟုတ်ဘူး. . . ကျေးဇူးတောင်တင်ရဦးမှာဗျ သိလား"

"ဟင် - ဘယ်လို"

"ခင်ဗျားသေချာစဉ်းစားကြည့်လေဗျာ. . . ခင်ဗျားသဘောနဲ့ ခင်ဗျားသာဆိုရင် မေသံစဉ်အပေါ် အဲ့ပုန်းချစ်စိတ်နဲ့ အရိပ်တကြည့်ကြည့်နေရင်း အတူသွားအတူလာခွင့်ရတာနဲ့ပဲ ကြံဖန်ကျေနပ်နှစ်သိမ့်နေမိမှာ. . . အခုတော့ အရှည်ကြီးကောင်းမှုနဲ့ ခင်ဗျားနဲ့မေသံစဉ်တို့နှစ်ယောက်ဇာတ်မျောကြီးထဲမှာ တဝဲလည်လည်ဖြစ်နေစရာမရှိတော့ဘူးပေါ့ဗျာ"

"အေးကွ - ကိုခိုင်စိုးပြောတာ မှန်တယ်ကွ. . . အရှည်ကြီးကျေးဇူးကြောင့် မေသံစဉ်ကိုချစ်နေတဲ့အကြောင်း အတိအလင်း



www.burmeseclassic.com

www.burmeseclassic.com



ကြေညာခွင့်ရလိုက်တာ နည်းတဲ့အခွင့်အရေးလား. . . မင်းအပေါ် ဖိလင်ရှိပြီးသားဖြစ်သလို မိန်းမသားတစ်ယောက်လည်းဖြစ်တဲ့ မေသံစဉ်အဖို့လည်း မင်းအချစ်ကိုလက်ခံပါတယ်လို့ စကားအလှနဲ့ပြန်ကြားကြိုဆိုခွင့်ရသွားပြီပေါ့ကွာ"

ကိုနိုင်စိုးပြောတာကို ထောက်ခံပြောဆိုလိုက်သော ကေဇက်ဦးစကားကြောင့် နရီလည်းဟုတ်နိုးနိုးဖြင့် ခေါင်းတညိတ်ညိတ်ပြုမိ၏။ ပြီးမှ

"ဟာ - မင်းကလဲ ပြောရော့မယ်. . . ဟိုမှာ ငါကချစ်ရေးမဆိုထားပါဘဲ အဖြေသွားတောင်းမိလို့ သူ့ကိုလျှော့တွက်တာလား. . . အထာပေးနေတဲ့ပုံပေါက်နေလို့လား ဘာညာဆိုပြီး တင်းပြီးဒီလောက်စွတ်ကောသွားတဲ့ဟာ"

"ဒါကတော့ မင်းလုပ်ပုံနည်းလမ်းမကျလို့ သူ့ဘက်က မိန်းမဈေးကိုင်ဲ့ကွက်ပြီး ပေါက်ကွဲပြရတာပဲ. . . မင်းဘက်ကသာ နည်းလမ်းကျရင် သူ့ဘက်ကမငြင်းဘဲ ခေါင်းညိတ်မှာအသေအချာပဲ"

"ငါက ဘယ်လိုနည်းလမ်းကျရမှာလဲ"

"သူ့ကို ချစ်ကြောင်းကြိုက်ကြောင်း ဘယ်လိုခံစားနေရတယ်ဆိုတာ အသေအချာဖွင့်ပြောရမှာပေါ့"

"ဖြစ်ပါလိမ့်မယ်. . . သူက ငါ့မျက်နှာကို ဒီတစ်သက်မတွေ့ချင်တော့ဘူးလို့ အပြတ်ပြောသွားတဲ့ဟာ"

"အေးပါ. . . သူပြောတဲ့စကားအတိုင်း သူကိုယ်တိုင်ကရောနေနိုင်ရဲ့လားလို့ လက်တွေ့စမ်းသပ်ကြည့်တာမမှားဘူး. . . ကြာတယ်ကွာ. . . စမ်းသပ်ဆို အခုပဲစမ်းသပ်ကြည့်တာကောင်းတယ်"

"ဟင် - ဖြစ်ပါ့မလား. . . ဟိုနေ့ကသောက်ထားလို့ ကိုင်တက်ပြီးသွားပြီ. . . အခုလည်း သောက်ထားသေးတယ်ဆိုတော့"

"ကျွတ် - မင်းကလဲ. . . ဟိုနေ့က မင်းသောက်တာက လူ



www.burmeseclassic.com

www.burmeseclassic.com



မှန်းသူမှန်းမသိအောင်သောက်မိသွားတာကိုးကွ. . . အခုဟာက ဘီယာလေးနှစ်ခွက်နဲ့ ဘာဖြစ်မှာမို့လို့လဲ"

"ဟုတ်တယ်ဗျ ကိုလက်ျာနရီ. . . ဘီယာနှစ်ခွက်လောက်က ဆိုးကျိုးမရှိပါဘူး. . . ပြောဖို့ဆိုဖို့အားပေးတဲ့ ရဲဆေးလည်းမည်သလို ပြောကောင်းဆိုကောင်းအောင်လည်း ကူညီပေးလိမ့်မယ်"

"ဟား - သိပ်သေချာတာပေါ့. . . ဖြောင်း"

ကေဇက်ဦးက သူ့စကားကိုထောက်ခံပြောဆိုလိုက်သော ကိုခိုင်စိုး၏စကားအပေါ် ကျေနပ်အားရဟန်ဖြင့် လက်ခုပ်တစ်ချက် တီးပြီး ကိုခိုင်စိုးအား လက်ဆွဲနှုတ်ဆက်လေ၏။

နရီ သူတို့ပြောတာကိုလက်ခံမိတော့မည့်ဆဲဆဲမှာပင် တစ်စုံ တစ်ခုကိုသတိရသွားလျှက်

"ဟာ - နေကြစမ်းပါဦး. . . ညကြီးအချိန်မတော်ကြီးကို ငါ နဲ့မေသံစဉ်က ဘယ်လိုတွေ့ပြီး ဘာတွေပြောလို့ရဦးမှာလဲ"

ဟူ၍ ထောက်ပြသည်ကို ကေဇက်ဦးကခေါင်းခါယမ်းပြပြီး

"သူ့ဘာသာ ဘယ်အချိန်ရှိရှိ အရေးမကြီးဘူး. . . အရေး ကြီးတာ မေသံစဉ့်အိမ် ဘယ်မှာလဲဆိုတာ မင်းသိတယ်. . . မေသံစဉ့် အိပ်ခန်းပြတင်းပေါက်တံခါးကိုခေါက်နှိုးပြီး ပြောလိုက်. . ပြီးပြီပေါ့ကွ"

ဟု ဇွတ်တိုက်တွန်းသလို ကိုခိုင်စိုးကလည်း

"ဟုတ်တယ်ဗျ. . . ဒီစမ်းသပ်ချက်က မေသံစဉ် ခင်ဗျား အပေါ်ထားတဲ့သဘောထားကို သိခွင့်ရနိုင်တဲ့ တစ်ခုတည်းသောနည်း လမ်းပဲ. . . ကိုယ့်ဘက်ကအချစ်ကို အကျပ်ကိုင်ပြီးတောင်းဆိုလို့ အကောင်းဆုံးဖြစ်သလို သူ့ဘက်က ခင်ဗျားအပေါ် အိုကေရင် အိမ်က သူကြီးမိဘတွေနိုးကုန်၊ သိကုန်မှာစိုးလို့ ခေါင်းညိတ်ချော့မော့ပြီး ပြန် ခိုင်းမယ်. . . နိုးဆိုရင်တော့ တစ်ရပ်ကွက်လုံးကြားအောင် အော်ဟစ် ပြီး ခင်ဗျားကိုပြတင်းပေါက်ကနေ တွန်းချလိုက်မှာကျိန်းသေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့အမြင်ကိုပြောလေသည်။ နရီစဉ်းစားဟန်ပြုပြီးနောက်

"ခင်ဗျားတို့ပြောတာ သဘာဝကျတယ်. . . အချစ်အတွက် ဒီလောက်တော့စွန့်စားသင့်တယ်. . . စွန့်စားရင်း ရရှိလာတဲ့ရလဒ် မှန်သမျှဟာ တန်ဖိုးထားကျေနပ်စရာတွေချည်းပဲဖြစ်တယ်. . . ဒါကြောင့် ပြောနေရင်ကြာတယ်. . . မပြောနေရင် မကြာဘူး. . . ကဲ - ထကြ. . . လက်စ်ဂိုး. . သွားမယ်"

ဆိုပြီး နေရာမှထလေရာ အလိုတူအလိုပါကူညီအားပေးသူ နှစ်ဦး ကျေနပ်အားရဟန်ဖြင့် လက်မထောင်ပြပြီး နေရာမှထလိုက်ကြလေသည်။

ပြီးတော့ ခြေလှမ်းက နရီချစ်သောမေသဲစဉ်ရှိရာဆီ. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

မေသံစဉ်တို့အိမ်ရှေ့သို့ရောက်သည်နှင့် တစ်ခုခုမေးရန်ဟန်ပြင်လာသောကိုခိုင်စိုးအား တိတ်တိတ်နေရန်သတိလှမ်းပေးရသည်။ ထိုအခိုက်မှာပင် အာစရိဆိုသောအသံနှင့်အတူ လှေခါးထမ်းပြီးရောက်လာသော အရှည်ကြီးကိုတွေ့ရသဖြင့် အံ့ဩသွားလျက် အားလုံးလည်း ရိုးရိမ်စိတ်ဖြင့် ဘေးဘီကိုကပျာကယာလှည့်ကြည့်မိကြသည်။

ဝန်းကျင်တစ်ခုလုံး စောစောကလိုပင် မပြောင်းမလဲငြိမ်သက်မှုငြိမ်သက်နေသည်ကိုတွေ့မှ စိတ်အေးသွားကြရသည်။

အရှည်ကြီး၏အမြော်အမြင်ရှိပုံ၊ သွက်လက်ဖျတ်လတ်ပုံတွေကို အသိအမှတ်ပြုသောအားဖြင့် လက်မထောင်ပြလိုက်သည်။ အရှည်ကြီးက လက်မပြန်ထောင်ပြသည်။ ထို့နောက် အရှည်ကြီးက လှေခါးကိုခြံစည်းရိုးနံရံမှာ အသာအယာထောင်ပေးလိုက်သည်။

နရီလည်း သူတက်တော့မည်ဆိုသောသဘောဖြင့် မေးဆတ်ပြပြီး လှေခါးခြေနင်းကိုစတင်နင်းလေရာ ကျန်သူများကလည်း သွပ်ရှားပေတော့ဆိုသောသဘောဖြင့် ပြန်လည်မေးဆတ်ပြကာ လက်ကော့ယ်စီထောင်ပြကြသည်။

နရီ လှေခါးအတိုင်း အဆင်ပြေစွာတက်သွားသည်။ ခြံစည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိုးနံ့ရဲပေါ်ရောက်သည်နှင့် လှေခါးကိုဆွဲယူကာ အတွင်းမှာထောင်ရ ပြန်သည်။ လှေခါးအတိုင်းဆင်းပြီး အိမ်အခြေအနေကိုတစ်ချက် အကဲခတ်ကြည့်ရသည်။

ငြိမ်သက်မြငြိမ်သက်နေခါမှ လှေခါးထမ်းကာ မေသံစဉ်၏ အိမ်ခန်းအနီးကိုချဉ်းကပ်ရသည်။ လှေခါးကို အသာအယာထောင်ပြီး ခြေဖော့တက်ရပြန်သည်။

စိတ်လှုပ်ရှားမှုကြောင့် တဒိတ်ဒိတ်ခုန်နေသောရင်ခုန်သံက ပိုမိုသိသာစွာ သွက်လက်မြန်ဆန်လာသည်ကို ခံစားမိသည်။

အခန်းမီးထွန်းထားသဖြင့် မေသံစဉ်မအိပ်သေးဟုယူဆရ သည်။ ဧည့်ခန်းတွင်လည်း အသံတွေကြားနေရသဖြင့် မေသံစဉ်မိဘ များ မအိပ်သေးဘဲ ဗီဒီယိုထိုင်ကြည့်နေသည်ထင်သည်။

ခန်းဆီးကကွယ်နေသဖြင့် အိပ်ခန်းတွင်းကိုမမြင်ရ။ ထို့ ကြောင့် ပြတင်းပေါက်တံခါးကို အသာအယာခေါက်ပြီး အချက်ပေး ရန်ပြင်ဆင်လိုက်သည်။

သို့သော် တံခါးကိုလက်နှင့်မခေါက်မိခင်လေးမှာပင် မေ သံစဉ်အိပ်ရာပေါ်မှ ဟန်းဖုန်းမြည်လာသံကိုကြားရသည်။

"ဟယ်လို"

ဖုန်းမြည်သည်နှင့်ချက်ချင်းကောက်ကိုင်ပြီး ဖုန်းထူးသည်ကို ထောက်ချင့်ကတည်းက မေသံစဉ်အိပ်မပျော်သေးတာသေချာသွား သည်။

နရီပျော်သွားရသည်။ သို့သော်

"ရှင်. . . ကိုလက်ျာနရီ ဟုတ်လား"

ဆိုသောအသံကိုကြားရသဖြင့် နရီအံ့ဩသွားရသည်။ ဆက် ငြိမ်နားစွင့်ကြည့်ရာ

"သံစဉ် ကိုလက်ျာနရီကိုစိတ်ဆိုးနေတယ်. . . နေ့ဘ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှမတွေ့တော့ဘူးလို့ ပြောထားတဲ့ဟာကို ဘာလို့ဖုန်းထပ်ဆက်လာရတာလဲ"

"ဟင်"

"အို - ဒီအချိန်ကြီး ဘယ်လိုလုပ်တွေ့ချင်လို့ရမှာလဲ. . . ပြောစရာရှိရင်လည်း နောက်နေ့မှပြောပါ. . . ဒါပဲ. . . သံစဉ် ဖုန်းပိတ်လိုက်တော့မယ်"

". . . . . ."

"ရှင်. . . ကိုလက်ျာနရီက ကျွန်မအိပ်ခန်းဘေးပြတင်းပေါက်နားမှာရောက်နေပြီ ဟုတ်လား"

"ဟိုက် - ပြဿနာပဲ"

နရီပျာသွားရသည်။

ကေန္တ ဒါလည်းအရှည်ကြီးလက်ချက်ပဲဖြစ်မည်ထင်သည်။ သည်က ကိုယ့်စိတ်ကူးနှင့်ကိုယ်လုပ်မည်ကြံထားသမျှ အရှည်ကြီး အချိန်နှင့်တစ်ပြေးညီ သတင်းပေးလိုက်သဖြင့် နရီဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ လှေခါးပေါ်မှပြန်ဆင်းပြေးရန် ပြင်ဆင်လိုက်သည်။

သို့သော် ဖျတ်ခနဲ ပြတင်းတံခါးရွက်တစ်ချပ်ပွင့်လာပြီး

"ဟင် - ကိုလက်ျာနရီ တကယ်ရောက်နေတယ်"

ဆိုသော တအံ့တဩရေရွတ်ပြောဆိုသံနှင့်အတူ မေသံစဉ်၏ မျက်နှာကိုပါ တွေ့လိုက်ရသဖြင့် နရီလည်းခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လျှက် အသားလွတ်ရယ်ပြလိုက်မိသည်။

"အဟီး - မေသံစဉ် နေကောင်းတယ်နော်. . . ဂွတ်နိုက်"

"ဟုတ်ကဲ့. . နေကောင်းပါတယ်. . . ဂွတ်နိုက်. . . အဲလေ - ဟုတ်သေးပါဘူး. . . ဒီမှာ သူများခြံထဲဝင်ပြီး ဘာတွေလျှောက်လုပ်နေတာလဲ. . . လူကြီးတွေတွေ့သွားရင်တော့ ဒုက္ခပါပဲ. . . သွား သွား . . ပြန်တော့ မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း - ဟုတ်ကဲ့"

နရီ ယောင်ပေါင်ခေါင်းညိတ်ပြပြီး လေ့ခါးပေါ်မှဆင်းရန် ပြင်လိုက်သေးသည်။

ပြီးမှ ယခုလိုစွန့်စားလာရောက်ရသည့်ကိစ္စကို သတိရသွားသည်။ ယခုလိုခက်ခက်ခဲခဲ စွန့်စွန့်စားစားလာရောက် တွေ့ဆုံခွင့်ရပြီးမှတော့ လက်ချည်းဗလာမပြန်နိုင်ပါ။

ထို့ကြောင့် ပြတင်းပေါက်မှ မေ့သံစဉ်အနီးသို့ဝိုမိုတိုးကပ်လိုက်ပြီး

"ကိုယ် ဒီကိုရောက်လာတာဟာ မနက်ကမေသံစဉ်ကိုချစ်တယ်လို့မပြောပါဘဲနဲ့ အဖြေတောင်းမိတာဟာ ကိုယ့်ဘက်က ဘယ်လောက်ဖောင်းတယ်ဆိုတာ ကိုယ်အသေအချာစဉ်းစားမိလိုက်ပါပြီ"

"ကိစ္စမရှိဘူး. . . အဲဒီကိစ္စပြောချင်ရင် မနက်မှပြော. . . အခုတော့ ပြန်လိုက်ပါဦး. . . သံစဉ် အနူးအညွတ်တောင်းပန်ပါတယ် ကိုလက်ျာနရီရယ်"

"ဟင့်အင်း - မပြန်ဘူး. . . ကိုယ်အခုလာတာ ကိုယ့်အမှားကိုပြန်ပြင်ချင်လို့လာခဲ့တာ. . . ဒါကြောင့် မေသံစဉ်ကို ကိုယ်ချစ်တယ်"

"ရှင်"

သူလိုရာ ဇွတ်နှစ်ပြောချလိုက်သော နရီကိုကြည့်ပြီး မေသံစဉ် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

လရောင်၏သွေးဆောင်မှုက နရီကိုချစ်စကားကြိုက်စကား ပြောဖို့ ရဲရင့်စေဟန်တူသည်။ လရောင်ထဲတွင် မေသံစဉ်မျက်နှာလေးက လှနေသည်။

"ကိုယ့်ဘက်က မေသံစဉ်ကိုချစ်ရေးဆိုလိုက်ပြီနော်. . . ဒါကြောင့် တရားဝင်အဖြေတောင်းခွင့်ရှိသွားပြီ. . . မေသံစဉ် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကိုလက်ခံပေးပါနော်" ,

"အို - ဘာဆိုင်လို့လဲ"

"အဲသလိုစိမ်းကားတဲ့စကားတွေတော့ မဆိုလိုက်ပါနဲ့. . . ကိုယ် မေသံစဉ်ကိုချစ်နေမိတာ ဘယ်လောက်ကြာပြီလဲ. . . သွားလေ ရာရာ မေသံစဉ်ရဲ့လှပတ်မျက်နှာလေးကပဲ ကိုယ့်ကိုယ်စိုးမိုးထားတာ ပါ. . . ကိုယ်ဘယ်ကိုမှလွတ်အောင်မပြေးနိုင်ဘူးဖြစ်နေတယ်. . . လွတ်အောင်မပြေးနိုင်မယ့်အတူတူ ဒုက္ခခံပြီးမပြေးချင်တော့ပါဘူး . . . မေသံစဉ် ကိုယ့်ဘဝကိုစာနာသနားတယ်ဆိုရင် ကိုယ့်အချစ်ကို လက်ခံပေးပါလို့နော်. . နော်"

"ကဲပါရှင်. . . ဟုတ်ပါပြီ. . . ကိုလကျ်ာနရီရဲ့အချစ်ကို သံစဉ်စဉ်းစားပေးပါ့မယ်. . . ပြန်ပါ. . . ဟင် - ဖေဖေတို့သိသွားပြီ ထင်တယ်. . . ဒုက္ခပါပဲ. . . သွား သွား. . . မြန်မြန်သွားတော့"

"ဟင့်အင်း - မသွားဘူး. . . ဖြစ်ချင်ရာဖြစ် မေသံစဉ်ဆီက ကိုယ့်အချစ်ကိုလက်ခံတယ်လို့ မပြောမချင်း ဒီနေရာက တစ်ဖဝါးမှ မခွာဘူး"

"ဩော် - ဒုက္ခပါပဲ. . . ပြန်ပါတော့လို့ဆို"

"ဟင့်အင်း - နိုး. . နိုးပဲ. . . ချစ်တယ်လို့ပြောမှ ပြန်မယ်"

"သမီးရေ. . သမီး. . . ဒုန်း ဒုန်း"

"ဩော် - တံခါးထု. . ထုနေပြီ"

"ထုထု. . . ကိုယ့်အချစ်ကိုလက်ခံတယ်ပြောမှပဲ"

"ကဲ ကဲ - ကိုလကျ်ာနရီရဲ့အချစ်ကို သံစဉ်လက်ခံပါတယ်"

"ဟာ - သံစဉ်. . . တကယ်. . တကယ်ပြောတာနော်"

"တကယ်ပါရှင်. . . မနက်ဖြန်ဆုံကြရအောင်နော်"

"ဟား - ပျော်လိုက်တာကွာ. . . မေသံစဉ်က ငါ့အချစ်ကို လက်ခံလိုက်ပြီတဲ့. . . ဟေး. . အဲဒါ. . ငါ. . ငါ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘုံး"

"အင့်"

"အောင်မလေး - သေပါပြီဗျ"

နရီ မေသံစဉ်ထံမှအချစ်ကိုရရှိသဖြင့် ဝမ်းသာအားရဖြင့် သတိလက်လွတ်ဖြစ်ကာ ဟစ်ကြွေးမိလိုက်သလို မေသံစဉ်ကလည်း လူကြီးတွေကြားမှ စိုးရိမ်တကြီးဖြစ်ပြီး တွန်းထုတ်လိုက်မိလေရာ ဟန်ချက်ပျက်ပြီး လှေခါးပေါ်မှပြုတ်ကျသွားလေသည်။

သို့သော် ဖြစ်ချင်တော့ မြေကြီးပေါ်မကျဘဲ လူတစ်ယောက် ပေါ်ပြုတ်ကျသဖြင့် သိပ်မနာခဲ့။ သူ့အောက်လူမှာတော့ အခံနာရ လေသည်။

"အောင်မလေး. . သေ. . သေပါပြီဗျာ. . . လွတ်ပါတော့ . . . ဖိမထားပါနဲ့"

"ရှူး. . တိုးတိုး"

နာလွန်းသဖြင့် အော်နေသူကို ပါးစပ်ပိတ်ပြီး တိတ်တိတ်နေ ရန် သတိပေးလိုက်သေးသည်။ ကေဇက်ဦးတို့၊ အရှည်ကြီးတို့ထဲက တစ်ယောက်ယောက်များလားဟုထင်မိ၍ သေချာကြည့်မိတော့ မျက်နှာစိမ်းတစ်ဦးဖြစ်နေချေသည်။

"ဟင်. . . မင်းဘယ်သူလဲ"

"ကျွန်တော်သူခိုးပါဗျာ. . . ကျွန်တော့်ကို ရဲလက်မြန်မြန်အပ် ပြီး မြန်မြန်သာဆေးရုံပို့ပေးပါတော့"

ဆူဆူညံညံအသံဗလံများကြောင့် မေသံစဉ့်မိဘများလည်း အောက်ပြေးဆင်းလာပြီး အခြေအနေကိုကြည့်ရာ နရီနှင့်အတူ လူ စိမ်းတစ်ယောက်ကိုတွေ့ရသဖြင့်

"ဟင် - မောင်နရီ. . . ဒါဘာလုပ်နေကြတာလဲ"

"ဒီမှာလေ. . . ဦးတို့အိမ် သူခိုးကပ်လို့. . . ကျွန်တော်လေ



www.burmeseclassic.com

www.burmeseclassic.com



ပုံးလက်ကြပ်ဖမ်းဆီးပေးထားတာ. . . အဟီး"

"ဟော - ဟုတ်လား. . . ကျေးဇူးတင်လိုက်တာကွယ်"

နရီတို့မျှား ကကကောင်းချင်လာတော့ အဲသလို။ မေသံစဉ်ကို အချိန်မတော်ရည်းစားစကားတက်ပြောတာ လူမိခံရခါနီးမှ သူခိုးပေါ် ပြုတ်ကျကောင်းပြီး ဟီးရှိုးဖြစ်ခဲ့ရသည်။

မေသံစဉ်လည်း ယခုမှသက်ပြင်းချနိုင်လျှက် တတ်လည်း တတ်နိုင်ပါပေ့ဆိုသွေသောအကြည့်ဖြင့် နရီ့အားကြည့်ရင်းကြိတ်ရယ်မိ ပေတော့သည်။

ဿ ၾ ဿ

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

"ကဲ - မင်းသမီး. . . မနက်ဖြန် MIT မှာ ရိုက်ကွင်းစတည်ပြီနော်. . . ဇာတ်ညွှန်းကို သေသေချာချာဖတ်ထားရဲ့မဟုတ်လား . . . ဒါမှ ကိုယ်ဘာလုပ်ရမယ်ဆိုတာ ကိုယ်သိမယ်"

"စိတ်ချပါ. . . ဇာတ်ညွှန်းကိုအထပ်ထပ်ဖတ်ပြီး အိုက်တင်ကို မကျန်ခဲ့အောင်အပြတ်လေ့ကျင့်နေပါတယ်"

"ဇာတ်ညွှန်းဖတ်ပြီးလေ့ကျင့်တာချည်းပဲ လုပ်မနေနဲ့ဦး. . . အိပ်ရေးဝအောင်လည်းအိပ်ဦး. . . သွားလိုက်ဦးမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ. . . မနက်ဖြန်မှတွေ့မယ်"

မနက်ဖြန် ဗီဒီယိုဇာတ်ကားသစ်ရိုက်ကူးရန်အတွက် မေသံစဉ်၏မိဘများနှင့် လာရောက်တိုင်ပင်ဆွေးနွေးသော ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာတို့က နှုတ်ဆက်စကားပြောပြီး ပြန်ကြလေသဖြင့် မေသံစဉ်လည်း မိဘနှစ်ပါးနှင့်အတူ အိမ်ရှေ့သို့လိုက်ပို့ရသည်။

ထို့နောက် စာအုပ်သွားငှားလိုက်ဦးမယ်ဆိုသောအကြောင်းပြချက်ဖြင့် နရီ့ထံသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် ဖခင်ဦးသက်တင်က

"သမီး - ခဏနေဦး. . . ဖေဖေ သမီးနဲ့စကားပြောစရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဟုဆိုလာသဖြင့် မေသံစဉ်လည်းဟုတ်ကဲ့လိုက်ပြီး ဖခင်နောက်မှလိုက်ပြီး ဧည့်ခန်းရှိဆိုဖာတွင်ပြန်ထိုင်ရသည်။

ဖခင်ဘာပြောမည်ကို ကြိုတင်သိနေဟန်တူသော မိခင်ဒေါ်မေမျိုးလွင်ကလည်း မေသံစဉ်အနီးတွင်လာထိုင်ပြီး စကားကိုချီးပေးလိုက်သည်။

"သမီးဖေဖေပြောမှာကတော့ တခြားမဟုတ်ဘူး. . . သမီးနဲ့ မောင်နရီတို့ရဲ့ကိစ္စကိုကြားလာလို့ အဲဒါဟုတ်၊ မဟုတ်သိချင်လို့မေးမှာ. . . သမီးက ဟုတ်ရင်ဟုတ်တယ်. . . မဟုတ်ရင်မဟုတ်ဘူး အမှန်အတိုင်းဖြေပေးနော်. . . ကြောက်စရာမလိုဘူး. . . ဖေဖေရော၊ မေမေရောပါ သမီးရဲ့လွတ်လပ်ခွင့်ကိုအတင်းအကြပ်ချုပ်ကိုင်ပြီး မိဘပြောရင် ပြောတဲ့အတိုင်းလုပ်ရမယ်ဆိုတဲ့ ရှေးရိုးစွဲဝါဒီတွေမဟုတ်ဘူး. . . သမီးနားလည်တယ်နော်"

"ဟုတ်ကဲ့"

ဒီလို စကားစလိုက်ကတည်းက နရီနှင့်သူမ၏ပတ်သက်မှုကို မိဘနှစ်ပါးလုံးက ကြားသိထားပြီးဆိုတာ သေချာသလောက်ဖြစ်နေပြီဖြစ်ကြောင်း မေသံစဉ်ရိပ်မိလိုက်သည်။

ဖခင်ဦးသက်တင်က ချောင်းတစ်ချက်ဟန့်ပြီး

"အဟမ်း - ဒီလို သမီးရဲ့. . . ဒီနေ့ ဧည့်သည်တစ်ယောက်ကို ဖေဖေထမင်းလိုက်ကျွေးတော့ ထမင်းဆိုင်မှာ မောင်နရီရဲ့ညီအစ်ကိုနဲ့ အရှည်ကြီးတို့အဖွဲ့ ထမင်းစားနေတာတွေ့ရတယ်. . . သူတို့ကတော့ ဖေဖေ့ကိုမတွေ့ပါဘူး. . . အဲဒီမှာ သူတို့တဝါးဝါး တဟားဟားသဘောကျပြီး ပြောဆိုနေကြတာကတော့ မောင်နရီနဲ့ သမီးတို့ရဲ့အကြောင်းပဲ"

"ရှင် - သူတို့က ဘာတွေပြောနေကြလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်က မနေ့ညက မောင်နရီက သမီးကိုချစ်ရေးလာဆို တာတဲ့. . .သမီးက သူ့အချစ်ကိုလက်ခံလိုက်တဲ့အတွက် အပျော်လွန် ပြီး လှေခါးပေါ်က ခြေလွတ်လက်လွတ်ပြုတ်ကျသွားရာမှာ အိမ်ကိုလာ ကပ်တဲ့သူခိုးပေါ် တည့်တည့်ပြုတ်ကျသွားတာတဲ့"

"အဲ. . အဲဒါ. . ."

"နေဦး. . . ဖေဖေဆက်ပြောဦးမယ်. . . အဲဒီမှာတင် မောင် နရီက အိမ်မှာသူခိုးကပ်လို့ သူကပဲ ဝင်နပမ်းလုံးပြီးဖမ်းပေးသလို ခေါ် လဲရောထိုင်လုပ်ပြီး သမီးနဲ့သူ့ကိစ္စကိုဖုံးကွယ်လိုက်တာတဲ့. . . ဒီတော့ အခြေအနေမှန်မသိတဲ့ ဖေဖေတို့ မေမေတို့က ကိုယ့်သမီးကိုချစ် ကြောင်းကြိုက်ကြောင်းလာပြောတဲ့လူကို နေရင်းထိုင်ရင်းကျေးဇူးတင် ကြရပြန်ရောတဲ့လေ"

"ဟိုလေ. . . အဲ. . အဲဒါ"

သွေးထွက်အောင်မှန်လွန်းသော ဖခင်စကားကြောင့် မေ သံစဉ် မည်သို့ဖြေရှင်းလို့ဖြေရှင်းရမှန်းမသိအောင် အကြပ်ရိုက်သွား သည်။

နေရာတကာအာချောင်လွန်းသော အရှည်ကြီးဆိုသည့် မလည်ရှုပ်ကိုလည်း နားရင်းအုပ်ပစ်ချင်စိတ်ပေါက်သွားရသည်။

"ကဲ - သမီး. . . အခု သမီးဖေဖေကြားခဲ့တာတွေက အမှန် ပဲလား"

"ရှင်. . . ဟိုလေ"

မည်သို့ဖြေရမည်မသိဘဲ အကြံအိုက်နေသော မေသံစဉ်အား မိခင်ဒေါ်မေမျိုးလွင်က ဖခင်ကြားခဲ့တာတွေမှန်၊ မမှန်ဝန်ခံခိုင်း သဖြင့် အခက်တွေ့နေရသည်။

သို့သော် သည်လိုဝေ့လည်ကြောင်ပတ်လုပ်နေသည်ကို ကြိုက်နှစ်သက်ဟန်တူသော မိခင်ဒေါ်မေမျိုးလွင်က



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

ဆိုပြီး အသံမာမာဖြင့်ဟန့်လိုက်သည့်အခါမှာတော့ မငြင်းဆန်နိုင်ဘဲ ဟုတ်မှန်ရာဟုတ်မှန်ကြောင်း မဝံ့မရဲခေါင်းညိတ်ပြလိုက်ရသည်။

ဒီလိုဝန်ခံလိုက်သည့်အတွက် ဝိုင်းဝန်းကြိမ်းမောင်းပြစ်တင်တာခံရတော့မည်ဟု မတွေးလို့မဆုံးခင်မှာပင်

"ဟား ဟား ဟား ဟား. . . တော်တော်ရယ်ရတဲ့အကောင်ကွာ. . . ဟား ဟား. . . ကျလည်းကျတဲ့ကောင်. . . ဟား ဟား ဟား"

ဆိုသော ဖခင်၏အားပါးတရရယ်မောပြောဆိုမှုကြောင့် မေသံစဉ်ကြောင်အမ်းသွားလျှက် ဖခင်အား အထူးအဆန်းကြည့်မိသည်။

"ဘာ. . ဘာဖြစ်လို့ရယ်တာလဲဟင်"

"ရယ်စရာကောင်းလို့ ရယ်တာပေါ့ သမီးရယ်. . . အမှန်ကအမင်းဆိုင်မှာ အရှည်ကြီးပြောတာကြားကတည်းက ရယ်ချင်နေတာ. . . ဒါပေမဲ့ ဟုတ်မဟုတ်မသေချာသေးလို့ မနည်းစိတ်ထိန်းထားရတာ. . . ဟား ဟား. . . ခုတော့ သမီးကိုယ်တိုင်ဝန်ခံပြီဆိုမှတော့ အကယ်ဟုတ်လို့ပေါ့. . . ဟား ဟား ဟား"

ဖခင်ဦးသက်တင်က ပြောလည်းပြော၊ အားပါးတရလည်းရယ်နေသည်မို့ မေသံစဉ်လည်း မနေ့ညကမြင်ကွင်းကိုပြန်လည်မြင်ယောင်လာလျှက် ရယ်ချင်ချင်ဖြစ်လာရသည်။

မိခင်ဒေါ်မေမျိုးလွင်ကလည်း ထိန်းချုပ်ထားသောရယ်သံဖြင့်တခွိခွိဖြစ်နေလေသည်။

ကြည့်ရတာ သည်အခြေအနေဆိုလျှင် နရီနှင့်ချစ်သူတွေဖြစ်သည့်အပေါ် မိဘနှစ်ပါးကအပြစ်တင်လိုဟန်မရှိဆိုသည်ကို မေသံစဉ်နိုးမိပြီး ပျော်သလိုလိုဖြစ်လာရသည်။

သို့သော် စိတ်ချလက်ချမပျော်ရဲသေး။ ယခုချိန်ထိ ဖခင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောချင်လို့ပြောချင်မှန်းမသိသေး။ ထို့ကြောင့် ရင်တထိတ်ထိတ်ဖြင့် ဖခင်ပြောလာမည့်စကားတို့ကို နားစွင့်နေရသည်။ ဦးသက်တင်ဝအောင်ရယ်ပြီးခါမှ ပြောလိုရင်းကိုဆက်သည်။

"အေးလေ - သမီးလည်း ငယ်တော့တာမှမဟုတ်ဘဲ. . . ဒီတော့ ချစ်သူကြိုက်သူတွေ့ ချိန်တန်ပြီဆိုတော့လည်း ခွင့်ပြုရမှာပေါ့ . . . နောက်ပြီး မောင်နရီဆိုတာကလည်း ဖေဖေကိုယ်တိုင်က တွေ့ကတည်းက အင်မတန်သဘောကျနေတဲ့ လူရိုးလူကောင်းလေးပါ"

"ရှင် - ဖေဖေ တကယ်. . တကယ်ပြောတာနော်"

"ဒီ့ထက်သေချာတာရှိသေးတယ် သမီးရဲ့. . . သမီးဖေဖေက စာပေဝါသနာပါပြီး ငယ်ငယ်ကလည်း စာတိုပေစတွေရေးခဲ့ဖူးတယ်လေ. . . အခုမောင်နရီက ရိုးကလည်းရိုးသား. . . စာရေးဆရာလည်း စာရေးဆရာဆိုတော့ သမက်တော်ဖို့အသင့်ဖြစ်နေတာ သမီးရဲ့. . . ဟင်း ဟင်း ဟင်း"

နရီနှင့်သဘောတူကြည်ဖြူကြကြောင်း မိဘများကအတိအလင်းဖွင့်ဟပြောဆိုကြသဖြင့် မေသံစဉ်ဘယ်လိုပျော်ရမှန်းမသိအောင်ကို ပျော်နေမိလေသည်။

ထိုသတင်းကို နရီသိလျှင်လည်း ပျော်မှာပဲဆိုသောအတွေးဖြင့် နရီ့အားသွားပြောပြရန်အတွက် နေရာမှအမှတ်မထင်ထရပ်လိုက်မိသည်။

မိခင်ဖြစ်သူက

"ဟင် - သမီး. . . ဒီမှာ စကားပြောလို့မပြီးသေးဘူး. . . ဘယ်သွားမလို့လဲ"

ဟု လှမ်းသတိပေးခါမှ သတိလက်လွတ်ပြုမိသည်ကို မ... မလဲဖြစ်သွားလျှက်

"အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဟုရှက်ရယ်ရယ်ပြရင်း နေရာတွင်ပြန်ထိုင်ရသည်။

မေသံစဉ်၏စိတ်ထဲတွင် ဘာတွေဖြစ်နေသည်ကို အလုံးစုံ ရိပ်မိသိရှိဟန်တူသော ဖခင်ဦးသက်တင်က

"ဘာလဲ. . . သမီးက ဖေဖေတို့ မေမေတို့က မောင်နရီနဲ့ သဘောတူပါတယ်ဆိုတဲ့အကြောင်း သွားပြောချင်လို့မဟုတ်လား"

ဟု ပြုံးတုံ့တုံ့ဆိုရာ မေသံစဉ်လူမိခံရသဖြင့် ရှက်သွားပြီး

"ဟာ - ဖေဖေကလဲ"

ဟုသာတုံ့ပြန်ရင်း ခေါင်းလေးကိုအတင်းငုံ့ထားမိသည်။

ဦးသက်တင်က ဒေါ်မေမျိုးလွင်အား တစ်ချက်လှမ်းကြည့်ပြီး နောက်

"ကဲ - သမီး. . . ဟာ - ဖေဖေကလဲဆိုတာနဲ့ မပြီးဘူး. . . အခု ကိုမောင်မောင်တို့အိမ်မှာ မောင်နရီရဲ့မိဘတွေရောက်နေတယ် . . . အဲဒါ မောင်နရီ့ကိုသွားပြော. . . မောင်နရီနဲ့သမီးတို့တိုင်ပင်ပြီး အဆင်ပြေမယ့်နေ့ကို ဖေဖေတို့ မေမေတို့က ထမင်းစားဖိတ်ပါတယ် . . . မိသားစုလိုက်ကြွခဲ့ပါလို့"

ဟူ၍ဆိုလေရာ မေသံစဉ်မယုံနိုင်သလို မိခင်ကိုတစ်လှည့် ဖခင်ကိုတစ်လှည့်ကြည့်မိ၏။ ပြီးမှ

"ဟင် - အဲဒီလိုထမင်းစားဖိတ်လို့ ကောင်းပါ့မလား. . . ရှက်စရာကြီး"

"ဘာလဲ - ဒါဆိုသမီးက မဖိတ်ချင်ဘူးလား"

"ဖိတ်တော့ဖိတ်ချင်တာပေါ့လို့. . . ဒါပေမဲ့လို့ မျက်နှာပူစရာကြီး"

"ဘာမျက်နှာပူစရာရှိလဲ သမီးရယ်. . . မကြာခင်တော်ရတော့မယ့် ကိုယ့်ယောက္ခမလောင်းတွေပဲဟာ"

"ဟာ - ဖေဖေကလဲ. . . ဘာတွေပြောနေမှန်းမသိဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



နားရှက်စရာကြီး. . . တော်ပြီ သွားတော့မယ်"

မေသံစဉ်ကျေနပ်ရှက်လေးရှက်ပြီး နေရာမှပြေးထွက်သွားလေသည်။

သို့သော် မေသံစဉ်ပြေးထွက်သွားသည်က ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို အိပ်ခန်းဆီသို့ပြေးထွက်သွားသည်မဟုတ်ဘဲ နရီ့ဆီသွားရန် အိမ်ပြင်သို့ပြေးထွက်သွားသည်ဖြစ်သဖြင့် ဖခင်ဦးသက်တင်က

"ဟောဗျာ"

ဟူ၍ အာလုတ်သံကြီးဖြင့်ဆိုမိသလို မိခင်ဒေါ်မေမျိုးလွင်ကလည်း

"ဩော် - ဒီကောင်မလေးကတော့လေ"

ဟု ချစ်စနိုးရေရွတ်ပြီးနောက် ခင်ပွန်းဦးသက်တင်နှင့်အတူ သဘောကျစွာရယ်မောကျန်ရစ်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၆

နှစ်ဖက်မိဘများ အချိန်တိုအတွင်း ရင်းနှီးသွားကြသည်ကို ကြည့်ပြီး နရီနှင့်မေသံစဉ်တို့လည်း အတိုင်းမသိပျော်ရွှင်သွားရသည်။

ညှော်ခံကျွေးမွေးသော ဦးသက်တင်၊ ဒေါ်မေမျိုးလွင်တို့က ဖွယ်ဖွယ်ရာရာစားသောက်ဖွယ်ရာများ ပြင်ဆင်ထားသလို အထူး ဧည့်သည်တော်များဖြစ်သော ဦးဘိုကြည်၊ ဒေါ်မြလေးရီတို့ကလည်း မြိန်ယှက်စွာစားသုံးကြသည်မှာ ဧည့်ခံသူအိမ်ရှင်များအဖို့ အထူး ကျေနပ်ဖွယ်ရာဖြစ်ခဲ့ရသည်။

ထမင်းစားသောက်ပြီးသည်နှင့် ဦးသက်တင်က

"ကဲ - အားလုံးပဲ ထမင်းစားပြီးရင် ဧည့်ခန်းထဲကြွပြီး အချို တည်းကြပါဦး"

ဟု ဖိတ်မန္တကပြုကာ ရှေ့မှဦးဆောင်ထွက်ခွာသဖြင့် ဦးဘို ကြည်နှင့် ဒေါ်မြလေးရီအပါအဝင် နရီ၊ သံစဉ်၊ ဦးမောင်မောင်၊ အရှည် ကြီးနှင့် မေသံစဉ်၏ညီမဝမ်းကွဲ နေခြည်တို့လည်း နောက်မှလိုက်ကာ ဧည့်ခန်းရှိဆိုဖာအသီးသီးတွင် ဝင်ထိုင်လိုက်ကြသည်။

ယနေ့တွေ့ဆုံခြင်း၏ အဓိကကိစ္စဖြစ်သော နရီနှင့်မေသံစဉ် တို့၏အရေးကို အသိအမှတ်ပြုရင်း ပွင့်ပွင့်လင်းလင်းပြောဆိုရပေမည်



www.burmeseclassic.com

www.burmeseclassic.com



ကြရမည့်အချိန်ရောက်ပြီဖြစ်သဖြင့် အားလုံး၏မျက်နှာမှာ လေးနက်သောအသွင်ဆောင်နေ၏။

တည်ခင်းပေးထားသော လိမ္မော်သီး၊ ပန်းသီးများကို တို့ဂဏန်းဆိတ်ဂဏန်း စားလိုက်၊ စကားပြောလိုက်လုပ်ရင်း အချိန်ရောက်လာသည်နှင့် သမီးရှင်ဖြစ်သောဦးသက်တင်လည်း စကားကိုစ-ရသည်။

"ကဲဗျာ. . ဦးဘိုကြည်တို့နဲ့ ကျွန်တော်တို့နဲ့ကလည်း ရေစက်ပါလာလို့ အခုလိုတွေ့ကြုံကြ အချိန်တိုအတွင်း တစ်ယောက်အကြောင်းတစ်ယောက် နားလည်သွားကြတာပဲ"

"မှန်တာပေါ့ဗျာ. . . ကျွန်တော်တို့ကလည်း ဦးသက်တင်တို့မိသားစုနဲ့ အခုမှတွေ့တာလို့မခံစားရဘဲ လွန်ခဲ့တဲ့နှစ်များစွာထဲက တွေ့ဆုံရင်းနှီးခဲ့တဲ့လူတွေလိုပဲ ခံစားရပါတယ်"

"အေးဗျာ - ဒါဆိုရင်လည်း လူရင်းချင်းပွင့်ပွင့်လင်းလင်းပဲ ပြောရဦးမယ်. . . ကျွန်တော့်သမီးနဲ့ ဦးဘိုကြည်တို့ရဲ့သား လူငယ်ချင်း ဘာသာဘာဝချစ်ကြိုက်နေကြတယ်ဆိုတာ ဦးဘိုကြည်တို့လည်း သိပြီးနေမှာပါ"

"ဟုတ်ကဲ့ - သိပြီးပါပြီ. . . ကျွန်တော်တို့ဘက်ကလည်း ဦးသက်တင်၊ ဒေါ်မေမျိုးလွင်တို့ရဲ့သမီးလေးကို မြင်မြင်ချင်းသဘောကျမိတာကြောင့် မိသားဖသားပီပီတောင်းရမ်းပြီး ကျွန်တော်တို့သားနဲ့ လက်ဆက်ပေးချင်ပါတယ်. . . ခွင့်ပြုပေးပါ"

နှစ်ဖက်မိဘများက အဖြေသိပြီးဖြစ်နေသည့် သားရေးသမီးရေးကိုစွေ့ဆွေးနွေးနေကြသည်ကိုကြည့်ပြီး နရီနှင့်မေသံစဉ်တို့ တစ်ဦးကိုတစ်ဦးကြည့်မိကြသည်။

"ဟုတ်ပါတယ်ရှင်. . . ကျွန်မတို့ရဲ့သားလေးကို ဦးသက်တင် ဒေါ်မေမျိုးလွင်တို့ရဲ့သားအဖြစ်သတ်မှတ်ပြီး သမီးလေးမေသံစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်မတို့ရဲ့သမီးလေးအဖြစ်တောင်းဆိုချင်လို့ ဒီနေ့ ဒီနေရာကို ရောက်လာရတာပါပဲ”

နရီ၏မိခင် ဒေါ်မြလေးရီက သားအတွက်မိန်းမတောင်းပေးသည်ကို စကားအလှသုံးသလို မေသံစဉ်၏မိခင် ဒေါ်မေမျိုးလွင်ကလည်း

“ဟုတ်ကဲ့ - လူငယ်ချင်းကလည်း ကြည်ဖြူနေပြီဆိုမှတော့ ကျွန်မတို့ခေတ်ကာလလူကြီးမိဘတွေကလည်း သူတို့လူငယ်နှစ်ယောက်ရဲ့အချစ်ကို ယုံကြည်မှုပေးပြီး လက်ခံသဘောတူပေးရမှာပေါ့. . . တစ်ခုပဲရှိတယ်. . . မောင်လကျ်ာနရီကလည်း သူယုံကြည်ရာ စာပေရေးသားခြင်းအလုပ်ကို ကြိုးစားလုပ်ကိုင်နေရဆဲဖြစ်သလို သမီးလေးမေသံစဉ်ကလည်း သူ့ဝါသနာပါတဲ့ သရုပ်ဆောင်အလုပ်မှ အောင်မြင်ဖို့ကြိုးစားနေရဆဲမဟုတ်လား. . . ဒါကြောင့် ဒီအချိန်မှာ အိမ်ထောင်ပြုဖို့ရာတော့ စောသေးတယ်လို့ထင်ပါတယ်. . . ခုချိန်မှာ အိမ်ထောင်ပြုလိုက်ရင် သူတို့တက်လမ်းတွေထိခိုက်သွားမှာကို စိတ်ပူမိတယ်”

ဟူ၍ ရှည်လျားစွာပြောဆိုပြီးနောက် စကားကိုခေတ္တရပ်နားသာ အားလုံးကိုအကဲခတ်သလိုကြည့်သည်။

အားလုံးကလည်း ဒေါ်မေမျိုးလွင်ဘာများပြောချင်ပါသလဲဟု စိတ်တထင့်ထင့်ဖြစ်မိကြသည်။

အထူးသဖြင့် ချစ်သူနှစ်ဦးဖြစ်သော နရီနှင့်မေသံစဉ်တို့နှစ်ဦးမှာ မျက်စိမျက်နှာပျက်ချင်လာရသည်။

ဒေါ်မေမျိုးလွင်ကဆက်၍

“ဒါပေမဲ့ သားနဲ့သမီးကလည်း တစ်ယောက်နဲ့တစ်ယောက် အမြန်ဆုံးနီးစပ်ချင်ပြီလို့ သိရတဲ့အတွက် ရှဉ့်လည်းလျှောက်သာ၊ ပျားသည်းစွဲသာဆိုသလို နှစ်ဖက်မိသားစုသာသိထားတဲ့ စေ့စပ်ပွဲလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုလုပ်ထားရင်ကောင်းမယ်ထင်ပါတယ်. . . နောင် သူတို့ရည်မှန်းချက်တွေကိုယ်စီအောင်မြင်လာတဲ့အခါကျမှ တိုင်းသိပြည်သိလက်ထပ်ထိမ်းမြားပေးလိုက်ကြတာပေါ့"

ဆိုပြီး ပြောလိုရင်းကိုအဆုံးသတ်လိုက်ခါမှ အားလုံး၏စိတ်များလည်း ပေါ့ပါးရွှင်လန်းသွားရသည်။

နရီနှင့်မေသံစဉ်တို့ တစ်ယောက်ကိုတစ်ယောက် ချစ်ငွေ့သီသောအကြည့်များဖြင့် ကြည့်မိကြစဉ် ဝမ်းသာလုံးဆို့နေသော နေခြည်က

"ကိုလက်ျာနရီ - အခု မမသံစဉ်နဲ့ချစ်သူလည်းဖြစ်ခွင့်ရ အိမ်ကလည်းသဘောတူဆိုပြီး စွတ်မြောက်မသွားနဲ့ဦး. . . အောင်မြင်တဲ့စာရေးဆရာဖြစ်မှလည်း ဒီနေ့ပြောထားတဲ့စကားတွေက အကျုံးဝင်မယ်ဆိုတာ မမေ့နဲ့ဦး"

ဟူ၍ စသလိုနောက်သလိုဖြင့် ဆရာမကြီးဝင်လုပ်လေသည်။

ထိုအခါ အရှည်ကြီးကလည်း အစ်ကိုဖြစ်သူဘက်ကနာပြီး

"အံမယ် - ကျွန်တော့်အစ်ကိုတစ်ယောက်တည်း အောင်မြင်တဲ့စာရေးဆရာဖြစ်ရုံနဲ့မရပါဘူး. . . မမသံစဉ်ကိုယ်တိုင်လည်း အောင်မြင်တဲ့သရုပ်ဆောင်မင်းသမီး ဖြစ်အောင်ကြိုးစားနိုင်ဖို့ကလည်း အရေးကြီးပါတယ်နော်"

ဟူ၍ဝင်ပြောလေရာ အခြေအနေကတစ်မျိုးတစ်ဖုံပြောင်းလဲဖို့ဖြစ်လာရလေသည်။

စကားအကြောမခံတတ်သောနေခြည်က

"အောင်မယ် - တို့မမကိုများ အထင်သေးလို့. . . ဒီမယ် - ရှင်းအောင်ပြောပြထားမယ်. . . မမသံစဉ်က မလုပ်ရင်အရှင်း ဘာမှကိုမလုပ်ဘူး. . . အေး - လုပ်ပြီဆိုရင်လည်း ဘာလုပ်လုပ် မအောင်မြင်ဘူးဆိုတာမရှိဘူး သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . . ပြောတဲ့အတိုင်းပဲဖြစ်ပါစေဦး. . . မဖြစ်ရင် တို့အစ်ကို နာမည်ကျော်စာရေးဆရာအနားမှာ ဟိုမင်းသမီးက လာ အီစကလီရိုက်လို့ ဒီမင်းသမီးက ဇာတ်လမ်းတွေလာပေးလို့ဆိုတာတွေ ကြည့်ပြီး သဝန်တိုနေရဦးမယ်. . ဟား ဟား"

"ဝေးသေး. . ဒီမယ် ရှင်းအောင်ပြောပြထားဦးမယ်. . . တို့ မမသံစဉ်က သူသရုပ်ဆောင်ဝါသနာပါလို့သာ အနုကယ်လ်နဲ့အနုတီ ဘာ မလွဲသာဘဲခွင့်ပြုထားရတာ. . . မင်းသမီးမဟုတ်လည်း မမသံစဉ် ရုပ်ရည်၊ မမသံစဉ်အဆင့်အတန်းနဲ့ စာရေးဆရာဆိုတဲ့ ရှင်တို့အစ်ကို ကို မျက်လုံးထဲထည့်စရာတောင်မလိုဘူး. . . ရှင့်အစ်ကိုထက် အများ ကြီးသာတဲ့ငနဲတွေ လာအီနေတာမှအများကြီးရယ်"

"ဩော် - ဒီလိုပြောကြေးဆိုရင် ငါ့အစ်ကိုကလည်း စာရေး ဝါသနာပါပြီး တခြားဘာမှမလုပ်ချင်လို့ လေးလေးတို့၊ ဒေါ်လေးတို့ နားလည်ပေးထားရတာ. . . ခြံတွေ၊ ပွဲရုံလုပ်ငန်းတွေ အများကြီးပိုင် တဲ့ သူဌေးသားနော်. . . နင့်အစ်မထက်ချောတဲ့၊ လှတဲ့၊ ချမ်းသာတဲ့ ကောင်မလေးတွေအကြောင်းမရှိ အကြောင်းရှာပြီး လာရစ်နေကြတာ တစ်နေ့ထက်တစ်နေ့ မမြင်ချင်မှအဆုံးပဲ သိလား"

အရှည်ကြီးနှင့်နေခြည်တို့၏စကားနိုင်လုမှုက ရယ်ရသည့် အဖြစ်ကနေ မောရသည့်အဖြစ်သို့ရောက်လာပြီမှန်းရိပ်မိလျှက် နရီ နှင့်မသံစဉ်လည်း အခြေအနေကိုဝင်ထိန်းရန်ဆင်ခြင်မိကြသည်။

သို့သော် အဆင်ချောအောင် ဘာဝင်ပြောရင်ကောင်းမလဲ ဆိုတာ ရုတ်တရက်စဉ်းစားမရ။ လူကြီးများလည်း ထိုနည်းတူပင်။

စကားနိုင်လုပွဲ အရှိန်ရနေပြီဖြစ်သော အရှည်ကြီးနှင့်နေခြည် တို့သည်ကား တစ်ယောက်ကိုတစ်ယောက်အလျှော့မပေးသည့်အပြင် လူကြီးများကိုပါ စစ်ကူခေါ်ပြီး အားဖြည့်ခိုင်းလေရာ အခြေအနေမှာ ထိန်းသိမ်းနိုင်ဘဲ ပေါက်ကွဲသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နင်ပြောတာတွေယုံမယ်ထင်ပြီး လာကြွားမနေနဲ့. . . လုံးဝပဲ"

"မယုံဘူး ဟုတ်လား. . . မယုံရင် ကိုနရီရဲ့အမေဒေါ်လေးမို့ကို မေးကြည့်ပါလား. . . ဒေါ်လေး - တောင်ကြီးမှာဆိုရင် ကိုနရီနားမှာ မမေသံစဉ်ထက်လှတဲ့ကောင်မလေးတွေ ဇာတ်လမ်းလာဆင်ကြတဲ့ကိစ္စတွေပြောပြလိုက်စမ်းပါဗျာ. . . အဲဒီကောင်မလေးတွေထဲမှာမှ လေးလေးရော၊ ဒေါ်လေးရောသဘောကျတဲ့ စော်ဘွားမြေးမလေးတစ်ယောက်ဆိုရင် ဘယ်လောက်လှသလဲ. . . မမေသံစဉ်ထက် အပြတ်အသတ်သာတယ်နော်. . . ဒေါ်လေးနော်"

"ဩော်. . . အေး - အင်း. . အဟင်း"

"အေးဗျာ. . . အဲဒါကို အာစရိကလည်း မျက်စိကြောင်တောင်ကန်းပြီး မော်ဒယ်လိုလို မင်းသမီးလိုလို ဒီရန်ကုန်သူမှလာကြိုက်ရတယ်လို့"

"ဟဲ့ - နင့်စကားက ဘာလဲ. . . အေး - ပြောနေရင်ကြာနေဦးမယ်. . . မမေသံစဉ်က ရှင့်အချစ်ကိုလက်ခံပါတယ်လို့ ဖုန်းတစ်ချက်ကောက်ဆက်လိုက်တာနဲ့ မမေသံစဉ်ကို လိုချင်တာမှ အသည်းနဲ့အသန်. . . အန်ကယ်လ်နဲ့အန်တီတို့ကလည်း သဘောတူပြီးသား. . . ခြံလုပ်ငန်းတွေ ပွဲရုံလုပ်ငန်းတွေကို အပျင်းပြေစီးပွားရေးလုပ်တာလောက် သဘောထားတဲ့ တကယ့်ဟိုက်ဘော့စ်သားတစ်ယောက်ကကိုယ်ပိုင်ဟိုက်စကီးမောင်းပြီး ချက်ချင်းရောက်လာမှာနော်. . အန်တီနော်"

"ဩော် - ဟုတ်တယ်. . . အဲဒီကလေးကလေ သမီးကို အင်မတန်စွဲလန်းရှာတာ. . . သူ့မိဘတွေခေါ်လာပြီး တောင်းတောင်းပန်ပန်ပြောတာတောင် သမီးချောမှာ ဘယ်လိုအမှောင့်ပယောဂတွေဖုံးကွယ်နေတယ်မသိပါဘူး. . . မျက်စိမှိတ်ငြင်းလိုက်တယ်လေ. . . ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်အားနာဖို့ကောင်းသလဲ. . . ဟော - အခု မောင်လကျာ်နရီလို စာယောင်ပေယောင်လေးကျမှ ဘယ်လိုကဘယ်လို

ဒေါ်မေမျိုးလွင်လည်း သမီးဖြစ်သူကိုနှိပ်ကွပ်ထားသော အရှည်ကြီးအားမကျေနပ်သည်မို့ နေခြည်ပြောတာကို အပြည့်အဝ ထောက်ခံပေးရင်း အတိအလင်းစစ်ကြောသွားလိုက်လေသည်။

ထိုအခါ သားဖြစ်သူကို မျက်စိရှေ့မှာပင်နှိမ့်ချနေသည်ကို ဘယ်လိုမှရင်ထဲမထားနိုင်သော ဒေါ်မြလေးရီကလည်း တစ်စခန်းထလာလေသည်။

"အဟင်း ဟင်း ဟင်း - ကျွန်မကလည်း ကျွန်မသားကို အပြစ်တင်ရဦးမယ်. . . ပြီးခဲ့တဲ့နွေက မြန်မာပြည်ကိုအလည်လာတဲ့ ဘလေးမလေးနဲ့ပတ်သက်လို့ပေါ့. . . အဲဒီကလေးမက အမေရိကမှာ သန်းကြွယ်သူဌေးဖြစ်နေတဲ့ ကိုသက်တင်သူငယ်ချင်းရဲ့သမီးလေးပေါ့ . . . သားကို အင်မတန်သံယောဇဉ်ကြီးရှာတာ. . . သူ့မိဘတွေကလည်း သားကိုသဘောကျလို့ သူ့သမီးနဲ့လက်ထပ်ရင် အင်္ဂလန်က မန်ယူဘောလုံးကလပ်ကိုဝယ်ပြီး လက်ဖွဲ့မယ်လို့တောင်ပြောတာ. . . သားက ဘောလုံးပွဲဝါသနာအိုးမှန်းသိလို့လေ. . . အဟင်း ဟင်း - ဒါကိုပဲ သားမိုက်က နတ်ပြည်ကိုဆွဲခေါ်တာမြင့်တယ်ထင်ပြီး ငရဲပြည်ကိုခုန်ချရတယ်လို့"

"ဟင် - ရှင်. . ရှင် ဒါဘာပြောတာလဲ. . . ဒါ. . ဒါ ကျွန်မ သမီးကိုစော်ကားတာပဲ သမီး. . . သမီးကြားတယ်မဟုတ်လား"

"ကြားတယ်မေမေ. . . ဒီမှာ ကို. . လ. . ကျာ်. . န. . ရီ" မီးက နရီနှင့်သံစဉ်ထံပါးကူးစက်လောင်ကျွမ်းလေသည်။

မေသံစဉ် နေရာမှဆတ်ခနဲထရပ်ပြီး နရီကလောင်နာမည်ကို အစ်လုံးချင်းဆောင့်ပြီး ခေါ်သည်။

နရီလည်း နေရာမှ ဝုန်းခနဲထရပ်ပြီး တစ်လုံးချင်းဆောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထူးသည်။

"ပြော. . . ဘာ. . လဲ"

"ရှင့်မျက်နှာကို ကျွန်မမကြည့်ချင်တော့ဘူး. . . အင်္ဂလန်က မန်ယူဘောလုံးအသင်းကိုဝယ်ပြီး လက်ဖွဲ့ပေးမယ်ဆိုတဲ့ ရှင့်ယောက္ခမ အကောင်းစားတွေဆီသွားပြီး သူတို့သမီးကိုယူပြီးရင် အရှက်မရှိ ထမီနား . . . အဲလေ. . . ဟိုမှာဆို စကပ်ပဲဝတ်မှာဆိုတော့ စကပ်နားခိုစား ချေတော့"

"အေး - မင်းလည်း ဖုန်းတစ်ချက်ဆက်တာနဲ့ ခြံထဲကို ဟိုက်စကီးနဲ့ဆင်းလာမယ့် စူပါဟိုက်ဘော့စ်သားရဲ့ ပုဆိုးနား. . . အဲလေ - အဲဒီကြောင်က ဘောင်းဘီရှည်ပဲဝတ်မယ်ထင်တယ်. . . ဟုတ်တယ်. . . ဘောင်းဘီနားခိုစားနေရစ်ခဲ့. . . ငါသွားတော့မယ်"

"သွား. . သွား. . . အခုချက်ချင်းသွား"

"သွားမယ်. . . လာ - မေမေ ထ"

"အေး - ဟုတ်တယ်. . . လာ - ယောက်ျား ထ"

"အင်း - ထမယ်. . . ဟာ - မဟုတ်သေးပါဘူး. . . ခနစမ်းပါဦး. . . မင်းတို့ဟာတွေကလဲ အဓိပ္ပာယ်မရှိတာ. . . ဟို ကလေးနှစ်ယောက် စကားနိုင်လုရင်းဖြစ်ရတဲ့ ပြဿနာထဲ မင်းတို့က ဘာကြောင့်ဝင်ပါရတာလဲ"

ဒေါ်မြလေးရီခေါ် သဖြင့် ဦးဘိုကြည်လည်း ယောင်ပေါင်ပြီး နေရာမှထမည်ပြင်ပြီးမှ အခြေအနေကို ပြန်လည်ဆင်ခြင်မိလျှက် ဇနီးနှင့်သားအား လေသံမာမာဖြင့် ဟောက်ဟမ်းသတိပေးရသည်။

ဦးဘိုကြည်နည်းတူ ဦးသက်တင်ကလည်း

"ဒေါ်မေမျိုးလွင် - မေသံစဉ် - ခဏ"

ဟု လှမ်းဟန့်ရသည်။ ပြီးမှ

"နေပါဦး. . . အခု မင်းတို့ပြောတဲ့အထဲမှ သမီးကိုသဘော



www.burmeseclassic.com

www.burmeseclassic.com



ကျနေတဲ့ကောင်လေးတွေက ဘယ်လိုဘယ်ပုံဆိုပြီး အထင်တကြီး လျှောက်ပြောနေတယ်. . . မင်းသမီးရဲ့အရည်အချင်းကျတော့ ဘာ တစ်ခုမှမပြောသွားပါလား. . . ဘာလဲ - သမီးမှာ အရည်အချင်းမရှိ လို့ အောင်မြင်အောင်လုပ်ရည်ကိုင်ရည်မရှိလို့ အရည်အချင်းရှိသူ၊ အောင်မြင်နေတဲ့သူတွေကို အထင်ကြီးပြီး မှိုခိုချင်နေတာလား"

"ဖေဖေ - သမီးကို အဲလိုတော့အထင်မသေးပါနဲ့. . . သမီး မှာ သမီးအရည်အချင်းရှိတယ်. . . သမီးအရည်အချင်းနဲ့ သမီးဘာ ကြောင့်မအောင်မြင်နိုင်ရမှာလဲ"

"ကြိုက်ပြီ. . . တဲ - ကိုဘိုကြည်. . . ခင်ဗျားကြားတယ်နော် . . . ခင်ဗျားသားကိုလည်း မေးကြည့်ပါဦး"

ဦးသက်တင်က မိမိဘက်ကိုပြောပြီးသည်နှင့် နရီတို့ဘက်သို့ ဦးဘိုကြည်မှတစ်ဆင့် မြားဦးလှည့်စေသည်။ ဦးဘိုကြည်မဆိုင်းမတွ ခင်ခေါင်းညိတ်ပြပြီး

"ဟုတ်တယ်. . . မင်းတို့ရော ဘာထူးသလဲ. . . အတူတူပဲ . . . ဒီမှာ လေးရီ. . . မင်းသားနရီက အလကားကောင်. . . အစွမ်း အစမရှိတဲ့ကောင်မို့ ဘဝအတွက်အားကိုးရှာတဲ့အနေနဲ့ သူဌေးသမီး ကိုယူမှဖြစ်မယ်တဲ့လား"

"ရှင်. . . ဒါ. . ဒါကတော့"

"အဖေ. . ကျွန်တော့်ကိုလျှော့မတွက်ပါနဲ့. . . ကျွန်တော့် ကိုယ်ကျွန်တော်ယုံတယ်. . . တစ်နေ့ ကျွန်တော်ဘာကောင်ဆိုတာ အားလုံးသိစေရမယ်"

"ကောင်းပြီလေ. . . ဒါဆိုရင် မင်းနဲ့ငါ အလောင်းအစား တစ်ခုလုပ်ကြတာပေါ့. . . ဘယ်လိုလဲ သဘောတူလား"

"ရတယ်. . . အဖေကြိုက်တာပြော. . . ကျွန်တော်သဘော တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားမင်းတာဝန်ယူတယ်ဆိုရင်ပြောပြီ. . . အခုမင်းတာအုပ်နှစ်အုပ်ထွက်ပြီးသွားပြီ. . . ပလုံသွားတာပဲရှိတယ်. . . ထားတော့. . . အခု မင်းကို ငါနောက်ထပ်လုံးချင်းငါးအုပ်ထပ်ထုတ်ပေးမယ်. . . မင်းဘက်က အစွမ်းရှိသလောက်ထုတ်ပြပြီး အောင်မြင်အောင်ကြိုးစားရေးပေတော့. . . မင်းကြိုးစားနေတဲ့အချိန်မှာ မေသံစဉ်ဝိုလည်း တွေ့ရဖို့စိတ်မကူးနဲ့. . . အေး - ငါးအုပ်ထုတ်ပြီးလို့ အခုနှစ်အုပ်လိုပဲ ပလုံဆိုတဲ့အသံလေးပဲကြားရတယ်ဆိုရင် မေသံစဉ်ကိုစွန့်လွှတ်. . . တောင်ကြီးပြန်ပြီး မိဘပေးစားတဲ့သူကိုယူ. . . မိဘလက်ငုပ်လက်ရင်းအလုပ်ကိုပဲ ပြန်လုပ်ရမယ်. . . ဘယ်လိုလဲ"

"ဗျာ"

မေသံစဉ်ကိုစွန့်လွှတ်ရမည်ဆိုသောစကားလုံးတို့က နရီ့ရင်ကိုနာကျင်စေသည်။ 'ဗျာ'တစ်ခွန်းကလွဲပြီး နရီနှုတ်ဆွံ့သွားသည်ကိုကြည့်ပြီး တစ်ဖက်မှဦးသက်တင်ကလည်း

"သမီး"

"ရှင် - ဖေဖေ"

"ဖေဖေလည်း ကိုဘိုကြည်လိုပဲသဘောရတယ်"

"ဖေဖေဘာကိုဆိုလိုတာလဲ"

"ဒီလိုလေ. . . အခု သမီးလုပ်ချင်တယ်ဆိုလို့ ဗီဒီယိုကိုပိုက်ဆံထုတ်ပြီးရိုက်ပေးနေတယ်. . . ဒါပေမဲ့ ကန့်သတ်ချက်တော့ရှိတယ်. . . သမီးကို ဖေဖေ့ဘက်က ဗီဒီယိုဇာတ်ကားငါးကားတိတိပဲ ပိုက်ဆံထုတ်ရိုက်ပေးနိုင်မယ်. . . ဒီကြားကာလမှာလည်း မောင်လကျ်ာနရီနဲ့လူချင်းတွေ့ခွင့်မရှိသလို အဲဒီကားငါးကားလုံးဖြန့်ပြီးတာတောင်မှ သမီးအောင်မြင်မှုမရဘူးဆိုရင် သမီးမောင်လကျ်ာနရီကို မေ့ပစ်ပြီး ဖေဖေတို့သဘောတူတဲ့သူနဲ့ အိမ်ထောင်ပြုပြီး ဖေဖေ့စီစဉ်ပေးတဲ့စီးပွားရေးလုပ်ငန်းကိုပဲ အေးဆေးလုပ်ကိုင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နရီ့ကိုဗာကယ်ပဲမေ့ပစ်ရမည့်လောင်းကြေးက မြင့်လွန်းသည်မို့ မေသံစဉ်ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

နှုတ်ဆက်ခွဲခွာမှုကို လောင်းကြေးအဖြစ် သတ်မှတ်ထားသည့် ရက်စက်ပြင်းထန်သောဉပဒေသအောက်တွင် စောစောက တစ်ယောက်အပေါ် တစ်ယောက်ချည်နှောင်မိသည့် ဒေါသကြီးထုံးတွေဘာ ပြေလျော့သွားရသည်။

ဆုံးဖြတ်ရမှာ ဝေခွဲရခက်ဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။ သူတို့နှစ်ယောက်၏ရစ်တွယ်နှောင်ဖွဲ့မိပြီးသောသံယောဇဉ်ချစ်ခြင်းတရားကိုရိပ်မိခါမှ အသိမဲ့ပွဲဆူမိကြသောဒေါ်မြလေးရီနှင့်ဒေါ်မေမျိုးလွင်တို့လည်း ကိုယ့်အမှားကိုယ်ဆင်ခြင်မိလျက် သက်ပြင်းရှည်သာ ကိုယ်စီဆွဲမိကြသည်။

ထို့အတူ လှပစွာအဆုံးသတ်ရမည့်ဇာတ်ပေါင်းခန်းလေးကို ဖျက်လိုဖျက်ဆီးလုပ်မိပြီဟူသော နောင်တအတွေးဖြင့် အရှည်ကြီးနှင့်နေခြည်တို့လည်း ကျောက်ရုပ်တွေလို မလှုပ်မယှက်တောင့်တောင့်ကြီးရပ်နေမိကြလေသည်။

ဝန်းကျင်တစ်ခုလုံး တစ်ယောက်အသက်ရှူသံကို တစ်ယောက်ကြားရလောက်အောင် တိတ်ဆိတ်သွားသည့်အခိုက်မှာပင် ဦးဘိုကြည်၏

"ကဲ - နရီ့ . . မင်းပြောတော့ သဘောတူတယ်ဆို . . အခုတော့ သွေးကြောင်သွားပြီလား"

ဆိုသော သတိပေးစိန်ခေါ်သံနှင့် ဦးသက်တင်၏

"ဘယ်လိုလဲ သမီး. . . သမီးအရည်အချင်းကို သမီးမယုံကြည်တော့ဘူးလား"

ဆိုသော စိန်ခေါ်သံများက ပြိုင်တူလိုလိုထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နရီနှင့်မေသံစဉ်လည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးနောက်

"ကျွန်တော်လက်ခံပါတယ်"

"သမီးသဘောတူပါတယ်"

ဟူ၍ လောင်းကြေးကြီးလွန်းသောစိန်ခေါ်ချက်ကို ခေါင်းညိတ်လက်ခံလိုက်ကြလေသည်။

လူဆိုတာ ကံဇာတ်ဆရာအလိုကျ ကြိုးဆွဲရာကနေရတယ်ဆိုတာ အမှန်ပါပဲလား ချစ်သူ။

ကံဇာတ်ဆရာက တို့ချစ်သူနှစ်ယောက်ကို မပေါင်းဖက်စေဘဲ တစ်သက်လုံးဝေးကွာစေမယ့်ကြိုးကိုဆွဲလို့ လွမ်းခန်းကိုကခိုင်းမှာတဲ့လား။

ချစ်သူ. . .

ချပ်ဝတ်တန်ဆာကိုဝတ်ဆင်ပြီး လက်နက်ဆွဲကိုင်လို့ မြင်းနိုင်းကိုအသော့နှင်ရင်း ကံဇာတ်ဆရာနဲ့ငါ စီးချင်းထိုးမယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## ၂၉

သည်လိုနှင့်. . .

လက်ျာနရီ အထူးကြိုးစားပြီး ဝတ္ထုတွေရေးနေသည်။

ထို့အတူ

မေသံစဉ်သည်လည်း ရိုက်ကူးနေသောဗီဒီယိုကားများတွင် မခို့မကပ်အားထည့်ပြီး ကြိုးစားသရုပ်ဆောင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ

နရီ၏လုံးချင်းဝတ္ထုများဆက်တိုက်ဆိုသလို ထွက်ရှိလာသည်။

နရီ ရင်တွေခုန်နေသည်။

ချစ်သောသံစဉ်နှင့် တစ်သက်တာလက်တွဲခွင့်လက်မှတ်ကို ပရိသတ်များလက်ထဲ ဝ-ကွက်အပ်ထားရသည်ကို ကိုယ်တိုင်သာအသိဆုံးဖြစ်သည်။

သံစဉ်ရေ. .

မတွေ့ရတာ ကြာ. . ကြာလှပေါ့။

ရင်မှာ အလွမ်းမီးတောက်က ကြီးသထက်ကြီးနေပြီ။

အလွမ်းမီးကို လာငြိမ်းပေးပါလှည့် ချစ်သောချစ်သူရယ်။

ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မေသံစဉ် အဝိကာသရုပ်ဆောင်ထားသော ဗီဒီယိုဇာတ်ကား ...ကားလုံး ဆက်တိုက်ဖြန့်ချိနိုင်လိုက်ပြီဖြစ်သည်။

မေသံစဉ်ရင်တွေခုန်နေသည်။

ချစ်သောနရီနှင့် တစ်သက်တာလက်တွဲခွင့်လက်မှတ်ကို ...ရိသတ်များလက်ထဲ ၀-ကွက်အပ်ထားရသည်ကို ကိုယ်တိုင်သာ အသိဆုံးဖြစ်သည်။

နရီရေ. . .

မတွေ့ရတာ ကြာ. . ကြာလှပေါ့။

ရင်မှာ အလွမ်းမီးတောက်က ကြီးသထက်ကြီးနေပြီ။

အလွမ်းမီးကိုလာငြိမ်းပေးပါလှည့် ချစ်သောချစ်သူရယ်။

ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

နရီ၏လုံးချင်းဝတ္ထုငါးအုပ်လုံး တစ်အုပ်မျှမပေါက်ခဲ့သလို မေသံစဉ်ခေါင်းဆောင်ပါဝင်ထားသော ဗီဒီယိုကားများလည်း အောင်မြင်မှုမရရှိခဲ့ပါ။

ထို့ကြောင့်

စိန်ခေါ်ပွဲတွင်ရှုံးနိမ့်သူနရီနှင့် မေသံစဉ်တို့သည် တင်ထားသောလောင်းကြေးအရ နှလုံးသားကို ရင်မှခွဲထုတ်ယူခွင့်ပြုရကာ ရင်ခုန်သံကို တစ်စစီဆုတ်ဖြဲရလေတော့သည်။

သူတို့ဘဝတစ်လျှောက်လုံး ရိတ်သိမ်းသူမရှိသောမျက်ရည်တွေကို လူမသိသူမသိစိုက်ပျိုးရင်း ဝိညာဉ်ကင်းမဲ့ကာ နေထိုင်သွားပေတော့မည်။

အောင်နိုင်သူကံဇာတ်ဆရာကတော့ သူတို့နှစ်ဦးကိုကြည့်ပြီး လှောင်ရယ်လို့မဆုံးနိုင်တော့ပြီကောရယ်။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အပြီးတိုင်ခွဲခွာရပြီဆိုသော ရင်ကွဲမတတ်ခံစားမှုနှင့်အတူ ခွဲရခါနီးမှာ ခဏလောက်ဖြစ်ဖြစ် ချစ်သူမျက်နှာကို တွေ့ခွင့်မြင်ခွင့်ရလိုခြင်းသည် တားဆီးမရစကောင်းသော ဝေဒနာတစ်ရပ်သာဖြစ်သည်။

သံစဉ်လည်းပဲ သူ့လိုပဲခံစားနေရလေမလားဟုတွေးရင်း နှုရီ မျက်ရည်ဝဲချင်လာသည်။

သို့သော် လောင်းကြေးရှုံးတဲ့လူတစ်ယောက်၏စည်းကမ်းဆိုသည်ထက် လူတစ်ယောက်၏မာနနှင့်ဂုဏ်သိက္ခာမှု အထိအပါးမခံနိုင်သည်ကို တွေ့လိုစိတ်ကိုကြံဖန်ကြိုးစားမျိုသိပ်ထားရသည်။

တကယ်တော့ လောင်းကြေးရှုံးနိမ့်ခြင်းသည်ကပဲ မိမိအလုပ် မိမိကိုအောင်မြင်အောင်မလုပ်နိုင်သူ၊ အရည်အချင်းအစွမ်းအစ မရှိသူအဖြစ် ကိုယ့်ကိုယ်ကိုယ်ကြေညာရခြင်းပင်ဖြစ်လေသည်။

ထိုအခြေအနေမျိုးနှင့် မေသံစဉ့်ရှေ့မှာရပ်ဖို့ လိပ်ပြာမလုံဘဲ ဖြစ်ရသည်။

မေသံစဉ်သည်လည်းပဲ ကိုယ်လိုပဲခံစားနေရမလားဟုတွေး ရင်း စာနာသနားမိပြန်သည်။

၄



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည်လည်း ကိုယ်လိုပဲ သူ၏ကျရှုံးခန်းကို မြင်တွေ့စေလိုမည်မဟုတ်ဟုတွေးရင်း ရင်မှာနာရပြန်သည်။

အရာရာရှုံးနိမ့်မှုနှင့်အတူ ရင်ခုန်သံကိုပါ အဆစ်လိုက်ပြီး စတေးခံလိုက်ရခြင်းလောက် ကြေကွဲစရာကောင်းတဲ့ဘဝမျိုးမရှိတော့ပြီ။

မေသံစဉ်များရှိနေလေမလားဟု မေသံစဉ့်အိမ်ကို လှည့်ကြည့်မည်ကြံပြီးမှ လှည့်မကြည့်နိုင်အောင်အားတင်းထားလိုက်ရသည်။

သူ့အားလာပြန်ခေါ်သော ဖခင်၊ မိခင်တို့ကလည်း သားဖြစ်သူ၏ခံစားချက်ကိုရိပ်မိသော်လည်း ဘာမျှမပြောသာသည့်အခြေအနေမို့ နှုတ်ဆိတ်နေကြသည်။

အိမ်ပြန်ခရီးအတွက်စီးလာသောကားလေးက မေသံစဉ်တို့အိမ်ကိုကျော်သွားသည့်အခိုက်မှာ နောက်လှည့်ကြည့်မည်ကြံပြီးမှ လှည့်မကြည့်တော့ဘဲ ရှေ့တူရှုသို့သာ မျက်နှာမူထားလိုက်သည်။

မြင်နေရသည်က မေသံစဉ်၏ချစ်မဝနိုင်သော မျက်နှာလှလှလေးသာဖြစ်ချေတော့သည်။

နရီ သံစဉ့်အသံကိုကြားယောင်ပြီး သံစဉ့်ကမ္ဘာထဲမှာ ရုန်းမထွက်နိုင်ဘဲ တဝဲလည်လည်ဖြစ်နေရစဉ် ကျွိခနဲကားအရှေ့ပေါ် ဘရိတ်အုပ်မှုနှင့်အတူ

"ဟာ - ဒီကားက ဘာလုပ်တာလဲကွ"

ဆိုသော ဖခင်၏စိုးရိမ်မှုစွက်သော ဒေါသတကြီးရေရွတ်သံကိုကြားလိုက်ရသဖြင့် နရီလည်းဟန်ချက်ပျက်သွားရာမှ ခန္ဓာကိုယ်ကို ပြန်မတ်ပြီး ရှေ့မှပိတ်ရပ်ထားသောကားကို လှမ်းကြည့်လိုက်သည်။

ကားပေါ်မှ ကြောင်ကြောင်ကျားကျားဝတ်စားထားသည့် လူမိုက်ဂိုဏ်းသားများဖြစ်ဟန်တူသော လူခြောက်ယောက်ခန့်ဆင်းလာပြီး ကားဆီသို့ဦးတည်လာသည်ကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်လို့ပါလိမ့်ဆိုသောအတွေးမဆုံးခင်မှာပင် ထိုလူ ဒိုက်များက ကားတံခါးကိုဆွဲဖွင့်လိုက်ပြီး လူမိုက်ခေါင်းဆောင်ဖြစ်ဟန် ဘူသူက

"စာရေးဆရာလကျာ်ခနရီဆိုတာ ဘယ်သူလဲ"

ဟု ခက်ထန်စွာမေးမြန်းလေ၏။

မိဘနှစ်ပါးလည်းစိုးရိမ်သွားလျှက်

"မင်းတို့က ဘယ်သူတွေလဲ"

"သား. . သားကို ဘာလုပ်ကြမလို့လဲ"

ဟူ၍ အလောတကြီးမေးခွန်းပြန်ထုတ်ကြရာ လူမိုက်ခေါင်း ဆောင်က ပါးစပ်တွင်လက်ညှိုးကပ်ကာ တိတ်တိတ်နေရန် သတိပေး ၏၊ တခြားလူမိုက်တစ်ယောက်က

"စကားမများနဲ့. . . ကျုပ်တို့မေးတာသာ ဖြေပါ. . . စာရေး ဆရာလကျာ်ခနရီဆိုတာ ဘယ်သူလဲ. . . ပြော"

"ကျွန်. . ကျွန်တော်ပါ"

နရီလည်း မနေသာတော့ဘဲ သူကိုယ်သူစာရေးဆရာလကျာ် ခနရီဖြစ်ကြောင်း အသိပေးရတော့သည်။

လူမိုက်ခေါင်းဆောင်က

"ကောင်းပြီ. . . ဒါဆိုရင် မင်း တို့နဲ့လိုက်ခဲ့"

"ဗျာ - ဘယ်. . ဘယ်ကိုလိုက်ရမှာလဲ"

"ကျုပ်တို့ဆရာကြီးက မင်းကိုအပါခေါ်ခဲ့လို့ မှာလိုက်တယ်"

"ဘယ်ကဆရာကြီးလဲ. . . ကျွန်တော်မသိဘူး"

"ဒီမယ် - အပိုတွေပြောမနေနဲ့. . . လိုက်ဆိုလိုက်ခဲ့. . . ဟို ရောက်ရင် မင်းသိလိမ့်မယ်. . . ဒါပဲ"

လူမိုက်ခေါင်းဆောင်စကားဆုံးသည်နှင့် ကျန်လူမိုက်များက နရီအား ကားပေါ်မှအတင်းဆွဲပြီး ခါးကိုသေနတ်ဟုထင်ရသော



www.burmeseclassic.com

www.burmeseclassic.com



မာကြောကြောအရာဖြင့်ထောက်ထားလိုက်တော့သည်။

"ခင်ဗျားတို့ ဒါဘာလုပ်တာလဲ. . . ဒါ ဥပဒေနဲ့ငြိစွန်းတယ်နော်. . . ခင်ဗျားတို့ ထင်ရာမစိုင်းကြနဲ့"

"ကျွန်မသားကို မခေါ်သွားပါနဲ့ရှင်. . . ကျွန်မသားလေးကိုခေါ်ရင် ကျွန်မတို့လည်းလိုက်မယ်"

မိခင်ဒေါ်မြလေးရီနှင့် ဖခင်ဦးဘိုကြည်တို့ ကားပေါ်မှဆင်းပြီး သားဖြစ်သူနရီ့ကိုလိုက်ဆွဲလေရာ လူမိုက်ခေါင်းဆောင်ဖြစ်သူက သဘောကျဟန်ဖြင့် မခိုးမခန့်ရယ်လိုက်သေး၏။ ပြီးမှ

"ကောင်းတယ်. . . မိသားစုသုံးယောက်လုံးပါလာတော့ ပိုကောင်းတာပေါ့. . . ဟား ဟား ဟား. . . ဘာလုပ်နေတာလဲ. . . ခင်ဗျားတို့အားလုံးလိုက်ခဲ့. . . လာ - ရှေ့ကကားပေါ်တက်လေ . . . ဘတုတ် - မင်းက သူတို့ကားကိုမောင်းပြီး ငါတို့နောက်ကလိုက်ခဲ့"

ဟူ၍အမိန့်ပေးလေရာ နရီ၏ဖခင်နှင့်မိခင်တို့လည်း နရီနှင့်အတူ လူမိုက်များ၏ကားဆီသွားရသည်။

နရီတို့မိသားစုသုံးဦးလုံး ကားပေါ်ရောက်သည်နှင့် လူမိုက်ခေါင်းဆောင်က

"ရပြီ. . မောင်းတော့"

ဟု အမိန့်ပေးလိုက်ပြီးနောက် ဆရာကြီးဖြစ်သူထံ

"ဆရာကြီး - စာကလေးမိပြီ. . . အသိုက်ပါယူလာခဲ့တယ် . . . နာရီဝက်တွင်း ဆရာကြီး လက်ထဲအပ်မယ်. . . ဆရာကြီးအနေနှုတ်ပြီး အပြတ်ရှင်းလို့ရပြီ. . . ဒါပဲ"

ဟူ၍ ဖုန်းဆက်သတင်းပို့လေရာ နရီလည်း မိဘနှစ်ပါး၏ မျက်စိသူငယ်နားသူငယ်ဖြင့် လှမ်းကြည့်မိ၏။

ဘာမသိဘာမသိ အပြတ်ရှင်းခံရတော့မည့်အရေးအတွက် မိဘနှစ်ပါးလည်း ပူပန်သွားလျှက် တောင်းပန်စကားဆိုရန် ပါးစပ်ပြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသေး၏။

သို့သော် ဘာမှမကြားချင်ဘူး. . . ဘာမှမပြောနဲ့ဆိုသော သဘောဖြင့် လူမိုက်ခေါင်းဆောင်က ဘောင်းဘီခါးကြားမှာထိုးထားသော သေနတ်လိုအရာကိုတစ်ချက်ပုတ်ပြပြီး ခေါင်းခါပြလေရာ သူတို့လည်း ဘာမှမပြောရဲတော့ဘဲ ဇက်ကလေးတွေပုသွားကြရလေသည်။

"ရောက်ပြီ. . . ဆင်းတော့"

ခြံဝန်းကျယ်တစ်ခုထဲ ကားကိုထိုးရပ်ပြီးနောက် ဆင်းခိုင်းလေသဖြင့် နရီတို့လည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကားပေါ်မှဆင်းကြရသည်။

သားအမိသားအဖသုံးဦး တစ်ယောက်လက်ကိုတစ်ယောက်ဆွဲရင်း ကြံရာမရဖြစ်နေဆဲမှာပင် လူမိုက်ခေါင်းဆောင်က

"လာ - နောက်ကလိုက်ခဲ့"

ဟု ရှေ့မှဦးဆောင်ပြီး အိမ်ထဲဝင်လေရာ တပည့်လူမိုက်များကလည်း နရီတို့ကိုဝန်းရံပြီး ဝင်လေဆိုသောသဘောဖြင့် မေးဆတ်ပြသဖြင့် နရီတို့လည်း ထိုအိမ်ကြီးထဲဝင်သွားရသည်။

ထိုအိမ်ဧည့်ခန်းထဲတွင် ကြိုရောက်နှင့်နေသော မေသံစဉ်နှင့်သူမ၏မိခင် ဒေါ်မေမျိုးလွင်တို့ကိုတွေ့လိုက်ရသဖြင့် နရီတို့လည်း အံ့ဩသွားရသည်။

"ဟင် - လူဆိုးတွေက ငါတို့တင်မကဘူး. . . နရီတို့သားအမိကိုလည်းဖမ်းထားပါလား. . . မဖြစ်ဘူး. . . ငါကယ်မှပဲ"

နရီ မေသံစဉ်အတွက်စိတ်ပူသွားလျှက် ကယ်တင်ရှင်လုပ်ရန် စဉ်းစားမိသေးသည်။ သို့သော် ကိုယ်တိုင်ကလည်း လူမိုက်များ၏ခြိမ်းခြောက်ဖမ်းဆီးမှုကိုခံလာရသူဖြစ်သည့်အတွက် ဘာမျှမတတ်နိုင်။

မေသံစဉ်ကလည်း နရီ့ကိုအားကိုးတကြီးလှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နရီက ဘာမှမကြောက်နဲ့ဟု ခပ်တည်တည်ဖြင့် မျက်နှာနိုင်
မျက်နှာကဲပြုပြီး ဝန်းကျင်ကိုတစ်ချက်လေ့လာလိုက်၏။

ထိုအချိန်မှာပင် လူမိုက်ခေါင်းဆောင်က အခြားတစ်ယောက်အား

"ဒီမယ် - ဆရာကြီးကိုသွားပြောလိုက်. . . ဆရာကြီးလှောင်အိမ်ထဲထည့်ထားချင်တဲ့စာကလေး ရလာပြီလို့"

ဟူ၍ သတင်းပို့ခိုင်းစဉ်မှာပင် အသံသြသြနှင့်အတူ လူတစ်ယောက် လှေကားအတိုင်းဆင်းလာသည်ကိုတွေ့ရ၏။

"မြတ်လှိုင်း - မင်းတာဝန်ကျေတယ်. . . လုပ်စရာရှိတာသွားလုပ်လို့ရပြီ. . . ငါ့ကိစ္စ ငါဆက်လုပ်လိုက်တော့မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး. . . ဒါဆိုရင် ခွင့်ပြုပါဦး. . . လာ - ဟေ့ကောင်တွေ. . သွားကြမယ်"

လူမိုက်ခေါင်းဆောင်နှင့်အဖွဲ့ ထွက်ခွာသွားသည်နှင့် နရီသည်လည်း ဆရာကြီးဆိုသူကို အကဲခတ်သလိုကြည့်ပြီး ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသလို

"ဘာကိစ္စနဲ့ ကျွန်တော့်ကိုတွေ့ချင်ရတာလဲ. . . ကျွန်တော်တို့ကြားမှာ တွေ့ဖူးဆုံဖူးတာလည်းမရှိသလို ဘာပြဿနာမှလည်းမရှိဘူးလို့ထင်ပါတယ်"

"သေချာတာပေါ့. . . ဒါကြောင့်လည်းပဲ ခုလိုကျုပ်တပည့်တွေလွှတ်ပြီး ခေါ်ခိုင်းလိုက်ရတာပေါ့"

"ဟင် - ဘယ်လို"

ဆရာကြီးဆိုသူ၏စကားကြောင့် နရီတို့ ပိုပြီးအူကြောင်ကြောင်ဖြစ်သွားကြရသည်။ ဆရာကြီးကရိပ်မိဟန်ဖြင့် တစ်ချက်ပြုံးပြီး စကားကိုဆက်သည်။

"ကဲပါလေ - ကျုပ်ကိုယ်ကျုပ် အရင်မိတ်ဆက်ပေးပါမယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ကျုပ်က နှစ်ဆယ့်တစ်ရာစုဝံပုလွေ ရုပ်ရှင်ဗီဒီယိုကုမ္ပဏီပိုင်ရှင် ဇရေဂျမ်းပါ"

"ဗျာ"

လူမိုက်ဂိုဏ်းခေါင်းဆောင်ဟုထင်ထားသော လူမိုက်ရုပ်ပေါက်နေသည့်ပုဂ္ဂိုလ်က ရုပ်ရှင်ဗီဒီယိုကုမ္ပဏီပိုင်ရှင် ဇရေဂျမ်းဆိုသည့်အတွက်ကြောင့် နရီတို့အံ့ဩသွားရသလို ယခုလိုတပည့်လူမိုက်တွေနဲ့ အတင်းအဓမ္မခေါ်ခိုင်းသည့်ကိစ္စကိုလည်း ပိုပြီးဆက်စပ်လို့မရအောင် ဖြစ်သွားရသည်။

ဇရေဂျမ်းက

"အခု ကျုပ် ဆရာလက်ျာနရီကိုပင့်ဖိတ်ရတာကတော့ တခြားမဟုတ်ဘူး. . . ဆရာနောက်ဆုံးထွက်ခဲ့တဲ့ 'ရင်ခုန်သံအကျီနဲ့လူ'ဆိုတဲ့ လုံးချင်းဝတ္ထုကို ရုပ်ရှင်ကားကြီးရိုက်ဖို့အတွက် ဝယ်ချင်လို့ပါပဲ"

'ဗျာ'

ဆိုပြီး နရီထပ်မဗျာခင်မှာပင် ဇရေဂျမ်းက စကားကိုဆက်၏။

"ဒီ့အပြင် ဒီရှေ့က ထွက်ပြီးလုံးချင်းဝတ္ထုလေးအုပ်ကိုလည်း ဗီဒီယိုနှစ်ကားနဲ့ ဒီဗီဒီနှစ်ကားရိုက်ဖို့ဝယ်ချင်ပါတယ်. . . ထိုက်တန်တဲ့ အနုပညာကြေးလည်းပေးပါ့မယ်. . . ဒီမှာ စာချုပ်. . . တစ်ချက်လောက်ဖတ်ကြည့်ပါဦး"

"ဗျာ - ဩော်. . အင်း - ဟုတ်ကဲ့"

မျှော်လင့်မထားသောစကားကြောင့် ဦးဘိုကြည်နှင့် ဒေါ်မြလေးရီတို့လည်း သားအတွက်အတိုင်းမသိဝမ်းသာပျော်ရွှင်စွာဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။

နရီလည်း ကုမ္ပဏီပိုင်ရှင် ဇရေဂျမ်းဆီမှစာချုပ်ကို ယူကြည့်မည်ပြုပြီးမှ တစ်စုံတစ်ရာကိုသတိရလျှက်

"ဒါနဲ့ နေစမ်းပါဦးဗျ. . . ကျွန်တော့်ဝတ္ထုကို ရုပ်ရှင်ဗီဒီယို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ဖို့ဝယ်တာပဲ. . . ဘာကြောင့် လူမိုက်တွေလွှတ်ပြီး ကွဲဆွဲနွားနဲ့ ဆွဲသလို ဆွဲခေါ်လာခိုင်းရတာလဲ"

ဟူ၍ မကျေမချမ်းပြောဆိုမိလေသည်။

ထိုအခါ ဗရေဂျမ်းလည်း မလုံမလဲတစ်ချက်ရယ်လိုက်ပြီး

"အဟင်း - ဒီ့အတွက်စိတ်မရှိပါနဲ့ဗျာ. . . စာရေးဆရာကို လာခေါ်တဲ့သူတွေက တကယ့်လူမိုက်ဂိုဏ်းက လူမိုက်တွေမဟုတ်ပါ ဘူး. . . ကျုပ်ရဲ့ရုပ်ရှင်ဗီဒီယိုကုမ္ပဏီကရိုက်မယ့်အက်ရှင်ကားတွေမှာ သုံးဖို့ရွေးထားတဲ့လူမိုက်သရုပ်ဆောင်တွေပါ. . . ဒါကြောင့် တစ်ခုခု ခိုင်းလိုက်တာနဲ့ သူတို့ကလူမိုက်မုဒ်ကိုအပြည့်သွင်းပြီး လုပ်တော့တာပဲ . . . ဟား ဟား ဟား ဟား"

"ဟာ - သေပါတော့ဗျာ"

နရီလည်း ငိုအားထက်ရယ်အားသန်သောအဖြစ်ကြောင့် ကိုယ့်နဖူးသာကိုယ်ရိုက်မိတော့သည်။

ထိုအချိန်မှာပင် နရီ့ကိုကြည့်ပြီး တခစ်ခစ်ရယ်လိုက်သော မေသံစဉ်၏ရယ်သံကြားမှ နရီလည်း မေသံစဉ်ကိုသတိပြန်ရသွား သည်။

"နေပါဦး. . . ဒါနဲ့ သံစဉ်ကဘာကိစ္စနဲ့ ဒီကိုရောက်နေရတာ လဲ"

"ဦးဗရေဂျမ်းက အလုပ်ကိစ္စစကားပြောချင်တယ်ဆိုပြီး ခေါ် ထားလို့ပါ"

"ဩော် - စာရေးဆရာနဲ့မင်းသမီးနဲ့က သိနေကြတယ်လား"

နရီနှင့်မေသံစဉ် စကားပြောသည်ကိုကြည့်ပြီး ကုမ္ပဏီပိုင်ရှင် ဗရေဂျမ်းက တစ်ယောက်ကိုတစ်ယောက်သိနေသည့်အပေါ် အံ့ဩ ဝမ်းသာဟန်ပြပြီး အနီးမှာလာထိုင်၏။ ထို့နောက်

"ကောင်းတယ်. . . ခုလိုသိနေကြတယ်ဆိုတော့ ကျုပ်ကူးတ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးနေစရာမလိုတော့ဘူးပေါ့. . . မင်းသမီးကိုဖိတ်ကြားရတဲ့ကိစ္စကတော့ တခြားမဟုတ်ပါဘူး. . . ကျုပ်ရဲ့ နှစ်ဆယ့်တစ်ရာစုဝဲပုလွေရုပ်ရှင်ဗီဒီယိုကုမ္ပဏီက စာရေးဆရာလက်ျာနရီရဲ့ဝတ္ထုတွေကို ဇာတ်ကားရိုက်တဲ့အခါ မင်းသမီးမေသံစဉ်ကို တိုက်ပိုင်ခေါင်းဆောင်မင်းသမီးအဖြစ် တင်ရိုက်ဖို့ စာချုပ်ချုပ်ချင်လို့ပါ"

"ရှင်"

ကြားလိုက်ရသောစကားကြောင့် မေသံစဉ်မယုံနိုင်အောင် အံ့ဩသွားရသည်။ ဟုတ်မှဟုတ်ရဲ့လားဟူ၍ ပြန်ကြည့်မိသည်ကို ဗရေဂျမ်းက သဘောပေါက်ဟန်ဖြင့် ပြောမြဲဆက်ပြော၏။

"ကျုပ်က မင်းသမီးရဲ့ဇာတ်ကားငါးကားလုံးကို ကြည့်ပြီးသွားပြီ. . . သရုပ်ဆောင်တာ ပါရမီရှိသလို ကြိုးစားမှုလည်းရှိတယ်. . . နောက်ပြီး ကျုပ်တို့ကုမ္ပဏီကရိုက်မယ့် စာရေးဆရာလက်ျာနရီရဲ့ဝတ္ထုတွေကလည်း မင်းသမီးကိုကြည့်ပြီး မင်းသမီးအတွက်ပဲရေးထားသလားထင်ရလောက်အောင် မင်းသမီးနဲ့မှလိုက်ဖက်နေတာ တွေ့ရတယ်. . . ဒါကြောင့် မင်းသမီးမေသံစဉ်ကို ကျုပ်တို့ကုမ္ပဏီပိုင်မင်းသမီးအဖြစ် စာချုပ်ချုပ်ဖို့ဖြစ်လာရတာပဲ. . . တစ်လက်စတည်း ဆရာလက်ျာနရီ ကလည်း မထွက်ရသေးတဲ့ဝတ္ထုအသစ်တွေရှိရင် ကျွန်တော့်ကိုကြိုပြီးပေး ဖတ်ထားပါဦး. . . ဝတ္ထုထွက်တဲ့အထိ မစောင့်ဘဲ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေကြိုရိုက်ချင်လို့ပါ"

"ဗျာ. . . တကယ် တကယ်ပြောတာနော်. . . အဲ - ကျွန်တော်ဝတ္ထုအသစ်ထပ်ထွက်ဖို့တော့ မဖြစ်နိုင်တော့ဘူး ထင်တယ်"

"ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ ဆရာလက်ျာနရီရဲ့. . . ဆရာ့ဝတ္ထုတွေဆက်ထွက်ဖို့ ကျွန်တော့်ရဲ့မိတ်ဆွေကောင်းစာပေတိုက်ကို တာဝန်ယူခွင့်သာပေးလိုက်ပါ"

"ဗျာ - ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



နရီ စကားမဆုံးခင်မှာပင် မိတ်ဆွေကောင်းစာအုပ်တိုက်ပိုင်ရှင်ဆိုသူက အနားရောက်လာပြီး နားမလည်အောင်ပြောလာပြန်သဖြင့် နရီအံ့ဩသွားရပြန်သည်။ ထိုသူကပင်

"ကျွန်တော့်နာမည် ကိုသူညပါ. . . အင်း - ပြောရရင်တော့ ရယ်စရာကောင်းနေမလားပဲ. . . ဒီလိုဗျ. . . ကျွန်တော့်တိုက်မှာ အောင်မြင်တဲ့စာရေးဆရာတွေကို ပွဲထုတ်ပေးနေတာရှိသလို မအောင်မြင်တဲ့စာရေးဆရာတွေရဲ့ စာအုပ်ပုံကြီးကို ရှင်းထုတ်နေရတာတွေလည်းရှိတယ်. . . ဘယ်လိုရှင်းထုတ်ရတာလဲဆိုတော့ ရောင်းမစွံတဲ့ ကျွန်တော့်ဆီကစာအုပ်မှန်သမျှ ပိဿာချိန်နဲ့ဒိုင်ခံဝယ်နေတဲ့ ဘော်တယ်လ်ကုလားအလီဘိုင်ရဲ့ ယှိုင်မြင့်မိုရ်ရောင်းဝယ်ရေးကို ပို့ပေးရတာပေါ့ဗျာ. . . အဲဒါ မထင်မှတ်ဘဲ သူ့ဆီမှာ ခင်ဗျားစာအုပ်တွေတွေ့လို့ ယူဖတ်ကြည့်မိရာက အင်မတန်ကိုသဘောတွေ့သွားတာ . . . ပြီးတော့ ကျွန်တော်ကပဲ ကျွန်တော့်အစ်ကို ဗရေဂျမ်းကို ခင်ဗျားစာအုပ်တွေဖတ်ကြည့်ဆိုပြီး တစ်ဆင့်ပြပေးလိုက်တာ. . . အဲဒီမှာ ခင်ဗျားဝတ္ထုတွေ ရုပ်ရှင်ဗီဒီယိုရိုက်ဖို့ဖြစ်လာသလို ကျွန်တော်ကလည်း ခင်ဗျားဝတ္ထုတွေကို စာချုပ်ချုပ်ပြီး ထုတ်ချင်တဲ့အကြောင်း ပြောပါရစေ"

ဒီနေ့တစ်နေ့လုံး ကြားနေရသောစကားတွေအားလုံး ရှင်းရှင်းလင်းလင်းရှိပါလျက်နှင့် မရှင်းသလိုခံစားနေရသည်။ ထို့ကြောင့် မိတ်ဆွေကောင်းစာအုပ်တိုက်ပိုင်ရှင် ကိုသူညအား မိမိ၏အခြေအနေအား ပွင့်ပွင့်လင်းလင်းပြောပြလိုက်သည်။

"အဟင်း – ကျွန်တော့်စာအုပ်တွေကို စာချုပ်ချုပ်ချင်တယ်ဆို လို့ ပြောရဦးမယ်. . . ကျွန်တော် လုံးချင်းခုနစ်အုပ်တောင်ထွက်ခဲ့ပြီ . . . ဘယ်ကောင်မှ အုပ်ရေနှစ်ရာပြည့်အောင်မရောင်းခဲ့ရဘူး. . . ပြောရရင် မအောင်မြင်ဘူးပေါ့ဗျာ. . . ဒါကြောင့် ဒီနေ့ပဲကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စာရေးတဲ့အလုပ်ကိုစွန့်လွှတ်ပြီး နယ်ပြန်မလို့လုပ်နေတာဗျ"

"ဒီ့အတွက်မပူပါနဲ့. . . ခင်ဗျားစာအုပ်တွေ ရုပ်ရှင်ဗီဒီယိုရိုက်နေပြီဆိုတာနဲ့တင် ပရိသတ်က စိတ်ဝင်စားပြီး တစ်မေးတည်းမေးကြတော့မှာပါ. . . နောက်ပြီး ဆရာလက်ျာနရီရဲ့ဝတ္ထုတွေမှာ ထူးခြားတဲ့ဇာတ်အိမ်ဇာတ်လမ်းနဲ့ ထူးခြားတဲ့ဇာတ်ကောင်စရိုက်တွေကို ပိုင်ပိုင်နိုင်နိုင်ရေးဖွဲ့နိုင်တယ်. . . ပရိသတ်လက်ထဲသာ အရောက်ပို့ပေးနိုင်ရင် ကြိမ်းသေပေါက်မှာပေါ့. . . ဒီ့အတွက် ခင်ဗျားစာအုပ်တွေကို ထုတ်ဖို့ သတ္တိရှိတာပါ. . . ဒါကြောင့် ခင်ဗျားမပူပါနဲ့. . . ကျွန်တော်နဲ့ပူးပေါင်းလိုက်တဲ့အတွက် ခင်ဗျားအောင်မြင်ပြီလို့သာ ယုံကြည်လိုက်ပေတော့"

"ဗျာ - အောင်မြင်ပြီ. . . ဟုတ်လား"

"ဟုတ်တယ်. . . အောင်မြင်ပြီ"

အောင်မြင်မှုရပြီဆိုသောအသိက နရီ့အားရွှင်လန်းတက်ကြွလာစေလျှက် မေသံစဉ်အား ချာခနဲလှည့်ကြည့်မိလေသည်။

မေသံစဉ်သည်လည်း အောင်မြင်သူတစ်ယောက်၏အပြုံးများဖြင့် နရီ့အား ရွှန်းရွှန်းစားစားကြည့်နေလေသည်။

ထို့အတူ နရီ၏မိဘများနှင့် မေသံစဉ်၏မိခင်သည်လည်း တစ်ဦးကိုတစ်ဦး ပြုံးရင်းကြည့်ကာ အဓိပ္ပာယ်ပါပါ ခေါင်းညိတ်ပြမိကြသည်။

ထိုအချိန်မှာပင် ဦးဗရေဂျမ်းက

"ကောင်းပြီ. . . အခုလိုမင်္ဂလာရှိတဲ့အချိန်မှာ ကျွန်တော့်ကုမ္ပဏီက မင်္ဂလာနိမိတ်ကိုယူတဲ့အနေနဲ့. . . ကျွန်တော်နဲ့ကိုလက်ျာနရီ တို့ရဲ့စာချုပ်မှာ မေသံစဉ်က သက်သေအဖြစ်လက်မှတ်ဝင်ထိုးပေးပြီး. . . မေသံစဉ်နဲ့ကျွန်တော်တို့ကုမ္ပဏီစာချုပ်ချုပ်တဲ့အခါမှာလည်းကို လက်ျာနရီက သက်သေအဖြစ်လက်မှတ်ထိုးပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

www.burmeseclassic.com



မိပါရစေ"

ဟူ၍တောင်းဆိုသလို ကိုသုညကလည်း

"ဒါဆိုလည်း ကောင်းပါလေ့ဗျာ. . . ကိုလကျ်ာနရီက ကျွန်တော့်စာပေတိုက်နဲ့ စာချုပ်ချုပ်ဖို့သဘောတူပြီဆိုရင် မင်းသမီး မေသံစဉ်က သက်သေလုပ်ပေးပါဦး. . . ဒါမှလည်း အောင်မြင်သူတွေ စုပြီး အောင်မြင်မှုတွေပိုပြီးရမှာပေါ့ဗျာ. . . ဟား ဟား ဟား"

ဟု အောင်မြင်မှုနိမိတ်ဖတ်ကာ တောင်းဆိုပြန်သည်။

နရီနှင့်မေသံစဉ်တို့ တစ်ဦးကိုတစ်ဦးပြုံးကြည့်ကြပြီး တောင်းဆိုသည့်အတိုင်းလုပ်ပေးမည့်အကြောင်း ခေါင်းညိတ်မည်ပြုစဉ်မှာပင်

"အဲသလိုဆိုရင် ကျွန်တော့်ဘက်ကလည်း ဦးဗရေဂျမ်းနဲ့ ကိုသုညတို့ကို တစ်ခုပြန်ပြီးတောင်းဆိုပါရစေလား"

ဆိုသောအသံက ထွက်ပေါ်လာသဖြင့် အားလုံးချာခနဲလှည့်ကြည့်မိကြသည်။ မေသံစဉ်၏ဖခင် ဦးသက်တင်အားတွေ့ကြရသည်။

ဦးသက်တင် မိန့်မိန့်ကြီးပြုံးလျှက် စကားကိုဆက်သည်။

"ကျွန်တော်တောင်းဆိုချင်တာက တခြားတော့မဟုတ်ဘူး . . . ကိုယ်လုပ်တဲ့အလုပ်ကို အောင်မြင်အောင်လုပ်နိုင်တဲ့ အစွမ်းအစ လည်းရှိတဲ့စာရေးဆရာ မောင်လကျ်ာနရီနဲ့ ကျွန်တော့်သမီးလေး မေသံစဉ်ရဲ့ ထိမ်းမြားလက်ထပ်စာချုပ်မှာ ဦးဗရေဂျမ်းနဲ့ ကိုသုညတို့က သက်သေအဖြစ် အမှတ်တရလက်မှတ်ထိုးပေးကြပါလို့. . ."

"ဗျာ"

"တကယ်"

တစ်ချိန်လုံး အပေါ်စီးကပြုံးပြုံးကြီးလုပ်ကာ စကားတွေ မပြတ်ပြောနေသော ဦးဗရေဂျမ်းနှင့်ကိုသုညတို့ ဒီတစ်ခါတော့ သူတို့ နှစ်ယောက် မျက်လုံးပြူးမျက်ဆံပြူးဖြင့် အံ့သြသွားရသောအသွင်သို့ ရောက်သွားလေသည်။

စည်သူစိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်များနောက်နေတာလားဟု သံသယထားမိသေးသော်လည်း ထိုသံသယကမှားနေသည်ဆိုတာ လက်ချင်းတွဲပြီး သူတို့အားပြုံးကြည့်နေသော နရီနှင့်မေသံစဉ်တို့က သက်သေပြလျှက်ရှိလေသည်။

ထို့ကြောင့် သူတို့နှင့်တကွ ဝမ်းသာကြည်နူးမှုကို အပြိုင်အဆိုင်ဖော်ပြလျှက်

"ဟာ - ထင်ပေါ်လို့စင်တော်ကကောက်တဲ့ ရွှေမင်းသမီးနဲ့ တကယ်တော်လို့ တကယ်ကျော်လာတဲ့ စာရေးဆရာတို့ရဲ့ လက်ထပ်ထိမ်းမြားမင်္ဂလာကတိပြုစာချုပ်မှာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကလည်း ဝမ်းမြောက်ဂုဏ်ယူစွာနဲ့ သက်သေအဖြစ်လက်မှတ်ထိုးမယ့်အကြောင်း ကြေညာမောင်းခတ်လိုက်ပါတယ်ဗျာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

နရီနှင့်မေသံစဉ်ဆိုသော ချစ်သူနှစ်ဦး၏ စစ်မှန်သောအချစ်၏အောင်ပွဲကို ဂုဏ်ပြုသြဘာပေးကြသောလက်ခုပ်သံများက မိုးဘဝင်ဆူညံသွားလေသည်။

မေသံစဉ်ဝမ်းသာလွန်းသဖြင့် ကြည်နူးမှုမျက်ရည်စလေးများ ပါးပြင်ပေါ်စီးကျလာသည်။ ထိုမျက်ရည်စလေးများ၏ အလှပဆုံးအဓိပ္ပာယ်ကို အခြားသောသူတွေသိသွားမှာစိုးဟန်ဖြင့် ချစ်သူနှင့်တော်သက်လာလျှင် နှမြောတွန့်တိုပေတတ်စွာသောနရီက မေသံစဉ်၏မျက်နှာလေးအား ရင်ခွင်မှာဆွဲကပ်လိုက်ပြီး တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိန်းမသားတစ်ယောက်မှာသာ
မာယာများခွင့်ရှိတာမဟုတ်ပါဘူး. . .
ယောကျ်ားတစ်ယောက်မှာလည်း မာယာများခွင့်ရှိပါတယ်. . .
ခွင့်လွှတ်ပါ ချစ်သူ. . .
ကိုယ်မာယာများခဲ့တဲ့အကြောင်းကတော့
ကိုယ့်အသက်ထက်ပိုချစ်မိတဲ့မင်းကို ပိုင်ဆိုင်လိုမှုတစ်ခုအတွက်
များခဲ့ရတဲ့အဖြူထည်မာယာ သက်သက်ရယ်ပါ. . .

# မျိုးကိုမျိုး

## အလွမ်းဥတုနဲ့ မတည့်သူများ

(အချစ်ဖန်စီလုံးချင်းဝတ္ထုသစ်

စည်သူစိုးစာပေမှ မကြာမီဆက်လက်ဖြန့်ချိပါမည်။

www.burmeseclassic.com